ဂလု[illegible]ကျွဲတိုက်ပွမ်းကျောင်း

တက္ကသိုလ်

# နေလင်းအောင်

## သေရွာပြန်ရဲ့အလွမ်းကဗျာ

စာစဉ် – ၆



စာမူခွင့်ပြုချက်အမှတ် - ၄၂၅/၂၀၀၃ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၈၂/၂၀၀၃ (၅)

ဒုတိယအကြိမ်
၂၀၀၃-ခုနှစ်
ဩဂုတ်လ
အုပ်ရေ-၅၀၀
တန်ဖိုး-၁၅၀ ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေနိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးရိုက်
ဦးမြတ်ကျော် (မြ-၀၅၇၇၈)
မြတ်ကျော်ပုံနှိပ်တိုက်
အမှတ် ၂၁၇၊ လမ်း-၃၀
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

စိစစ်သူ
ကိုယ်စားလှယ်

တက္ကသိုလ်
# နေလင်းအောင်

---

## သေရွာပြန်ရဲ့အလွမ်းကဗျာ

စာစဥ် - ၆

အခန်း (၉၉)

## သေမယ့်သူလည်း အကြံနှင့်

ရတနာများ မြုပ်နှံသိမ်းဆည်းထားသည့်နေရာသို့ စီးမာတိန့်က မြေပုံရေးဆွဲပေးသည်။

ကျူကျော့ကျော့၊ သွေးလက်ဝါးတစ်၊ ရှောင်အော်နှင့်လီတာကြွေတို့သည် ရတနာများပြန်လည်ရရှိရန် မျှော်လင့်ချက်ရောင်ခြည်သမ်းနေပြီဖြစ်၍ လွန်စွာဝမ်းသာနေကြသည်။

"ဟောဒီ မြေပုံစာရွက်ကို တစ်ပဲ သိမ်းထားပါ"

ကျူကျော့ကျော့က ပြောလိုက်သည်။

ထိုစဉ် အိမ်ပျက်အပြင်မှ လူတစ်ယောက်ဝင်ရောက်လာသည်ကိုတွေ့ကြရသည်။ ထိုလူကား ကျူကျော့ကျော့မျှော်လင့်နေသည့် အင်းကျိုယို့ဖြစ်နေသည်။

"အင်းကျိုယို့... ခင်ဗျားဘယ်သွားနေတာလဲ၊ ဒီမှာ ကိစ္စဝိစ္စတွေပြီးစီးမှပဲ ပေါ်လာတော့တယ်"

တစ်ပဲက အပြစ်တင်သလို လှမ်းပြောလိုက်သည်

အင်းကျိုယို့က မျက်စိ မျက်နှာပျက်ပျက်ဖြင့် ပြောလေသည်။

"ကျုပ်- ကျုပ် သရဲနဲ့ တွေ့လာတာတော့ ခင်ဗျားတို့မသိဘဲ အပြစ်တင်ဖို့ပဲ သိနေကြတာကိုး"

"သရဲနဲ့တွေ့လာတယ် ဟုတ်လား"

တုစပ်က မျက်မှောင်ကြုတ်သွားသည်။

ကျူကျော့ကျော့တို့က အင်းကျိုယို့မျက်နှာကို လှမ်းကြည့်ကြလေသည်။ အင်းကျိုယို့မျက်နှာပျက်နေသည်ကို တွေ့ရသောအခါ သူတို့အားလုံး ထိတ်လန့်ချင်သလိုလိုဖြစ်သွားကြတော့သည်။

"ရှင် ဘယ်သူ့ကိုတွေ့ခဲ့လို့လဲ"

ကျူကျော့ကျော့ပင် မျက်နှာပျက်လာသည်။ သူမ မျက်လုံးများ၌ ထိတ်လန့်မှုအရိပ်အယောင်များယှက်သန်းလာသည်။ အင်းကျိုယို့လိုလူမျိုးသည် တော်ရုံတန်ရုံကိစ္စမျိုးကို ထိတ်လန့်သူမဟုတ်ပေ။

"ခင်ဗျား ရဲ့နန်းထင်နဲ့ရင်ဆိုင်တွေ့ခဲ့လို့လား"

အလွန်တရာအတွေးအခေါ်ကောင်းသည့် သွေးလက်ဝါးတုစ်သည် ဒက်ခနဲပစ်မှတ်ကိုမေးလိုက်လေ၏။ အင်းကျိုယို့က...

"ရဲ့နန်းထင်နဲ့ရင်ဆိုင်တွေ့ခဲ့ရင် ကျုပ်အသက်ရှင်လျက် အခုလို ရောက်လာနိုင်ပါ့မလားဗျ"

"ဒါဖြင့် ဘာဖြစ်လို့ဒီလောက်တောင် မျက်စိမျက်နှာပျက်နေရတာလဲ"

"ရဲ့နန်းထင်ကိုတွေ့ခဲ့တာဗျ၊ အဝေးက တွေ့ခဲ့တာ၊ သူကောင်းကောင်းကျန်းမာနေပြီ၊ မြင်းတစ်စီးပေါ်မှာတွေ့ခဲ့တာ"

သိုင်းလောကလူဆိုးကြီးများမှာ မျက်စိမျက်နှာ ပျက်ကုန်ကြတော့၏။ ရှောင်ယီမှာမူ အင်းကျိုယို့၏ စကားကြောင့် အလွန်တရာဝမ်းမြောက်ဝမ်းသာဖြစ်သွားလေသည်။ သူ့ဘဘ ရဲ့နန်းထင်သည် လူကောင်းတစ်ယောက် ပြန်ဖြစ်နေခဲ့ပြီမဟုတ်ပါလား။

ကျူကျော့ကျော့၊ တုစပ်၊ လီတာ့ကြွေတို့မှာမူ ရုတ်တရက်စကားမပြောနိုင်ဘဲဖြစ်သွားကြ၏။



"ရဲ့နန်းထင် နဂိုအတိုင်းပြန်ကောင်းသွားပြီဟုတ်လား၊ သူ့ကိုရှင် ဘယ်နေရာမှာတွေ့ခဲ့တာလဲ"

ကျူကျော့ကျော့က မေးလိုက်သည်။ သူ့အသံမှာ တုန်ယင်နေသည်။

"မြင်းနဲ့ဆိုတော့ သူတစ်နေရာရာကို သွားမယ့်သဘောမျိုးပေါ့၊ သူ ဘယ်ဘက်ကိုသွားဖို့ ပြင်ဆင်နေတာလဲ"

တုစပ်ကလည်း ဝင်မေးလိုက်သည်။

"ကျုပ် ဘယ်သိမှာလဲ၊ သူဘယ်ကိုသွားမယ်ဆိုတာ မပြောနိုင်ဘူး၊ သူဒီဘက်ကိုလာရင်လည်း လာလိမ့်မယ်၊ လာရင်တော့ ကျုပ်တို့..."

နာမည်ကြီးသိုင်းလောကလူဆိုးလူမိုက်ကြီးများမှာ ရဲ့နန်းထင်ကို လွန်စွာကြောက်လန့်နေကြလေ၏။ ရဲ့နန်းထင်၏အမြိုးသည် ရှောင်ယီ၏ဘဝတစ်သက်တာမျှ ပြည့်သိပ်နေခဲ့သည်မဟုတ်ပါလား။

"ဒီမှာကြာကြာဆက်မနေကြရင် ကောင်းမယ်၊ ကျုပ်တို့ သွားကြပါစို့"

ထိုစကားကို လီတာ့ကြွေကပြောလိုက်ခြင်းဖြစ်သည်။ စီးမာတိန့်နှင့်စီးမာတန့်တို့ညီအစ်ကိုလည်း တုန်ယင်သောအသံဖြင့်ပြောသည်။

"ကျွန်တော်တို့ကိုလည်း ခေါ်သွားကြပါဗျာ၊ ကျွန်တော်တို့ ရဲ့နန်းထင်ကို ရင်မဆိုင်ဝံ့ပါဘူး"

"အင်း...ရဲ့နန်းထင်– ရဲ့နန်းထင် သူ့ကိုဘယ်သူမှမတွေ့ချင်ဘူး၊ ရင်မဆိုင်ချင်ဘူး"

ပိုင်ခိုင်စင်က ညည်းညူလိုက်လေသည်။

ထိုစဉ် အော်ဟစ်သံကြီးတစ်သံ ထွက်ပေါ်၍ လာလေတော့သည်။ ထိုအော်ဟစ်သံမှာ စီးမာတိန့်၏ ထိတ်လန့်ခြင်းကြီးစွာ ထွက်

ပေါ်လာသည့်အသံဖြစ်သည်။ စီးမာတိန့်ခရျာ လက်တစ်ဖက်ပြတ်ခားသမား ဖြစ်ရချေတော့မည်။

''ကျွန်တော်တို့အသက်ကို အန္တရာယ်မပေးဘူးလို့ အစ်မကြီးကျူတို့ ကတိပေးထားတယ်မဟုတ်လားခင်ဗျာ၊ ဘာ့ကြောင့် ခုလိုလုပ်ရတာလဲ''

စီးမာတန့်က တုန်ယင်စွာဖြင့် ပြောလိုက်သည်။ ကျူကျော့ကျော့က ရယ်မောလိုက်ပြီး…

''တို့က မင်းတို့အသက်ကို မသတ်ဘူးလို့ပြောခဲ့တာပဲ၊ မင်းတို့မသေရင်ပြီးတာပဲမဟုတ်လား၊ အခုဟာက သတ်တာမှမဟုတ်ဘဲ''

ကျူကျော့ကျော့သည် ပြောပြောဆိုဆိုဖြင့် သူ့ဓားကိုမြှောက်လိုက်၏။ ဓားရောင်ဝင်းခနဲဖြစ်သွားသည်။ စီးမာတန့်၏ နာကျင်စွာ အော်ဟစ်သံပေါ်လာပြန်၏။ စီးမာတန့်သည်လည်း သူ့နောင်တော်ကဲ့သို့ပင် ဒုက္ခိတဖြစ်နေရပြန်သည်။ သူသည်လည်း ခြေတစ်ဖက်ပြတ်ခားသမား ဖြစ်ရချေတော့မည်။

ထို့နောက် သူတို့သည် စီးမာညီအစ်ကိုနှစ်ယောက်ကို ထားရစ်ခဲ့ပြီး ထွက်ခွါသွားကြလေတော့၏။

စီးမာညီအစ်ကိုနှစ်ယောက်မှာ အော်ဟစ်ညည်းညူရင်း ကျန်ရစ်ခဲ့ကြလေ၏။ သူတို့အော်ဟစ်သံကို အခြားမည်သူမျှ မကြားနိုင်ပါ။

ဤအိမ်သည် ပျက်စီးယိုယွင်းနေသောအိမ်ဖြစ်၍ စီးမာညီအစ်ကိုအတွက် အကူအညီရရန်ဆိုသည်မှာ လုံးဝ မတွေးဝံ့သော အခြေအနေပင်ဖြစ်လေတော့၏။

ာ ာ ာ



ရှောင်ယီမှာ တောအုပ်ရှေ့တွင် တစ်ယောက်တည်း မတ်တပ်ရပ်နေလေသည်။ သူသည် သူ၏မွေးစားမိခင်ဖခင်များကို တောအုပ်မှထွက်သည်အထိ လိုက်လံပို့ဆောင်ပေးခြင်းဖြစ်ပါသည်။ ယခု သူ၏မွေးစားမိခင်ဖခင်များ သွားကုန်ကြပါပြီ။

ကျူကျော့ကျော့၊ လီတော့ကြွေ၊ တုစပ်၊ အင်းကျိုယို၊ ပိုင်ခိုင်စင်တို့သည် သူတို့ ရွှေ၊ ငွေ၊ ရတနာပစ္စည်းများကို ပြန်လည်ရယူရန် အတွက် ကူးစန်းတောင်သို့ ထွက်ခွါသွားကြပြီဖြစ်ပါသည်။

သူတို့သည် ထွက်ခွါမသွားမီ ရှောင်ယီကိုဆုံးမစကား အမှာစကားများစွာ ပြောဆိုခဲ့ကြသည်။ သူတို့အားလုံး တညီတညွတ်တည်း သတိပေး မှာကြားသွားသည့်စကားတစ်ခွန်းရှိပါသည်။ ထိုစကားက…

''ရဲ့နှန်းထင်ဆိုတဲ့လူကို မင်းဂရုစိုက်ပြီး သတိထားနေပါ''

ဟူသည့်စကားပေတည်း။ သို့သော် ရှောင်ယီကတော့ ပြောင်းပြန်ပင်။ သူသည် ရဲ့နှန်းထင်ကို အမြန်ဆုံးတွေ့ချင်နေသည်။

''ငါ သိုင်းသမားကြီးရဲ့နှန်းထင်လမ်းစဉ်ကိုလိုက်ရမယ်၊ ကျူကျော့ကျော့၊ လီတော့ကြွေတို့ ကျင့်သုံးနေတဲ့လမ်းစဉ်ကိုမလိုက်သင့်ဘူး''

ရှောင်ယီကား ဒုစရိုက်ကျေးရွာ၌ကြီးပြင်းခဲ့ရသော်လည်း ကံကောင်းထောက်မ၍ သမားတော်ကြီးဝမ်ချွန်လျူနှင့်တွေ့ဆုံခဲ့ရပြီး စာပေ၊ ကဗျာလင်္ကာတို့ကို သင်ကြားခဲ့ရသူဖြစ်သည်။

ထို့ကြောင့် မြောက်များစွာသော သိုင်းသမားများထက် သူသည် ပို၍စဉ်းစားဉာဏ်ရင့်သန်ပေသည်။

သူ၏မွေးစားမိခင်၊ ဖခင်သိုင်းသမားများသည် အောက်လမ်းသိုင်းသမားများဖြစ်ကြသည်။ သူတို့သည် လူတစ်ယောက်အသက်ကို ဖက်ရွက်လိုသဘ သဘောထားသည်။

ပုရွက်ဆိတ်တစ်ကောင်ကိုသတ်ရန် မခက်သကဲ့သို့ပင် သူတို့

သည် စိတ်မထင်လျှင် မထင်သလို သတ်တတ်သည်။

နှိပ်စက်ညှဉ်းပမ်းသည့်ကိစ္စကား သူတို့အတွက်အပျော်သဘော မျိုးသာရှိသည်။ ထမင်းစားရေသောက်သဘောမျိုးထက်ပိုသည်။ ရက်စက်ဖန်များလာသောအခါ စိတ်ဝေဒနာခံစားရသူများကဲ့သို့ သူတစ်ပါးကိုရက်စက်ရလျှင် ပျော်သလိုလိုခံစားလာရခြင်းဖြစ်လေသည်။

သူတစ်ပါး၏ပစ္စည်းများကို လုယက်ရန်ဆိုသည်လည်း သူတို့ နောက်မတွန့်ကြချေ။ ယခုပင်လျှင်ကြည့် သူတစ်ပါးထံမှခေါင်းတုံးပေါ် ထိပ်ကွက်ခဲ့ကြသည့်ရတနာများ ပြန်လည်ရရှိတော့မည်ဆိုပြီး အားရဝမ်းသာထွက်ခွါသွားကြလေပြီ။

ရဲ့နန်းထင်ကား သူတို့နှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ တိုက်ခိုက်ရာ၌ ခြင်္သေ့ကဲ့သို့ရဲရင့်ပြီး သနားကြင်နာရာ၌ သူတော်စင်နှင့်မခြားပေ။

ပစ္စည်းဥစ္စာကို မက်မက်မောမောမရှိဘဲ မိတ်ဆွေသူငယ်ချင်း အပေါ်၌ အသက်ကိုပဓာနမထားဘဲ ကူညီခဲ့သူဖြစ်သည်။

သူ့မွေးစားမိခင်ဖခင်များနှင့် သူ့အသက်သခင်ကျေးဇူးရှင်ဘဘ ရဲ့နန်းထင်၏ ရန့်စူးရှခြင်း၊ ကျော်ကြားခြင်း တူညီသော်လည်း မဝင်ပုပ်၏ ပုတ်ပေါင်သောအနံ့နှင့် မဋ္ဌူသကနတ်ပန်းတို့ မွှေးကြိုင်ခြင်းတို့ကဲ့သို့ ကွာခြားသည့်ကတော့အမှန်ပင်။

ရှောင်ယီက ယင်းသို့တွေးတောစဉ်းစားလေ၏။ သူသည် စိတ်ကူးတစ်မျိုးပေါက်သွားပြီး တောအုပ်ထဲသို့ပြန်ပြေးဝင်သွားလေတော့သည်။ သူသည် အိမ်ပျက်ရှိရာသို့ အမြန်ဆုံးပြေးသွားသည်။

အိမ်ပျက်မှ စီးမာညီအစ်ကိုနှစ်ယောက်၏ အော်ဟစ်သံများကို သူကြားလာခဲ့ရပြီးပြီ။

ရှောင်ယီ အိမ်ထဲပြေးဝင်သွားသည်။ စီးမာညီအစ်ကိုသည် သွေးအိုင်ထဲတွင်လဲနေကြသည်။ သူတို့ကိုယ်ပေါ်တွင် ပုရွက်ဆိတ်နီများ



အုံခဲနေသည်။

စိတ်နံးချီတက်လာနေပြီဖြစ်သော ပုရွက်ဆိတ်နီတန်းကြီးကလည်း ချီတက်နေဆဲဖြစ်သည်။ စီးမာညီအစ်ကိုသည် ဝေဒနာခံစားမှုကြောင့်ရှောင်ယီကိုပင် ပထမ၌ သတိမထားမိခဲ့ချေ။ နောက်မှ သတိပြုမိသည်။ သတိပြုမိလျှင်ပြုမိခြင်း သနားစဖွယ် ငိုယိုတောင်းပန်နေကြတော့သည်။

"ညီလေးရယ် တို့ညီအစ်ကိုနှစ်ယောက်ကို အမြန်ဆုံးသေသွားအောင် ဓားနဲ့တစ်ချက်စီခုတ်သတ်ပေးပါ၊ ငါသေတာတောင် ညီလေးကို ကျေးဇူးတင်သွားမှာပါ"

ရှောင်ယီသည် သူတို့ညီအစ်ကိုနှစ်ယောက်၏အဖြစ်ကို ဆက်လက်ရပ်ကြည့်မနေနိုင်တော့ပေ။ သူတို့ကို အမြန်ဆုံးကယ်တင်ရမည်။ ပုရွက်ဆိတ်များအုံခဲနေခြင်းကို ပထမရှင်းလင်းရသည်။ မည်သို့ ရှင်းလင်းမည်နည်း။ ရှောင်ယီသည် ရေတွင်းဟောင်းရှိရာသို့ ပြေးသွားကြည့်သည်။ ရေတွင်းပျက်ထဲတွင် ရေတွေရှိနေသည်ကို တွေ့ရသည်။

ရေတွေကတော့ ညစ်ပတ်မည်းသဲနေသည်။ သို့သော် ဂရုမစိုက်နိုင်။ ရေတစ်ပုံးယူငင်ပြီး အိမ်ထဲပြေးဝင်သွားသည်။

စီးမာညီအစ်ကိုနှစ်ယောက်ကိုယ်ပေါ် လောင်းချရသည်။ ပုရွက်ဆိတ်များရှင်းလင်းသွားအောင် ရေတစ်ပုံးပြီးတစ်ပုံး လောင်းပေးရသည်။ စီးမာညီအစ်ကိုနှစ်ယောက်မှာ လွန်စွာအံ့သြဝမ်းသာနေကြ၏။ ရှောင်ယီကို ကျေးဇူးတင်စကား အထပ်ထပ်ပြောကြားနေကြသည်။

ရှောင်ယီက စီးမာညီအစ်ကိုနှစ်ယောက်ကိုကြည့်ပြီး ပြော၏။

"ကျုပ် ရုတ်တရက် စိတ်ကောင်းနှလုံးကောင်းဝင်ခဲ့တာ ခင်ဗျားတို့အံ့သြသွားမလားပဲ၊ ခင်ဗျားတို့နှစ်ယောက်ဟာ လူကောင်းတွေ မဟုတ်ဘူးဆိုတာ ကျုပ်သိပေမယ့် ဒီလိုစုံစံနဲ့တော့ မသေစေချင်ပါ

ဘူးဗျာ"

"ညီလေး ငါတို့ မင်းကိုကျေးဇူးတင်ပါ့မယ်၊ ငါတို့ညီအစ်ကို နှစ်ယောက်ကို ဆက်ပြီးကူညီပါဦးကွာ"

စီးမာတန့်က ရှောင်ယီကို ကြည့်ပြီးပြောလိုက်သည်။

ရှောင်ယီကရယ်လိုက်သည်။

"ခင်ဗျားတို့အသက်ရှင်အောင် ကျုပ်အတတ်နိုင်ဆုံးကူညီပါ့မယ်၊ ဒါပေမယ့် ကျုပ်က ခင်ဗျားတို့ကျေးဇူးဆပ်မှာကို မမျှော်လင့်ပါဘူး၊ ကျေးဇူးဆပ်မှာကိုမျှော်လင့်ပြီး ကယ်တာလဲမဟုတ်ဘူး၊ ဒါကို ခင်ဗျားတို့ သဘောပေါက်နားလည်ပါ"

စီးမာတိန့်က ရှောင်ယီကိုစိုက်ကြည့်နေသည်။ ထို့နောက် တိုးညင်းသောလေသံဖြင့် အရေးကြီးသောစကားကို ရုတ်တရက် ပြောချလိုက်သည်။

"ဟို ရွှေငွေရတနာတွေဟာ ကူးစန်းတောင်မှာမရှိပါဘူးညီလေး၊ ငါတို့ ကျူကျော့ကျော့ကိုလိမ်ပြောလိုက်တာပါ"

"ဗျာ..."

စီးမာတိန့်၏စကားကြောင့် ရှောင်ယီမှာ မျက်လုံးပြူးသွားလေတော့သည်။

"ကူးစန်းတောင်မှာမရှိဘဲ ရှိတယ်လို့ ဘာဖြစ်လို့ သူတို့ကို ပြောလိုက်တာလဲ၊ ခင်ဗျားတို့ဒီလောက်ခံရမယ်ဆိုတာ သိလျက်နဲ့တောင် လိမ်ရဲတယ်နော်"

စီးမာတိန့်မှာ ဒဏ်ရာနာကျင်မှုကြောင့် မျက်နှာကြီးရှုံ့မဲ့သွားသည်။ ဝေဒနာကို ကြိတ်မှိတ်ခံစားလိုက်သည်။

"ငါတို့က အမှန်အတိုင်းပြောပြလိုက်ရင်လဲ သူတို့က တို့ညီအစ်ကိုကို ချမ်းသာပေးမှာတဲ့လား၊ တို့ကို သတ်သွားမယ်ဆိုတာ တို့က



ကြိုတင်သိပြီးပါပြီကွ"

စီးမာတန့်မှာ နှုတ်ခမ်းအစုံ တဆတ်ဆတ်တုန်ရင်း ဆက်လက်ပြောပြသည်။

"သူတို့ ကူးစန်းတောင်ကိုသွားလို့ ပစ္စည်းမတွေ့ပါဘူး၊ ပစ္စည်းမတွေ့တာက အကြောင်းမဟုတ်ပါဘူး၊ အသက်ချမ်းသာခွင့်ဆွဲပြီး မြန်လာနိုင်ရင် သူတို့ အင်မတန်ကံကောင်းလို့ပဲညီလေး"

စီးမာတန့်စကားကြောင့် ရှောင်ယီမျက်မှောင်ကြုတ်သွား၏။

"ဘယ်လိုကြောင့်လဲဗျာ၊ ခင်ဗျားတို့ဟာ တကယ့်ကို ကြောက်စရာကောင်းတဲ့ လူတွေပါပဲလား"

စီးမာတန့်သည် ဝေဒနာခံစားနေရသည့်ကြားမှရယ်လိုက်၏။

"တို့ပြောတဲ့ ကူးစန်းတောင်ဆိုတဲ့နေရာဟာ အလွန်ကြောက်စရာကောင်းတဲ့ လူ့ဘီလူးကြီးတစ်ယောက်နေထိုင်တယ်၊ အဲဒီ လူ့ဘီလူးကြီးက အဲဒီတောင်ပေါ်မှာ ဇာတ်မြုပ်နေထိုင်တာကွ၊ ကျူကျော့ကျော့တို့ဟာ ကူးစန်းတောင်ပေါ်မှာ အဲဒီလူ့ဘီလူးကြီးရှိနေတယ်ဆိုတာ မသိကြဘူး၊ သိရင် သူတို့ဘယ်သွားရဲမှာလဲ"

စီးမာတန့်က စကားကိုဆက်ပြောပြန်သည်။

"ကျူကျော့ကျော့တို့ဟာ ရဲ့နန်းထင်ကို ကြောက်စရာကောင်းလှတယ်လို့ထင်နေကြတယ်၊ အဲဒီလူ့ဘီလူးကြီးဟာ ရဲ့နန်းထင်ထက်ပိုပြီး ကြောက်စရာကောင်းတာကိုမသိကြဘူး၊ အဲဒီလူကြီးဟာ ရဲ့နန်းထင်ထက် ဆယ်ဆလောက်ကိုကြောက်စရာကောင်းတယ်၊ ငါတို့သိုင်းလောကက လူဆိုးလူမိုက်ကြီးဆယ်ဦးစာရင်းဝင်တဲ့ လူတွေထက် သူကအဆတစ်ရာလောက် ပိုဆိုးတယ်၊ ဟင်း...ငါတို့ကို သူတို့က ရက်ရက်စက်စက်လုပ်သွားတယ်နော်၊ အေး...အဲဒီလူ့ဘီလူးကြီးက သူတို့ကို ဆယ်ဆလောက်ဆိုးတဲ့ အပြစ်ဒဏ်ခတ်ပေးလိမ့်မယ်၊ ကံကောင်းရင်တော့

သတင်းစကားလေး ဘာလေး ကြားခွင့်ရဦးမှာပေါ့ကွာ"

ရောင်ယီက တကယ်ပင် အံ့သြစွာပြောသည်။

"လောကမှာ ရဲ့နန်းထင်ထက် ကြောက်စရာကောင်းတဲ့လူ၊ သိုင်းလောက လူဆိုးလူမိုက်ကြီးဆယ်ယောက်ထက် အဆတစ်ရာလောက် ဆိုးတဲ့မိုက်တဲ့လူ တစ်ယောက်ရှိသေးတယ်ဆိုတာ ကျုပ် အခုမှ သိရတော့တယ်ဗျာ"

စီးမာတန့်က…

"သိုင်းလောကကြီးဟာ အင်မတန်ကျယ်ဝန်းနက်ရှိုင်းပါတယ်၊ ညီလေး မသိသေးတဲ့အကြောင်းရပ်တွေ အများကြီးရှိပါသေးတယ်"

"ကျူကျော့ကျော့သာ အဲဒီလူ့ဘီလူးကြီးနဲ့ရင်ဆိုင်တွေ့ရင် ငါ တို့ညီအစ်ကိုနှစ်ယောက်ကို သူတို့နှိပ်စက်ညှဉ်းပန်းတာထက် အဆတစ် ရာအဖြစ်ဆိုးလိမ့်မယ်ဆိုတာ ညီလေးကို ငါအခုကတည်းက ကြိုတင် ဗေဒင်ဟောထားလိုက်ပါရဲ့နော်"

စီးမာတိန့်က ဝေဒနာကြားမှ ရယ်သွမ်းပြီးပြောသည်။

ရောင်ယီက ဦးခေါင်းကိုခါယမ်းပြီး စိတ်ပျက်စွာပြောသည်။

"ခင်ဗျားတို့ညီအစ်ကိုနှစ်ယောက်ဟာ ကိုယ်သေမယ်ဆိုတာ သိနေတာတောင်မှ သူတစ်ပါးကို ဘေးဒုက္ခအန္တရာယ် မရောက်ရောက်အောင် လုပ်လိုက်သေးတယ်၊ ဒါကြောင့်လဲ ခင်ဗျားတို့နှစ်ယောက်ကို ဆယ်ဦးစာရင်းထဲ ထည့်ထားတာဖြစ်မယ်၊ ဒါနဲ့ ရတနာတွေကို ကုန်းတောင်မှာမဝှက်ရင် ဘယ်မှာဝှက်ခဲ့ကြသလဲ"

စီးမာတိန့်က…

"ညီလေးဟာ ကျုပ်တို့အသက်ကို ကယ်မယ့်သူဆိုတော့ ပြောပြပါ့မယ်၊ အဲဒီပစ္စည်းတွေကို မင်းပဲရထိုက်ပါတယ်၊ ငါတို့ညီအစ်ကို နှစ်ယောက်ကတော့ အသက်ရှင်ဖို့ပဲအရေးကြီးတယ်၊ လူမသေရင်



ပစ္စည်းဥစ္စာဆိုတာ ပြန်ရှာလို့ရပါတယ်၊ အခုပြောပြမယ့်ပစ္စည်းတွေကို တော့ မင်းပဲယူလိုက်ပါ၊ ဒါဟာ တို့ကျေးဇူးဆပ်လိုက်တာပါပဲ"

ရောင်ယီက ဘာမျှပြန်မပြောဘဲ နေလိုက်သည်။

စီးမာတိန့်က စကားကိုဆက်ပြောသည်။

"ပစ္စည်းတွေထားတဲ့နေရာက ဟန်ချင်မြို့အဝင်ဝမှာပါ၊ ပါဝင်လီလမ်းထဲကိုဝင်သွားရင် ဝင်းတံခါး ဆေးအဝါရောင်သုတ်ထားတဲ့ အိမ်ထဲမှာပဲရှိပါတယ်"

ကျူကျော့ကျော့တို့နှိပ်စက်ထားသည့် ဒဏ်ရာများကြောင့် သူ တို့ညီအစ်ကိုနှစ်ယောက်မှာ ဒဏ်ရာမှသွေးများ သွန်ထွက်လျက်ရှိသည်။ သူတို့နှစ်ယောက်စလုံး အသားအရည်ဖြူဖပ်ဖြူရော်ဖြစ်လာကြသည်။

သွေးများမတိတ်ဘဲ ဤအတိုင်းသာဆက်သွားနေမည်ဆိုလျှင် ညီအစ်ကိုနှစ်ယောက် သွေးထွက်လွန်ပြီး သေလိမ့်မည်သာဖြစ်သည်။

"အဲဒီ ငွေတွေ၊ ရွှေတွေ၊ ကျောက်မျက်ရတနာတွေကို ညီလေး ယူပါ၊ ငါတို့ညီအစ်ကိုအသက်ကို ချမ်းသာမှုရအောင်ကယ်ဆယ်ပါ"

စီးမာတန့်က ပြောလိုက်သည်။ ရောင်ယီက မေးသည်။

"ခင်ဗျားတို့နှစ်ယောက် သေမှာကြောက်ကြသလား"

စီးမာညီအစ်ကိုနှစ်ယောက်သည် တစ်ကိုယ်လုံးတဆတ်ဆတ် တုန်ယင်နေပါတော့သည်။ ဦးခေါင်းကိုမူ နှစ်ယောက်စလုံးငြိမ်တူ ညိတ် လိုက်ကြသည်။ ရောင်ယီ သက်ပြင်းချလိုက်ပြီး…

"ကျုပ် ခင်ဗျားတို့နှစ်ယောက် အသက်ချမ်းသာရာရရှိနိုင်အောင် ကြိုးစားကြည့်ပါဦးမယ်"

ရောင်ယီက ထိုစကားကိုသာပြောမိလေ၏။

ေ-ေ-ေ

အခန်း(၁၀)

## ထူးခြားသော လှိုဏ်း

ရောင်ယီသည် သူ့မျက်နှာပေါ်မှအညစ်အကြေးများကို သန့်သန့်ရှင်းရှင်းဖြစ်အောင် ဆေးကြောသုတ်သင်ပြီး အစိမ်းရောင်ဝတ်စုံသစ်တစ်စုံဝယ်ယူဝတ်ဆင်လိုက်သည်။

ထိုအခါ ရောင်ယီသည် မျက်နှာပေါ်မှ ဓားဒဏ်ရာအမာရွတ်မှတစ်ပါး အလွန်တရာချောမောကြံ့ခိုင်သည့် လူငယ်တစ်ဦးဖြစ်သွားတော့သည်။ သူသည် အဆင်အပြင်ကိစ္စပြီးစီးသောအခါ ဝမ်းဗိုက်အဖြည့်ရန် ထွက်ခဲ့ရပြန်၏။

သူသည် ထမင်းဆိုင်တစ်ဆိုင်သို့ ဝင်လိုက်သည်။

သိုင်းသမားတို့၏ထုံးစံအတိုင်း သူသည် နံရံကိုကျောပေးပြီး ရှေ့မြင်ကွင်းအားလုံးမြင်နိုင်သည့်နေရာ၌ ထိုင်ကာ ထမင်းစားသည်။ ထမင်းစားရင်း သူသည် လမ်းပေါ်မှ မြင်ကွင်းတစ်ခုကို တွေ့လိုက်ရတော့သည်။

သူမြင်တွေ့လိုက်ရသည့် မြင်ကွင်းမှာ ဆိုင်ရှေ့မှ မြင်းလှည်းတစ်စီး ဖြတ်သန်းမောင်းနှင်သွားခြင်းဖြစ်သည်။ ထိုမြင်းလှည်းမှာ အကြမ်းပတမ်း အမြန်မောင်းနှင်သွားခြင်းမျိုး မဟုတ်ပါ။ ခပ်မှန်မှန်သာ မောင်းနှင်သွားသဖြင့် ထိုမြင်းလှည်းဘေးမှ မြင်းဖြင့်လိုက်ပါသွားသူကို သေချာစွာ မြင်တွေ့လိုက်ရသည်။



ထိုလူကား အခြားသူမဟုတ်၊ ဟွာဟူချွန်ဖြစ်ပါလေသည်။

ဟွာဟူချွန်သည် မြင်းလှည်းထဲမှ အမျိုးသမီးနှင့်ရယ်ရယ်ပြုံးပြုံးစကားပြောသွားသည်ကို တွေ့မြင်လိုက်ရသည်။

မြင်းလှည်းထဲမှ အမျိုးသမီးမျက်နှာကိုလည်း ရောင်ယီလှမ်းမြင်လိုက်ပါသည်။ ထိုအမျိုးသမီးကတော့ ထိစင့်လွမ်ပင်ဖြစ်ပါလေ၏။

ရောင်ယီ၏မျက်နှာမှာ တင်းမာ၍သွားသည်။

ဟွာဟူချွန်ကို သူ အမြဲတမ်းရှောင်နေခဲ့သည်။ သူ သည်လိုပဲ တစ်သက်လုံး ဟွာဟူချွန်ကို ရှောင်ရှားနေရမည်လော။

ဤသို့ရှောင်ရှားနေလျှင် ဟွာဟူချွန်နှင့် သူ့ကိစ္စ ဘယ်တော့မှ ပြီးပြတ်လိမ့်မည် မဟုတ်ပါ။

ရောင်ယီသည် ဟွာဟူချွန်ကို ယနေ့ သွားရင်ဆိုင်စကားပြောရန် ဆုံးဖြတ်လိုက်လေသည်။

သူ့စိတ်ထား ဤသို့ပြောင်းလဲဖြစ်ပေါ်လာခြင်းမှာ ထိစင့်လွမ်ရှေ့တွင် သူက ဟွာဟူချွန်ကို သတ္တိရှိရှိဖြင့်ရင်ဆိုင်ပြလို၍သာ ဖြစ်ပါတော့သည်။

ရောင်ယီ စားပွဲထိုးကိုခေါ်ပြီး ငွေရှင်းသည်။ ပြီးလျှင် ဆိုင်ထဲမှ ခပ်သွက်သွက်ထွက်လာခဲ့လေသည်။

လမ်းမပေါ်သို့ရောက်လျှင် မြင်းလှည်းနောက်သို့ ပြေးလိုက်သွား၏။ မြင်းလှည်းကခပ်မှန်မှန်သွားနေသဖြင့် ချက်ချင်းလိုလို မီလာလေသည်။

"ဟွာဟူချွန်.. မင်း နေဦး"

ရောင်ယီက လှမ်းအော်ခေါ်လိုက်လေသည်။

ဟွာဟူချွန်သည် သူ့ကိုခေါ်လိုက်သည့်အသံကြောင့် မျက်မှောင်ကြုတ်သွားသည်။ မြင်းဇက်ကြိုးကိုဆွဲပြီး မြင်းကိုရပ်တန့်လိုက်

သည်။ မြင်းလှည်းလည်း ရပ်တန့်သွားလေသည်။

ထိစင့်လွှမ်ကလည်း မြင်းလှည်းပြတင်းပေါက်မှ ဦးခေါင်းပြူပြီး နောက်လှည့်ကြည့်သည်။ ရှောင်ယီပြေးလာပြီး ဟွာဟူချွန် မြင်းဘေးတွင် ရပ်တန့်လိုက်သည်။

ရှောင်ယီ ယခုလို ရုတ်တရက်ထွက်ပေါ်လာခြင်းကြောင့် ဟွာဟူချွန်မှာ အလွန်အံ့အားသင့်သွားသည်။ သူ့မျက်လုံးများကိုပင် မယုံနိုင်သလိုဖြစ်သွားသည်။

ရှောင်ယီသည် သတ္တိရှိလှစွာ သူ့ကိုလာတွေ့သည်မဟုတ်ပါလော။

ထိစင့်လွှမ်မှာ ထိတ်လန့်လွန်းသဖြင့် ပါးစပ်အဟောင်းသားဖြစ်နေလေတော့သည်။

ရှောင်ယီသည် ထိစင့်လွှမ်မျက်နှာကို မကြည့်မိအောင် စိတ်တင်းထားသည်။ သူက ဟွာဟူချွန်ကို မမှိတ်မသုန်စိုက်ကြည့်သည်။ ကြည့်နေရင်းမှ မဲ့ပြုံးပြုံးလိုက်လေသည်။

"မင်း သိပ်အံ့သြနေသလား"

ရှောင်ယီ၏အမေးကို ဟွာဟူချွန်က အေးစက်စက် ပြန်ပြုံးပြပြီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်…ကျုပ် သိပ်အံ့သြမိတာတော့အမှန်ပါပဲ"

ရှောင်ယီက ရယ်မောပြလိုက်ရန်ကြိုးစားသည်။ သို့သော် သူ မရယ်နိုင်ပါ၊ အသံမထွက်နိုင်ဘဲ ဖြစ်နေသည်။

"မင်းက ငါ့ကို အမြဲတစေ တွေ့ချင်နေတယ်မဟုတ်လား၊ ငါ့ကိုလိုက်ရှာနေတယ်မဟုတ်လား"

"ဟုတ်တယ်"

"မင်းတတ်ထားတဲ့သိုင်းပညာနဲ့ ဘယ်သူ့ကိုမှ ကြောက်ဖို့



လိုဘူးဆိုတဲ့သဘောမျိုးနဲ့ မင်းက ဒီလို ပပလွှားလွှားနေနေတာ မဟုတ်လား"

ဟွာဟူချွန်က ရှောင်ယီမျက်နှာကို သေချာစွာကြည့်နေသည်။ အဖြေစကား မပြောတော့ပါ။ ရှောင်ယီက မေးပြန်သည်။

"မင်း ငါ့ကိုသတ်ဖို့ အကြံအစည်ရှိနေတုန်းပဲလား"

"ရှိတယ်၊ ခင်ဗျားကိုသတ်ဖို့ ကျုပ်အစီအစဉ် မပြောင်းလဲပါဘူး"

ရှောင်ယီက ဟွာဟူချွန်ပြောလိုက်သည်ကို နားထောင်ပြီး ရယ်မောလိုက်သည်။ သူရယ်နိုင်လာပြီ။ ထိမထင်သောစိတ်သည် သူ့ကို နဂိုမူလအခြေအနေသို့ ပြန်ရောက်စေသည်။

"မင်းက ငါ့ကိုသတ်ဖို့ ဘာဖြစ်လို့ လိုက်မရှာတာတုန်း"

"အမှန်တော့ ကျုပ်က ခင်ဗျားကို သိပ်သတ်ချင်တာ မဟုတ်ပါဘူး၊ ဒါပေမယ့် ခင်ဗျား ခုလို ကျုပ်ကိုလာတွေ့တော့ ကျုပ်ခင်ဗျားကို သတ်ရတော့မှာပေါ့"

ထိစင့်လွှမ် မြင်းလှည်းတံခါးကို ဖွင့်ပြီးဆင်းလာသည်။ ရှောင်ယီရှေ့တွင်သွားရပ်ပြီး ကာဆီးထားလိုက်သည်။

"သူက အစ်ကို့ကို လာရှာပြီး စကားပြောတာပါ၊ အစ်ကို သူ့ကို မသတ်သင့်ပါဘူး"

ထိစင့်လွှမ်က ပြောလိုက်သည်။

ရှောင်ယီက ထိစင့်လွှမ်ကို ကျော်တက်ပြီးရပ်သည်။ သူက ထိစင့်လွှမ်ကို လုံးဝ မသိသလိုပြုနေသည်။ သူက ဟွာဟူချွန်ကိုမေး၏။

"ဟောဒီ ထိစင့်လွှမ်ဟာ မင်းရဲ့ဇနီးလောင်းလား"

"ဟုတ်တယ်"

ဟွာဟူချွန်က အေးစက်စက်ပြန်ပြောလိုက်သည်။

ထိစင့်လွမ်မှာ အောက်နှုတ်ခမ်းကိုကိုက်ထားမိသည်။ မျက်လုံး အိမ်ဝယ် မျက်ရည်များရစ်ဝဲလာသည်။ ရောင်ယီက သူမအပေါ် လွန်စွာ စိမ်းကားသည်ဟုတွေးပြီး မျက်ရည်ဝဲလာခြင်းဖြစ်သည်။

ရောင်ယီက ဟွာဟူချွန်မျက်နှာကိုစူးစိုက်ကြည့်ပြီး ဆက်မေး လိုက်သည်။

"မင်းက ငါ့ကိုသတ်မယ်ချည်းပြောနေတာပဲ၊ ဟင်း- ဟင်း ငါကကော မင်းကိုမသတ်ဘူးလို့များ မင်းထင်နေသလား"

"ဟင်း…ဟင်း…ခင်ဗျား ကျုပ်ကိုမသတ်နိုင်ပါဘူး"

"အင်းလေ…ကြည့်ကြသေးတာပေါ့၊ မင်းနဲ့ငါ သူသေ ကိုယ် သေယှဉ်ပြိုင်တော့မှ အဖြေကိုသိရမှာပေါ့၊ ဟောဒီရက်ကစပြီး နောက် သုံးလပြည့်တဲ့နေ့မှာ မင်းရှိရာကို ငါရှာပြီးလာခဲ့မယ်၊ မင်းသဘောတူ သလား"

"ကောင်းပြီ"

ဟွာဟူချွန်က ခေါင်းညိတ်လိုက်သည်။

"တစ်ခုတော့ ပြောထားချင်တယ်"

"ဘာပြောမလို့လဲ ပြောပါ"

"သုံးလမလွန်ခင်အတွင်းမှာ မင်း ငါ့ကိုတွေ့ရင် မသိသလိုပဲ နေရမယ်၊ ငါကလဲ မင်းကို ဘာမှအကောက်မကြံဘူး၊ မင်းသဘောတူ သလား"

"ခင်ဗျား ခုလိုပြောနေပုံထောက်ရင်၊ ခင်ဗျားစိတ်ထဲမှာ အကြံ အစည်တစ်ခုခုတော့ရှိနေရမယ်"

ဟွာဟူချွန်က ပြောလိုက်သည်။

ရောင်ယီက ဟက်ခနဲ ရယ်မောလိုက်လေသည်။

"ငါ့ဝမ်းထဲမှာ အကြံရှိနေတယ်ဆိုရင်လဲ အဲဒီအကြံဟာ သုံး



လအတွင်းမှာ မင်းကို ဗုန်းခနဲလဲကျသေဆုံးစေမှာမဟုတ်ပါဘူး၊ သုံးလ အတွင်း ငါဘာမှအကောက်မကြံဘူးဆိုတာ ကတိပေးပြီးသားပဲ၊ ဘာလဲ၊ ငါက ငါ့စိတ်ထဲမှာရှိသမျှ အစီအစဉ်တွေအားလုံးရှင်းပြပြီးမှ မင်းက ငါ့အဆိုပြုချက်ကို လက်ခံမယ့်သဘောလား"

ရောင်ယီ၏စကားများမှာ အလွန်တရာ ရှင်းလင်းပြတ်သားလှ သည်။ ဇဝေဇဝါဖြစ်စရာ စကားတစ်လုံးမျှမပါချေ။ ဒုစရိုက်ကျေး ဇူး၏သွန်သင်မှုကြောင့် အပေါ်ယံ အမည်းရောင်လွှမ်းနေသည့် ရောင်ယီ သည် ဖြူဖွေးလင်းထိန်လှသည့် သူ့အတွင်းစိတ်ဓာတ်များကို ပကတိ အတိုင်း ထုတ်ဖော်ပြောဆိုနေခြင်းသာဖြစ်တော့သည်။

ဟွာဟူချွန်က အတန်ငယ်စဉ်းစားလိုက်ပြီးလျှင် နောက်ဆုံး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ သုံးလလွန်ပြီးရင် ကျုပ်ဝူတန့်နယ်မြေမှာ ရှိနေ ပါမယ်၊ ခင်ဗျားလာရှာရင် ကျုပ်ကိုတွေ့မှာပါ"

"ကောင်းပြီ၊ အဲဒီနေ့ကျမှပဲ မင်းနဲ့ငါ ဘယ်လို ရင်ဆိုင်ယှဉ် ပြိုင်မယ်ဆိုတာ ပြောကြတာပေါ့ဟုတ်လား၊ ကဲ…ငါပြောချင်တဲ့စကား ကုန်ပြီ၊ ငါသွားမယ်"

ရောင်ယီ ချာခနဲလှည့်ထွက်သွားလေသည်။ ထိစင့်လွမ်မှာ ရောင်ယီ သူမကို တစ်ချက်မျှလှည့်မကြည့်ဘဲ ထွက်သွားသည်ကိုတွေ့ လျှင် ရင်ထဲဆို့နင့်သွား၏။

ရောင်ယီနောက်ကျောပြင်ကို လှမ်းကြည့်ရင်း ရပ်နေမိသည်။

ဟွာဟူချွန်ကလည်း ဟိစင့်လွမ် မြင်းပေါ်တက်ရန် လှမ်းမပြော ဘဲနေနေသည်။ လမ်းပေါ်တွင် ဖြတ်သန်းသွားလာနေကြသော လူများမှာ က သူတို့ကိုအကဲခတ်ပြီး ကြည့်သွားကြလေသည်။

လမ်းသွားလမ်းလာများသည် မြင်းလှည်းကို လမ်းမလယ်ခေါင်

တွင်ရပ်ထားပြီး မိန်းကလေးတစ်ဦး လမ်းပေါ်တွင်ရပ်ပြီး ငေးမောနေသည်ကို အံ့ဩနေကြဟန်တူသည်။ သူမအနီးတွင်တော့ လူငယ်တစ်ဦးက မြင်းပေါ်တွင်ထိုင်စောင့်နေသည်။ မထူးသော်လည်း မြင်ကွင်းကဆန်းနေသည် မဟုတ်ပါလား။

အတန်ကြာမှ ရှောင်ယီ၏ ကိုယ်ရောင်ကိုယ်ရိပ် လုံးဝပျောက်ကွယ်၍သွားမှပင် ထိစင့်လွမ်သည် သက်ပြင်းချလိုက်ပြီး မြင်းပေါ်မြတက်ခဲ့သည်။

သူမသည် မြင်းလှည်းတံခါးကိုပိတ်ပြီး ဟွာဟူချွန်ကို လှမ်းကြည့်လိုက်သည်။ ဟွာဟူချွန်သည် မြင်းပေါ်တွင် သူမကို ထိုင်စောင့်နေကြောင်း တွေ့ရသည်။

ဟွာဟူချွန်၏သည်းခံနိုင်မှုစိတ်ဓာတ်ကို တွေ့မြင်ရသဖြင့် ထိစင့်လွမ်ရင်ထဲ တစ်မျိုးတစ်ဖုံခံစားရပြန်သည်။ ဟွာဟူချွန်၏မျက်နှာပေါ်တွင် ဒေါသအရိပ်အယောင် လုံးဝ မမြင်ရပါချေ။ ထိစင့်လွမ်သည် သက်ပြင်းချလိုက်ပြီး ဦးခေါင်းကိုငုံ့ ထားလိုက်သည်။

မြင်းလှည်းသမားသည် ထိစင့်လွမ် မြင်းလှည်းပေါ်သို့ရောက်ပြီး ထိုင်သားကျပြီဟုသိသည်နှင့် မြင်းလှည်းကို မောင်းထွက်လေတော့သည်။ ဟွာဟူချွန်လည်း သူ၏မြင်းကိုမောင်းနှင်ပြီး မြင်းလှည်းအားမှကပ်လိုက်ခဲ့၏။

ဟွာဟူချွန်နှင့်ထိစင့်လွမ်တို့သည် မြို့ပြင်သို့ထွက်ခဲ့ကြခြင်းမှာ မြို့ပြင်ရှိ ရှုခင်းသာများကိုကြည့်ရှုပြီး စိတ်အပန်းဖြေကြရန်ဖြစ်သည်။ သူတို့ချင်းတိုင်ပင်ပြီး ထွက်ခဲ့ကြခြင်းဖြစ်ပါသည်။

မမျှော်လင့်ဘဲ ရှောင်ယီကို လမ်းမပေါ်၌တွေ့လိုက်ကြရပြီး ရှောင်ယီသည် ထိစင့်လွမ်စိတ်ဆင်းရဲသွားအောင်နှင့် ဟွာဟူချွန် သောကရောက်သွားအောင် လုပ်ခဲ့ပေသည်။ သူတို့နှစ်ဦးစလုံး စိတ်လက်ကြည်



သာခြင်း မရှိကြတော့ပါ။ မြို့ပြင်တွင် စမ်းချောင်းငယ်တစ်ခုရှိသည်။ စမ်းချောင်းရှေ့တွင် မြင်းလှည်းကိုရပ်တန့်လိုက်သည်။ မြက်ခင်းပြင်ကျယ်ရှိသည်။ တောပန်းများ ရောင်စုံပွင့်ဖူးနေကြသည်။

နေရောင်ခြည်သည် စမ်းချောင်းရေကို ငွေရောင်လင်းလက်နေစေ၏။

ခပ်ဝေးဝေးရှိ သစ်ပင်ရိပ်အောက်တွင် လူတစ်ယောက် ပက်လက်လှန်လှဲအိပ်နေသည်။ ဆင်းရဲသားပုံသဏ္ဌာန် ညစ်နွမ်းနွမ်းရှိသူတစ်ယောက်ကို ဟွာဟူချွန် မည်သို့မျှဂရုမစိုက်ပါ။ ထိုဆင်းရဲသားသည် မြက်ခင်းကို မွေ့ရာကမ္ဗလာအမှတ်ဖြင့် ပက်လက်လှန်အိပ်ကာ စည်းစိမ်ခံနေဟန်ရှိသည်။

ဟွာဟူချွန်သည် မြင်းပေါ်မှ ဆင်းသည်။ စမ်းချောင်း ရေစီးနေသည်ကို ငေးမောပြီးကြည့်နေသည်။ လေပြည်လေညှင်းက သူ့ဝတ်စုံမြကို လှုပ်ယမ်းလွင့်ပါးနေစေသည်။ သို့သော် သူသည် ဩကာသလောကဓာတ်သာယာမှုအဝဝကို လုံးဝ ခံစားနိုင်ဟန်မတူပါ။

ထိစင့်လွမ်သည် မြင်းလှည်းတံခါးကို ခပ်ဖြည်းဖြည်းဖွင့်ပြီး ဆင်းသက်လာသည်။ မြက်ခင်းပြင်ကို ခြေချနင်းသည်။ သူမက ဟွာဟူချွန်၏နောက်ကျောပြင်ကို လှမ်းပြီးကြည့်သည်။ သူမသည်လည်း ငေးငိုင်တွေဝေနေသည်သာ။

အတန်ငယ်ကြာမှ အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြသည်။ ဟွာဟူချွန်က မလှုပ်သေးဘဲနေသည်။ ထိစင့်လွမ်သည် ဟွာဟူချွန်နောက်သို့ ဖြည်းညင်းစွာလျှောက်လာသည်။

"ရှောင်ယီက သုံးလအချိန်သတ်မှတ်ထားတာ၊ သူ့မှာအကြံအစည်ရှိပုံရတယ်"

ထိစင့်လွမ်က စကားစလိုက်သည်။

"အင်း…ရှိမှာပေါ့"

"အစ်ကိုသိလျက်သားနဲ့ ဘာဖြစ်လို့ သူပြောတဲ့အတိုင်း လက်ခံလိုက်ရတာလဲ"

ဖွာဟူချွန် သက်ပြင်းရှိုက်လိုက်သည်ကိုတွေ့ရသည်။ ထိစင့်လွမ်၏မေးခွန်းကို ပြန်မဖြေချေ။ ထိစင့်လွမ်သည် စကားကိုဆက်မပြောတော့ဘဲ တောပန်းနီနီကလေးတစ်ပွင့်ကို ငုံ့ပြီးခူးယူလိုက်သည်။

သူမသည် ရုတ်တရက် လက်ထဲမှ တောပန်းပွင့်ကလေးကိုချေမွလွှင့်ပစ်လိုက်လေသည်။ သူမ စိတ်ပြောင်းသွားဟန်တူသည်။

သူမသည် ဖွာဟူချွန်အနားသို့တိုးကပ်သွားပြီး…

"ရှင်…ဘာလို့စကားမပြောတာလဲ"

ဖွာဟူချွန်သည် ခပ်ယဲ့ယဲ့ပြုံးလိုက်သည်။ ဘာမှတော့ ပြန်မပြောချေ။ ထိစင့်လွမ်က မျက်လွှာချပြီး…

"ရှင့်စိတ်ထဲမှာ ပြောစရာစကားတွေ အများကြီးရှိနေလိမ့်မယ်လို့ ကျွန်မထင်ပါတယ်၊ ပြောစရာရှိရင်လဲပြော"

ဖွာဟူချွန်က…

"ကျုပ်စိတ်ထဲမှာ စကားတွေ အများကြီးပြောချင်နေတာ မင်း ဘယ်လိုသိသလဲ"

"အစ်ကို ကျွန်မအပေါ်ထားတဲ့မေတ္တာ၊ စေတနာကို ကျွန်မ ကောင်းကောင်းသိပါတယ်၊ အစ်ကိုသာ ကျွန်မကို မစောင့်ရှောက်ရင် မကယ်တင်ခဲ့ရင် ကျွန်မသေပြီးတာကြာလှပြီပေါ့"

ဖွာဟူချွန်မှာ ငြိမ်မြငြိမ်နေသည်။

ထိစင့်လွမ်က စကားကိုဆက်ပြောလိုက်သည်။

"ကျွန်မ ဘာ့ကြောင့်မှန်းမသိဘူး၊ ရှောင်ယီကိုတွေ့ရင် ကျွန်မ ရင်ထဲ အရမ်းတုန်လှုပ်တာပဲ၊ သူ…သူဟာ အရင်က ကျွန်မအသက်ကို



ကယ်ခဲ့ဖူးတာဘဲမဟုတ်လား"

"မင်း သူ့အကြောင်း ကျုပ်ကိုလာမပြောသင့်ဘူး"

"ဟုတ်ကဲ့ မပြောသင့်ဘူး၊ ကျွန်မ မပြောသင့်ပါဘူး၊ ဒါပေမယ့် ကျွန်မစိတ်ထဲမှာ အမှန်အတိုင်းဖြစ်ပေါ်နေတဲ့ ခံစားချက်ကို အစ်ကိုသိထားရအောင် ပြောမိတာပါ၊ အစ်ကို့အပေါ်မှာလဲ ကျွန်မ…"

"ကျုပ်နားလည်ပါတယ်၊ မင်းရင်ထဲမှာ ဘယ်လိုခံစားနေရတယ်ဆိုတာ ကျုပ်နားလည်ပါတယ်၊ ကဲ…ကျုပ်တို့ပြန်ကြပါစို့"

သစ်ပင်ရိပ်အောက်မှ ဆင်းရဲသားပုံသဏ္ဌာန်ရှိသော လူသည် လှဲအိပ်နေရာမှထလိုက်သည်။ လက်နှစ်ဖက်ကိုမြှောက်ပြီး ပျင်းကြောဆန့်လိုက်သည်။

"ဟား…လူငယ်တွေဟာ ကိစ္စသေးသေးမွှားမွှားကလေးကိုပဲ ရင်နာတတ်တို့ ပူဆွေးတာတို့ဖြစ်နေကြတယ်၊ မင်းတို့ မသိကြသေးဘူး၊ လောကမှာ ဒီထက် အဆတစ်ရာတစ်ထောင်မကအောင် ပူဆွေးရတာ၊ နာကျင်ရတာတွေ ရှိသေးတယ်ကွ"

ဆင်းရဲသားပုံသဏ္ဌာန်ရှိသောထိုလူကြီးသည် သူနှင့်မဆိုင်သော ကိစ္စများကို အော်ကြီးဟစ်ကျယ်ဝင်ပြောနေတော့ရာ ဖွာဟူချွန်နှင့် ထိစင့်လွမ်တို့ အလန့်တကြားလှည့်ကြည့်မိကြတော့သည်။

ထိစင့်လွမ်လည်း ထိုလူကိုမျက်လုံးပြူးပြီးလှမ်းကြည့်လိုက်၏။

ထိုလူသည် လှဲအိပ်နေစဉ်က နာမကျန်းသော ကြောင်အိုကြီးတစ်ကောင်အလားရှိသော်လည်း ယခု မတ်တတ်ရပ်လှုပ်ရှားလိုက်သော အခါမူကား ကျားတစ်ကောင်နှယ် မာန်ထည်၍နေပါတော့သည်။ မြင့်မားလှသောအရပ်ကြီးက ဘယ်သူ ငါ့ကိုလာလှမ်းမိုးရဲသလဲ၊ လှမ်းမိုးရဲလှမ်းမိုးကြည့်ဟု စိန်ခေါ်နေသယောင်ရှိသည်။

ထိုလူသည် အလွန်လျင်မြန်သွက်လက်သော ခြေလှမ်းများဖြင့် သူတို့ထံ လျှောက်လာနိုင်သည်ကို တွေ့လိုက်ရသောအခါတွင်မူ ဟွာဟူချွန် အံ့ဩမဆုံးဖြစ်ရတော့သည်။

ထိုလူကြီး၏မျက်လုံးအစုံမှာ လွန်စွာ အရောင်တောက်ပနေပေသည်။

ပါးရိုးများ ငေါထွက်အောင်ပိန်သော်လည်း သူ့မျက်ခုံးများမှာ ထူးထူးခြားခြားနက်မှောင်ထူထဲလှသဖြင့် မျက်ခုံးနှစ်ခုဆက်နေသယောင် ထင်မှတ်ရသည်။

မုတ်ဆိတ်နှုတ်ခမ်းမွေးများမှာလည်း ထိုးထိုးထောင်ထောင်နှင့် ရှိနေသေးသည်။

ထိုလူကြီး၏အသက်ကို ခန့်မှန်းရခက်လှသည်။ ဟွာဟူချွန်မှာ အဘယ့်ကြောင့်မှန်းမသိဘဲ ထိုလူကြီးကိုကြည့်ရင်း စိတ်ထဲမှ အလိုလို ရွံ့ကြောက်လာမိလေသည်။ သူ့ဘဝ၌ ပထမဦးဆုံးအကြိမ် ခံစားမိခြင်းသာ ဖြစ်ပါတော့သည်။

တကယ်တော့လည်း ထိုလူကြီး၏ပုံသဏ္ဌာန်မှာ သူတို့ ထင်သလောက် ကြောက်ရွံ့ဖွယ်ရာမဟုတ်လှပါ။ လူဆိုးသူခိုးပုံသဏ္ဌာန် မဟုတ်လှပါ။ သို့သော် သိုင်းလောကကြီးတစ်ခုလုံးကို သူ့လက်ဖဝါးနှစ်ဖက်ဖြင့် ဆုပ်ချေပစ်မည်ဟုသည့်ဟန်ပန်မျိုးကိုတော့ ဟွာဟူချွန်သာမက အခြားသိုင်းသမားများလည်း ကြောက်ရွံ့ရမည်သာဖြစ်ပါသည်။

ှ ှ ှ



အခန်း(၁၀၁)

## သိုင်းလောက၏ ဓားကေရာစ်

ထိုလူကြီးသည် ဟွာဟူချွန်ရှိရာသို့လျှောက်လာပြီး ဟွာဟူချွန်ကိုသေချာကြည့်သည်။ ထိုလူကြီး အကြီးအကျယ်ထိတ်လန့်သွားသည်။ သူ့နှုတ်မှ အသံထွက်အောင် ရေရွတ်သည်။

"တူလိုက်တာ . . . သိပ်ကိုတူလိုက်တာ၊ သူများဖြစ်နေမလား"

ဟွာဟူချွန်နှင့်ထိစင့်လွမ်မှာ ထိုလူကြီးရေရွတ်လိုက်သည်ကို ကြားသော်လည်း ခပ်တိုးတိုးသာဖြစ်သည်။

"သူဖြစ်နေရင်တော့ ဒီကိစ္စမှာ ငါ ဘေးဖယ်နေလို့မဖြစ်တော့ဘူး"

ထိုလူကြီးက ထပ်မံရေရွတ်လိုက်ပြန်သည်။ ဤတစ်ခါတွင်တော့ ထိုလူကြီးနှုတ်မှ မည်သည့်အသံမျှ ထွက်ပေါ်ခဲ့ခြင်းမရှိသဖြင့် ဟွာဟူချွန်တို့ မကြားရတော့ချေ။

ဟွာဟူချွန်သည် ထိုလူကြီး သူ့ရှေ့ရောက်လာမှပင် သေချာကြည့်မိသည်။ ထိုလူကြီး ဝတ်ဆင်ထားသောအင်္ကျီသည် ယခင်က နက်ပြာရောင်ဖြစ်ဟန်ရှိသော်လည်း ယခုမူ ဖြူဖွဲဖွဲအရောင် ပြောင်းနေလေပြီ။ အတော်ကြီးကို ဖွတ်ဖွတ်ညက်ညက်ကျေအောင် ဝတ်ဆင်

ခဲ့ကြောင်း မှန်းဆရနိုင်သည်။ ခြေထောက်တွင် မြက်ဖိနပ်စုတ်တစ်ရံကို စီးထားသည်။ လက်မြင်ကုန်းပြီး လက်အစုံက ရှည်သင့်သည်ထက် တစ်ထွာခန့် ပိုရှည်လျားနေသည်ဟုထင်မြင်ရသည်။

ခါးတွင် မြက်ဖြင့်ကျစ်ထားသော ကြိုးကိုစည်းနှောင်ထား၏။ ထိုမြက်ဖြင့်ကျစ်ထားသောကြိုးတွင် သံချေးတက်နေဟန်ရှိသော ဓား တစ်လက်ကို ဓားအိမ်နှင့်တကွချိတ်ဆွဲထားသည်။ သိုင်းလောကသား အများစုသည် သူတို့၏ဆောင်ဓားများကို ကျောဌ်၌ သိုင်းလွယ်ထားတတ် ကြသော်လည်း ဤလူကြီးက သူ့ဓားကို ခါး၌သာချိတ်ဆွဲထားလေသည်။

ထိုလူကြီးသည် ဟွာဟူချွန်ကိုသေချာစွာကြည့်ရင်း အားရပါး ရရယ်လေတော့သည်။

"မင်း…ဒီမိန်းကလေးကို သိပ်နှစ်သက်သလား"

ထိုလူကြီးက သူတို့ လုံးဝမမျှော်လင့်မထားသည့်မေးခွန်းကို ဟွာဟူချွန်အား ရုတ်တရက်မေးလိုက်လေသည်။ ဟွာဟူချွန်မှာ အံ့အား သင့်သွားသဖြင့် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ဘာပြန်ဖြေရမှန်း မသိတော့ပေ။ လူစိမ်းသည် သူ့ကိုစွ၍ ဤမျှစွက်ဖက်မည်ဟုမထင်ပေ။

ထိုလူကြီးက မျက်မှောင်ကြုတ်လိုက်ပြီး အသံခပ်ကျယ်ကျယ် ဖြင့် အော်ပြန်လေသည်။

"နှစ်သက်ရင် နှစ်သက်တယ်ပေါ့၊ မနှစ်သက်ဘူးဆိုရင်လဲ မနှစ်သက်ဘူးပေါ့၊ ခပ်ရှင်းရှင်း ခပ်ပြတ်ပြတ်ပြောပေါ့"

ဟွာဟူချွန်မှာ တစ်သက်နှင့်တစ်ကိုယ် သူတစ်ပါး၏ရိုင်းရိုင်း စိုင်းစိုင်း ကြမ်းကြမ်းတမ်းတမ်း စကားပြောခြင်းကို မခံရဘူးချေ။ သူသည် မဟူရာနန်းတော်မှမဟုတ်ပါလား။ သို့သော် ယခု သူသည် ရိုင်းရိုင်းစိုင်းစိုင်း ကြမ်းကြမ်းတမ်းတမ်း စကားပြောခံနေရလေသည်။ သူ့ခမျာ ဒေါသထွက်ရမည်ကိုပင်မေ့နေသည်။



ထိုလူကြီးသည် မျက်လုံးကိုပို၍မြူးကာ အသံပို၍ကျယ်စွာ ဖြင့်မြောပြန်သည်။

"မင်းဟာ ယောကျ်ားမဟုတ်လား၊ မိန်းကလေးကိုချစ်ရင် ချစ်တယ်၊ မင်္ဂလာဆောင်ယူပါရစေလို့ ပြောလိုက်ပါလား"

ဟွာဟူချွန်မှာ မျက်နှာကြီးနီမြန်းလာသည်။ ထိစင့်လွှမ်က-

"သူ မပြောလဲ ကျွန်မ သူ့ရင်ထဲကစကားတွေကို ကြားပါ တယ်၊ သူ့မျက်နှာကိုကြည့်ရင်သိပါတယ်"

ထိုလူကြီး၏မျက်လုံးအစုံက ထိစင့်လွှမ်မျက်နှာပေါ်သို့ ကျ ရောက်သွားလေသည်။ တဟားဟားရယ်မောလိုက်ပြီး…

"ဟား…ဟား…ဟား မင်းက မိန်းကလေးပေမယ့် ပွင့်လင်း တယ်ဟေ့၊ ဒီလိုမှ ဖြစ်တော့မှာပေါ့၊ ယောကျ်ားလေးက မပြောမဆိုရဲ မိန်းကလေးကလဲ မပွင့်မလင်းဆိုရင် ဘယ်လိုဖြစ်ပါတော့မလဲ"

ထိစင့်လွှမ်မှာ မျက်လွှာချထားပြီး ငြိမ်နေလိုက်သည်။

"ဒီလိုဆိုရင် သူ မင်းကိုနှစ်သက်နေတယ်ဆိုတာ မင်းသိတာ ပေါ့"

ထိုလူကြီးက အသံကျယ်ကျယ်ဖြင့် ထိစင့်လွှမ်ကိုမေးသည်။

ထိစင့်လွှမ်က ခေါင်းညိတ်ပြသည်။

"သိပါတယ်ရှင်"

ထိုလူကြီးက ဟွာဟူချွန်ကို ခပ်ငေါက်ငေါက်မေးပြန်၏။

"မင်း သူ့ကိုမနှစ်သက်ဘူးလား"

ထိစင့်လွှမ်က ဟွာဟူချွန်ကို ဖျတ်ခနဲ တစ်ချက်လှမ်းကြည့် လိုက်သည်။ ဟွာဟူချွန်မှာ ခေါင်းငုံ့ပြီးငြိမ်နေသည်။

"မနှစ်သက်လို့တော့မဟုတ်ပါဘူးရှင်၊ ဒါပေမယ့် သူက… သူက…"

"တော်ပြီ...တော်ပြီ မပြောနဲ့တော့၊ မင်းတို့နှစ်ယောက်ကို ဘယ်လိုလုပ်ပေးရမယ်ဆိုတာ ငါသိတယ်၊ ဒီနေ့ပဲ မင်းတို့နှစ်ယောက် မင်္ဂလာဆောင်လိုက်ကြ၊ ကျုပ်ကအောင်သွယ်ပေါ့"

ဟွာဟူချွန်က ထိုလူကြီးကို စိတ်ဆိုးချင်လာသည်။ ထိုလူကြီးသည် ကြမ်းကြမ်းရိုင်းရိုင်းပြောဆိုနေပေသည်။ မိမိကို ပမာမခန့်သဘောထားပြီး ပြောဆိုနေသည်။ မိမိကို ဘာကောင်ထင်နေသနည်း။ မလောက်လေး မလောက်စား ဂရုမပြုစရာဟု ထင်နေသလော။

ထိုလူကြီးသည် မိမိနှင့်ထိစင့်လွမ်ကို နီးစပ်အောင်ပြောဆိုနေခြင်းဖြစ်သော်လည်း မိမိတို့ကိစ္စတွင် ကြားလူဝင်စွက်မှုကို မလိုလားသဖြင့် ဟွာဟူချွန်စိတ်ဆိုးနေခြင်းဖြစ်သည်။

"ဒီမှာ မင်းတို့နှစ်ယောက် ငါပြောတာနားထောင်ကြမယ် ဟုတ်လား၊ အို...ကြာပါတယ်၊ အခု ငါ့ရှေ့မှာ နှစ်ယောက်စလုံး ဒူးထောက်လိုက်စမ်း၊ မိုးနဲ့မြေကြီးကို တိုင်တည်သစ္စာပြုပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းကြပေတော့၊ ငါကလဲ အောင်သွယ်သက်သေအဖြစ် အသိအမှတ်ပြုပေးမယ်"

ထိုလူကြီးမှာ သူဖြစ်စေချင်သည်ကို ဟွာဟူချွန်တို့အား အတင်းအကျပ်ပြုလုပ်နိုင်းနေသည်။ ဟွာဟူချွန်က ထိုလူကြီးမျက်နှာကို မျက်မှောင်ကြုတ်ကြည့်နေသည်။

"ဘာလဲ မင်းကငြင်းချင်သလိုလို အာခံချင်သလိုလိုနဲ့၊ မင်းတို့နှစ်ယောက် ယူကိုယူရမယ်၊ မယူလို့မရဘူးဟေ့၊ ငါ့စကားကို နားမထောင်ရင်တော့ မင်းတို့နှစ်ယောက်စလုံးကို သတ်ပစ်မယ်၊ ငါကတော့ စေတနာနဲ့ အောင်သွယ်လဲဝင်လုပ်ပေးရသေးတယ်၊ မင်းကဘာလဲ ငါ့စေတနာကိုစော်ကားမလို့လား"

ဟွာဟူချွန်မှာ ထိုလူကြီးကို စိတ်မှန့်ပါလေစဟူ၍ တွေးကာ



ထိစင့်လွမ်ကို နောက်ဆုတ်နေရန်ပြောလိုက်သည်။

"ညီမလေး...မင်းနောက်ဆုတ်ပြီး မြင်းလှည်းပေါ် တက်ထိုင်နေပါ၊ ကြည့်ရတာသိပ်မဟန်ဘူး"

ထိုစကားက လူကြမ်းကြီး၏ဒေါသကို ပေါက်ကွဲသွားစေလေသည်။ သူက သူ့ဓားကိုဆွဲထုတ်လိုက်လေသည်။ ဓားအိမ်သာ သံချေးတက်နေသည်မဟုတ်၊ ဓားကလည်း သံချေးတက်နေသည်။

ထိစင့်လွမ် နောက်ဆုတ်သွားသည်။ သူမ လွန်စွာထိတ်လန့်နေပေသည်။ ဟွာဟူချွန်က နေရာမရွေ့ဘဲ ရပ်နေသည်။ ထိုလူကြီးကို မှိတ်မသုန်စိုက်ကြည့်နေလေသည်။

"ဘာလဲ မင်းက ငါ့ဓားကို သံချေးတက်နေတဲ့ဓားစုတ် ဓားဟောင်းဆိုပြီး အထင်သေးနေတာလား၊ ဟောဒီမှာကြည့် ပြတ်လားမပြတ်လားဆိုတာ"

ထိုလူကြီးသည် သစ်ရွက်တစ်ရွက်ကို ခြေဖြင့် ကလော်လိုက်ပြီး သူ၏သံချေးတက်ဓားကြီးဖြင့် တရွှီးရွှီး တရွှမ်းရွှမ်း ခုတ်ပစ်လိုက်သည်။ ဓားရိပ်များ အရာအထောင်ထပ်သွားသည်။ အေးစိမ့်သောလေသည် ဟွာဟူချွန်နှင့် ထိစင့်လွမ်ကိုပင် လာ၍လွှမ်းခြုံသည်။

သံချေးတက်နေသောဓားဖြင့် ဝေ့ယမ်းခံရသော သစ်ရွက်များသည် လေထဲ၌အမှုန့်အမွှားများဖြစ်ကုန်သည်။ အံ့ဖွယ်သူရဲ ထူးကဲသောဓားနှင့် ထိတ်လန့်စရာဓားရေးပင်တည်း။

ထိစင့်လွမ်ရော ဟွာဟူချွန်ပါ သိလိုက်ကြလေပြီ။ ထိုလူကြီး၏ သိုင်းပညာအဆင့်မှာ မှန်းဆ၍မရနိုင်အောင် နက်ရှိုင်းနေပေသည်။

ဆင်းရဲသားကြီးသည် ဟွာဟူချွန်ကို မျက်လုံးပြူးကြည့်သည်။

"ကျုပ်ဓားက သံချေးတက်နေပေမယ့် ဘယ်လောက်ထက်တယ်ဆိုတာ တွေ့တယ်မဟုတ်လား၊ ကဲ...မင်းတို့နှစ်ယောက် ငါ့ရှေ့

မှာ ဒူးထောက်ပြီး မိုးနဲ့မြေကိုတိုင်တည်သစ္စာပြုကြစမ်း၊ မင်္ဂလာ အခမ်းအနားပွဲကိုတော့ မင်းတို့ပြန်သွားမှလုပ်ကြပေါ့"

ထိစင့်လွှမ်မှာ ထိုသိုင်းပညာရှင်ကြီးကို ဟွာဟုချွန်နှင့် ခိုက်ရန်ဒေါသ မဖြစ်မွါးစေလိုပါ။ ဟွာဟုချွန်သည် ထိုသိုင်းပညာရှင်ကြီးကို နိုင်ချင်မှနိုင်လိမ့်မည်ဟု တွေးမိသည်။

ထို့ကြောင့် ထိစင့်လွှမ်က ဤရန်ပွဲကို မဖြစ်စေလို၍ ထိုသိုင်းပညာရှင်ကြီးကို ပြောလိုက်သည်။

"ဘဘ…ကျွန်မ သူနဲ့မင်္ဂလာဆောင်ဖို့သဘောတူပါတယ်"

ထိုလူကြီးက သဘောကျစွာရယ်မောလိုက်ပြီး ခေါင်းကို ညိတ်လိုက်လေသည်။

"အေး…ဒီလိုမှပေါ့၊ မင်းတို့နှစ်ယောက်ဟာ လိုက်ဖက်ညီပါတယ်၊ ငါကြည့်တာနဲ့သိပါတယ်၊ ဒါကြောင့် မင်းတို့နှစ်ယောက်ကို ငါကညားစေချင်နေတာ၊ မိုးနဲ့မြေကိုတိုင်တည်သစ္စာပြုပြီးရင် မင်းတို့တစ်ယောက်နဲ့တစ်ယောက် သစ္စာမပျက်ဘူးနော်၊ မိုးကောင်းကင်အောက်မှာနေပြီး မြေကြီးပေါ်မှာရပ်တည်နေကြရတဲ့ တို့သတ္တဝါတွေဟာ မိုးနဲ့မြေကို မလှည့်စားရဘူး၊ လှည့်စားရင်ဘေးတွေ့လိမ့်မယ်"

"ကျွန်တော် သဘောမတူဘူး"

ဟွာဟုချွန်နှုတ်မှ ရုတ်တရက် ပြောလိုက်သည့်စကားကြောင့် ထိစင့်လွှမ်မှာ အံ့အားသင့်သွားသည်။

ဟွာဟုချွန်သိပါသည်။ ထိစင့်လွှမ်သည် သူ့အပေါ် တကယ်ချစ်၍ မင်္ဂလာဆောင်ရန် သဘောတူခြင်းမဟုတ်ပါ။ ဟွာဟုချွန်က ထိစင့်လွှမ်ကို ချစ်လေလေ ထိစင့်လွှမ်က ဟွာဟုချွန်အပေါ် သက်ညှာစိတ်ထားလေလေသာဖြစ်သည်။ ထိစင့်လွှမ်သည် ရှောင်ယီအတွက် အနစ်နာခံနေခြင်းသာဖြစ်ကြောင်း သူ ကောင်းကောင်းသိသည်။



ထိစင့်လွှမ် မိမိကိုမနှစ်သက်ဘဲ ဟန်ဆောင်အနစ်နာခံပြီး ယူရသည့်အဖြစ်မျိုးကို သူ မလိုလားချေ။

"ဟင်…မိန်းကလေးက သဘောတူနေပြီ၊ မင်းက ဘာကြောင့် ငြင်းရတာလဲ"

ဆင်းရဲသားသိုင်းသမားကြီးက အံ့သြခြင်းကြီးစွာဖြစ်ဟန်ဖြင့် မေးလေတော့သည်။

ဟွာဟုချွန်သည် သူ့ရင်ထဲမှခံစားချက်ကို ဖွင့်မပြောပါ။ သူနှင့်မသိကျွမ်းသောထိုလူကြီးကို ပြောပြဖို့ သာ၍ပင်ခဲယဉ်းသည်။ ထို့ကြောင့် ဟွာဟုချွန်က အေးစက်စက်ဖြင့်ပြောလိုက်သည်။

"ကျွန်တော် သဘောမတူဘူးဆိုရင် ပြီးရောပေါ့ဗျာ၊ ခင်ဗျားဘာကြောင့် အတင်းအကြပ်တိုက်တွန်းနေရတာလဲ ခင်ဗျားကိစ္စမှ မဟုတ်တာပဲ"

ထိစင့်လွှမ်က ဟွာဟုချွန်ကိုလှမ်းကြည့်ပြီး အထိတ်တလန့်မေးလေသည်။

"ရှင်…ရှင် ကျွန်မကို မနှစ်သက်ဘူးလား"

သို့သော် ဟွာဟုချွန်သည် ထိစင့်လွှမ်ကို မကြည့်ဘဲ သိုင်းသမားကြီး၏မျက်နှာကိုသာ စူးစိုက်ကြည့်နေလေသည်။

သိုင်းသမားကြီးက ဟွာဟုချွန်ကို အေးစက်စက်အသံဖြင့်မေးလိုက်လေသည်။

"မင်း တစ်သက်လုံး သောကဝေဒနာခံစားသွားဖို့ ဆုံးဖြတ်ထားသလား"

ဟွာဟုချွန်က ပြန်မပြောဘဲ ငြိမ်နေလိုက်သည်။ အံကိုတော့ ကြိတ်ထားမိသည်။ သိုင်းသမားကြီးသည် မျက်နှာကြီးတင်းမာလာ၏။

"မင်းကို ငါက သောက မရောက်စေချင်လို့ စီစဉ်ပေးထား

တာ၊ မိန်းကလေးကလဲ သဘောတူနေပြီ၊ မင်းက ခေါင်းမာရသေးလား၊ မင်းကိုငါ ဆုံးမမှုဖြစ်တော့မယ်၊ ကဲ…မင်းခေါင်းမာဦး"

လက်ဝါးရိုက်တွေ ဖျတ်ခနဲဝဲပျံသွားသည်။ ပွာဟူချွန်ထံ ကျ ရောက်ရိုက်နှက်သည်။

ပွာဟူချွန်သည် ပြန်လည်ခုခံကာကွယ်လိုက်ရသည်။ သိုင်း သမားကြီး၏လက်ဝါးသိုင်းကွက်များမှာ လွန်စွာသွက်လက်လျှင်မြန် လွန်းလှသဖြင့် ပွာဟူချွန် မှုနည်းရှောင်တိမ်းပြီးနောက်ဆုတ်သွားရသည်။

ပွာဟူချွန်မှာ ဒေါသထွက်လာသော်လည်း ထိုသိုင်းသမားကြီး ကို ပြင်းပြင်းထန်ထန်ပြန်မတိုက်ပါ။

"ဟင်း…ဟင်း…ဟင်း ကျွန်းအမျိုးအနွယ်ဟာ ဒီလိုပဲ လေ ကပ်ကပ်စိတ်ဓာတ်မျိုးရှိပါလား၊ မင်းအဖေလဲ ဒီလိုစိတ်ဓာတ်မျိုးပဲ၊ ဒါပေမယ့် ငါကတော့ မင်းကိုဆုံးမရမယ်၊ ဒီမင်္ဂလာကိစ္စကို မဖြစ်ဖြစ်တဲ့ နည်းနဲ့ဆောင်ရွက်ပေးရမယ်၊ ငါ့မှာတာဝန်ရှိတယ်"

သိုင်းသမားကြီးက ထိုသို့ပြောပြီး ပွာဟူချွန်ကို ထပ်မံရိုက် နှက်ရန် ဟန်ပြင်သည်။

"ဘယ်သူဟာ ကျွန်းအမျိုးအနွယ်လို့ ခင်ဗျားပြောနေတာလဲ၊ ကျွန်တော့်အဖေဆိုတာ ဘယ်သူလဲ"

ပွာဟူချွန်မှာ ထိုလူကြီး၏စကားကြောင့် လွန်စွာအံ့သြသွား၏။ ကပျာကယာ လှမ်းမေးလိုက်ရသည်။

ထိုသိုင်းသမားကြီးက ပွာဟူချွန်ကို မျက်လုံးပြူးကြည့်ပြီး…

"ဟေ့…ကျွန်းအမျိုးအနွယ်ဟာမင်းပေါ့၊ မင်းဟာ ကျွန်းအမျိုး အနွယ်မဟုတ်ဘူးလား၊ မင်းအဖေ ဘယ်သူ ဘယ်ဝါဆိုတာ မင်းမသိဘူး လား"

ပွာဟူချွန်မှာ ထိုလူထူးလူဆန်းသိုင်းသမားကြီးကိုသာ ကြောင်



ကြည့်နေမိသည်။ ထိုအခါ ထိစင့်လွှမ်းက ဝင်ပြောတော့သည်။

"သူ ကျွန်းအမျိုးအနွယ်မဟုတ်ပါဘူးရှင်၊ သူ့နာမည်က ပွာ ဟူချွန်လို့ခေါ်ပါတယ်၊ ဒါကြောင့် သူဟာပွာအမျိုးအနွယ်ပဲပေါ့"

ထိုအခါ လူထူးလူဆန်း သိုင်းသမားကြီးမှာ ခေါင်းကို ကုတ် သွားတော့သည်။ မျက်နှာ၌လည်း အံ့သြမှုအရိပ်အယောင်များ အ ထင်းသား ပေါ်လွင်နေသည်။

"မင်းဟာ ကျွန်းအမျိုးအနွယ်မဟုတ်ဘဲကိုး၊ ငါလူမှားနေတာ ပဲ၊ မင်းဟာ ကျွန်းအမျိုးအနွယ်ဝင်လူတစ်ယောက်နဲ့ အကော့်ကို ရုပ်ချင်း ဆင်နေတော့ ငါလူမှားသွားတာပဲ၊ အင်း…ဟုတ်တာပဲ၊ မင်း မျက်နှာမှာ…"

ထိုလူကြီးသည် ဆက်မပြောတော့ဘဲ တဟားဟားအော်ရယ် လေသည်။ ပြီးမှ ဆက်ပြောသည်။

"မင်းဟာ ကျွန်းအမျိုးအနွယ်မဟုတ်ရင် မင်းကိစ္စ ငါနဲ့မဆိုင် တော့ပါဘူး၊ မင်းတို့ချင်း ယူဖြစ်ဖြစ် မယူဖြစ်ဖြစ် ငါနဲ့မဆိုင်ဘူး၊ ငါ့ အပူ တစ်ပြားသားမှမပါတော့ဘူး၊ ငါက သူများလားလို့"

ထိုလူကြီးသည် တကယ်ပင် ဘာမျှဝင်မပါလိုတော့ဟန်ဖြင့် ချာခနဲလှည့်ထွက်သွားတော့သည်။

"ထူးဆန်းလိုက်တာ၊ လောကမှာ လူတူမရှားဆိုတဲ့ စကား အတိုင်းပါပဲလား၊ ငါက သူ့ကို ကျွန်းရှောင်ယီဖြစ်လိမ့်မယ်လို့ မှတ် နေတာ"

လူထူးလူဆန်းကြီးက ရေရွတ်ပြောလိုက်သည့်စကားကို ထိ စင့်လွှမ်းကြားသွားလေသည်။ ထိစင့်လွှမ်းက အပြေးကလေးလိုက်ခေါ် သည်။

"ဘဘ…ဘဘ…ခဏနေပါဦး"

သိုင်းသမားကြီးက လှည့်ကြည့်သည်။ ထိစင့်လွှမ်က...

"ဘာဘာ သူ့ကို ကျန်းရှောင်ယီအောက်မေ့နေလို့လား"

သိုင်းသမားကြီး၏မျက်နှာသည် ရုတ်တရက်ဝင်းထိန်သွား၏။

"မိန်းကလေး မင်းက ကျန်းရှောင်ယီကို သိလို့လား၊ သူ့ကို ကျန်းရှောင်ယီအောက်မေ့ပြီး မင်းတို့ကိစ္စဝင်စွက်မိတာကွ"

"ကျွန်မလဲ ကျန်းရှောင်ယီကိုသံယောဇဉ်ဖြစ်နေခဲ့လို့ ဟွာဟူချွန်ကို မယူချင်တာပါ"

ထိစင့်လွှမ်က ထိုသိုင်းသမားကြီးကို ရှင်းပြလိုက်ချင်သည်။ ဤကား သူမစိတ်ရင်းသဘောထားရင်းပင် ဖြစ်ပါလေသည်။

သို့သော် အနီးတွင် ဟွာဟူချွန်ရှိနေသဖြင့် မပြောဖြစ်ပါချေ။

ဟွာဟူချွန်မှာ မတ်တတ်ရပ်လျက်သားဖြင့် လှမ်းကြည့်နေ၏။ နောက်မှ တစ်စုံတစ်ရာကိုစဉ်းစားမိလိုက်ပြီး ထိုသိုင်းသမားကြီးကိုလှမ်းအော်ပြောလိုက်သည်။

"ခင်ဗျား သွားတော့မလား၊ နေပါဦး"

ထိုသိုင်းသမားကြီးက ဟွာဟူချွန်ကိုလှည့်ကြည့်ကာ...

"မင်း ဘာပြောချင်လို့လဲ"

"ခင်ဗျားရဲ့သိုင်းပညာကို ကျုပ်စမ်းကြည့်ချင်တယ်"

သိုင်းသမားကြီးက ရယ်မောလိုက်လေသည်။

"မင်းက ငါ့ကို စိတ်ထဲမှာမကျေနပ်ဘူးနဲ့တူရဲ့၊ ကဲပါ မင်းမကျေနပ်ရင်လဲ ငါ့ကို လက်သီးနဲ့နှစ်ချက်လာပြန်ထိုးကွာ"

"ခင်ဗျားက ကျုပ်ရဲ့လက်သီးနှစ်ချက်ကို ခံနိုင်မယ်လို့များ ထင်နေသလား၊ ခင်ဗျား ပြန်မခုခံရင်တော့ တစ်ချက်တည်းနဲ့ သေရွာရောက်သွားလိမ့်မယ်"

"အင်း...မင်းကို ကျုပ်ကလဲ အထင်မသေးပါဘူးလေ၊ ကျုပ်နာပါ၊ ကဲ...မင်းရှေ့တိုးခဲ့"



ဟွာဟူချွန်သည် သိုင်းသမားကြီးရှေ့သို့ ခုန်လွှားဝင်ရောက်သွားသည်။

"ကဲ...ခံစမ်း လက်ဝါးရိုက်ချက်တစ်ချက်"

ဟွာဟူချွန်က လက်ဝါးဖြင့် သိုင်းသမားကြီးကို ရိုက်ချလိုက်၏။ ဟွာဟူချွန်ရိုက်ထည့်လိုက်သော လက်ဝါးအင်အားမှာ အလွန်ပြင်းထန်သည်။ မဟူရာနန်းဆောင်မှ သိုင်းကွက်တစ်ကွက်ဖြစ်သော လေဟုန်ပွဲသိုင်းကွက်ဖြစ်သည်။

သိုင်းသမားကြီးက သူ့ကိုယ်ကို အနည်းငယ် ရွှေလျားတိမ်းဆောင်လိုက်ပြီး ဘယ်လက်မောင်းဖြင့် ဆီးခံပေးလိုက်၏။ အင်အားအနည်းငယ်သာသုံးပြီးတွန်းလိုက်ရာ ဟွာဟူချွန်မှာ နောက်သို့ ခြေလှမ်းသုံးလေးလှမ်းမျှ ဆုတ်သွားရတော့သည်။

ဤတွင်မှ ဟွာဟူချွန်မှာ အကြီးအကျယ် မျက်နှာပျက်သွားရလေတော့သည်။ တိုက်သူနှင့် ခုခံသူနှစ်ဦးစလုံး တစ်ဦး၏စွမ်းရည်ကိုတစ်ဦးက အသိအမှတ်ပြုမိကြသည်။

သိုင်းသမားကြီးမှာလည်း ဟွာဟူချွန်ကိုလှမ်းကြည့်ပြီး အံ့အားတသင့်ဖြစ်သွားဟန်ရှိသည်။

"မင်း...မင်းဟာ မဟူရာနန်းတော်ကလား"

ဆင်းရဲသားသိုင်းသမားကြီးက သေချာအောင်မေးလိုက်လေသည်။

"ဟုတ်တယ်၊ ခင်ဗျားရော ဘယ်သူလဲ"

ဟွာဟူချွန်ကလည်း သိုင်းသမားကြီးကို ပြန်မေးလိုက်လေသည်။ သိုင်းသမားကြီးက ရယ်မောလိုက်ပြီး...

"ဟား...ဟား...ဟား ကျုပ်က မဟူရာနန်းတော်က လူတွေ

နဲ့တွေ့ချင်နေတာ၊ အခု တကယ့်ကိုအခန့်သင့်လာတွေ့နေတာကို၊ ဟားဟား…ဟား တိုင်းယက်သည့်ကမ္ဘာလာ မိုးရွာသည်နှင့်အဆင်သင့်ဆိုတာလိုပဲပေါ့၊ မင်းကိုသတ်ပြီး မဟူရာနန်းတော်ကို ပို့ပေးရမယ်၊ ဟန်ကျပြီ''

''ခင်ဗျားက မဟူရာနန်းတော်နဲ့ ရန်ငြိုးရန်စရှိလို့လား''

ယခုတစ်ကြိမ်အံ့သြရသူက ဟွာဟူချွန်ဖြစ်သည်။ သူက အံ့ဩစွာပြန်မေးမိသည်။ သိုင်းသမားကြီးက ရယ်မောခြင်း မပြုတော့ပါ၊ မျက်နှာကြီးသည် ရုတ်တရက်တည်ကြည်တင်းမာသွားသည်။

''ရှိတယ်၊ ကျုပ် မင်းတို့နန်းတော်က လူတွေအားလုံးကိုသတ်ပြီး မဟူရာနန်းတော်ကိုပါ မီးတိုက်ပစ်မယ်၊ သိုင်းလောကမှာ မဟူရာနန်းတော်ဆိုတာ မရှိစေရဘူး''

သိုင်းသမားကြီး၏စကားများမှာ လွန်စွာပြတ်သားလှပေ၏၊ သူ့အမုန်းတရားသည် အလျှံတပြောင်ပြောင်ထသော မီးသွားကဲ့သို့ဖြစ်နေဟန်ရှိသည်။

ထိစင့်လွမ်မှာ သိုင်းသမားကြီးကိုကြည့်ပြီး ကြက်သီးမွေးညင်းများထသွားလေတော့၏။ တကယ့် အဓိပတိမားသမားကြီးမှန်း ရိပ်မိလိုက်လေပြီ။ ဟွာဟူချွန်သည် သိုင်းသမားကြီးမျက်နှာကို သေချာစူးစိုက်ကြည့်ပြီး တစ်လုံးချင်းမေးမြန်းလိုက်သည်။

''ခင်…ခင်ဗျား ရဲ့နန်းထင်မဟုတ်လား''

''ဟား…ဟား…ဟား''

သိုင်းသမားကြီးက တဟားဟားရယ်မောလိုက်လေသည်၊

မဟူရာနန်းတော်ကြီး၏အဓိကရန်သူများမှာ ရဲ့နန်းထင်ဖြစ်ကြောင်း မဟူရာနန်းတော်မှလူတိုင်း သိထားကြသည်။

မဟူရာနန်းတော်ကို အံတုပြိုင်ဝံ့သော လူရှိခဲ့ပါလျှင်လည်း



အခြားသူမဖြစ်နိုင်၊ ရဲ့နန်းထင်သာလျှင် ဖြစ်နိုင်၏။ သိုင်းလောကၐ်မားပညာနှင့်ပတ်သက်လျှင် ရဲ့နန်းထင်တစ်ယောက်သာ ဇာကရာဇ်သရဖူကိုဆောင်းထားကြောင်း လူတိုင်းသိကြပေသည်။

သိုင်းသမားကြီး၏ မျက်လုံးများသည် ပို၍ပင် တောက်ပလာသည်ဟုထင်မှတ်ရ၏။ သိုင်းသမားကြီးက သူ့နာမည်ကို သည်လူငယ်များသိရှိနေခြင်းအတွက် ကျေနပ်သွားဟန်ရှိ၏။

''ဟုတ်တယ်၊ ငါဟာ ရဲ့နန်းထင်ပဲ''

ဟွာဟူချွန်သည် သူ့အပေါ်အင်္ကျီကိုချွတ်လိုက်လေသည်။ ထိုအပေါ်အင်္ကျီကိုချွတ်ပြီး အသေအချာခေါက်သည်။ ခေါက်ပြီးသောအင်္ကျီကို ထိစင့်လွမ်လက်သို့ သွားရောက်ပေးအပ်လိုက်လေသည်။

''ဟောဒီအင်္ကျီကို ညီမလေး သေသေချာချာ သိမ်းဆည်းထားပါ၊ ဖြစ်နိုင်မယ့်နေရာကျရင် မဟူရာနန်းတော်ကိုပို့ပေးပါ''

ဟွာဟူချွန်က ခေါင်းကိုအသာညိတ်ပြလိုက်သည်။

ထိစင့်လွမ်က အသံကိုနှိမ့်ပြီးလျှင်…

''အစ်ကိုရှောင်ထွက်လိုက်ပါ၊ ဘဘရဲ့နန်းထင်ဟာ တောင်းပန်ရင် ကျေနပ်မယ့်လူစားမျိုးပါ၊ ကျွန်မ တောင်းပန်ပေးပါ့မယ်''

ဟွာဟူချွန်က ခပ်ယဲ့ယဲ့ပြုံးလိုက်ပြီး…

''အစ်ကိုဟာ မဟူရာနန်းတော်ရဲ့အမိန့်တာဝန်နဲ့ သူ့ကိုတိုက်ခိုက်ရမှာပါ၊ ရှောင်ရှားလို့မဖြစ်ပါဘူး၊ နောက်ပြီး ညီမကို ကျုပ်ပြောပြချင်တယ်၊ ကျုပ် ကျန်းရှောင်ယီကို သတ်ရမှာကလဲ၊ မဟူရာနန်းတော်ရဲ့အမိန့်ညွှန်ကြားချက်ကြောင့်ပါ၊ အစ်ကိုနဲ့သူနဲ့ ဘာမှရန်ငြိုးရန်စ မရှိပါဘူး၊ နောက်သုံးလကြာလို့ ကျန်းရှောင်ယီနဲ့ တွေ့မယ်ဆိုရင် ဒီအကြောင်းကိုပြောပြလိုက်ပါ၊ ဘယ်လိုမှ သဘောမထားပါနဲ့လို့၊ အစ်ကိုဟာ သူ့ကိုမုန်းလို့ သတ်ဖို့ကြံစည်ခဲ့တာမဟုတ်ပါဘူး၊ ညီမလေး သဘော

ပေါက်ပါတယ်နော်''

ထိစင့်လွမ်မှာ မျက်ရည်ဖြိုင်ဖြိုင်ကျကာ ငိုရှိုက်နေတော့သည်။

''အစ်ကို…ဘာဖြစ်လို့ သူများအတွက် ကိုယ့်အသက်ကို စတေးခံပြီး ဆောင်ရွက်နေရတာလဲ၊ မလုပ်ပါနဲ့လား''

ပွာဟူချွန်က…

''အစ်ကိုဟာ မဟူရာနန်းတော်အတွက် အရာရာဆောင်ရွက်ပေးဖို့ မွေးဖွါးလာခဲ့ရတာနဲ့တူပါတယ်၊ အစ်ကို့မှာ မိဘဆွေမျိုးဆိုလို့ လုံးဝမရှိပါဘူး၊ မဟူရာနန်းတော်ဟာ ငယ်စဉ်ကတည်းက အစ်ကို့ရဲ့မှီခိုရာ အားထားရာ လဲလျောင်းရာဖြစ်ပါတယ်၊ ကျုပ်ဘယ်သူဆိုတာတောင် ကျုပ်မသိပါဘူး''

ဤကား ပွာဟူချွန်၏ ပထမဆုံးအကြိမ် သူ့ခံစားချက်နှင့် သူ့အဖြစ်ကို ဖွင့်ဟပြောဆိုလိုက်ခြင်းဖြစ်ပါတော့သည်။ ရဲနန်းထင်က ပွာဟူချွန်ကို အေးစက်စက်ကြည့်ရင်းပြောလိုက်သည်။

''လောကမှာ လူတွေ အတော်များများဟာ ကိုယ့်အတွက် ကိုယ့်ကိစ္စမဟုတ်ဘဲနဲ့ လှုပ်ရှားဆောင်ရွက်နေကြတယ်ဆိုတာ အသက်ကိုရင်းပြီး ဆင်းရဲပင်ပန်းခံနေကြရတယ်ဆိုတာ မင်းသိရဲ့လား၊ မင်းတစ်ယောက်ထဲတင် မဟုတ်ပါဘူးကွ၊ ငါလဲပဲမင်းလိုပဲ၊ အခု မင်းကို ငါသတ်ရမှာလဲ၊ ငါ့ကိစ္စ ငါ့ကိုယ်ရေးကိုယ်တာကြောင့် မဟုတ်ဘူး''

ပွာဟူချွန်က ရဲနန်းထင်ကို ငေးစိုက်ကြည့်နေမိသည်။ ဤကြံ့ခိုင်ကြီးမားလှသည့်ခန္ဓာကိုယ်ရှိသော သိုင်းသမားကြီးသည် သူ့ကဲ့သို့ပင် သူ့တစ်ပါး၏ရန်ငြိုးအတွက် မိမိနှင့်မဟူရာနန်းတော်ကို တိုက်ခိုက်နေခြင်း ဖြစ်နေပါကလား။

ပွာဟူချွန်က သူ့ကိုငေးကြည့်နေသောအခါ ရဲနန်းထင်လည်း ပွာဟူချွန်ကို ပြန်လည်ငေးကြည့်နေမိသည်။ သူ ယခုသတ်ရတော့မည့်



လူငယ်ကလေး၏မျက်နှာသည် သူ အလွန်ချစ်လှသော သူငယ်ချင်းဖြစ်သူ၏မျက်နှာနှင့် တူလှပေသည်ဟု တွေးလိုက်မိ၏။

သူ၏မှတ်ဉာဏ်ကို ပြန်လည်နှိုးဆွလိုက်သည့်အခါ သူချီပိုးထယ်တင်ခဲ့ရသည့်ကလေးငယ် လုံးဝမဟုတ်ကြောင်း သူ ကောင်းစွာ သိရှိလာ၏။

အမာရွတ်…

မျက်နှာအမာရွတ်…

ဓားဒဏ်ရာအမာရွတ်…

သူသည် သူငယ်ချင်းကျန်းဖုန်း၏ကလေးငယ်ကို ပွေ့ချီပြီး ထွက်ခွါလာခဲ့သည်။ သိုင်းလောက၌ စုံစမ်းခဲ့သည်။ ဆယ့်ရှစ်နှစ်ကျော် ကျော်မျှ သူအကြီးအကျယ် ဒုက္ခရောက်ခဲ့ရသည်။ ထိုဘဝမှ သူ လွတ်ကင်းခဲ့ရပြီ။ အတိတ်ကို သူပြန်လည်တူးပေါ်ခဲ့သည်။ ကျန်းဖုန်း ဖြစ်ပျက်ခဲ့သည့်အခြေအနေအရပ်ရပ်ကို သူ ဆက်စပ်စဉ်းစားနိုင်ခဲ့သည်။ ထိုအဖြစ်အပျက်အခြေအနေအရပ်ရပ်သည် သူ ဆက်စပ်စဉ်းစားခြင်းများနှင့် သိပ်ကွာလှမည်မဟုတ်ကြောင်း သူ ကောင်းစွာသိသည်။ အမှန်တကယ်လည်း သိပ်ကွာခြားခြင်းမရှိပါ။ မည်သို့ပင်ဖြစ်စေ သစ္စာဖောက် ကျန်းချင်းနှင့် မဟူရာနန်းတော်ကို ရှင်းလင်းသုတ်သင်ရမည်မှာ သူ့တာဝန်ပင် မဟုတ်ပါလား။

ပွာဟူချွန် သက်ပြင်းချလိုက်ပြီး သူ့ခါး၌ ချိတ်ဆွဲထားသော ငွေရောင်ဓားတစ်လက်ကို ဆွဲထုတ်လိုက်သည်။ ငွေရောင်ဓားမှာ ငါးပေခန့်ရှည်ပြီး လွန်စွာဝင်းလက်တောက်ပလှ၏။

ရဲနန်းထင်ကလည်း သူ့လက်ထဲမှ သံချေးတက်ဓားကြီးကို ကိုင်ကာ လေထဲ၌တရွမ်းရွမ်း ဝှေ့ယမ်းလိုက်သည်။

ပွှာဟူချုန်ကပင် စတင်တိုက်ခိုက်တော့သည်။ ပွှာဟူချုန် ခုန်လွှားပြေးတက်လာပြီး ရဲနန်းထင်ကို ဓားဖြင့်ထိုးလိုက်၏။ ထိုဓား ချက်မှာ တစ်ချက်တည်း ထင်ရသော်လည်း တစ်ချက်တည်းမဟုတ်ပါ၊ ဓားချက်ပေါင်းများစွာ ထိုးလိုက်ခြင်းဖြစ်ပါသည်။

ရဲနန်းထင်သည် ထိုဓားချက်ကို ကိုယ်ခန္ဓာအနည်းငယ်မျှသာ လှုပ်ရှားပြီး တိမ်းရှောင်လိုက်သည်။ ပွှာဟူချုန်က နောက်ထပ်ဓားချက် များစွာ ဆက်ကာ ဆက်ကာ ထိုးနှက်တိုက်ခိုက်တော့သည်။

ပွှာဟူချုန်အသုံးပြုသော ဓားချက်များမှာ မဟူရာနန်းတော်၏ အစွမ်းထက်သည့် ဓားသိုင်းကွက်များဖြစ်သည်။ တော်ရုံတန်ရုံထိပ်သီး သိုင်းသမားသည် ထိုဓားကွက်များကို မခံနိုင်ကြပေ။

ရဲနန်းထင်သည် ပွှာဟူချုန်၏ အစွမ်းထက်မြက်လှသည့် ဓား ချက်များကို လျင်မြန်ဖျတ်လတ်စွာ ရှောင်တိမ်းသွားနိုင်ခဲ့သည်။

ဤသိုင်းလောက၌ သူ့ဓားချက်ရှစ်ချက်ကို တစ်ချက်မျှမထိ အောင် အေးဆေးစွာရှောင်တိမ်းနိုင်စွမ်းရှိသူဟူ၍ ရဲနန်းထင်တစ်ယောက် သာ ရှိပေ၏။ သူ့အတွေ့အကြုံအရ သူနှင့်တွေ့ခဲ့ဖူးသူတိုင်း မဟူရာဓား သိုင်း၏ပထမတစ်ကွက်မှာပင် ဒဏ်ရာအနာတရဖြစ်ခဲ့ကြရပေသည်။

ပွှာဟူချုန်၏ စိတ်ကြိုက်တိုက်ခိုက်မှု ပြီးဆုံးသောအခါမှသာ ရဲနန်းထင်သည် သူ၏သံချေးတက်ဓားဖြင့် ပွှာဟူချုန်ကို တစ်ချက်ထိုး နှက်သည်။

သူ့ဓားချက်က ပွှာဟူချုန်၏ ခန္ဓာကိုယ်ဆီ တိုးဝင်လာသော် လည်း သူပစ်မှတ်သည် မည်သည့်နေရာမှန်း ပွှာဟူချုန်မသိနိုင်ပေ။ နှလုံးလော၊ အဆုပ်လော၊ ဝမ်းဗိုက်လော၊ သို့မဟုတ် ဦးခေါင်းတစ်နေ ရာရာလော။



ပွှာဟူချုန် သူ့ဓားဖြင့်ဆီးခံလိုက်ရာ ဓားချက်ထိခိုက်သံ ပြင်း ထန်ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ပွှာဟူချုန်တစ်ကိုယ်လုံး တုန်ခါသွားသည်။

ပွှာဟူချုန်က ဓားချက်ရှစ်ချက်ခန့် တိုက်ခိုက်သည်ကို ရဲနန်း ထင်က ဓားချက်တစ်ချက်ဖြင့်သာ ပြန်တိုက်ပြီး ရှေ့သို့ခြေတစ်လှမ်းတိုး လိုက်၏။ ရှေ့တစ်ကွက်တက်လိုက်ခြင်းဖြစ်လေသည်။

ပွှာဟူချုန်ကလည်း သိုင်းကွက်ပြောင်းလိုက်သည်။ သူ့၏ဓား သည် အဆက်မပြတ်ဝှေ့ဝိုက်လာသည်။ ငွေရောင်စက်ဝန်းများထွက်ပေါ် လာရာ ထိုစက်ဝန်းအတွင်းဝင်လျှင် ဓားသို့မဟုတ် လက်ပြတ်မည်ကဲ့သို့ ပင် ထင်မှန်ရတော့သည်။ သို့သော် ရဲနန်းထင်ဟူသည့်သိုင်းသမားကြီး ကား တစ်ချက်မျှနောက်မဆုတ်ပေ။

ပွှာဟူချုန်နှင့် ရဲနန်းထင်တို့တိုက်ပွဲသည် ယခုမှ အရှိန်အဟုန် မြင့်လာခြင်းဖြစ်သည်။ ပွှာဟူချုန်သာ တကယ်တမ်း တက်သစ်စ သူ့ရဲ ကောင်းဖြစ်လျှင် ဤပြိုင်ပွဲသည် သိုင်းလောက၌ မှတ်တိုင်တစ်တိုင် စိုက်သည့် တိုက်ပွဲဖြစ်ပေလိမ့်မည်။ အမှန်စင်စစ် ရဲနန်းထင်ကဲ့သို့သော သိုင်းလောက ပြိုင်ဘက်ကင်းဓားသမားတစ်ဦးကို အနိုင်ရနိုင်သည့် သိုင်းသမားဆိုသည်မှာ ဤတစ်ခေတ်၌ ပေါ်ပေါက်ကောင်းမှ ပေါ်ပေါက် ခဲ့မည်သာ။

များဟု ယူဆရန်ခက်လှသည်။ ယုတ်စွအဆုံး လျှို့ဝှက်ကြံစည်မှုတစ်ခုခုကိုပြုလုပ်ရန် တိုင်ပင်ပြောဆိုနေကြသူများဟု ယူဆနိုင်ပေသည်။

ရှောင်ယီသည် ထိုစကားတီးတိုးသံများကို ကြားနေရသဖြင့် ထိုအခန်းထဲမှလူများ မည်သူများဖြစ်သည်ကို သိလိုလာသည်။

ထိုစဉ် အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူကြီးတစ်ယောက်သည် တည်းခိုရိပ်သာဝင်းထဲသို့ ဝင်လာသည်။ လက်ထဲတွင် မြင်းရိုက်ကျာပွတ်တစ်ချောင်းကို ကိုင်ထား၏။ မြင်းလှည်းမောင်းသူတစ်ဦးဖြစ်ကြောင်း မြင်ရုံနှင့်သိနိုင်သည်။ ထိုလူကြီးသည် ဝင်းထဲသို့ ဝင်ရောက်လာသည်နှင့် အသံကျယ်ကျယ်ဖြင့် အော်မေးသည်။

“ဆရာကြီးကျန်းပျန့်ဟုန် ရှိပါသလားခင်ဗျာ”

ရှောင်ယီ ရင်ထိတ်သွားမိလေသည်။ ကျန်းပျန့်ဟုန် ဤတည်းခိုခန်းဂေဟာသို့ ရောက်နေသည်ဆိုပါကလား။ အဘယ့်ကြောင့် ဤနေရာသို့ ရောက်ရှိနေရသနည်း။

ရှောင်ယီ၏သိလိုစိတ်သည် ပို၍ပြင်းထန်လာသဖြင့် ထိုလူများကို ချောင်းကြည့်ရန်ဆုံးဖြတ်လိုက်လေသည်။ ထိုအခန်းမှ တံခါး အနည်းငယ်ပွင့်ဟလာပြီး လူတစ်ယောက်၏မေးသံ ထွက်ပေါ်လာသည်။

“ဘယ်သူလဲ”

မြင်းလှည်းမောင်းသမားဖြစ်ဟန်ရှိသူက ပြန်ပြောသည်။

“ကျွန်တော့်နာမည်တွမ်ကွေ့ပါ၊ စောစောက ဟွာဟူချုန်ကို မြင်းလှည်းနဲ့ မြို့ပြင်မောင်းပို့တဲ့လူပါခင်ဗျာ”

တံခါးပွင့်လာပြီး ကျန်းပျန့်ဟုန်ထွက်လာသည်။ အခန်းတံခါးချက်ချင်းလိုလိုပြန်ပိတ်သွားသည်။

“ဟွာဟူချုန် ပြန်လာပြီလား”

ကျန်းပျန့်ဟုန်ကမေးလိုက်သည်။ တွမ်ကွေ့ဆိုသူက…



အခန်း(၁၀၂)

## မကောင်းကြံစည်သူ

ရှောင်ယီသည် တည်းခိုဂေဟာတစ်ခုသို့ ဝင်ပြီး အခန်းတစ်ခန်းငှါးရမ်းသည်။ အိပ်ခန်းထဲသို့ သူဝင်ခဲ့သည်မှာမှန်သည်။ သို့သော် သူမအိပ်နိုင်ပါ။ အကြောင်းမှာ သူလွန်စွာ စိတ်ထိခိုက်နေသောကြောင့်ဖြစ်ပါသည်။

ရှောင်ယီသည် အိပ်ရာမှ ပြန်ထပြီး ထိုင်ပြန်သည်။ ရှောင်ယီတည်းခိုသော တည်းခိုဂေဟာမှာ ချင်ကျင်နှင့်နန်းကုံ့လျူတို့ တည်းခိုခဲ့သည့်ဂေဟာဖြစ်သည်။ ယခု နန်းကုံ့လျူ၊ ချင်ကျင်တို့ တည်းခိုခြင်းမရှိတော့ပေ။

သူတည်းခိုနေသောအခန်း၏ ဘေးဘက်ခန်းတွင် အခြားတည်းခိုသူများ ရှိနေသေး၏။

သူတို့၏အခန်းထဲမှ စကားပြောသံတွေ ထွက်ပေါ်လာသည်။ သူတို့သည် တံခါးကိုပိတ်ထားပြီး ပြတင်းပေါက်လည်း ပိတ်ထားသည်။

ဤမျှပူအိုက်သော အချိန်အခါမျိုး၌ အခန်းတံခါး၊ ပြတင်းပေါက်တံခါးများကို အလုံပိတ်ပြီး အခန်းထဲတွင် စကားပြောနေခြင်းမှာ အံ့ဩစရာကောင်းလှသည်။

အခန်းတံခါးပိတ်ပြီး စကားပြောဆိုနေကြသူများကို လူကောင်း

"မြန်မလာပါဘူး"

"သူ မြန်မလာဘဲနဲ့ မင်း ဘာဖြစ်လို့ပြန်လာရတာလဲ၊ မင်းက ဘယ်လိုလုပ် ဒီနေရာကိုသိပြီး လိုက်လာရတာလဲ"

ကျန်းပျန့်ဟုန်က မျက်မှောင်ကြုတ်နေသည်။ တွမ့်ကွေ့က...

"ဟွာဟူချုန် မြို့ပြင်မှာဒုက္ခရောက်နေပြီနဲ့တူပါတယ်ခင်ဗျာ၊ ဒါကြောင့် ကျွန်တော် အမြန်ဆုံး လာအကြောင်းကြားတာပါ၊ ကျွန်တော် လမ်းမှာ တွမ့်ဖူနဲ့တွေ့ခဲ့လို့ ဆရာကြီး ဒီမှာရှိတယ်ဆိုတာ သိရပါတယ်"

ကျန်းပျန့်ဟုန်က အတန်ငယ်ပြုံးလိုက်သည်။

"ဟွာဟူချုန် ဒုက္ခမရောက်နိုင်ပါဘူး၊ ဒုက္ခရောက်ရင်လဲ သူဟာသူ ဖြေရှင်းနိုင်စွမ်းရှိပါတယ်၊ မင်း ဘာစိုးရိမ်လို့သလဲကွယ်၊ တကယ်တော့ မင်းဟာ သက်သက်ဒုက္ခရှာတာ"

တွမ့်ကွေ့ဆိုသူက...

"ဟွာဟူချုန်နဲ့ပြဿနာဖြစ်တဲ့လူဟာ အဆင့်မြင့်သိုင်းသမားကြီးဖြစ်လိမ့်မယ်လို့ ကျွန်တော်အကဲခတ်မိပါတယ်၊ ဟွာဟူချုန်ကိုကြည့်ရတာ အတော်ကလေး စိုးရိမ်နေဟန်တွေ့ရပါတယ်ဆရာကြီးကျန်း"

ကျန်းပျန့်ဟုန် အတန်ငယ်စဉ်းစားလိုက်ပြီး...

"ကောင်းပြီလေ၊ ဒီလိုဆိုရင်လဲ ငါသွားကြည့်ပါဦးမယ်၊ တကယ်တော့ ဒါဟာအပိုအလုပ်ပါ၊ ဟွာဟူချုန်ဟာ ကလေးလေးမှ မဟုတ်တာပဲ"

ထိုစဉ် အခန်းထဲမှ လူတစ်ယောက်က ကျန်းပျန့်ဟုန်ကို လှမ်းပြောလိုက်သည်။

"ကျွန်တော် ဒီကပဲ စောင့်နေပါ့မယ်၊ အစ်ကိုကြီးသွားကြည့်မယ်ဆို ကြည့်လို့ဖြစ်ပါတယ်"

ကျန်းပျန့်ဟုန်က အခန်းထဲမှလူကို ဘာမျှပြန်မပြောတော့ဘဲ



တွမ့်ကွေ့ဆိုသူနှင့်အတူ ထွက်သွား၏။

ထိုအိမ်ထဲတွင် ကျန်ရစ်သောလူ မည်သူမည်ဝါဖြစ်သည်ကို ရှောင်ယီသိလိုသော်လည်း ထိုလူမှာ အိမ်ထဲတွင် ကျန်းပျန့်ဟုန်အားစောင့်နေဦးမည်ဖြစ်သဖြင့် ထိုလူကို မလွဲမသွေတွေ့နိုင်ပေသေးသည်။

အပြင်၌ပြဿနာဖြစ်နေသော ဟွာဟူချုန်၏ကိစ္စမှာ ပို၍အလေးထားရန် လိုအပ်သဖြင့် အပြင်သို့ထွက်ရန်ကိစ္စကို ရှောင်ယီဦးစားပေးလိုက်၏၊ ရှောင်ယီက ဟွာဟူချုန် မည်သူနှင့်ပြဿနာဖြစ်သည်ကို လိုက်ကြည့်လိုလှသည်။

ဝင်းအပြင်မှ မြင်းလှည်းမောင်းထွက်သံကို ကြားလိုက်ရသည်။ ရှောင်ယီလည်း ဝင်းအပြင်သို့ ခပ်သွက်သွက်ထွက်လိုက်သည်။

ရှောင်ယီအပြင်သို့ရောက်သောအခါ မြင်းလှည်းမှာ အတော်ဝေးဝေးသို့ ရောက်နေလေပြီ။ မြင်းလှည်းနောက်သို့ ရှောင်ယီနောက်ယောင်ခံလိုက်ရမည်သာဖြစ်သည်။

သို့သော် လမ်းမပေါ်တွင် ရှောင်ယီ ကိုယ်ဖော့ပညာသုံးပြီးပြေးလိုက်၍မဖြစ်ပါ။ ထို့ကြောင့် ခြေနှစ်ချောင်းကိုသာ အသွက်လက်နိုင်ဆုံး လှမ်းလျှောက်ပြီး လိုက်သွားရသည်။ ကျန်းပျန့်ဟုန်ကဲ့သို့ လှစ်နေအောင်ပါးသူသည် သူ နောက်ယောင်ခံလိုက်နေသည်ကို မသိဘဲနေမည် မဟုတ်ပါ။

ရှောင်ယီသည် သိုင်းလောကအတွေ့အကြုံနည်းနေ၍သာ ကျန်းပျန့်ဟုန်ကို မယှဉ်နိုင်ခဲ့ခြင်းဖြစ်သည်။ ကျန်းပျန့်ဟုန်လောက် အတွေ့အကြုံရရှိလျှင် ကျန်းပျန့်ဟုန်ထက်သာမည်မှာ သေချာလှ၏။

မြင်းလှည်းသည် အတော်ကြီး မြန်မြန်ဆန်ဆန်မောင်းသွား၏။ ရှောင်ယီ လိုက်လို့မမီပါ။ မကြာမီ မြင်းလှည်းသည် ရှောင်ယီ၏ မြင်ကွင်းမှ ပျောက်သွားတော့သည်။

မြင်းလှည်းသည် မြို့ပြင်သို့ရောက်လာသည်။ ကျန်းပျှံ့ဟုန်က မြင်းလှည်းထဲမှ အသံကျယ်ကျယ်ဖြင့် လှမ်းမေးသည်။

"ဟွာဟူချန်နဲ့ အဲဒီလူနဲ့ တိုက်ခိုက်ကြသလား"

တွမ့်ကွေ့က ပြန်ဖြေသည်။

"ဟုတ်ကဲ့…တိုက်ခိုက်ဖြစ်ဖို့များပါတယ်၊ ကျွန်တော်ထွက်လာတော့ သူတို့တိုက်ခိုက်ကြမယ့်ဆဲဆဲပါ"

"အဲဒီလူရဲ့ပုံပန်းသဏ္ဌာန်က ဘယ်လိုရှိသလဲ"

"အဲဒီလူဟာ အရပ်မြင့်ပါတယ်၊ လက်ပြင်ကုန်းကုန်းနဲ့ ပိန်ပိန် ပါးပါးပဲ၊ ဝတ်ထားတာက ခပ်မွဲမွဲရယ်ပါ၊ ငါးဆယ်လောက် ရှိမယ်ထင်ပါတယ်၊ ဘယ်သူပဲဖြစ်ဖြစ် သူနဲ့ယှဉ်မိရင် ယှဉ်မိသူဟာအလိုလိုသိမ်ငယ် သလိုဖြစ်သွားမှာ သေချာပါတယ်"

ကျန်းပျှံ့ဟုန်သည် စဉ်းစားရင်းမှ မျက်မှောင်ကြုတ်သွား၏။

တွမ့်ကွေ့က ဆက်ပြောသည်။

"အဲဒီလူရဲ့ထူးခြားချက်ကတော့ သံချေးတက်နေတဲ့ဓားတစ်လက်ကို ဆောင်ထားတာပဲ၊ သူ့ဓားက သံချေးတက်နေပေမယ့် သိပ်ထက်ပါတယ်၊ သစ်ရွက်တစ်ရွက်ကို လေထဲမှာ ခုတ်ဖြတ်ပြတာများ အင်မတန်အံ့သြစရာပါ၊ ဒီလောက် ပေါ့ပါးတဲ့သစ်ရွက်ကို လေထဲမှာ အပိုင်းအစလေးတွေဖြစ်သွားအောင် ခုတ်ဖြတ်ပြဖို့ဆိုတာ မလွယ်ပါဘူး"

ကျန်းပျှံ့ဟုန်က တွမ့်ကွေ့ပြောသည်ကို နားထောင်ပြီး ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

"အဲဒီနေရာကိုရောက်ရင် မြင်းလှည်းကို ခပ်လှမ်းလှမ်းမှာပဲ ရပ်ထား ကြားလား၊ မြင်းလှည်းကို သူတို့မမြင်စေနဲ့"

ကျန်းပျှံ့ဟုန်မျက်နှာမှာ စိုးရိမ်သောအရိပ်အယောင်များဖြစ်ပေါ်နေသည်။ တွမ့်ကွေ့မှာ လွန်စွာ အံ့သြသွားသည်။ ကျန်းပျှံ့ဟုန် အဘယ့်ကြောင့် မြင်းလှည်းအား ခပ်လှမ်းလှမ်းမှာ ရပ်တန့်ခိုင်းရသနည်း။ သို့သော် တွမ့်ကွေ့က မေးခွန်းမထုတ်ဝံ့ပါ။

"ဟုတ်ကဲ့ခင်ဗျာ၊ ဆရာကြီးအမိန့်အတိုင်းပါပဲ"

တွမ့်ကွေ့ ဒါပဲပြောနိုင်သည်။

ဟွာဟူချန်နှင့်ရဲ့နန်းထင်တို့ တိုက်ခိုက်နေကြသောနေရာနှင့် ခပ်လှမ်းလှမ်းနေရာတွင် မြင်းလှည်းကိုရပ်တန့်လိုက်ရပါသည်။

"ဟာ…ဟိုလူနဲ့ဟွာဟူချန်တို့ တိုက်ခိုက်နေကြပြီဆရာကြီး ကျန်း"

လှည်းသမားတွမ့်ကွေ့၏ အော်သံထွက်ပေါ်လာသည်။

"ဟော့ကောင် သိပ်မအော်နဲ့"

တွမ့်ကွေ့ပြောဖို့မလိုပါ။ ကျန်းပျှံ့ဟုန်သည်လည်း လှမ်းမြင်နေရသည်သာဖြစ်ပါသည်။ ကျန်းပျှံ့ဟုန်ကပင် တွမ့်ကွေ့ကို သတိပေးနေရသေးသည်။ ဓားရိပ်များက အထပ်ထပ်ဖြစ်နေသည်။

ကျန်းပျှံ့ဟုန်သည် ဟွာဟူချန်တိုက်ခိုက်နေသည့်လူကို သေချာစွာလှမ်းကြည့်သည်။

ထိုလူကိုမြင်သည်နှင့် သူ့မျက်နှာပေါ်၌ ကြီးစွာသော စိုးရိမ်ထိတ်လန့်မှု ဖြစ်ပေါ်လာလေတော့သည်။

"ရဲ့နန်းထင်- ဒီလူဟာ ရဲ့နန်းထင်ဖြစ်ရမယ်"

ကျန်းပျှံ့ဟုန်စိတ်တွင်းမှ ရေရွတ် ပြောဆိုလိုက်ခြင်းဖြစ်၏။ ရဲ့နန်းထင်ပျောက်ကွယ်တိမ်မြုပ်နေသည်မှာကြာပြီ။ အဘယ့်ကြောင့် ယခု ပေါ်ပင်းလာတွေ့နေသည်ကို သူ မစဉ်းစားတတ်အောင်ဖြစ်နေသည်။

"ဆရာကြီးကျန်း…ဟိုမှာ ဟွာဟူချန် နောက်ကိုဆုတ်နေရပြီ၊ ဆရာကြီး သွားမကူဘူးလား"

တိုက်ခိုက်ပွဲကို လှမ်းကြည့်နေသူ တွမ့်ကွေ့သည် ဟွာဟူချန်

အတွက် စိုးရိမ်ပြီး ကျန်းပျန့်ဟုန်ကို အရေးတကြီးသတိပေးလေသည်။

ကျန်းပျန့်ဟုန်က လှမ်းကြည့်လိုက်လေသည်။

"အေး…ငါသွားကူမှဖြစ်မှာပေါ့၊ မကူလို့ ဘယ်ကောင်းပါ့မလဲ"

"ဟုတ်ကဲ့သွားကူလိုက်ပါဆရာကြီးရယ်၊ ဆရာကြီးနဲ့ ဟွာဟူချွန်ဟာ မိတ်ဆွေတွေပဲမဟုတ်လား၊ ကျွန်တော်လဲ ဟွာဟူချွန်အတွက် စိုးရိမ်ပြီး ခုလို ဆရာကြီးကိုလာခေါ်ရတာပါ၊ ဟွာဟူချွန်ဟာ အင်မတန် စိတ်ကောင်းရှိတဲ့သူငယ်ပါ"

"ဟ…လာလုပ်စမ်းပါဦး၊ ငါအပြင်ထွက်မလို့ တံခါးကဖွင့်လို့မရပါလား"

ကျန်းပျန့်ဟုန်က မြင်းလှည်းတံခါးကို လှုပ်ဖွင့်နေလေသည်၊ တံခါးက ပွင့်မလာပါ။

တွမ့်ကွေ့လည်း မြင်းလှည်းပေါ်မှခုန်ဆင်းလိုက်ပြီး တံခါးကို သွားဖွင့်ပေးသည်။ အလွယ်တကူဖွင့်၍ရသွားသည်။

"ဆရာကြီးက စိတ်လောကြီးပြီး အတင်းဖွင့်နေတာကိုး၊ တံခါးမင်းတုတ်ကိုမဖြုတ်ဘဲ ဖွင့်နေတော့ တံခါးကဘယ်ပွင့်ပါ့မလဲ"

ကျန်းပျန့်ဟုန် အောက်သို့ ဆင်းလာသည်။ ကျန်းပျန့်ဟုန်၏ မျက်နှာမှာ သုန်မှုန်နေသည်။

တွမ့်ကွေ့က အဝေးမှမြင်နေရသောတိုက်ပွဲကို စိုးရိမ်ကြီးစွာ လှမ်းကြည့်နေသဖြင့် ကျန်းပျန့်ဟုန်၏အမူအရာကို မတွေ့ပေ။ ကျန်းပျန့်ဟုန်ကမူ တွမ့်ကွေ့ကို စူးစူးစိုက်စိုက်ကြည့်နေသည်။ သူ့မျက်လုံးထဲ၌ ကောက်ကျစ်သောအရိပ်အယောင်များ ယှက်သန်းနေသည်။

"မင်းဟာ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတစ်ခုကို အပင်ပန်းခံပြီး ငါ့ကိုလာပြောတယ်၊ ကိုယ်နဲ့မဆိုင်တဲ့အလုပ်ကို ဝင်ရှုပ်တဲ့လူဟာ အသက်မ



ရှည်တတ်ဘူးကွ"

ကျန်းပျန့်ဟုန်၏ အေးစက်စက်စကားသံကိုကြားလိုက်ရသည့်အခါ တွမ့်ကွေ့အကြီးအကျယ်ထိတ်လန့်သွားလေသည်။

တွမ့်ကွေ့မှာ မျက်လုံးကြီးများ ပြူးထွက်မတတ်ဖြစ်လာသည်။ ကျန်းပျန့်ဟုန်၏မျက်နှာကိုကြည့်ပြီး ထွက်ပြေးချင်စိတ်ပေါက်သွား၏။ ကျန်းပျန့်ဟုန်သည် သူ့ကို အပြစ်ပေးပြောနေခြင်းသာဖြစ်ကြောင်း နားလည်လိုက်သည်။

ထိုစဉ် ကျန်းပျန့်ဟုန်သည် တွမ့်ကွေ့အင်္ကျီရင်ဖုံးကို ညာလက်ဖြင့် ဆတ်ခနဲဆောင့်ဆွဲကာ အံကြိတ်သံနှင့်ပြောလိုက်သည်။

"မင်းကိုငါ ဆုံးမစကားပြောလိုက်မယ်၊ မင်းသေပြီးလို့နောက်ဘဝမှာ လူဝင်စားပြန်ဖြစ်ခဲ့ရင် ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို ဘယ်တော့မှ ဝင်မပါနဲ့၊ မစပ်စုနဲ့ကြားလား"

တွမ့်ကွေ့ ကြောက်ဒူးများတုန်နေသည်။

"ကျွန်…ကျွန်တော်…ဆရာကြီးကို အ…အ…အီး"

ကျန်းပျန့်ဟုန်၏ လက်တစ်ဖက်တွင် ဓားမြှောင်တစ်ချောင်းက ဓားရိုးထိအောင် နစ်ဝင်သွားလေသည်။

ကျန်းပျန့်ဟုန်သည် တွမ့်ကွေ့ကို ဓားဖြင့်ထိုးပြီးသည်နှင့် မြင်းလှည်းထဲသို့ တွန်းလှဲချလိုက်သည်။ ရက်စက်လွန်းလှသည့် ကျန်းပျန့်ဟုန်ပါပေ။

တွမ့်ကွေ့မှာ မြင်းလှည်းအတွင်းသို့ လဲကျသွားပြီး အသက်ငင်နေသည်။ သူ့မျက်လုံးအစုံက ပြူးထွက်နေသည်။ ပါးစပ်မှ အသံမထွက်နိုင်တော့ပေ။ သူ နားမလည်အောင် ဖြစ်နေသည်မှာ ကျန်းပျန့်ဟုန်က သူ့ကိုသတ်လိုက်ခြင်းဖြစ်သည်။ တွမ့်ကွေ့သည် ဘာမျှသိခွင့်မရဘဲ အသက် ထွက်သွားတော့သည်။

ကျန်းပျန့်ဟုန် အဘယ့်ကြောင့် တွမ့်ကွေ့ကိုသတ်လိုက်ရပါသနည်း။

ကျန်းပျန့်ဟုန်က တွမ့်ကွေ့အား ထိုးသတ်လိုက်သည့်ဓားမြှောင်မှာ ဓားရတနာတစ်လက်ဖြစ်သည်။ လူတစ်ယောက်ကို လွယ်လွယ်ကူကူသတ်နိုင်စွမ်းရှိသည့် ဓားတစ်လက်ဖြစ်သည်။

မြင်းလှည်းတံခါးကို ပြန်ပိတ်ပြီးသောအခါမှ ကျန်းပျန့်ဟုန် သက်ပြင်းရှည်ကြီးချသည်။

"အခု ငါဒီနေရာကိုရောက်တာ ဘယ်သူမှ မသိနိုင်တော့ဘူး၊ ဟွာဟူချွန်ကို ငါသွားမကူတာကိုလဲ ဘယ်သူမှ မသိနိုင်တော့ဘူး၊ ငါဟာ ဟွာဟူချွန်အတွက်နဲ့ ငါ့ကိုယ်ငါ ထိခိုက်ဒဏ်ရာရအောင် မလုပ်နိုင်ဘူး၊ ဒီကောင် စောစောဓာတ်သိမ်းသွားတာ ငါ့အတွက် တစ်မျိုးတော့ ကောင်းတယ်"

စင်စစ် ကျန်းပျန့်ဟုန်သည် ဟွာဟူချွန်ကို ဝင်မကူလိုခြင်းသာ တွမ့်ကွေ့ကို နှုတ်ပိတ်သတ်ဖြတ်လိုက်သည့်အတွက် သူ မကူခြင်းကို မည်သည့်သိုင်းလောကသားကမျှ သိခွင့်မရတော့ပေ။

ကျန်းပျန့်ဟုန် မြင်းလှည်းဘေးမှထွက်ခွါရန် ဟန်ပြင်လိုက်၏။

ဟွာဟူချွန်နှင့်ရဲ့နန်းထင်တို့သည် သူသေကိုယ်သေ တိုက်ခိုက်နေကြခြင်း၊ သူနှင့်အလှမ်းကွာလှခြင်းတို့ကြောင့် သူတို့အနီးသို့ ကျန်းပျန့်ဟုန်ရောက်နေခြင်းကို မသိရှိနိုင်ပေ။

ကျန်းပျန့်ဟုန်သည် ဟွာဟူချွန်ကိုလှမ်းကြည့်မိသည်။ ဟွာဟူချွန်မှာ ဟိုက်ခိုက်စွမ်းရည်များကျဆင်းနေပြီကို တွေ့ရသည်။ သူ မချွဲပါ။

သိုင်းလောကပြိုင်ဘက်ကင်း ရဲ့နန်းထင်ကို ဟွာဟူချွန်ကဲ့သို့သော အမိန့်ရည်မစင်သေးသည့် သိုင်းသမားလေးက အနိုင်ယူနိုင်မည်



မဟုတ်ပါ။

ကျန်းပျန့်ဟုန်က ခေါင်းကိုခါယမ်းပြီး ရေရွတ်လိုက်သည်။

"ဟွာဟူချွန် မင်းကို ငါ မကူညီချင်လို့တော့ မဟုတ်ပါဘူး၊ ရဲ့နန်းထင်ကိုမှ မင်းက သွားယှဉ်ပြီးတိုက်တာကိုး၊ ရဲ့နန်းထင်ကို ငါတောင် မယှဉ်ဝံ့ဘူးကွ၊ ကိုယ့်သေတွင်းကိုယ်တူးတယ်ဆိုတာ မင်းလိုလူမျိုးပေါ့"

ဩော်...ကျန်းပျန့်ဟုန်၊ ကျန်းပျန့်ဟုန်၊ အလွန် ပေါင်းထိုက်သင်းထိုက်သော မိတ်ဆွေဟောင်းကြီးပါတကား။

ရှောင်ယီသည် အမောတကောပြေးလာရသည်။ သူ့ခမျာ လှည်းလမ်းကြောင်းကို ရှာနေသေးသည်။ ထို့ကြောင့် ဤမျှ ကြံ့ကြာနေရခြင်းဖြစ်သည်။

ရှောင်ယီသည် ဓားခုတ်သံများကြားရသည်။ မြင်းလှည်းရပ်ထားသည်ကိုလည်း တွေ့မြင်ရလေပြီ။

သို့သော် ကျန်းပျန့်ဟုန်ကိုတော့ မတွေ့ရပါ။ မြင်းလှည်းမောင်းသမားငွမ့်ကွေ့ဆိုသူကိုလည်း မတွေ့ရပါ။

မြင်းလှည်းကို အဘယ့်ကြောင့် ဤမျှဝေးဝေးတွင် ရပ်တန့်ထားရပါသနည်း။ ကူညီမည်ဆိုလျှင် မြင်းလှည်းသည် တိုက်ပွဲစည်းအနီးသို့ တစ်ဟုန်ထိုး ကပ်သွားရမည်သာဖြစ်သည်။

ကျန်းပျန့်ဟုန်သည် ဓားသံများကြားရသည့်နေရာသို့ သွားလေပြီလား။ မြင်းလှည်းမောင်းသမား တွမ့်ကွေ့ကော ဘယ်နေရာရောက်နေပါသလဲ

ရှောင်ယီသည် ဟွာဟူချွန်နှင့်လူတစ်ယောက် တိုက်ခိုက်နေသည်ကို လှမ်းကြည့်နေသည်။ ဟွာဟူချွန်လိုလူမျိုးကို ယှဉ်တိုက်ဝံ့သော

လူသည် နယ်နယ်ရရလူ မဖြစ်နိုင်ပေ။ သူသည် ထိုလူကို အသေအချာ ကြည့်လိုစိတ်ပေါက်လာသည်။ ပထမသူသည် မြင်းလှည်းအနီးသို့ ချဉ်းကပ်သွားသည်။ မြင်းလှည်းတံခါးကြားမှ အပြင်သို့ စိမ့်ထွက်စီးကျနေသော နီမြန်းသည့်သွေးကိုတွေ့မြင်လိုက်ရသောအခါ ရှောင်ယီ အံ့အားသင့်သွားသည်။ ကျန်းပျန့်ဟုန်တစ်ယောက် မြင်းလှည်းထဲတွင် သေနေပြီလော။

ရှောင်ယီသည် ထိုသို့တွေးမိသည်နှင့် မြင်းလှည်းတံခါးကို အရေးတကြီး ဆွဲဖွင့်လိုက်သည်။

"ကျွီ…"

မြင်းလှည်းတံခါးပွင့်သွားသည်။

အလောင်း…

တွမ့်ကွေ့၏အလောင်းကို တွေ့မြင်လိုက်ရပါသည်။ တွမ့်ကွေ့၏မျက်လုံးအစုံမှာ မမှိတ်ဘဲပြူးနေသည်။ ပါးစပ်မှာ ဟလျက်ရှိနေသည်။ ကျန်းပျန့်ဟုန်ကိုမူ မတွေ့မြင်ရချေ။ ရှောင်ယီမှာ ထိတ်လန့်သွားသည်။ မျက်လုံးပြူးသွားသည်။ သို့သော် မကြာမီပင် သူသဘောပေါက်လာ၏။

ကျန်းပျန့်ဟုန်သည် တွမ့်ကွေ့ကို ရက်စက်စွာသတ်ပစ်လိုက်ခြင်းဖြစ်ရမည်။ ကျန်းပျန့်ဟုန်၏စရိုက်ကို ရှောင်ယီသာလျှင် အသိဆုံးနားအလည်ဆုံးဖြစ်သည်။ မည်သူမျှ ရှောင်ယီထက်ပို၍ မသိနိုင်ပါချေ။

ဓ ဓ ဓ



ရန်မျိုးအောင်
VCD,DVD,စာပေငှား

အခန်း(၁၀၃)

## ယာယီမိတ်ဆွေဖြစ်ကြခြင်း

ရှောင်ယီသည် ဟွာဟူချွန်တစ်ယောက် သူ့ဘဝတွင် ပထမဦးဆုံးသောသေဘေးကို ရင်ဆိုင်နေရပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။

ထိစင့်လွမ်မှာ ရပ်ကြည့်နေရင်း ငိုရှိုက်နေသည်။

ရှောင်ယီမှာ ထိစင့်လွမ်ကိုမြင်သည့်အခါ ရင်ထဲနင့်သွားတော့သည်။ သူ့ကိုယ်သူ လူကြမ်းကလေး လူဆိုးကလေးဟု ထင်ထားရာ ထိစင့်လွမ်ကိုမြင်တိုင်း သူ ရင်နာရသည်ကို သူ မစဉ်းစားတတ်ပါပေ။

ထိုစဉ် မာန်သွင်းသံထွက်ပေါ်လာသည်ကို ရှောင်ယီကြားလိုက်ရသည်။ ထိုအသံသည် ငလျှင်တော်လဲသံကဲ့သို့ ကြောက်မက်ဖွယ်၊ ရင်တုန်ဖွယ်ကောင်းလှကြောင်း ရှောင်ယီခံစားသိရှိလိုက်ရ၏။

ဓားရိပ်တစ်ရိပ် အမြင့်သို့ ထိုးတက်၍သွားသည်။

ဟွာဟူချွန် နောက်သို့ ဒယီးဒယိုင်ဆုတ်သွားသည်ကိုလည်း တွေ့မြင်လိုက်ရသည်။ ဟွာဟူချွန်မှာ သူ့ကိုယ်ကို မထိန်းနိုင်တော့ဘဲ နောက်ဆုံးလဲကျ သွားလေတော့၏။

ရဲ့နန်းထင်၏ဓားသည် လွန်စွာမာကျောသည်။ ဟွာဟူချွန်၏

ဓားကတော့ ပျော့ပျောင်းသည်။ ရဲနန်းထင်ကို ဟွာဟူချန် မယှဉ်နိုင်ပါ။

ဟွာဟူချန် ရှုံးခဲ့ပါပြီ။

ဟွာဟူချန်သည် ရှောင်ယီကိုသတ်ဖြတ်ရန်နှင့် ရဲနန်းထင်ကို သတ်ဖြတ်ရန် မဟူရာနန်းတော်၏အမိန့်ကိုခံယူထားသူဖြစ်သည်။ သူသည် ရှောင်ယီ၏ရန်သူဖြစ်သည်။

ဟွာဟူချန်သေခဲ့လျှင် ရှောင်ယီအနေဖြင့် ဝမ်းမြောက်ရမည်သာ။ သို့သော် ရှောင်ယီသည် ထိုတဒင်္ဂအတွင်း၌ ဟွာဟူချန်သေမည်ကို လွန်စွာစိုးရိမ်သွား၏။ အကြင်နာတရား၊ ကရုဏာတရားသည် သူ့နလုံးသားကို ရုတ်တရက်လာရောက်လွှမ်းခြုံသွား၏။

ဟွာဟူချန်အပေါ်ထားသည့် သူ့မုန်းတီးမှုသည် ထိုတဒင်္ဂ၌ အံ့သြဖွယ်ရာ ပျောက်ကွယ်သွားသည်။ သူသည် တိုက်ပွဲဖြစ်ပွါးသည့် နေရာသို့ တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့၏။

"မလုပ်နဲ့၊ မလုပ်ပါနဲ့"

ရဲနန်းထင်သည် ဓားကိုဝှေ့ယမ်းကာ ဟွာဟူချန်ထံ ခုန်လွှားထိုးခုတ်ရန်အရှိန်ယူနေသည်။ ထိစင့်လွှမ်မှာလည်း ငယ်သံပါအောင်အော်ဟစ်နေသည်။ ထိုအချိန်မှာပင် ရှောင်ယီသည် ဟွာဟူချန်နှင့်ရဲနန်းထင်တို့ နှစ်ယောက်အကြားသို့ ခုန်ပျံရောက်ရှိလာလေသည်။

"သူ့ကို မသတ်ပါနဲ့"

ရှောင်ယီ အော်ပြောလိုက်သည်။ ရှောင်ယီဖြစ်နေကြောင်း တွေ့ရသောအခါ ထိစင့်လွှမ်သည် ပါးစပ်ကလေးအဟောင်းသား ဖြစ်သွားလေတော့သည်။ ရဲနန်းထင် မျက်မှောင်ကြုတ်သွားသည်။

သူက ရှောင်ယီကို တစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံးကြည့်လေ၏။ ထို့နောက် ခက်ထန်မာကျောသည့်အသံဖြင့် ဟိန်းဟောက်မေးမြန်း



လိုက်လေသည်။

"မင်း...ဘယ်သူလဲ၊ ငါ့ရှေ့မှာလာရပ်ပြီး တားမြစ်ရအောင် မင်းက ဘာကောင်မို့လို့လဲ"

ထိစင့်လွှမ်က ဝင်ပြောသည်။

"ဘာဘရဲနန်းထင် သူ...သူဟာ ကျန်းရှောင်ယီပဲ၊ ဘာဘတွေ့ချင်နေတယ်ဆို၊ သူ...သူ ကျန်းရှောင်ယီပဲ"

ရဲနန်းထင်မှာ အကြီးအကျယ် အံ့အားသင့်သွားတော့သည်။

"ကျန်းရှောင်ယီ ဟုတ်လား၊ သူဟာ ကျန်းရှောင်ယီလား"

သူ့မျက်လုံးအစုံမှာ ရှောင်ယီ့မျက်နှာပေါ်သို့ စူးစိုက်၍ကြည့်နေလေသည်။ မျက်လုံးခွါမသွားပေ။ ရှောင်ယီ၏မျက်နှာပေါ်မှ ဓားဒဏ်ရာက ရဲနန်းထင်၏အသည်းနှလုံးကို တလှိုက်လှိုက်ဖြစ်လာစေသည်။

ရှောင်ယီကလည်း ရဲနန်းထင်မျက်နှာကို စူးစိုက်ပြီးကြည့်နေသည်။ သူ မမှတ်မိတော့ပါ။ ရဲနန်းထင်မှာ လူကောင်းပကတိဖြစ်နေပြီဖြစ်၍ ဆေးပုလင်းကြီးဘဝနှင့် လုံးဝမတူတော့ပါ။

"ခင်...ခင်ဗျား ရဲနန်းထင်လား၊ မြင်းဘက်ကင်း ဓားသမားရဲနန်းထင်လား"

ထိစင့်လွှမ်က..

"ဟုတ်ပါတယ်ကျန်းရှောင်ယီ၊ သူဟာ ရဲနန်းထင်အစစ်ပါပဲ၊ သူဟာ ရှင့်ကိုလိုက်ရှာနေတယ်လို့ စောစောက လွှတ်ခနဲပြောတယ်"

ရှောင်ယီမှာ အံ့သြဝမ်းသာ၍သွားသည်။

"ဘာဘ...ဘာဘ၊ ကျွန်...ကျွန်တော်ကျန်းရှောင်ယီပါ၊ သမားတော်ကြီးဝမ့်ချွန်လျှူရဲ့မွေးစားသား ကျန်းရှောင်ယီပါ"

ရှောင်ယီသည် အော်ဟစ်ရင်း ရဲနန်းထင်ကို ပြေးဖက်လိုက်လေသည်။ ရဲနန်းထင်မှာ မျက်ရည်များဝိုင်းလာ၏။ သူသည် လက်ထဲမှ

သံချေးတက်နေသောဓားကြီးကို မြေတွင်ထိုးစိုက်လိုက်ပြီး ရှောင်ယီအား ဆီးကြိုပွေ့ဖက်လေသည်။

သူ့ရဲကောင်းကြီးနှင့်ရှောင်ယီသည် မျက်ရည်များ တသွင်သွင်စီးကျလျက် တစ်ဦးကိုတစ်ဦး တင်းကျပ်စွာပွေ့ဖက်ကြသည်။ မျက်ရည်များစီးကျနေသော်လည်း သူတို့နှစ်ဦးစလုံး ရယ်လျက်ရှိကြပါ၏။

"ဘဘ…ဘဘကို ကျွန်တော်လိုက်ရှာနေတာ"

"လူလေးရှောင်ယီ၊ ဘဘကလဲ မင်းကိုသိပ်တွေ့ချင်နေတာပေါ့ကွယ်"

ထိစင့်လွမ်မှာ ရှောင်ယီ၏ဝမ်းသာကြည်နူးမှုကို တွေ့လိုက်ရသောအခါ သူမလည်း လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်နေလေတော့၏။

ရှောင်ယီ၏ဆွေမျိုးမှာ သိုင်းလောကတွင် အထူးနာမည်ကြီးလှသော သိုင်းလောကဖြိုင်ဘက်ကင်း ရဲနန်းထင်ဖြစ်နေသည်ကို သိရခြင်းက သူမအဖို့ ပို၍ဝမ်းသာဖွယ်ရာဖြစ်ခဲ့ရပေသည်။ ရှောင်ယီသည် ထိုသူ့ရဲကောင်းကြီး၏ အကူအညီကိုရပေတော့မည်။

ရဲနန်းထင်သည် ရှောင်ယီကို ရုတ်တရက်တွန်းထုတ်လိုက်၏။ သူသည် ပွာဟူချွန်ကို ပြန်လည်သတိရသွားသည်။

"လူလေးရှောင်ယီ၊ ဟို ပွာဟူချွန်ဆိုတဲ့သတ္တဝါဟာ မဟူရာနန်းတော်ဂိုဏ်းသားဆိုတာ မင်းသိရဲ့လား"

ရှောင်ယီက ခေါင်းညိတ်ပြီး…

"သိပါတယ်ဘဘ"

ရဲနန်းထင်က လေသံကို မာကျောစွာဖြင့်ဆက်ပြောသည်။

"မင်းအဖေနဲ့အမေကို သတ်တဲ့သူ ဘယ်သူလဲဆိုတာ မင်းသိရဲ့လား"

"ဒါတော့ ကျွန်တော် မသိပါဘူးဘဘ"



"အေး မဟူရာနန်းတော်သခင်မနှစ်ယောက်ဟာ မင်းအဖေနဲ့အမေကိုသတ်တဲ့ မင်းရဲ့ရန်သူတွေပဲ မှတ်ထား"

ရဲနန်းထင်အသံက မိုးခြိမ်းသံလို ဟိန်းထွက်လာသည်။ ရှောင်ယီမှာ အကြီးအကျယ်တုန်လှုပ်သွားလေသည်။

"ဒါ အမှန်ပဲလားခင်ဗျာ"

ရှောင်ယီ ဒုစရိုက်ကျေးရွာ၌နေစဉ် လူတစ်ယောက်သည် သူ့အား ရွာပြင်သို့ခေါ်ယူသွားပြီး သူ့ကို ဤအကြောင်းပြောပြဖူးပေသည်။ သူကပင် သမားတော်ကြီးဝမ့်ချွန်လျူအား ထပ်မံပြောပြခဲ့သေးသည်။ ထိုစဉ်က လျှို့ဝှက်လူထူးလူဆန်း၏စကားကို ယုံကြည်ဖွယ်ရာမရှိဟု ထင်မှတ်ခဲ့သည်။ ထို့ကြောင့် သူသည် မဟူရာနန်းတော်ကို သူ့ရန်သူအစစ်အမှန်အဖြစ် မသတ်မှတ်ခဲ့သေးပေ။

ယခုတော့ ဘဘရဲနန်းထင်ကိုယ်တိုင် နှုတ်မှထုတ်ဖော်၍ ပြောနေပြီ။ ဘဘရဲနန်းထင်ကိုမှမယုံလျှင် သူ့အနေဖြင့် ယုံစရာ လူမရှိတော့ပေ။ ထိစင့်လွမ်မှာလည်း ထိတ်လန့်ခြင်းကြီးစွာဖြစ်သွားခဲ့သည်။

"ဒါကြောင့်မို့ မဟူရာနန်းတော်သခင်မ နှစ်ယောက်ဟာ ကျွန်းရှောင်ယီကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်း သတ်ဖို့အမိန့်ပေးထားတာကိုး၊ အစက သဘောမပေါက်ဘူး၊ အခုမှပဲ ကျွန်မ သဘောပေါက်သွားတော့တယ်"

ရဲနန်းထင်က ရှောင်ယီကို မျက်လုံးပြူးကြည့်ပြီး ပြောလေသည်။

"ဒီသတ္တဝါလေးက မဟူရာနန်းတော်ဂိုဏ်းသားကွ၊ သူ့ကို ဘာမှကယ်စရာမလိုဘူး"

ရှောင်ယီမှာ ဘာပြန်ဖြေရမည်မသိဖြစ်သွားသည်။ သူ့ကိုယ်သူလည်း ဘာ့ကြောင့် ပွာဟူချွန်ကို မသတ်စေချင်မှန်း မသိပေ။

မဟူရာနန်းတော်မှ ဂိုဏ်းသားဖြစ်သည်နှင့် သူ့အား လိုက်လံ သတ်ဖြတ်ရန် တာဝန်ပေးခံရသည်နှင့် ဟွာဟူချွန်သည် သူ့ရန်သူဖြစ်ရ ရေလားဟူသည့် ထူးဆန်းသည့်အတွေးသည် ရှောင်ယီ၏ဦးနှောက်ထဲသို့ ပထမဆုံးအကြိမ် ဝင်လာတော့သည်။

ရဲနန်းထင်က မြေကြီးပေါ်စိုက်ထားသည့် သူ့ဓားကို လက်ညှိုးထိုးပြီး အမိန့်ပေးလေသည်။ သူ့လေသံက မာကျောလှပေသည်။

"ကျန်းရှောင်ယီ…မင်းကိုယ်တိုင် ငါ့ဓားကိုယူပြီး ဟွာဟူချွန်ကိုသွားသတ်စမ်း"

ရှောင်ယီမှာ တစ်ကိုယ်လုံး တုန်လှုပ်၍သွားလေတော့သည်၊ သူက ဟွာဟူချွန်ကိုလှည့်ကြည့်မိလေသည်။

ဟွာဟူချွန်မှာ မြေကြီးပေါ်တွင် လဲနေသည်။ နောက်ပေါက်သိုင်းသမားလေးသည် အရင့်အမာ သူ့ရဲကောင်းဓားသမားကြီးကို လုံးဝ မယုဉ်နိုင်ခဲ့ပါ။ သွေးဆုတ်ပြီး ဖြူဖပ်ဖြူရော်ဖြစ်နေရှာသည်။

ရှောင်ယီသည် ဟွာဟူချွန်၏ ဖြူရော်နေသော မျက်နှာပြင်ကို တွေ့မြင်ရသောအခါ ရင်ထဲ၌ မဖော်ပြနိုင်သော နာကျင်မှုတစ်မျိုးကို ခံစားလိုက်ရသည်။ ရှောင်ယီ ဖြည်းညင်းစွာ ခေါင်းခါယမ်းလိုက်၏။

"ကျွန်တော် သူ့ကိုမသတ်ပါရစေနဲ့ဘဘရယ်"

ရဲနန်းထင်မှာ အကြီးအကျယ်ဒေါသထွက်သွားတော့၏။

"မင်း ဘာ့ကြောင့် သူ့ကိုမသတ်ချင်တာလဲ၊ သူဟာ မင်းရဲ့ ရန်သူဆိုတာ မင်း သိတယ်မဟုတ်လား၊ သူက မင်းကိုသတ်ဖို့ အမြဲကြံနေတယ်ဆိုတာ မင်း မသိဘူးလား၊ ဟင်း…လူမိုက်ကလေး"

ရှောင်ယီမှာ ဘာပြန်ပြောရမည်မသိဘဲ ဖြစ်နေပြန်သည်။ ပြီးမှ ရှောင်ယီသက်ပြင်းချပြီး ပြောသည်။

"ကျွန်တော် သူ့နဲ့ ချိန်းဆိုထားပြီးပါပြီ၊ နောက်သုံးလကြာရင်



ကျွန်တော် သူနဲ့သိုင်းပညာချင်းယှဉ်ပြိုင်တိုက်ခိုက်ပါ့မယ်၊ အဲဒီအခါမှာ သူသေရင်သေ၊ မသေရင်ကျွန်တော်သေ တိုက်ခိုက်ပါ့မယ်၊ ဒီအတော အတွင်းမှာတော့ သူ့ကို ဒဏ်ရာအနာတရ မဖြစ်စေချင်ပါဘူး၊ ဒါကြောင့် ကျွန်တော် သူ့ကို မသတ်ချင်တာပါ"

ရဲနန်းထင်သည် ရှောင်ယီစကားကြောင့် အံ့အားသင့်သွား၏။ ထို့နောက် ဟက်ဟက်ပက်ပက် ရယ်မောလေတော့သည်။

"ကောင်းပြီ၊ မင်းဟာ ငါ့ညီကျန်းဖုန်းသားပီသပါတယ်၊ မင်းက သူနဲ့ယှဉ်ပြိုင်တိုက်ခိုက်ပြီးမှသတ်ပစ်ချင်တာကိုး၊ ကောင်းတယ်၊ ငါသဘောတူတယ်၊ ဒါဟာ သူ့ရဲကောင်းပီသတဲ့ အပြုအမူပဲ"

ရဲနန်းထင် ကျေနပ်သွားသဖြင့် ရှောင်ယီမှာ မသိမသာ သက်ပြင်းချမိသည်။ ဟွာဟူချွန်မှာ ယခုလောလောဆယ် လူသတ်ဖို့ မလိုတော့ပေ။

ေ-ေ-ေ

ရဲနန်းထင်သည် ရှောင်ယီကိုပခုံးဖက်၍ခေါ်သွားသည်။ ဝေးဝေးလံလံခေါ်ခြင်းမဟုတ်ပါ။ အနီးရှိ သစ်ပင်တစ်ပင်အောက်သို့ခေါ်ပြီး ထိုင်ခိုင်းခြင်းဖြစ်သည်။ သူက မေးခွန်းတစ်ခုထုတ်သည်။

"မင်း သိပြီးပြီလား၊ သတင်းတစ်ခုကို"

"ကျူကျော့ကျော့၊ လီတာ့ကြွေတို့တစ်တွေ ဒုစရိုက်ရွာက ထွက်သွားကြတဲ့သတင်း"

"ဩော်…ဒီသတင်းလား၊ ကြားပြီးပါပြီခင်ဗျာ"

ရဲနန်းထင်က ရှောင်ယီ့မျက်နှာကို သေချာစွာကြည့်နေ၏။

"မင်း သူတို့နဲ့တွေ့ပြီးပြီထင်တယ် ဟုတ်လား"

ရှောင်ယီက မကွယ်ဝှက်ပါ၊ ဦးခေါင်းကို ညိတ်ပြလိုက်၏။

"ဘဘရယ်...သူတို့ကိုရန်မပြုပါနဲ့၊ ခွင့်လွှတ်လိုက်ပါခင်ဗျာ"

ရှောင်ယီက ယုံနန်းထင်ကို တောင်းပန်လိုက်သည်။ ထိုအခါ ရဲ့နန်းထင်သည် ခုနထမတတ်ခေါသထွက်သွားသည်။ သူ့အငြိုးသည် ရင်ထဲ၌ မီးကဲ့သို့ တငွေ့ငွေ့တောက်လောင်နေဆဲပင်...။

"ငါ ဘာ့ကြောင့် သူတို့ကိုခွင့်လွှတ်ရမှာလဲ၊ ငါ့ကို သူတော်စင်များ မှတ်နေလားကွ"

"သူတို့ဟာ ဘဘရဲ့အသက်ကို ချမ်းသာပေးခဲ့တယ်မဟုတ်လား၊ နောက်ပြီးတော့ သူတို့ဟာ ဘဘရဲ့မွေးစားသား ကျွန်တော့်ကို ငယ်ငယ်ကလေးထဲက ကြီးပြင်းအောင်ကျွေးမွေးပြုစုပျိုးထောင်လာခဲ့တာမဟုတ်လား၊ နောက်အရေးကြီးဆုံးအချက်က အခု သူတို့အမှားတွေကို ပြုပြင်နေထိုင်ကြမယ်လို့ ပြောသွားပါတယ်ခင်ဗျာ"

ရဲ့နန်းထင်မှာ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် စဉ်းစားနေသည်။ အတန်ကြာမှ သက်ပြင်းရှည်ချသည်။

"အင်း...မင်းဟာ ဝမ့်ချွန်လျူပြောတဲ့အတိုင်းပဲ တကယ်စိတ်ထားနူးညံ့တဲ့သူငယ်ကိုး"

"ခင်ဗျာ"

"ဟုတ်တယ် ဝမ့်ချွန်လျူက မင်းကို ကျားယောင်ဆောင်တဲ့ သိုးကလေးလို့ခေါ်တယ်၊ မင်းဟာ နေရာမှားရောက်လာတာတဲ့"

"ခင်ဗျာ"

"အေးလေ၊ သူတို့သာ သူတို့အကျင့်စရိုက်တွေကို ပြုပြင်သွားမယ်ဆိုရင်တော့ မင်းမျက်နှာကိုထောက်ထားပြီး သူတို့ကို ငါခွင့်လွှတ်လိုက်ပါ့မယ်၊ ဟင်း"

ရဲ့နန်းထင်သည် သူ့ရန်ငြိုးကို သည်းခံစိတ် ကြီးမားစွာဖြင့် ချေဖျက်ပစ်ရန် ကတိပြုရှာသည်။



ရှောင်ယီ ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်။

"သူတို့သာ ဒီသတင်းကိုကြားလျှင် သိပ်ဝမ်းသာသွားကြမှာ၊ သူတို့တကယ်ပဲ ပြုပြင်နေထိုင်သွားကြမှာပါ ဘဘရယ်"

ရဲ့နန်းထင်က ထိစင့်လွမ်ကို လှမ်းကြည့်ပြီး ပြုံး၍ပြောလိုက်သည်။

"ဒီမိန်းကလေးကို မင်း သိတယ်မဟုတ်လား၊ စကား သွားပြောလိုက်ပါဦး၊ သူဟာ မင်းကို အတော်သံယောဇဉ်ရှိပုံရတယ်"

ရှောင်ယီက မျက်လွှာချပြီး ပြောလိုက်လေသည်။

"ကျွန်တော် သူ့ကိုမသိပါဘူး"

ရဲ့နန်းထင် အံ့အားသင့်သွားသည်။

"မင်း...သူ့ကိုမသိဘူး ဟုတ်လား"

ရှောင်ယီက...

"ကျွန်တော် သူ့ကို တစ်ခါမှတောင်မတွေ့ဖူးဘူး"

သူတို့ ဝေးလှသည်မဟုတ်ပါ။ ရှောင်ယီတို့ပြောနေသည်ကို ထိစင့်လွမ် ကောင်းစွာကြားပါသည်။ ထိစင့်လွမ်မှာ ရှိုက်ကြီးတငင်ငိုရှာသည်။ သူမသည် ငိုရှိုက်ပြီးရှောင်ယီ့ထံပြေးသွားသည်။

သို့သော် ရှောင်ယီ့ရှေ့မရောက်မီ ရုတ်တရက် ရပ်လိုက်ကာ သူမ စဉ်းစားသည်။ ထို့နောက် ချာခနဲလှည့်၍ မျက်နှာကိုလက်ဝါးဖြင့်အုပ်ပြီး ပြေးထွက်သွားလေတော့သည်။

ရှောင်ယီ မကြည့်ပါ။ သို့သော် ထိစင့်လွမ်ကို သူ့မျက်လုံးထောင့်၌ ကောင်းစွာမြင်နေရပါသည်။ ရှောင်ယီ အံကိုတင်းတင်းကြိတ်ထားသည်။ ထိစင့်လွမ်ကို လိုက်၍မဆွဲပါ။

ရဲ့နန်းထင်သည် ထိစင့်လွမ်ပြေးထွက်သွားသည်ကို လှမ်းကြည့်သည်။ ရှောင်ယီကို လှည့်မေးလိုက်သည်။

"ဒါက ဘယ်လိုဖြစ်ကြတာလဲကွ"

ရှောင်ယီက စိတ်ကိုတင်းပြီး ပြန်ပြောလိုက်သည်။

"ဒီမိန်းကလေး သိပ်ပြီး စိတ်မကောင်းဘူးထင်ပါတယ်"

ရဲ့နန်းထင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်းတို့လူငယ်တွေရဲ့ကိစ္စကို ငါနားမလည်ပါဘူးကွာ"

ရှောင်ယီက ငေးငိုင်ပြီးကြည့်နေသည်။ အတန်ကြာအောင် စကားမပြောနိုင်ဘဲဖြစ်နေသည်။ ထိစင့်လွမ်ပျောက်ကွယ်သွားပြီဖြစ်၏

ရဲ့နန်းထင်က ရှောင်ယီကိုသေချာကြည့်လိုက်သည်။ ထို့နောက် ရုတ်တရက် ထရပ်လိုက်သည်။

"မင်း…ကိုယ့်ဘာသာကိုယ် လှုပ်ရှားမလား၊ ဒါမှမဟုတ် ငါနဲ့လိုက်မလား"

ငိုင်နေသောရှောင်ယီသည် ထိုအခါကျမှ သတိပြန်ဝင်လာ၏ ရဲ့နန်းထင်ကို ကြိုးစားပြီးပြုံးရယ်ပြလိုက်သည်။

"ဘဘနဲ့လိုက်ချင်တာပေါ့၊ ဒါပေမယ့် လူတွေကဘဘကိုတွေ့ရင် ထွက်ချည်းပြေးနေကြတော့ ဘဘနောက်လိုက်နေရင် ဘယ်လို အခွင့်အလမ်းမှ ရှိမှာမဟုတ်တော့ဘူး၊ ဘဘကို ကျွန်တော် မေးစရာပြဿနာ တွေလဲ အများကြီးရှိသေးတယ်"

ရဲ့နန်းထင်က ခေါင်းညိတ်လိုက်သည်။

"ဒါဖြင့် မနက်ဖြန် ဒီလိုအချိန်မှာ မင်းကို ငါဒီမှာစောင့်နေမယ်၊ အခု ငါကိစ္စတစ်ခုစဉ်းစားမိလို့ အရေးတကြီးသွားလိုက်ဦးမယ်"

ရဲ့နန်းထင်က ရှောင်ယီ၏ပခုံးကို တစ်ချက်ပုတ်ပြီး သူ့အောက် ကောက်က ကိုယ်ဖော့ပညာကိုသုံး၍ ခုန်လွှားထွက်ပြေးသွားလေသည်။ တဒင်္ဂအချိန်အတွင်းမှာပင် ပျောက်ကွယ်သွားတော့သည်။

ရှောင်ယီသည် ရဲ့နန်းထင်ပြေးထွက်သွားရာကို လှမ်းကြည့်



လိုက်သည်။ ထို့နောက် တီးတိုးရေရွတ်မိလိုက်သည်။

"ဘဘရဲ့နန်းထင်ဟာ နေလိုမီးလိုပူပြင်းတဲ့ စိတ်ဓာတ်မျိုးရှိ တာ အမှန်ပဲနော်၊ စိတ်မြန်လက်မြန်နဲ့ ချက်ချင်းထသွားတော့တာပဲ"

ရှောင်ယီသတိပြုမိသည်မှာ ရဲ့နန်းထင်ပြေးထွက်သွားသောအ ရပ်သည် စောစောက ထိစင့်လွမ်ပြေးထွက်သွားသော လမ်းဖြစ်နေခြင်း ပင်တည်း။

ဟွာဟူချွန်ကိုပွေ့ထူလိုက်ပြီး မည်သို့ပြုစုသင့်သည်ကို စဉ်းစား လိုက်သည်။

ထိုစဉ် ဟွာဟူချွန်က မျက်လုံးအစုံကိုဖွင့်ကြည့်သည်။ ထို့ နောက် ရုတ်တရက်ထထိုင်လိုက်ပြီး ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့် ရှုသည်။

သူနှင့်ရှောင်ယီ နှစ်ယောက်တည်းသာ ရှိသည်ကိုတွေ့ရသော အခါ အကြီးအကျယ်အံ့အားသင့်သွားတော့သည်။

"ခင်ဗျား ကျုပ်ကိုကူညီကယ်လိုက်သလား"

ဟွာဟူချွန်က ရှောင်ယီကိုမေးလိုက်သည်။

ရှောင်ယီက ဟွာဟူချွန်ကို ဘာမျှပြန်မပြောဘဲ စိုက်ကြည့်နေ လိုက်သည်။ ဟွာဟူချွန်လည်း ရှောင်ယီကို စိုက်ကြည့်နေလိုက်သည်။ အတန်ကြာမှ ဟွာဟူချွန်ကမေးသည်။

"ထိစင့်လွမ်ကော ဘယ်မှာလဲ"

"ဘယ်က ထိစင့်လွမ်လဲ၊ ငါမသိဘူး"

"ထိစင့်လွမ်လေ၊ ထိစင့်လွမ်ပေါ့"

"ငါမသိဘူးဆိုနေမှ ငါ့ကိုမမေးနဲ့"

ရှောင်ယီက မျက်နှာသေကြီးဖြင့်ပြောလိုက်သည်။

ဟွာဟူချွန်က သက်ပြင်းချလိုက်ပြီး…

"ဟင်း…ခင်ဗျား သူ့သဘောကို နားမလည်တာလား၊ နားမလည်ချင်ယောင်ဆောင်နေတာလား"

"ငါ…သူ့ကိုလုံးဝမသိဘူး၊ သူ့သဘောကိုလည်း ငါလုံးဝမသိနိုင်ဘူး"

ရှောင်ယီက အေးစက်စက်အမူအရာနှင့် ပြန်ပြောလိုက်လေသည်။ ဟွာဟူချွန် ရုတ်တရက် မတ်တတ်ထရပ်လိုက်ပြီး အော်ပြောၵ၏။

"ခင်ဗျား ဘာကြောင့် ကျုပ်ကိုကယ်ခဲ့ရတာလဲ"

ရှောင်ယီက ခပ်အေးအေးပင်ပြန်ပြောလိုက်သည်။

"သူများတွေ ငါ့ကို သတ်ကာနီးတုန်းက မင်းလဲ ငါ့ကိုကယ်ခဲ့ဖူးတာပဲလေ"

"ကျုပ်ကယ်တာက အကောင်းမဟုတ်ဘူးဗျ၊ ကျုပ်ကိုယ်တိုင်မသတ်ရမှာစိုးလို့ ကျုပ်ရဲ့လက်နဲ့ မသတ်ရမှာစိုးလို့ ကယ်လိုက်တာ"

ရှောင်ယီ ဦးခေါင်းထဲ ဖျတ်ခနဲ ဖျတ်ခနဲ လင်းလက်သွား၏။

"ငါကယ်တာကလဲ ငါ့အကြောင်းနဲ့ငါပေါ့ကွ၊ မင်းနဲ့ငါ သုံးလကြာရင် သိုင်းပညာပြိုင်ကြမယ်လေ၊ အဲဒီအခါကျမှ သူသေကိုယ်သေချကြမယ်လေ၊ ဒါကြောင့် ငါက ဝင်ကယ်လိုက်တာပါ"

ဟွာဟူချွန် ငိုင်တွေသွားသည်။ သက်ပြင်းကြီးကို ချလိုက်ပြီးမှ ဦးခေါင်းကို ခပ်ဖြည်းဖြည်းတစ်ချက်ညိတ်သည်။

"ဟုတ်တယ်၊ သူသေကိုယ်သေပဲ"

ရှောင်ယီက…

"မင်းကို ငါပြောခဲ့သားပဲ၊ သည်သုံးလအတွင်းမှာ ငါကလဲ မင်းကို အကောက်မကြံ(ဘူး)ဘူး၊ မင်းလဲ ငါ့ကိုမသတ်ရဘူး၊ အခု ငါ

ကောင်းကို သက်သေထူလိုက်တာပါ၊ သည်သုံးလအတွင်းမှာ မင်းနဲ့ငါ ခွေးချ ရန်ငြိုးထားသော ရန်သူတွေပေါ့ကွာ၊ တစ်နည်းပြောရရင်တော့ မင်းနဲ့ငါ သည်သုံးလအတွင်းမှာ ရန်သူတွေမဟုတ်ကြပါဘူး၊ တစ်ဦးနဲ့တစ်ဦး ဒုက္ခမပေးရင် ဘယ်မှာ ရန်သူလို့ခေါ်နိုင်တော့မှာလဲ"

"ဟုတ်တယ်၊ မှန်တယ်"

ဟွာဟူချွန်က ခေါင်းညိတ်လက်ခံလိုက်သည်။

ရှောင်ယီ ရုတ်တရက်ရယ်မောလိုက်ပြီး…

"ဒါကြောင့်မို့ ဒီသုံးလအတွင်းမှာ ကျုပ်ကလဲ ခင်ဗျားရဲ့သဘောနဲ့ထပ်တူညီပါပဲဗျာ"

"ဟား…ဟား…ဟား တစ်ခါတစ်ရံ ကျားနဲ့နဂါးလဲ မိတ်ဆွေဖြစ်ရတော့တာကိုး"

ရှောင်ယီ အားရပါးရရယ်လေသည်။

❦❦❦

အခန်း(၁၀၄)

## မကောင်းမှုကိုဖေါ်ထုတ်ခြင်း

"ကျွန်းရှောင်ယီလိုလူမျိုးနဲ့ သုံးလလောက် မိတ်ဆွေဖွဲ့ရတာ သိပ်တော့မဆိုးလှပါဘူး၊ ဒီလူဟာ ရဲရင့်သလောက် နှလုံးလှပုံလဲရတယ်၊ ဘာသဘောနဲ့ ထိစင့်လွှမ်ကို မသိချင်ယောင်ဆောင်နေတာလဲမသိဘူး"

သူက စိတ်ထဲမှယင်းသို့တွေးသော်လည်း နှုတ်မှထုတ်ပေါ် မပြောပါချေ။ ရှောင်ယီက ရယ်မောပြီးပြောသည်။

"ဟွာဟူချွန် သုံးလအတွင်းမှာတော့ မင်းနဲ့ငါ ရန်သူမဖြစ်တော့ဘူးပေါ့နော်"

ဟွာဟူချွန်က ရှောင်ယီမျက်နှာကို သေချာစွာကြည့်လိုက်သည်။ ထို့နောက် ခေါင်းညိတ်လိုက်သည်။

"ဒါပေါ့၊ သုံးလပြီးရင်တော့ သူသေကိုယ်သေ ယှဉ်ပြိုင်တိုက်ခိုက်မယ့် မဟာရန်သူနှစ်ယောက်ပေါ့"

ဟွာဟူချွန်သည် ထိုစကားကိုပြောရင်း အတော်ဝေးဝေးမှ မြင်းလှည်းကို သွား၍မြင်သည်။

"ဟိုမှာ မြင်းလှည်းတစ်စီးပါလား၊ ဘုရားရေ ဒါ ကျုပ်စီးလာတဲ့မြင်းလှည်းပဲ၊ ဘာကြောင့် အဲဒီနေရာရောက်နေရတာလဲ"

ရှောင်ယီနှင့်ဟွာဟူချွန်တို့သည် ထိုမြင်းလှည်းရှိရာသို့ လျှောက်



သွားကြသည်။ ရှောင်ယီမှာမူ ကြိတ်၍ကျေနပ်နေသည်။

ဟွာဟူချွန် အံ့သြသွားသည်။

"မြင်းလှည်းမောင်းတဲ့သူ ဘယ်ရောက်သွားပြီလဲ၊ ထွက်ပြေးသွားသလားမသိဘူး"

"ကျွီ…"

ရှောင်ယီက မြင်းလှည်းတံခါးကို ဆွဲဖွင့်လိုက်သည်။ မြင်းလှည်းထဲတွင် တွမ့်ကွေ့၏အလောင်းကြီး ရှိနေသည်။

"မြင်းလှည်းမောင်းသမားကို ဘယ်သူ သတ်သွားတယ်ဆိုတာ မင်းသိသလား"

ရှောင်ယီက ဟွာဟူချွန်ကိုမေးလိုက်သည်။ သူသည် ဤအကြောင်းများကို လွန်စွာပြောချင်နေသည်။

"ဘယ်သူသတ်တာလဲ"

"ငါအခုပြောပြလိုက်ရင် မင်းယုံမှာမဟုတ်ဘူး၊ ဒီတော့ မင်းယုံလောက်တဲ့အခြေအနေကျမှပဲ ပြောစရာရှိတာကို ပြောတော့မယ်"

ဟွာဟူချွန်မှာ မျက်မှောင်ကြုတ်ရင်း မှတ်ချက်ချလိုက်လေသည်။

"ခင်ဗျားဟာ ရှင်းနေတာကို ရှုပ်အောင်လုပ်တဲ့ဝါသနာများရှိသလား မဆိုနိုင်ဘူး"

ရှောင်ယီက ရယ်၍သာနေလေသည်။

❧ ❧ ❧

နာမည်ကြီးလှသော ရွှေနဂါးစားသောက်ဆိုင်၌ လူများလွန်စွာစည်ကားနေလေသည်။

ကျွန်းပျံ့ဟုန်သည် ဧည့်သည်များနှင့် ထိုင်နေသည်။ သူက

ရယ်မောနေသော်လည်း သူ့မျက်လုံးများက စိုးရိမ်မှုများကို ထုတ်ဖေါ် ပြသလျက်ရှိနေသည်။

သူ့ဘေးတွင်ထိုင်နေသူမှာ ရွှေခုတ်ဓား ဖုန်းထင်စိုးဆိုသူဖြစ်သည်။ မုတ်ဆိတ်၊ နှုတ်ခမ်းမွေးများဖြူနေလေသည်။ သူသည် မုတ်ဆိတ်မွေးကို လက်ဖြင့်သပ်ရင်း ကျန်းပျန့်ဟုန်ကို လှမ်းပြောလိုက်သည်။

''မိတ်ဆွေကြီးကျန်းက ဟွာဟူချုန်ကို မျှော်နေတာလားဗျ''

ကျန်းပျန့်ဟုန်က သက်ပြင်းချလိုက်ပြီး...

''ဟွာဟူချုန် အခုထိ ရောက်မလာသေးဘူး၊ ဒါကြောင့် ကျုပ်စိတ်ပူနေမိပါတယ်၊ မိတ်ဆွေကြီးတို့ ပြောသလိုပေါ့ဗျာ၊ ကျုပ်မိတ်ဆွေလေးကို မျှော်နေရတယ်ဆိုပါတော့''

ဖုန်းထင်စိုးက ရယ်မောလိုက်သည်။

''ဟား...ဟား...ဟား ဟွာဟူချုန်ဟာ အဆင့်မြင့်သိုင်းသမားတစ်ယောက်ပါဗျာ၊ နောက်ပြီး မဟူရာနန်းဆောင်က လူလဲဖြစ်နေပါတယ်၊ သူ့ကို သိုင်းလောကမှာ ဘယ်သူက ယှဉ်ပြိုင်ဝံ့မှာလဲဗျာ၊ ခင်ဗျားသူ့အတွက် သောက ရောက်မနေစမ်းပါနဲ့''

ကျန်းပျန့်ဟုန်က...

''အင်းလေ...ကျုပ်က သူ့ကို ခင်မင်မိနေတော့လဲ သူ့အတွက် စိုးရိမ်ပူပန်နေရတာပေါ့ဗျာ၊ သူ ဘေးအန္တရာယ်ကြုံတွေ့လို့ နောက်ကျနေတာလား၊ တခြားကိစ္စကြောင့် နောက်ကျနေတာလားဆိုတာ တွေးနေရတာနဲ့ပဲ ကျုပ်မှာ အရက်ကိုမသောက်နိုင်တော့ပါဘူး''

ဖုန်းထင်စိုးက စိတ်လိုလက်ရ ပြောသည်။

''အင်း...ဟွာဟူချုန်ဟာ ခင်ဗျားကို မိတ်ဆွေဖြစ်ရတာ အတော့်ကိုကံကောင်းပါတယ်ဗျာ၊ မိတ်ဆွေဆိုတာ ဒီလိုပူပန်ပေါ့ ရမှာပေါ့''

ထိုစဉ်...



''ကျုပ်တို့ ကျန်းပျန့်ဟုန်ကို မိတ်ဆွေအဖြစ် ပေါင်းသင်းခွင့် ဆက်ဆံခွင့်ရတာ ကံကောင်းတယ်လို့ ဆိုနိုင်တာပေါ့ဗျာ''

ထိုစကားကိုပြောပြီး အရက်ခွက်ကိုကိုင်ကာ မတ်တတ်ထရပ်လိုက်သူမှာ အရပ်အမောင်းကောင်းကောင်း၊ မျက်နှာပေါ်တွင်ဓားဒဏ်ရာ အမာရွတ်အစင်းကြီးရှိသော လူတစ်ယောက်ဖြစ်ပေသည်။

ထိုလူသည် အသက်အရွယ် သိပ်မကြီးလှသေးချေ။ သူ့ပုံသဏ္ဍာန်က ဤသိုင်းလောက၌ ငါ့ကိုယ်မှတစ်ပါး အခြားမည်သူ့ကိုမျှ အမှုထားရန်မလို ဟူသည့်အနေအထားမျိုးဖြစ်သည်။

ထိုသူကို သိုင်းလောကသားများ မသိကြချေ။ ထို့ကြောင့် အသီးသီး ကြိတ်ပြီးစဉ်းစားနေကြလေသည်။

ကျန်းပျန့်ဟုန် ထိုလူကိုတွေ့လိုက်သည်နှင့် အကြီးအကျယ် အံ့ဩသွားသည်။ ထိတ်လန့်သလိုလည်း ဖြစ်သွားသည်။ နောက်ဆုံး ခေါ်သံထွက်လာသည်။

''မင်း...ဘယ်လိုလုပ် သည်ကိုရောက်လာတာလဲ''

ကျန်းပျန့်ဟုန်မှလွဲ၍ မည်သည့်သိုင်းလောကသားမျှ မသိသည့် လူငယ်မှာ ရှောင်ယီဖြစ်နေသတည်း။

''ကျုပ် သည်ဧည့်ခံပွဲကိုလာလို့ မရဘူးလား''

ရှောင်ယီက မေးလိုက်လေသည်။

ကျန်းပျန့်ဟုန်မှာ ရှောင်ယီကို ဘာပြန်ပြောရမှန်းမသိဘဲ ဖြစ်နေသည်။ ထိုစဉ် လှေကားမှ အပေါ်သို့တက်လာသော လူတစ်ယောက်ကို ဘွားခနဲတွေ့မြင်လိုက်ရသည်။ ထိုသူကား ဟွာဟူချုန်တည်း။

ဟွာဟူချုန်သည် ရှောင်ယီ၏နံဘေးသို့ သွားရပ်ပြီး ရှောင်ယီ၏ပခုံးပေါ် လက်တင်လိုက်သည်။

ကျန်းပျန့်ဟုန်မှာ အထိတ်တလန့် ဖြစ်သွားရှာတော့သည်။

ဟွာဟူချွန်မသေဘဲ ရောက်လာသည်။ ထို့ပြင် ရှောင်ယီနှင့် မိတ်ဆွေအဖြစ် ပန်းတင် လက်တင် လုပ်နေလိုက်သေးသည်။ မယုံနိုင်စရာမြင်ကွင်းပင် ဖြစ်ပါလေ၏။

ကျန်းပျန့်ဟုန်၏ထိတ်လန့်မှုမှာ မဖော်ပြနိုင်အောင် ကြီးမားလှသည်။ သိုင်းလောကသားများကမူ ဟွာဟူချွန်ကို တွေ့မြင်ကြသည်နှင့် ပြုံးပြုံးရယ်ရယ် ဂါရဝပြုကြသည်။ နှုတ်ဆက်ကြသည်။

မည်သူမျှ ကျန်းပျန့်ဟုန်၏ ထိတ်လန့်နေသောမျက်နှာထားကို သတိထား မကြည့်မိချေ။ ကျန်းပျန့်ဟုန်မှာ ပါးစပ်အဟောင်းသား မျက်လုံးအပြူးသားနှင့် ကြက်သေသေနေတော့သည်။

ဟွာဟူချွန်သည် မည်သို့သောနည်းဖြင့် ရဲနန်းထင်၏လက်မှ လွတ်မြောက်လာခဲ့လေသနည်း။

ရဲနန်းထင်ကကော မည်သည့်နေရာသို့ ရောက်သွားသနည်း။

ကျန်းပျန့်ဟုန် စဉ်းစား၍မရဘဲ ဖြစ်နေလေသည်။

ထို့ထက်ပို၍ ဦးနှောက်ခြောက်စရာကောင်းသည့် ကိစ္စမှာ ဟွာဟူချွန်နှင့်ရှောင်ယီတို့ မည်ကဲ့သို့ မိတ်ဆွေဖြစ်သွားသည်ကို မသိရသည့်အချက်ပင် ဖြစ်ပါတော့သည်။

သို့သော် ကျန်းပျန့်ဟုန်သည် သူ့အဖြစ်ကို အလျင်အမြန် သတိမြန်ရသွားပြီး မျက်နှာထားကို ပြင်လိုက်လေသည်။

ဣန္ဒြေမြန်ဆည်လိုက်သည်။ ဟွာဟူချွန်ကို ဝမ်းမြောက်ဝမ်းသာ ထ၍ကြိုလိုက်သည်။ သူကား အလွန်ဟန်ဆောင်ကောင်းသူတည်း။

ဟွာဟူချွန်နှင့်ရှောင်ယီတို့ နေရာယူ ထိုင်ပြီးကြသောအခါ ကျန်းပျန့်ဟုန်က အရက်ကိုကိုယ်တိုင်ငှဲ့ပေးသည်။

သို့သော် ဟွာဟူချွန်၏အရက်ခွက်ထဲသို့သာ ငှဲ့ပေးခြင်းဖြစ်သည်။ ရှောင်ယီ၏ခွက်ထဲသို့ ငှဲ့မပေးသေး။



ရှောင်ယီက ထိုအပြုအမူကို မသိချင်ဟန်ဆောင်ပြီး သူ့ဘာသာ သူ အရက်ငှဲ့သောက်သည်။ သို့သော် မကြာမီ သူသည် လေနှင့်စတင် တိုက်စစ်ဆင်လေတော့သည်။

"ဆရာကြီးကျန်းကိုကြည့်ရတာ ကျွန်တော့်လို ဧည့်သည်မျိုးကိုလက်ခံချင်ပုံမရဘူး၊ ကျွန်တော်ကလဲ ဧည့်ခံပွဲကိုလာချင်လွန်းလို့လာတာတော့မဟုတ်ဘူး၊ ဟောဒီ ကျွန်တော့်မိတ်ဆွေဟွာဟူချွန်က ခေါ်လို့လာခဲ့ရတာပါ"

ကျန်းပျန့်ဟုန်သည် ကောက်ကျစ်သောအပြုံးမျိုး ပြုံးလိုက်၏။

"ညီလေးဟွာဟူချွန်ရဲ့ မိတ်ဆွေဟာလဲ ကျုပ်မိတ်ဆွေပဲပေါ့၊ ကျုပ်က ဘာဖြစ်လို့ မလိုလားရမှာလဲ"

"ဒါပေမယ့် ဟွာဟူချွန်ကို သိပ်ခင်တဲ့လူတစ်ယောက်ကတော့ သိပ်ကို ကောက်ကျစ်စဉ်းလဲတာပဲ၊ ဟွာဟူချွန်အသက်ဘေးအန္တရာယ်တွေ့နေတာတောင် ဝင်မကယ်ဘူး"

"မင်းဘယ်သူ့ကို ပြောတာလဲ၊ ဒီဧည့်ခံပွဲမှာ မင်း ဘာစကားတွေလာပြောနေတာလဲ၊ ဒါဟာ ကောင်းသောတွေ့ဆုံခြင်းကွ၊ မဟုတ်မဟတ်တွေ လာပြောရမယ့်အချိန်မဟုတ်ဘူး"

ထိုစကားကို ဝင်ပြောလိုက်သူမှာ ဖုန်းထင်စို့ဖြစ်လေသည်။

ရှောင်ယီက ဖုန်းထင်စို့ကိုမျက်လုံးပြူးကြည့်ပြီး…

"ကျွန်တော်ပြောတဲ့သူဟာ ခင်ဗျားမဟုတ်ပါဘူး၊ ဟွာဟူချွန်ကို အခင်ဆုံးမိတ်ဆွေဟာ ခင်ဗျားဟုတ်လို့လား၊ ခင်ဗျားကတော့ ကိုယ်နဲ့မဆိုင်ဘဲ သူများကိစ္စ ဝင်ချင်တဲ့သူမျိုးထင်ပါရဲ့"

ထိုသို့အပြောခံလိုက်ရသဖြင့် ဖုန်းထင်စို့ ဒေါသထွက်သွား၏။

စားပွဲခုံကို လက်ဝါးဖြင့်ဖြန်းခနဲရိုက်ပုတ်လိုက်သည်။

"မင်း ငါဘယ်သူလဲဆိုတာ သိရဲ့လား"

ရှောင်ယီက ခေါင်းကိုယမ်းပြလိုက်ပြီး...

"ကျွန်တော် ခင်ဗျားကို မသိပါဘူး၊ ခင်ဗျားဘယ်သူဘယ်ဝါ ဆိုတာလဲ အကြောင်းမဟုတ်ပါဘူး"

ဖုန်းထင်စို့၏ဘေးမှ လူတစ်ယောက်က ရှောင်ယီကို လက်ညှိုး ထိုးပြီး ဝင်ပြောသည်။

"မင်း ရွှေခုတ်ဓားသိုင်းသမားကြီး ဖုန်းထင်စို့ကိုတောင် မသိ ဘူးလား"

ရှောင်ယီက ရယ်မောလိုက်သည်။ တကယ်တော့ သူ မသိပါ၊ သို့သော် ရှောင်ယီ ရောယိမ်းလိုက်သည်။

"သြော်...လက်စသတ်တော့ သိုင်းသမားသူရဲကောင်းကြီး ဖုန်းထင်စို့ကိုး၊ သိုင်းလောကမှာတော့ ဒီနာမည် ကျွန်တော် ကြားဖူး ပါတယ်၊ ကျွန်တော်လေးစားပါတယ်၊ ဂါရဝပြုပါတယ်"

ရှောင်ယီက ဖုန်းထင်စို့ကို လက်ဖမိုးယှက်ပြီး ဂါရဝပြုလိုက် လေသည်။ ဖုန်းထင်စို့ အတော်အတန် ကျေနပ်သွားသည်။

ရှောင်ယီလို ဘာမသိ၊ ညာမသိ လူငယ်တစ်ယောက်နှင့် ရန် ဖြစ်လျှင် ကိုယ်သာအရှက်ချည်းဖြစ်သဖြင့် ဖုန်းထင်စို့ သည်းခံလိုက် သည်။ ထိုအခါ ရှောင်ယီသည် ကျုန်းပျုန့်ဟုန်ဘက်သို့ မြားဦးလှည့် လေတော့သည်။

"ဆရာကြီးကျုန်း၊ အခုထက်ထိ ဟင်းလျာတွေ မမှာသေးဘူး ဗျ။ ကျွန်တော်ရောက်လာလို့ မမှာဘဲထားသလား၊ ကျွန်တော့်အတွက် နဲ့တော့ ဒီလိုမလုပ်ပါနဲ့၊ တခြားဧည့်သည်တွေပါ မစားရဘဲဖြစ်နေပါ မယ်"



ရှောင်ယီကိုကြည့်ကာ ဖုန်းထင်စို့အသည်းယားလာသည်။ ထို့ အတူ ထိုင်နေကြသောသိုင်းလောကသားများမှာလည်း ရှောင်ယီကို အ ပြစ်မြင်လာသည်။ ရှောင်ယီသည် စိတ်သဘောထား ကောင်းလှသော ကျုန်းနန်သိုင်းသမားကြီးကို တမင်ရန်စနေသည်ဟု မြင်လာသည်။

နောက်ဆုံးတွင် ဒေါသကြီးသူဖုန်းထင်စို့ ထိုင်ရာမှ ပြုန်းခနဲ ထရပ်လိုက်သည်။ ရှောင်ယီအား အရက်ခွက်နှင့်ပေါက်ရန် ရွယ်လိုက် ၏။ ရှောင်ယီသည် စားပွဲခင်းကိုဆွဲပြီး တွန်းဖယ်လိုက်ရာ စားပွဲပေါ်မှ ပန်းကန်များအားလုံး ဝေါခနဲကျသွားကုန်တော့သည်။

ချက်ချင်းပင် အခြေအနေရှုပ်ထွေးသွားသည်။ သိုင်းလောက သားသုံးယောက် ခုန်ထလာပြီး ရှောင်ယီကို ဝိုင်းဖမ်းရန်ကြိုးစားကြ လေသည်။

ရှောင်ယီသည် ထိုသုံးယောက်ကို လက်ဝါးဖြင့်ရမ်းထုတ်လိုက် ရာ သုံးယောက်စလုံး လွင့်စဉ်ကုန်တော့သည်။

ထိုအခါ ခန်းမတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဆူဆူညံညံဖြစ်ကုန် တော့သည်။ ရှောင်ယီကို သိုင်းလောကသား လေးငါးဦးက ဝိုင်းတိုက် ကြပြန်သည်။ သို့သော် ရှောင်ယီကို မနိုင်ကြချေ။ ထိုသူများ လွင့်စဉ် ကုန်ကြလေသည်။

ထို့နောက် မည်သူမျှ ရှောင်ယီကို ထပ်မတိုက်ကြတော့ချေ။ အခြေအနေသည် အံ့သြစရာကောင်းလောက်အောင် ရုတ်တရက် ပြန် လည်ငြိမ်သက်သွားသည်။ ကျုန်းပျုန့်ဟုန်က မျက်မှောင်ကြုတ်ကြည့်ပြီး ဗွာဟူချွန်ကိုမေးသည်။

"ညီလေးဗွာဟူချွန်...ဒီကိစ္စကို ဘယ်လိုဖြေရှင်းမလဲ"

"ကျွန်တော် မသိဘူး"

ဟွာဟူချွန်က ခပ်အေးအေးပင်ပြန်ပြောလိုက်လေသည်။

ထိုအခါ ကျန်းပျန့်ဟုန်မှာ အကြီးအကျယ် အံ့အားသင့်သွားလေသည်။ ထိုစဉ်ရှောင်ယီက တဟဲဟဲရယ်ရင်း မတ်တတ်ထရပ်လိုက်သည်။ ကျန်းပျန့်ဟုန်ကိုလက်ညှိုးထိုးပြီး စွပ်စွဲတော့သည်။

"ကျန်းပျန့်ဟုန် ခင်ဗျားဟာ ဟွာဟူချွန် ဒုက္ခရောက်နေတာကို မြင်ရက်သားနဲ့ ဝင်မကူညီဘဲ ရှောင်ထွက်သွားတယ်၊ အဲဒီလိုရှောင်ထွက်သွားတဲ့အကြောင်း မြင်းလှည်းမောင်းတဲ့လူ လျှောက်မပြောနိုင်အောင် သူ့ကို ခင်ဗျားနှုတ်ပိတ်သတ်ပစ်ခဲ့တယ်၊ အဲသည်ဖြစ်ရပ်တွေကို ကျုပ်အားလုံးမြင်တယ် ခင်ဗျား ဘာငြင်းမလဲ၊ အဲသည်အတွက် ခင်ဗျားကို ကျုပ်ကောင်းကောင်းကြီး ဆုံးမချင်တယ်"

ရှောင်ယီသည် ပြောပြောဆိုဆိုပင် ကျန်းပျန့်ဟုန်ဆီသို့ ခုန်ဝင်လာပြီး လက်သီးဖြင့်ထိုးလေတော့သည်။

ကျန်းပျန့်ဟုန်သည် ရှောင်ယီ၏ ကလေးကလား လက်သီးများကို ရှောင်ရှား၍သာနေသည်။ ပြန်၍မတိုက်ခိုက်ချေ။

"မင်းမဟုတ်တာတွေ မစွပ်စွဲနဲ့၊ မင်းစကားကို ဘယ်သူမှ မယုံဘူး"

ရှောင်ယီက ရယ်မောလေသည်။

"ကျုပ်မှာ သက်သေရှိတယ်၊ ပြစရာသက်သေရှိရင် ဘယ်သူ မယုံဘဲနေမှာလဲ"

ကျန်းပျန့်ဟုန်က ရယ်ရင်း...

"မင်းမှာ ဘာသက်သေပြစရာရှိလဲ"

ရှောင်ယီက အသံကျယ်ကျယ်ဖြင့်...

"ပြောပြမယ်၊ မြင်းလှည်းမောင်းသမားဟာ ခင်ဗျား ဓားတစ်ချက်အထိုးခံရပေမယ့် ကံကောင်းထောက်မစွာ မသေခဲ့ဘူးဗျ"

ကျန်းပျန့်ဟုန် မျက်နှာပျက်သွားလေသည်။

ရှောင်ယီက ရုတ်တရက် နောက်သို့ခြေသုံးလေးလှမ်းခန့် ဆုတ်သွားပြီး အော်ပြောလိုက်သည်။

"ဟိုမှာကြည့်စမ်း၊ သူလာနေပြီ၊ မြင်းလှည်းသမားပေါ့"

သိုင်းလောကသားများ အားလုံး ရှောင်ယီလက်ညှိုးညွှန်ပြရာသို့ လှည့်ကြည့်မိကြသည်။

ကျန်းပျန့်ဟုန်ကမူ အေးစက်စက်ဖြင့် ရယ်သွမ်းသွေးလိုက်၏။

"မင်း ငါ့ကိုလိမ်လို့မရပါဘူး၊ ဟား...ဟား...ဟား"

သို့သော် ကျန်းပျန့်ဟုန် စကားဆက်မပြောနိုင်တော့ချေ။ သူ့စကားမှားသွားသည် မဟုတ်ပါလော။ သူ့မျက်နှာတစ်ပြင်လုံး ဖြူရော်သွားလေသည်။

ထိုအခါ ရှောင်ယီက ကျယ်လောင်စွာ ရယ်မောပါတော့သည်။

"ကျုပ်ခင်ဗျားကို လိမ်လို့မရဘူးဆိုတာ အမှန်ပဲ၊ သူများတွေ အားလုံးလှည့်ကြည့်ကြတယ်၊ ခင်ဗျားတစ်ယောက်ထဲပဲ လှည့်မကြည့်ဘူး၊ ဒါဟာ ခင်ဗျားသတ်ခဲ့တဲ့လူ လုံးဝ အသက်ပြန်ရှင်မလာဘူးဆိုတာ ခင်ဗျား ကျိန်းသေသိနေတယ်ဆိုတဲ့သဘောပဲ"

ကျန်းပျန့်ဟုန်ကို သိုင်းလောကသားများက ဝိုင်းကြည့်ကြ၏။

အကဲခတ်သည့်သဘောပင်။ ကျန်းပျန့်ဟုန်သည် ဟွာဟူချွန်ကို လှမ်းပြောသည်။

"ညီလေးဟွာဟူချွန်၊ ညီလေး သူပြောတာကိုယုံသလား၊ အခြေအမြစ်မရှိဘူး၊ သက်သေမရှိတဲ့ စကားကိုယုံသလား"

ဟွာဟူချွန် သက်ပြင်းချလိုက်သည်။ သူသည် ဤကိစ္စကို

ဆတ်လိုပုံမရတော့ပေ။

"တဲပါဗျာ...သည်ကိစ္စကို မပြောဘဲထားလိုက်ကြပါနို့"

ရှောင်ယီက လက်မခံချေ။

"ဘယ်ဖြစ်မလဲ...ကျုပ်ကတော့ သည်ကိစ္စကို ပေါ်ထွက်ရမှာ ပဲဟွာဟူချွန်၊ သည်ကိစ္စမှာ မင်းဘယ်ဘက်ကနေမှာလဲ ရှင်းရှင်းပြော"

ဟွာဟူချွန်က...

"ခင်ဗျားတို့နှစ်ယောက်ကိစ္စ ခင်ဗျားတို့ပဲရှင်းဗျာ၊ ကျုပ်ဘယ်သူ့ဘက်မှ ဝင်မပါတာ အကောင်းဆုံးပေါ့"

ရှောင်ယီက အားလုံးကို အသိပေး တိုင်တည်လိုက်လေသည်။

"ကောင်းပြီ- ကျုပ်တို့ကိစ္စ ကျုပ်တို့ရှင်းမယ်၊ ဘယ်သူမှ ဝင်မပါကြနဲ့"

ထိုသို့ပြောပြီးသည်နှင့် ရှောင်ယီသည် ကျန်းပျန့်ဟုန်ကို ဆက်လက်တိုက်ခိုက်လေတော့သည်။ ကျန်းပျန့်ဟုန်သည် စောစောက ရှောင်ယီ၏ တိုက်ခိုက်မှုများကို ကောင်းစွာရှောင်ရှားနိုင်ခဲ့သဖြင့် ရှောင်ယီကို အထင်မကြီးချေ။

သူသည် ရှောင်ယီ၏တိုက်ကွက်များကို ခပ်အေးအေးရင်ဆိုင်သည်။ ရှောင်ယီကား ကျန်းပျန့်ဟုန်ကို တရကြမ်း ထိုးနက်တိုက်ခိုက်လျက်ရှိသည်။

စားပွဲနှင့်စားပွဲခုံများ လဲပြိုကုန်သည်။ ရှောင်ယီကန်ကျောက်ပစ်သဖြင့် စားသောက်ခန်းမအလယ်တွင် ကွက်လပ်ကလေးတစ်ခုလို ဖြစ်သွားသည်။ တိုက်ပွဲတိုက်ရန် သို့မဟုတ် သိုင်းပညာယှဉ်ပြိုင်ရန် တမင်ပြင်ဆင်ထားသလိုပင်ဖြစ်သွားသည်။

ကျန်းပျန့်ဟုန်၏စိတ်ထဲ၌ ကြိတ်၍ရယ်မောမိလေသည်။



"ရာရာစစ၊ ကလေကလွင့်ကောင်ကများ ငါ့လိုလူကို လာဖမ်း ရတယ်လို့"

ကျန်းပျန့်ဟုန်သည် ရှောင်ယီကို ပြန်လည်ခုခံသည်။

ရှောင်ယီသည် လက်ဝါးသိုင်းကွက်ဖြင့် ပြန်လည်တိုက်ခိုက်၏။ သုံတစ်ပြန် ကိုယ်တစ်ပြန်တိုက်ခိုက်လာသဖြင့် တိုက်ပွဲသည် အနည်းငယ်စိုပြည်လာသည်။

လက်ဝါးရိုက်ချက်၊ လက်သီးထိုးနက်ချက်များကြောင့် ဝှီးခနဲ ဝှစ်ခနဲ လေဟပ်သံတွေ ထွက်ပေါ်လာသည်။

ကျန်းပျန့်ဟုန်၏ ဟန်ပန်က အေးအေးဆေးဆေးရှိသလောက် ရှောင်ယီမှာ အသေအစုလဲတိုက်ခိုက်နေရသည်။

ဟွာဟူချွန်၏မျက်လုံးများပင် မြင့်တက်လျက်ရှိနေလေသည်။

အဘယ်မှာလျှင် မအံ့သြဘဲရှိပါမည်နည်း။ အံ့သြရမည်ပေါ့။

ရှောင်ယီသည် ကျန်းပျန့်ဟုန်ကို တစ်ချက်ကလေးမှ ထိအောင်တိုက်ခိုက်နိုင်ဘဲ ရှိနေသည်မဟုတ်ပါလော။

ကျန်းပျန့်ဟုန်ကမူ ခံစစ်ကိုသာ ဦးစားပေးထားသည်။ ရှောင်ယီ၏ အမောတကောတိုက်ကွက်များကို အသာအယာပင် ဖယ်ထုတ်ပစ်နေသည်။

အခန်းထဲရှိသိုင်းသမားများကမူ သူတို့ လေးစားကြည်ညိုရင်းနှီးသည့် ကျန်းပျန့်ဟုန်ကိုသာ အားမလိုအားမရ အော်ဟစ်အားပေးနေကြသည်။ ကျန်းပျန့်ဟုန်မှာ သိုင်းလောကကိုခါးစောင်းတင်ရန် ကြိုးစားနေသူဖြစ်၍ သိုင်းသမားအားလုံး သူ့ကိုအားပေးနေမှန်း ကောင်းစွာသိရှိ၏။

မိမိသာ ရှောင်ယီကို အနိုင်တိုက်ပြီး ဒဏ်ရာအနာတရပြုလုပ်

နိုင်ပါက ရောင်ယီစွပ်စွဲထားသော လူသတ်မှု ပပျောက်သွားနိုင်ကြောင်း သူကောင်းစွာသိသည်။ သူသည် မေတ္တာတရား၊ သစ္စာတရားကြီးမားသော သိုင်းသမားကြီးဟု သိုင်းလောက၌ နာမည်ကောင်းရနေသူ မဟုတ်ပါလော။

ကျန်းပျန့်ဟုန်က အသံခပ်ကျယ်ကျယ်ဖြင့် အော်ပြောလိုက်၏။

"သိုင်းလောကမိတ်ဆွေအားလုံး အမြင်ပဲနော်၊ ကျုပ်ကို ဟော ဒီကောင်လေးကစပြီး ရန်ပြုတာပါ၊ ကျုပ်က သူ့ကို စတင်စော်ကားတာ မဟုတ်ပါဘူး၊ ကျုပ်လုပ်လို့သူတစ်ခုခုဖြစ်ရင် ကျုပ်အဆိုးမဟုတ်ဘူး"

"ဟုတ်တယ်…ဟုတ်တယ်၊ ဆရာကြီးကျန်းရဲ့ အဆိုးမဟုတ်ဘူး၊ ဒီကောင်လေးကစပြီး ရန်စတာပါ"

သိုင်းလောကသားအချို့က အော်ဟစ်ထောက်ခံကြလေသည်၊ အချို့ကမူ…

"ဆရာကြီးကျန်း ဆုံးမပါ၊ လူကြီးသူကြီးမှန်းမသိတဲ့ လူရှုပ်ကားလေးကို ဆုံးမပါ"

ထိုသူကား ရောင်ယီရိုက်ပုတ်တွန်းထုတ်လိုက်သဖြင့် လွင့်စဉ်လဲကျသွားသည့် သိုင်းသမားသာဖြစ်ပါသည်။ သူတို့သည် ရောင်ယီ အရေးနိမ့်နေခိုက် ဝင်၍ဆုံးမချင်ကြသည်။ သို့သော် ပြောစရာဖြစ်မည်စိုးသဖြင့် ဝင်မတိုက်နိုက်ကြချေ။ သူတို့စိတ်ထဲ၌ ရှိနေသည့်အရာကို နှုတ်မှထုတ်ပေါ်ပြီး ပြောနေကြခြင်းဖြစ်သည်။

ရောင်ယီမှာ ကျန်းပျန့်ဟုန်လို စကားမပြောနိုင်ချေ။ သူသည် ကျန်းပျန့်ဟုန်ကို အနိုင်ရရှိရန်သာ အာရုံစိုက်နေလေသည်။ သို့စေကာမူ ကျန်းပျန့်ဟုန်၏ စကားပြောရင်း တစ်ခါတစ်ရံ တိုက်စစ်ပြုသည့် လက်သီးများကို ပုံပျက်ပန်းပျက် ရှောင်နေရသည်။



သိုင်းကွက်သုံးဆယ်ကျော်သောအခါ ရောင်ယီမှာ အသာစီးမရတော့ဘဲ အရေးနိမ့်စပြုလာလေတော့သည်။

ကျန်းပျန့်ဟုန်သည် ရောင်ယီ၏သိုင်းပညာ ဘာမျှ ဟုတ်တိပတ်တိ မရှိသည်ကိုတွေ့ရသောအခါ လွန်စွာဝမ်းသာနေ၏။ ရောင်ယီသည် မိမိ၏ပျက်စီးရာပျက်စီးကြောင်းကို ရန်ငြိုးရန်စမရှိဘဲ ဗလာချီးကူးပေးနေသည်ဟု ယူဆသည်။

ယခုလို အခွင့်အရေးကောင်းရတုန်း အသေသတ်မပစ်လိုက်လျှင် တစ်မီးအေးသည်။ တစ်ရန်အေးသည်ဟု ယူဆလိုက်သည်။

"မင်းဟာ အသက်ကလဲငယ်သေးတယ်၊ သိုင်းပညာအဆင့်လဲ နိမ့်လှသေးတယ်၊ မင်း ငါ့ကို ဒူးထောက်တောင်းပန်မယ်ဆိုရင်တော့ မင်းကို ငါခွင့်လွှတ်ပါ့မယ်"

ကျန်းပျန့်ဟုန်သည် ရောင်ယီ၏ပုံစံကိုကြည့်ပြီး ဤသတ္တဝါကား ငါ့ကို အသေသတ်လိုနေသူသာဖြစ်သည်။ ငါမည်သို့ အလျှော့ပေးပေး နောက်ဆုတ်မည့်သူ မဟုတ်။ ထို့ကြောင့် သိုင်းလောကအမြင်၌ ငါသိက္ခာတက်အောင် ထပ်လုပ်ရမည်ဟုယူဆပြီး ထိုစကားကို ပြောခြင်းဖြစ်သည်။

ရောင်ယီမှာ မောဟိုက်နေလေပြီ။ စကားပြန်မပြောနိုင်တော့ချေ။ စင်စစ် ရောင်ယီမှာ တမင်သက်သက် ဟန်ဆောင်နေခြင်းသာသည်။ သူဆင်သောအကွက်ထဲသို့ မြေခွေးကြီးကျန်းပျန့်ဟုန် တိုးဝင်နေပါလေပြီ။

"မင်း ပြောလို့မရတော့ဘူးပေါ့ဟုတ်လား"

ကျန်းပျန့်ဟုန်က ထပ်မံအော်လိုက်သည်။

"ဟောဒီမှာ ဒီတစ်ကွက်ကို မင်း သတိထားပြီး ရှောင်စမ်း၊

ဒီအကွက်က မင်းရင်ကို ပွင့်ထွက်သွားစေနိုင်တယ်ကွ"

ကျန်းပျန့်ဟုန် ရှောင်ယီကို အထင်သေးစွာဖြင့် သူတိုက်မည့် အကွက်ကိုပင် ထုတ်ဖော်ပြောလိုက်သည်။

ရှောင်ယီအဖို့ မဟာအခွင့်ကောင်းကြီးပေတည်း။

ကျန်းပျန့်ဟုန်သည် အလန့်တကြား သိရှိလိုက်ရသည်မှာ အလွန် အင်အားကြီးသော အရှိန်အဟုန်တစ်ခုသည် သူ့ထံတိုးဝင်လာခြင်း ဖြစ်တော့သည်။ ဝုန်းခနဲအသံကြီးပင် ထွက်ပေါ်လာလေသည်။

ကျန်းပျန့်ဟုန်မှာ ရှောင်ယီ၏ ရင်ဝသို့ မရိုက်မိဘဲ လေကိုသာ ရိုက်မိလိုက်လေသည်။ ရှောင်ယီ၏လက်ဝါးကမူ သူ့ရင်ဝဆီသို့ အရှိန် ပြင်းစွာ ဝင်လာတော့သည်။ ကျန်းပျန့်ဟုန်မှာ နောက်သို့ လွင့်စဉ်ထွက် သွားတော့သည်။ ရှောင်ယီ၏ လက်ဝါးရိုက်ချက်မှာ အလွန်ပြင်းထန် လှသည်။ အတွင်းအားများကို စုစည်းရိုက်ချလိုက်ခြင်းဖြစ်၍ ကျန်းပျန့် ဟုန်မှာ မည်သို့မျှ သက်သာခွင့်မရတော့ပေ။

ကျန်းပျန့်ဟုန်လွင့်လာသော အရှိန်အဟုန် မည်မျှပြင်းထန် သနည်းဟူမူ ကျန်းပျန့်ဟုန်နောက်၌ရပ်နေသူ လူငါးဦးပင် ကျန်းပျန့်ဟုန် နှင့်အတူ လွင့်စဉ်လဲပြိုကုန်လေသည်။

ကျန်းပျန့်ဟုန်ဘက်မှ အားပေးနေကြသော သိုင်းသမားများမှာ မျက်လုံးများပြူးကုန်တော့သည်၊ ပါးစပ်တွေ အဟောင်းသားဖြစ်ကုန် တော့သည်။ ရှောင်ယီသည် တဟားဟားအော်ဟစ်ရယ်မောပြီးနောက် လှေ ကားမှ တဒုန်းဒုန်းပြေးဆင်းသွားလေတော့သတည်း။

❀ ❀ ❀



အခန်း(၁၀၅)

## လျှို့ဝှက်သူ လူထူးလူဆန်း

ရှောင်ယီသည် သူတစ်ဦးတည်း တည်းခိုသည့်ဂေဟာသို့ ပြန် လာသည်။ သူ့အခန်းထဲပြန်ရောက်ပြီး အိပ်ရာပေါ်လှဲချကာ အနားယူလိုက်၏။ သူအနားယူပြီဆိုလျှင် ဤသို့ပင် ထိထိရောက်ရောက် အနားယူတတ် ပေသည်။ အကျိုးရှိအောင်၊ အရာရောက်အောင် အနားယူတတ်သည်။ သူ့အားအင် ပြန်လည်ပြည့်ဝပြီဟု ယူဆသောအခါ ထလေသည်။

သူသည် အခန်းတံခါးနှင့် ပြတင်းပေါက်များ အလုံပိတ်ထား သည့်အခန်းကို အလွန်စိတ်ဝင်စားနေသည်။

ကျန်းပျန့်ဟုန်သည် ထိုအခန်းထဲမှ ထွက်လာခြင်းမဟုတ်ပါ လော။ ထိုအခန်းထဲတွင်နေထိုင်သူ အခြားတစ်ယောက်သည် မည်သူ ပေနည်း။

ထိုအခန်းထဲတွင် မီးထွန်းထားသည်။ သို့သော် လူရိပ်လူယောင် ကိုမူ မတွေ့မြင်ရချေ။ ရှောင်ယီသည် ဘေးဘီအခန်းများကို အကဲခတ် ပြီး တံခါးပေါက်အနီးသို့ ချဉ်းကပ်သွားလေတော့သည်။

ထို့နောက် မလှုပ်မယှက်ငြိမ်သက်စွာ နားစွင့်လိုက်သည်။ အိပ် ခန်းထဲမှ မည်သည့်အသံဗလံမျှ ထွက်ပေါ်သည်ကို မကြားရချေ။

အိပ်ခန်းထဲမှလူ အိပ်ပျော်နေသည်လော။ သို့မဟုတ် အပြင် ထွက်သွားလေသလော မသိပါ။ သို့မဟုတ် ပြောင်းရွှေ့သွားပြီလော။

သို့သော် အိပ်ခန်းထဲတွင် မီးရောင်ရှိနေသေးသည်။ ထို့အချက် ကြောင့် ရောင်ယီ ဆက်လက်စောင့်ကြည့်နေလိုက်သည်။ စောင့်ရင်း စောင့်ရင်းနှင့် သောင်းညာလာသည်။ စိတ်လျှော့ချင်သလိုပင် ဖြစ်လာ သည်။

ထိုစဉ် တည်းခိုဂေဟာမှ အလုပ်သမားတစ်ဦးသည် လက်တစ် ဖက်မှ မီးအိမ်ကိုကိုင်ပြီး အခြားလက်တစ်ဖက်မှ ရေနွေးကရားကြီး တစ်လုံးကိုကိုင်ကာ သူတို့အခန်းများဆီသို့ ရှေ့ရှုတက်လာနေသည်။

ထိုအလုပ်သမားကား အိမ်ခန်းများဆီသို့ ရေနွေးကြမ်းလိုက် ဖြည့်ပေးနေသည့်လူငယ်အလုပ်သမားသာဖြစ်လေသည်။ ရောင်ယီ တို့အခန်း၌-အလင်းရောင်ကိုတွေ့မြင်ရသဖြင့် ရေနွေးဖြည့်ရန် တက်လာ ခြင်း ဖြစ်ဟန်တူသည်။ ရောင်ယီ ပုန်းရှောင်နေလိုက်သည်။

ထိုလူငယ်က ကျန်းပျန့်ဟုန်၏အခန်းရှေ့၌ရပ်ကာ…

"ရေနွေးကြမ်းယူဦးမလားခင်ဗျာ"

ကျန်းပျန့်ဟုန်အခန်း၌ကား ငြိမ်သက်နေသည်။ မည်သည့် ထူးသံမှလည်း မကြားရချေ။

လူငယ်အလုပ်သမားသည် နောက်ထပ် တစ်ကြိမ် နှစ်ကြိမ် မေးမြန်းပြီး မည်သည့်အဖြေမှမရသဖြင့် ရှေ့ဆက်လျှောက်သွားလေ၏။ ထိုလူငယ်သည် ထိုအခန်းရှေ့မှမထွက်ခွါမီ နှုတ်မှမြည်တွန် တောက် တီးခြင်းတော့ ပြုသွားပေသေးသည်။

"ဒီအခန်းထဲကလူဟာ ထမင်းလဲမစား၊ ရေနွေးကြမ်းလဲမ သောက်နဲ့ တစ်နေကုန် တစ်နေခန်း အခန်းထဲမှာပိတ်ပြီး နေနေတယ်၊ ဗိုက်မဆာ ရေမငတ်ဘူးလားမသိဘူး"



ထိုအလုပ်သမားလူငယ် ရေရွတ်ပြောဆိုသွားသည့် စကားသည် ရောင်ယီအတွက် အထူးပင်အသုံးဝင်သည်။ ထိုအခန်းထဲမှ လူသည် လျှို့ဝှက်နေထိုင်လိုသဖြင့် အခန်းအောင်းနေခြင်းသာဖြစ်ရမည်။

ထိုလူသည် ကျန်းပျန့်ဟုန်နှင့်ဆက်သွယ်ပြီး မဟုတ်မဟပ် အကြံအစည်များ ပြုလုပ်နေသူဖြစ်နိုင်ပေသည်။ ကျန်းပျန့်ဟုန်သည် လူကောင်းတစ်ယောက်မဟုတ်ကြောင်း ရောင်ယီက ကောင်းစွာ သိထား ခဲ့ပြီးဖြစ်လေသည်။

ထိုစဉ် လူရိပ်တစ်ခုသည် အခန်းအနီးသို့ အလွန်ပေါ့ပါးစွာ ချဉ်းကပ်လာသည်ကို ရောင်ယီတွေ့ရလေသည်။ ထိုလူသည် ကိုယ်ဖော့ ပညာ အလွန်ဆင့်မြင့်ကြောင်း တွေ့ရသည်။ ထိုလူသည် ချက်ချင်းလိုလို အခန်းဝရှေ့သို့ ရောက်ရှိလာလေသည်။

အခန်းတံခါးလှုပ်ရှားသံ ခပ်တိုးတိုးထွက်ပေါ်လာပြီး ထိုလူဝင် ရောက် ပျောက်ကွယ်သွားသည်။ ရောင်ယီ ဂရုစိုက်စောင့်ကြည့်နေ၍သာ ထိုလူပြန်ဝင်လာခြင်းကို သိခွင့်ရခြင်းဖြစ်သည်။ ထို့နောက် ထိုအခန်းမှာ တိတ်ဆိတ်ငြိမ်သက်မြဲ ငြိမ်သက်နေပြန်တော့သည်။

ရောင်ယီ မျက်မှောင်ကြုတ်သွား၏။ ကိုယ်ဖော့ပညာအလွန် ကောင်းသော ထိုလူသည် ဤအခန်းထဲတွင် လျှို့ဝှက်စွာ နေထိုင်သော သူပင်ဖြစ်ရပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ယခုဝင်လာသူမှာ ကျန်းပျန့်ဟုန် မဟုတ်ကြောင်း သေချာနေသောကြောင့်တည်း။

ထိုလူ အပြင်ထွက်သွားပြီး ယခုမှ ပြန်လာခြင်းဖြစ်ကြောင်း သိရပေသည်။ စောစောက သူ အရဲစွန့်ပြီး ထိုအခန်းထဲဝင်မရှာခဲ့ခြင်းကို နောင်တရမိသည်။ အခန်းထဲဝင်ရှာပါက တစ်စုံတစ်ခုသော သဲလွန်စကို ရှိပေလိမ့်မည်။ ကျန်းပျန့်ဟုန်နှင့်ထိုလူ မည်သို့ဆက်သွယ်ပြီး မည်သည့်

မကောင်းမှုများ ပြုလုပ်နေကြောင်း သက်သေပစ္စည်းတစ်ခုခုရပါက ပွာဟူချွန်ကို ဤကိစ္စ၌ မုချအသုံးချနိုင်ပေမည်။

ရှောင်ယီစဉ်းစားနေစဉ် နောက်ထပ် လူရိပ် တစ်ရိပ်သည် ထိုအခန်းဆီသို့ ချဉ်းကပ်လာပြန်သဖြင့် ရှောင်ယီ နောက်ဆုတ်လိုက်ရပြန်သည်။ ထိုသူသည် အနက်ရောင် သိုင်းဝတ်စုံကို ဝတ်ဆင်ထားပြီး ခမောက်တစ်လုံးကို ခပ်ငိုက်ငိုက်ဆောင်းထားသည်။

ခမောက်အရိပ်က သူ့မျက်နှာကိုကွယ်နေသဖြင့် ထိုလူ၏မျက်နှာကို မတွေ့မြင်ရချေ။ ထိုလူသည် နိုးကြောင်ခိုးဝှက် ဟိုကြည့် သည်ကြည့်နှင့်ဝင်လာသည်။

ထိုလူသည် ထိုအခန်းတံခါးဝသို့ ရောက်သည်နှင့် ချောင်းတစ်ချက်ဟန့်လိုက်သည်။ ထို့နောက် တံခါးကို လက်ညှိုးနှင့်နှစ်ချက် ခပ်ဖြည်းဖြည်းခေါက်လိုက်သည်။

''ဘယ်…သူလဲ''

ထိုဝတ်စုံနက်နှင့်လူက အသံကိုနှိမ့်ပြီးပြောသည်။

''ကျွန်တော်ပါ''

ထိုအသံကို ရှောင်ယီကောင်းစွာ ကျက်မိပါသည်။ ထိုအသံရှင်ကား ကျန်းပျန့်ဟုန်ပင်ဖြစ်ပါသတည်း။ ကျန်းပျန့်ဟုန် ပြန်လာပေပြီ၊ ညှိခံပွဲတွင် အရှက်ကွဲပြီးသည့် ကျန်းပျန့်ဟုန် ပြန်လာခဲ့ပေပြီ။ ရှောင်ယီ တုန်လှုပ်သွားသည်။ ထိုအချိန်မှာပင် တံခါးလည်းပွင့်သွားသည်။ ကျန်းပျန့်ဟုန်လည်း လစ်ခနဲဝင်သွားသည်။

''အင်း…ငါ့အဖို့ သူတို့ဘာပြောသလဲဆိုတာ ချောင်းပြီး နားထောင်ဖို့ပဲရှိတော့တယ်''

ရှောင်ယီကကျိတ်၍ပြောလိုက်ပြီး အခန်းအနီးသို့ကပ်ကာ နား



ထောင်နေလေတော့သည်။

''ဒီနေ့…ကျွန်တော် ထူးခြားတဲ့ကိစ္စတစ်ရပ်ကို တွေ့ကြုံခဲ့ရပါတယ်''

''ဘာကိစ္စလဲ''

ကျန်းပျန့်ဟုန်၏အသံက….

''ရဲ့နန်းထင် မသေပါဘူး၊ သိုင်းလောကမှာ သူပြန်လည်ထွက်ပေါ်လာပြန်ပြီ''

ထိုလူ၏အသံက ခပ်အေးအေးဖြင့်…

''ရဲ့နန်းထင် သိုင်းလောကမှာ ပြန်လည်ထွက်ပေါ်လာတာဘာဖြစ်လဲ၊ ဘာများ ကြောက်စရာလိုသလဲ၊ ဟဲ…ဟဲ…ဟဲ''

ကျန်းပျန့်ဟုန်လည်း ရှေယောင်၍ရယ်သံနှောကာ…

''ဆရာကြီးရဲ့သိုင်းပညာဟာ ရဲ့နန်းထင်ကို ကောင်းကောင်းနှိမ်နင်းပစ်လိုက်နိုင်တယ်ဆိုတာရယ်၊ ရဲ့နန်းထင်ကို ဆရာကြီးက လုံးဝအမှုမထားဘူးဆိုတာရယ်ကို ကျွန်တော် ကောင်းကောင်းသိပါတယ်''

ထိုလူက…

''ရဲ့နန်းထင် မသေတာအကောင်းဆုံးပဲ၊ သူသေသွားရင် ကျုပ်အတွက် သိုင်းလောကဟာ ဘာမှအဓိပ္ပါယ်မရှိဘဲ ဖြစ်သွားလိမ့်မယ်''

ရှောင်ယီ နားထောင်လေ အံ့သြထိတ်လန့်လေ ဖြစ်လာသည်။ ထိုလူသည် ရဲ့နန်းထင်ကို လုံးဝကြောက်လန့်မှုမရှိရုံမျှမက ရဲ့နန်းထင်ကိုပင် ရင်ဆိုင်ရန်ဆန္ဒရှိနေသေးကြောင်း သိလိုက်ရသောကြောင့်ဖြစ်သည်။

သူ မကြောက်မည့်သာ မကြောက်ခြင်းဖြစ်သည်။ သိုင်းလောကပြင်ဘက်ကင်း ရဲ့နန်းထင်၏သိုင်းပညာသည် အံ့သြဖွယ်ကောင်းလောက်အောင် တိုးတက်နေသည်။ ဤသည်မှာ သူ မလှုပ်နိုင် မရှားနိုင်သာဆေးပုလင်းကြီးဘဝ ငုတ်တုတ်ထိုင်နေစဉ် ဤကာလများအတွင်း

သိုင်းကွက်အသစ်များကို တီထွင်စဉ်းစားခဲ့သောကြောင့်လည်း ဖြစ်နိုင်ပေသည်။ သိုင်းလောကတွင် ရဲ့နန်းထင်နှင့် မည်သူမျှမယှဉ်ပြိုင်လိုကြပေ။ ဤသည်မှာ လွန်ခဲ့သည့်ဆယ့်ရှစ်နှစ် ဆယ့်ခုနစ်နှစ်ကပင် ရှိခဲ့သည့်အခြေအနေဖြစ်သည်။

ထိုစဉ် ကျန်းပျန့်ဟုန်၏အသံ ဆက်လက်ထွက်ပေါ်လာသည်။

"ဆရာကြီး ရဲ့နန်းထင်အပြင် ကျန်းရှောင်ယီဆိုတဲ့ လူငယ်သိုင်းသမားလည်း အခုထွက်ပေါ်နေပြန်ပြီခင်ဗျာ"

"သူ့ကို ခင်ဗျားတွေ့ဖူးလို့လား"

"တွေ့ဖူးရုံ ဘယ်ကမလဲ၊ ကျန်းရှောင်ယီနဲ့ ကျွန်တော် တိုက်ခိုက်ယှဉ်ပြိုင်ခဲ့ပါသေးတယ်"

"ကျန်းရှောင်ယီရဲ့သိုင်းပညာအဆင့် ဘယ်လိုရှိသလဲ၊ ဟွာဟုချွန်နဲ့စာရင် ဘယ်သူမြင့်သလဲ"

"ဟွာဟုချွန်ကို မီဖို့ကတော့ မလွယ်တဲ့ကိစ္စပါ"

"ကျန်းရှောင်ယီရဲ့ သိုင်းပညာအဆင့်ဟာ ဟွာဟုချွန်ကိုတော့ မမီပါဘူး၊ ဒါပေမယ့် ကျန်းရှောင်ယီဟာ အင်မတန်ဉာဏ်များပါတယ်၊ သူဟာ သိုင်းပညာနဲ့ တစ်ဖက်သားကိုအနိုင်ယူတာမဟုတ်ပါဘူး၊ ဉာဏ်နဲ့အနိုင်ယူတာပါ၊ သူ့ကို ပေါ့ပေါ့ဆဆ သဘောထားလိုက်တာနဲ့ ဒီလူသေပြီမှတ်လိုက်ပါတော့"

ထိုလူက ခပ်အုပ်အုပ် ရယ်မောလေတော့သည်။

"ကျုပ်က ကျန်းရှောင်ယီအဆင့် သိပ်မြင့်နေမှာကိုပဲ စိုးတယ်၊ သူ့ဉာဏ်များတာကိုတော့ ကျုပ်မမှုပါဘူး"

အတန်ငယ် တိတ်ဆိတ်သွားသည်။ ပြီးမှ ထိုလူ၏အသံ ဆက်လက်ထွက်ပေါ်လာလေသည်။

"ကျန်းရှောင်ယီ ဘယ်လိုပဲစွမ်းစွမ်း ခင်ဗျား စိုးရိမ်စရာမရှိပါ



ဘူး၊ သူ့ကို ဟွာဟုချွန်ကအပြတ်ရှင်းလိမ့်မယ်"

ကျန်းပျန့်ဟုန်ထံမှ သက်ပြင်းချသံထွက်ပေါ်လာသည်။

"ဒါပေမယ့် အခု ဟွာဟုချွန်နဲ့ ကျန်းရှောင်ယီဟာ မိတ်ဆွေသူငယ်ချင်းဖြစ်သွားကြပြီ၊ ကျွန်တော် သိပ်အံ့သြနေမိတယ်ခင်ဗျာ"

ထိုလူက အေးစက်စက်ရယ်လိုက်လေသည်။

"ဒီကောင်လေးနှစ်ယောက်ဟာ မကြာခင် တစ်နေ့ သူသေကိုယ်သေ တိုက်ခိုက်ယှဉ်ပြိုင်ကြမယ့် မဟာရန်သူနှစ်ယောက်ပါ၊ မိတ်ဆွေသူငယ်ချင်းဖြစ်တယ်ဆိုလဲ ခဏပါ၊ ခင်ဗျား ဘာမှစိုးရိမ်မနေပါနဲ့"

ကျန်းပျန့်ဟုန်က ရိုကျိုးစွာမေးလိုက်သည်။

"ကျွန်တော့်ကို ဆရာကြီး ဘာများအထူးမှာကြားချင်ပါသေးလဲ ခင်ဗျာ"

တစ်ဖက်မှ ညွှန်ကြားသူ၏လေသံသည် ရုတ်တရက် အသံနိမ့်ချသွားသည်။ လေသံတိုးလွန်းလှသဖြင့် ကျန်းပျန့်ဟုန်အား မည်သည့်အရေးကြီးအချက်များကို ညွှန်ကြားနေကြောင်း ရှောင်ယီ မကြားသိရတော့ပေ။

ကျန်းပျန့်ဟုန်ထံမှသာ ဟုတ်ကဲ့ချင်း မိုးမွှန်အောင် ကြားနေရတော့သည်။ ရှောင်ယီ အံ့သြသည့်အချက်မှာ ကျန်းပျန့်ဟုန်အား ညွှန်ကြားနေသည့် လျှို့ဝှက်သူသည် သူနှင့်ဟွာဟုချွန်တို့၏ပြဿနာကို အဘယ့်ကြောင့် သိနေရသည်ဟူသည့်အချက်ပင်။ ထို့ကြောင့် ရှောင်ယီသည် ပို၍နားစိုက်ထောင်သည်။ သို့သော်…

ကျန်းပျန့်ဟုန်ကို ညွှန်ကြားနေသော လျှို့ဝှက်သူ၏အသံမှာ တိုးညှင်းလွန်း...လှသဖြင့် ရှောင်ယီမှာ မည်သို့မျှ ကြိုးစား၍မရနိုင်ဘဲဖြစ်နေရသည်။ နောက်ဆုံးတွင် ကျန်းပျန့်ဟုန်က…

"အခု မှာကြားတဲ့ကိစ္စတွေကို ကျွန်တော် တာဝန်ကျေအောင်

ဆောင်ရွက်ပေးပါမယ်ခင်ဗျာ၊ ဆရာကြီးစိတ်ချနေပါတော့"

ထိုအခါမှ လှိုဏ်ဂူထဲမှ လူ၏မူလအသံကို ပြန်ကြားရတော့သည်။

"ဒီကိစ္စတွေဟာ ခင်ဗျားအတွက်လဲအကျိုးရှိပါတယ်၊ ခင်ဗျား ဂရုစိုက်ပြီးဆောင်ရွက်ရမယ်"

ကျန်းပျန့်ဟုန်က...

"ဆရာကြီး ကျွန်တော့်ကိုညွှန်ကြားသမျှ ကျွန်တော် ဆောင်ရွက်ပေးမှာပါ၊ ဆရာကြီးခေါ်ရင်လဲ ကျွန်တော် မပျက်မကွက် အရောက်လာမှာပါ၊ ဒါပေမယ့် ခုထက်ထိ ဆရာကြီးရဲ့အမျိုးအနွယ်နဲ့ နာမည်ကို ကျွန်တော် သိခွင့်မရသေးပါဘူး၊ တဆိတ်ကျေးဇူးပြုပြီး..."

"ကျုပ် ခင်ဗျားကိုလာခိုင်းရင် ခင်ဗျားမလာဘဲနေရလို့လား"

ကျန်းပျန့်ဟုန် အသံမထွက်တော့ချေ။ ထိုလူက မာထန်သောလေသံနှင့်ဆက်ပြောသည်။

"ကျုပ်နာမည်ကို ခင်ဗျားသိဖို့မလိုဘူး၊ ခင်ဗျားသိထားဖို့က တစ်ခုပဲရှိတယ်၊ ဒီလောကမှာ ကျုပ်ကလွဲရင် ခင်ဗျားကို အကူအညီပေးမယ့်လူ တစ်ယောက်မှမရှိဘူး၊ ကျုပ်မရှိရင် ခင်ဗျားဟာ သိုင်းလောကမှာ အသက်ရှင်လျက် ရပ်တည်နေနိုင်မှာ မဟုတ်ဘူးဆိုတဲ့အချက်ပဲ"

"ဟုတ်...ဟုတ်ကဲ့ မှန်ပါတယ်ဆရာကြီး"

ကျန်းပျန့်ဟုန်၏ ကြောက်ကြောက်ရွံ့ရွံ့ ဝန်ခံသံပေါ်ထွက်လာလေသည်။ ထိုလူက...

"ကဲ...အခု ခင်ဗျားပြန်နိုင်ပြီ၊ အချိန်ကျရင် ကျုပ်ခင်ဗျားကို လာရှာမယ်၊ ခင်ဗျားကို ဆောင်ရွက်ခိုင်းထားတဲ့ကိစ္စတွေကိုတော့ ခင်ဗျား ဂရုစိုက်ပြီးဆောင်ရွက်ပါ၊ အမှားအယွင်းတွေ ဖြစ်လာခဲ့ရင်တော့ ကျုပ်ကိုယ်တိုင် ခင်ဗျားကိုအပြစ်ပေးမယ်"

"ဟုတ်...ဟုတ်ကဲ့ အမိန့်အတိုင်းပါပဲခင်ဗျာ"



ရှောင်ယီသည် နားထောင်နေသော်လည်း ကျန်းပျန့်ဟုန်နှင့် စကားပြောနေသော လှိုဏ်ဂူထဲကလူ၏စစ်မှန်မှုကို စဉ်းစား၍မရဘဲဖြစ်နေ၏။

ရှောင်ယီ ပထမသိထားသည့်အချက်မှာ ကျန်းပျန့်ဟုန်သည် သူ့အစီအစဉ်နှင့်သူ သိုင်းလောကပျက်စီးအောင် သို့မဟုတ် သိုင်းလောက၌ သူ့သြဇာကြီးမားအောင် လုပ်နေသည့်အချက်ဖြစ်သည်။ ယခု မဟုတ်တော့ပေ။ ကျန်းပျန့်ဟုန်သည် ရုပ်သေးရုပ်သာ ဖြစ်နေလေပြီ။ ကြိုးဆွဲသူဆရာကြီးက ရှိနေလေပြီ။ ထိုစဉ် အိပ်ခန်းတံခါးပွင့်လာပြီး ကျန်းပျန့်ဟုန် ထွက်လာသည် ကိုတွေ့ရလေသည်။

ကျန်းပျန့်ဟုန် အင်အားချည့်နဲ့သလို ထွက်လာသည်။ သူသည် အရုပ်လေးမျက်နှာကို လှည့်ပတ်အကဲခတ်ပြီး သူ့အား မည်သူမျှ စောင့်ကြည့်နေခြင်းမရှိဟုယုံကြည်သောအခါမှ ကိုယ်ဖော့ပညာဖြင့် ပြေးထွက်သွားသည်။ ရှောင်ယီလည်း ပုန်းကွယ်သောနေရာမှ အသံမကြားအောင် ဂရုစိုက်ပြီး ထွက်လာရသည်။

အိပ်ခန်းထဲမှလူသည် သိုင်းပညာ၊ ကိုယ်ဖော့ပညာ အလွန်ကောင်းကြောင်း ရှောင်ယီသိထားသဖြင့် ဤသို့ ဂရုတစိုက်လှုပ်ရှားရခြင်းဖြစ်ပေသည်။ ရှောင်ယီသည် တည်းခိုဂေဟာမီးဖိုဆောင်သို့ ဝင်လိုက်သည်။ မီးဖိုဆောင်ထဲ၌ အလုပ်သမားတစ်ယောက်မျှ ရှိမနေချေ။ မီးဖိုမှ မီးမှာလည်း မငြိမ်းသေးချေ။ မီးဖိုပေါ်တွင်ကား ရေနွေးအိုးကြီး တစ်လုံး ပွက်ပွက်ဆူနေဆဲ...။

ရှောင်ယီသည် ရေနွေးအိုးကြီးကို မီးဖိုမှ မယူပြီး ခြေသံမြင်းမြင်းနင်းကာ ထွက်လာခဲ့သည်။ သူသည် လှိုဏ်ဂူရှိရာ အခန်းသို့ လျှောက်လှမ်းခဲ့လေသတည်း။

❧ ❧ ❧

အခန်း(၁၀၆)

## ကြေးမျက်နှာ သိုင်းသမား

ရှောင်ယီအခန်းတံခါးကို အသာအယာခေါက်လိုက်ပြီး မတိုးမကျယ် အသံပြုလိုက်လေသည်။

"ရေနွေးကြမ်းများ အလိုရှိပါသေးသလားခင်ဗျာ"

ရှောင်ယီသည် လျှို့ဝှက်သူ၏မျက်နှာကို တွေ့မြင်လိုသဖြင့် အလုပ်သမားအဖြစ် ဟန်ဆောင်လာခြင်းဖြစ်သည်။ လျှို့ဝှက်သူသည် မည်သူနည်း။ ထိုလူ၏မျက်နှာကိုတွေ့ရမှ ထိုလူ၏ ဇစ်မြစ်ကို ဖေါ်ထုတ်နိုင်ပေလိမ့်မည်။

သို့သော် အခန်းထဲမှ တုံ့ပြန်သံမပြုချေ။ ရှောင်ယီက နောက်ထပ်တစ်ကြိမ် ခေါ်ကြည့်သည်။ အခန်းထဲမှ ပြန်မထူးချေ။

ရှောင်ယီ မျက်မှောင်ကြုတ်လာမိသည်။ သူ ရေနွေးအိုး သွားယူနေခိုက် လျှို့ဝှက်သူသည် အခန်းထဲမှ ထွက်ခွါသွားပြန်ပြီလား မသိနိုင်ပေ။

ရှောင်ယီက တံခါးကို ဖြည်းဖြည်းတွန်းဖွင့်ကြည့်သည်။ တံခါးက မင်းတုတ်ချမထားသဖြင့် တကျိကျိအသံမြည်ကာ ပွင့်သွားသည်။

အခန်းထဲရှိ စားပွဲပေါ်တွင် မီးထွန်းထားသည်ကိုတွေ့ရသည်။



မီးအိမ်ဘေးတွင် လင်ဗန်းတစ်ချပ်ရှိသည်။ လင်ဗန်းထဲတွင် ကရားအိုးတစ်လုံးရှိပြီး ရေနွေးကြမ်းခွက် လေးလုံးရှိသည်။

ခုတင်ကို ရှောင်ယီလှမ်းကြည့်သည်။ ခုတင်ပေါ်တွင် စောင်၊ ခေါင်းအုံးတို့မှာ သေသေသပ်သပ်ရှိသည်။ ထိကိုင်အသုံးပြုထားသည့် လက္ခဏာကိုမတွေ့ရပေ။

ထိုလျှို့ဝှက်သူသည် ဤအခန်းကို စတည်းချရန် ငှါးရမ်းခြင်း မဟုတ်ပေ။ ကျန်းပျွန့်ဟုန်နှင့်စကားပြောရန်အတွက် ငှါးရမ်းထားခြင်း ဖြစ်ဟန်တူသည်။ ကျန်းပျွန့်ဟုန်လာလျှင် သူရောက်ရှိနေသည်။ ကျန်းပျွန့်ဟုန်ပြန်သွားလျှင် သူလည်း ထွက်ခွါသွားသည်။

လက်ဖက်ရည်ကြမ်းကိုပင် သောက်သွားဟန်မရှိပေ။

ရှောင်ယီသည် သေချာစေရန်နှင့်ပြဿနာဖြစ်လာပါက ဖြေရှင်းနိုင်ရန် စကားလမ်းခင်းလိုက်သည်။

"ကရားအိုးထဲမှာ ရေနွေးကြမ်းကုန်နေပြီလားမသိဘူး၊ သွားဖြည့်ပေးထားရင်ကောင်းမယ်၊ ဒါမှ ဧည့်သည်ပြန်လာရင် ရေတော်ပြေသောက်နိုင်မယ်"

ရှောင်ယီသည်ပြောရင်း ဆိုရင်း အခန်းထဲသို့ ခြေလှမ်းမှန်မှန်ဖြင့် တစ်လှမ်းချင်း လှမ်းဝင်သွားလေတော့သည်။ ဤသို့ မင်သေသေလုပ်ရသည့်ကိစ္စမျိုးတွင် ရှောင်ယီသည် မည်သည့်အခါမျှ အလုပ်သမားမဟုတ်ဟု ပြောရမည်မဟုတ်ချေ။

အခန်းထဲသို့ ရောက်သွားသည်နှင့် ရှောင်ယီသည် ထူးခြားသောအနံ့တစ်မျိုးကို ရှူရှိုက်မိသည်။ ထိုအနံ့က မွှေးကြိုင်လှသည်။ ရှောင်ယီသည် ထိုအနံ့အသက်မျိုးကို ယခင်က တစ်ကြိမ်တစ်ခါမှ မရှူရှိုက်ခဲ့ရဘူးချေ။

ထိုမွှေးရနံ့သည် ရှူရှိုက်လေလေ ထပ်မံ၍ အားရပါးရ ရှူချင်

လေလေဖြစ်စေသော အစွမ်းသတ္တိရှိသဖြင့် ရှောင်ယီမှာ လိုလိုလားလား ပင် ရှုရှိုက်လိုက်မိသည်။ ထို့အတွက် ဆိုးဆိုးရွားရွား ပြဿနာဖြစ် ခြင်းတော့ မရှိပါပေ။

ထိုအခန်းထဲတွင် မွှေးတေးတေးအနံ့အသက် ရှိသည်ကလွဲ၍ အခြား ထူးခြားမှု လုံးဝမတွေ့ရဘဲရှိသည်။ လျှို့ဝှက်လူလည်း ရှိဟန် မတူတော့။ ထိုစဉ်…

"မင်း…ဘယ်သူလဲ၊ အခန်းထဲ ဘာဝင်လုပ်တာလဲ"

ရုတ်တရက် ထွက်ပေါ်လာသည့်အသံကြောင့် ရှောင်ယီမှာ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားမိတော့သည်။ ထိုမေးမြန်းသံမှာ ရှောင်ယီ၏နောက်ကျောဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

"ကျွန်တော်…ကျွန်တော် ရေနွေးကြမ်း လာဖြည့်ပေးတာပါ၊ ကျွန်တော် အလုပ်သမားပါခင်ဗျာ"

"မင်းက အလုပ်သမားလား"

"ဟုတ်…ဟုတ်ကဲ့၊ ကျွန်တော်အလုပ်သမားပါခင်ဗျာ"

"နေ့လည်က ရေနွေးလာပေးတဲ့လူဟာ မင်းမဟုတ်ပါဘူး"

ရှောင်ယီက ခေါင်းညိတ်ပြီး…

"ကျွန်တော်မဟုတ်ပါဘူး၊ လောင်ချင်က နေ့တာဝန်ကျပါတယ်၊ ကျွန်တော်က ညတာဝန်ကျပါတယ်၊ ဒီလောက်ကြီးမားတဲ့ တည်းခိုခန်းမှာ အလုပ်သမားအများကြီးထားရပါတယ်ခင်ဗျာ"

ထိုလူက အေးစက်စက်ရယ်မောလိုက်ပြီး…

"ကျန်းရှောင်ယီဟာ တစ်ချို့လူတွေ ကြောက်လောက်အောင် ကို လည်ပတ်ကျွမ်းကျင်တာကိုး၊ ဒါပေမယ့် မင်းကို မင်းအမေဗိုက်ထဲ ကမွေးခဲ့ပြီးတာနဲ့ ငါကတွေ့ဖူးလို့ မှတ်မိနေတယ်၊ ဒါကြောင့် မင်းဘယ် လိုပဲဟန်ဆောင် ဟန်ဆောင် ငါ့ကို လိမ်လို့ညာလို့မရဘူး မှတ်ပါ"



"ခင်ဗျားဘယ်သူလဲ"

ရှောင်ယီက လှည့်မကြည့်ဘဲ မေးလိုက်သည်။ လိမ်ညာ၍ ရတော့မှ အမှန်အကန်ပင်ရင်ဆိုင်ရတော့မည်ပေါ့။

နောက်မှ လျှို့ဝှက်လူ၏ဖြေသံကို မကြားရပေ။ ထို့ကြောင့် ရှောင်ယီလည်း ချာခနဲလှည့်ပြီးကြည့်လိုက်သည်။ သူ့နောက်တွင် ထိုသူကိုမတွေ့ရပါ။ တံခါးပေါက်က ဟလျက်ရှိသည်။ တံခါးအပြင် တွင် မည်သူမျှမရှိပေ။

ထိုလျှို့ဝှက်လူ ထွက်ခွါသွားပြီ။ ထိုလူသည် မိမိကိုတော့ ရန်ပြုလိုပုံမရ။ ရှောင်ယီသက်ပြင်းချလိုက်မိသည်။ ထိုအခါကျမှ နောက်ဘက်မှပင် လျှို့ဝှက်လူ၏အသံ ထွက်ပေါ်လာတော့သည်။

"မင်း ငါ့ကိုရှာလို့ တွေ့နိုင်မှာမဟုတ်ဘူး"

ရှောင်ယီ ချာခနဲလှည့်ကြည့်လိုက်ပြန်သည်။ ထိုလူကို မမြင် တွေ့ရပြန်ချေ။ ထိုလူသည် အလွန်လျင်မြန်သည်။ ရှောင်ယီလှည့်ကြည့် တိုင်း အမြဲတမ်း ရှောင်ယီနောက်သို့ရောက်အောင် လှုပ်ရှားနိုင်စွမ်းရှိ နေသည်။

သူ့ ကိုယ်ဖော့ပညာကား အံ့သြစရာ ကောင်းလှပေသည်။ ရှောင်ယီ၏စိတ်ထဲ၌ စိုးရွံ့မှုပင် မပေါ်စဖူးပေါ်လာသည်။ သူ့ဘဝ ရှိနေ့ထင်သည် ဤသူလောက် ကိုယ်ဖော့ပညာကောင်းနိုင်ပါမည်လား။

ရှောင်ယီ သူ့ကိုယ်သူ လေးငါးပတ်မျှ ချာလပတ်လှည့်ပြီး ရှာသော်လည်း ထိုလူကို မတွေ့မြင်ရချေ။

"ဟား…ဟား…ဟား…ဟား"

ထိုလူသည် သူ့နောက်တွင်အမြဲရှိနေပြီး ရယ်မောသံသာကြား နေရလေသည်။ ထိုသို့သော ပညာရှင်မျိုးကို ရှောင်ယီ မည်သို့မျှယှဉ်တု တိုက်ခိုက်နိုင်မည်မဟုတ်ပါချေ။ ရှောင်ယီက အသံကို ချိုသာစွာထား

ပြီးပြောသည်။

''ဆရာကြီး ၊ ကျွန်တော့်ကို မမြင်စေချင်ဘူးဆိုရင် ကျွန်တော် မကြည့်တော့ပါဘူးခင်ဗျာ''

ရှောင်ယီကပြောပြီး ငြိမ်ငြိမ်ကလေးပင် ရပ်နေလေသည်။

''ဟင်း…ဟင်း…ဟင်း ရှောင်ယီ၊ မင်းက စကားပြောလို့ တယ်''

''ခင်ဗျား ကျွန်တော့်ကို ရန်မပြုပါဘူးနော်''

ရှောင်ယီက မေးလိုက်သည်။

''ငါ ခင်းကို ရန်မပြုဘူးလို့ ကတိပေးထားတာမှ မဟုတ်တာ သည်စကားကို မင်းပြောဖို့မလိုပါဘူး''

''ခင်ဗျား ကျွန်တော့်ကိုသတ်မယ်ပေါ့၊ ဒါဆိုရင်လဲ ကျွန်တော် မသေခင် ခင်ဗျားမျက်နှာကို မြင်သွားပါရစေလား''

ထိုလူက အသံမထွက်ဘဲ နေနေသည်။ သူ့နောက်မှ လူသည် သူ့ကို ရန်ပြုမည့်ပုံမရချေ။ အကယ်၍ ရန်ပြုလိုပါကလည်း ဤအချိန် အထိ သူ့ကိုစောင့်ဆိုင်းစကားပြောဆိုနေမည်မဟုတ်ပါ။ ဤအချက်ကို ရှောင်ယီ ပိုင်ပိုင်နိုင်နိုင်တွေးပြီး ဖြစ်ပေသည်။

''သည်လူမျက်နှာကို ငါမြင်ရအောင်လုပ်ရမယ်၊ သည်တစ်ခါ သူနဲ့ကွဲသွားပြီးရင် နောက်တစ်ခါ ပြန်ဆုံဖို့ မလွယ်တော့ဘူး၊ သူဟာ ဘဘရဲ့နန်းထင်ရဲ့ မဟာရန်သူတော်ဖြစ်နိုင်တယ်''

ရှောင်ယီသည် ကြိတ်၍ပြောလိုက်သည်။ လျှို့ဝှက်လူ၏ မျက် နှာကိုမြင်နိုင်ရန် နည်းလမ်းအမျိုးမျိုးစဉ်းစားသည်။ ထိုစဉ် သူသည် အကြံတစ်ခုစဉ်းစားမိသဖြင့် ရုတ်တရက် အဝတ်ထည့်သည့်ဗီရိုရှေ့သို့ ခုန်လွှားသွားပြီး ရပ်လိုက်သည်။

ထိုအဝတ်ထည့်သည့်ဗီရိုကြီးမှာ လွန်စွာပြောင်လက်တောက်



လှသဖြင့် မှန်တစ်ချပ်နီးပါး လင်းလက်တောက်ပြောင်နေသည်။

ရှောင်ယီသည် မုဆိုးထိုင် ထိုင်ချပြီး သူ့နောက်ကျောမှလူကို ဗီရိုရိပ်ထဲမှ ကြည့်လိုက်၏။

ထိုလူရိပ်ဖြူဖြူ အဝတ်ဗီရိုပေါ်၌ ထင်ရှားစွာပေါ်လွင်နေသည်။ ထိုလူသည် ဆံပင်ရှည်ကို ပခုံးစွန်းရောက်အောင်ထားပြီး ဝတ်စုံဖြူ ဝတ်ဆင်ထားသည်။ မျက်နှာထားကား ကြောက်စရာအတိပင်။

''ဟာ…လက်စသတ်တော့ ကြေးမျက်နှာသိုင်းသမားကြီး ကိုး''

ရှောင်ယီမှာ အထိတ်တလန့်ရေရွတ်လိုက်လေသည်။

ထိုလူသည် ရှောင်ယီကို စကားပြန်မပြောဘဲ နေနေသည်။ ရှောင်ယီသည် ကြေးမျက်နှာသိုင်းသမားကြီး၏ ထူးထူးခြားခြား ပြောင် လက်တောက်ပသော မျက်လုံးကြီးများကို စိတ်ညို့ခံရသူသဖွယ် စိုက် ကြည့်နေမိသည်။ ထိုလူ၏မျက်လုံးများသည် အရုပ်ဆိုးလှသော ကြေး မျက်နှာဖုံးစွပ်ထက်ပင် ကြောက်စရာကောင်းလှပေသည်။

တုစပ်၊ အင်းကျိုယို့၊ ပင့်ကူနက်၊ မုယုံကျိုစသော လူများ၏ မျက်လုံးများသည် ဝင်းလက်တောက်ပကြပါ၏။ ကြောက်စရာကောင်း လှပါသည်။ သို့သော် ထိုမျက်လုံးများထဲ၌ သေခြင်းတရားကို ရုတ်ခြည်း မမြင်နိုင်ချေ။ ဤကြေးမျက်နှာသိုင်းသမား၏ မျက်လုံးများထဲ၌ကား သေခြင်းတရားကို ရုတ်ခြည်းမြင်နိုင်ပါသည်။ မြင်တွေ့ရပါသည်။

ယခု ကြေးမျက်နှာသိုင်းသမား၏ မျက်ဝန်းထဲတွင် အေးစက် ခြင်းများသာ တွေ့မြင်နိုင်သည်။ ဤလူ့တွင်ရှိသော အသည်းနှလုံးမှာ လည်း ရေခဲကဲ့သို့ပင် အေးစက်နေလိမ့်မည် အမှန်ပင်ဖြစ်ပါတော့သည်။

အတန်ကြာမှ ကြေးမျက်နှာသိုင်းသမားထံမှ စကားသံထွက် ပေါ်လာသည်။

"မင်း ငါ့ကိုသိနေတာကိုး၊ ပင့်ကူနက်က ငါ့အကြောင်းပြော ပြထားတယ်ထင်တယ်"

ရှောင်ယီ မရယ်ချင့်ရယ်ချင် ရယ်လိုက်ပြီး…

"အဲဒီနေ့က ပင့်ကူနက် ကျွန်တော့်ကို ပြောပြပါတယ်၊ ကြေးမျက်နှာသိုင်းသမားဆိုတာ သိုင်းပညာ သိပ်ကိုအဆင့်မြင့်တာတဲ့၊ သူ ပြောပြတုန်းက ကျွန်တော် မယုံချင်သေးပါဘူး၊ သည်ကနေ့ ကိုယ်တွေ့ မျက်မြင်ကြုံရတော့မှ ကျွန်တော်ယုံတယ်"

ကြေးမျက်နှာသိုင်းသမားကြီးက အေးအေးစက်စက် ရယ်လိုက် လေသည်။

"ငါ့ကိုမြှောက်ပင့်ပြီး ပြောမနေပါနဲ့၊ ငါ မင်းကိုမသတ်တော့ ပါဘူး၊ ငါက မသတ်ဘူးလို့ပြောရင် မင်းစိတ်ချလိုက်ပေတော့၊ မင်းကို ဘယ်တော့မှ သတ်မှာမဟုတ်တော့ဘူး"

"ဘယ်တော့မှ မသတ်ဘူးဟုတ်လား"

"အေး ဟုတ်တယ်"

"ကျွန်တော် ဒီအခန်းထဲကိုဝင်လာတော့ တစ်ခန်းလုံးသန့်ရှင်း သပ်ရပ်နေတာ တွေ့ရတယ်"

"အဲဒါ ဘာဖြစ်လဲ၊ ဘာထူးဆန်းလို့လဲ"

"ကျွန်တော်အစက ခင်ဗျားကို အမျိုးသမီးဖြစ်လိမ့်မယ်လို့ ထင်နေတာဗျ"

ရှောင်ယီက ရယ်သံနှောရှဲပြောလိုက်သည်။

"အခန်းထဲ ဝင်ဝင်ချင်း အမွှေးအကြိုင်နံ့လဲရတယ်၊ တော်ပါ သေးရဲ့- ခင်ဗျားဟာ အမျိုးသမီးမဟုတ်ပေလို့"

"အမျိုးသမီးဟုတ်တော့ ဘာဖြစ်သလဲ"

ရှောင်ယီက ဆက်မပြောချင်ဟန်ဖြင့် ဟိုဟိုသည်သည်လျှောက်



ကြည့်နေသည်။ ကြေးမျက်နှာသိုင်းသမားကြီးက ထပ်မေးသည်။

"ကျွန်းရှောင်ယီ မင်းစကားဆက်လေ…"

ရှောင်ယီက…

"မဟုတ်ပါဘူးဗျာ"

"ဘာမဟုတ်တာလဲ၊ ဒါဟာ မင်းပြောတဲ့စကားအဆက်မှ မဟုတ်တာ၊ ငါမေးတာကိုဆက်ပြောစမ်းပါ"

"ဟုတ်ပါတယ်၊ အမျိုးသမီးပေးတဲ့ကတိမဟုတ်တော့ တန်ဖိုး ရှိသေးတယ်လို့ ကျွန်တော်ဆိုလိုတာပါ"

ကြေးမျက်နှာသိုင်းသမားကြီးက…

"မင်းက မိန်းမတွေကို မယုံဘူးလို့ပြောတာလား"

"ဟုတ်ပါတယ်၊ မိန်းမတွေရဲ့စကားဟာ မယုံရပါဘူး၊ မိန်းမ တွေရဲ့စကားကို ယုံစားမိရင် ဘေးတွေ့မှာသေချာပါတယ်"

"မင်းအမေဟာ မိန်းမပဲမဟုတ်လား"

ကြေးမျက်နှာသိုင်းသမားက အေးစက်စက်မေးလိုက်သည်။

ရှောင်ယီက…

"ကျွန်တော့်အမေဟာ ကျွန်တော်ပြောတဲ့ တစ်ကမ္ဘာလုံးမှာရှိ တဲ့ မိန်းမတွေရဲ့စာရင်းထဲမှာ မပါဝင်ပါဘူးခင်ဗျာ၊ ကျွန်တော့်အမေဟာ လှလဲ လှတယ်၊ စိတ်သဘောထားလဲ ဖြူစင်ပါတယ်၊ ဒီတော့ သူ့စကား ကိုတော့ မယုံလို့မရပါဘူး"

ရှောင်ယီသည် သူ့မိခင်ကို မြင်ဖူးခဲ့သူမဟုတ်ပါ။ သို့သော် အမိမေတ္တာ တော်မွတ်ခဲ့သူဖြစ်၍ သူ့မိခင်ကိုမှန်းဆပြီး ပြောကြားလိုက် ခြင်းဖြစ်ပါသည်။ ထိုအခါ ကြေးမျက်နှာသိုင်းသမားကြီး ဒေါသ ထွက်လာလေသည်။ ရှောင်ယီကတော့ မသိပါ။ သူပြောလိုရာကိုသာ ဆက်ပြောနေသည်။

"ကျွန်တော့်အမေဟာ ကမ္ဘာပေါ်မှာရှိတဲ့မိန်းမတွေထက် ပိုပြီး လှတယ်၊ သူတို့နဲ့နှိုင်းယှဉ်မယ်ဆိုရင် မိုးပေါ်ကတိမ်ဖြူလွှာနဲ့ မြေကြီးပေါ်ကနောက်ချေး..."

ရှောင်ယီမှာ စကားပြောရင်းတန်းလန်း ရပ်တန့်သွားရသည်။ သူ့လည်ပင်းကို တစ်စုံတစ်ရာက လာထိသည်။ နာကျင်သွားပြီး သူ့တစ်ကိုယ်လုံး ထုံကျဉ်၍သွားရပြန်သည်။

သူ့ခန္ဓာကိုယ်မှာ အထက်သို့ မြောက်တက်၍သွားသည်။

ကြေးမျက်နှာသိုင်းသမားက သူ့ကို လက်နှစ်ဖက်ဖြင့် ဆွဲကိုင်မြှောက်တင်လိုက်ခြင်းဖြစ်ပါသည်။ သူသည် လေဟာနယ်ထဲ ဝဲနေသည်။ အဆင်မသင့်လျှင် သူသည် ပြတင်းနံရံမှဖောက်ထွက်ပြီး အပြင်သို့ လွင့်စဉ်သွားနိုင်သည်။ ရှောင်ယီမှာ မလှုပ်ရှားဝံ့ပါ။

ကြေးမျက်နှာသိုင်းသမားနှင့် သူ့သိုင်းပညာသည် သူစောစောကပြောသလို တိမ်ဖြူလွှာနှင့်မြေကြီးပေါ်က နောက်ချေးကဲ့သို့ ကွာခြားနေပါသည်။ ရှောင်ယီမှာ မလှုပ်ရှားဝံ့ဘဲ ဖြစ်နေသည်။

ကြေးမျက်နှာသိုင်းသမား၏ မျက်လုံးအစုံသည် စောစောကထက်ပို၍ ဝင်းလက်တောက်ပနေသည်။ ဒေါသထွက်နေသည့်ကိုး။

သူ၏အေးစက်နေသော လက်နှစ်ဖက်က ပို၍ပို၍တင်းကျပ်လာသည်။ ကြေးမျက်နှာသိုင်းသမား၏ ညာလက်သည် ရှောင်ယီ၏ လည်မျိုကို ညှစ်၍ထားလေသည်။ ရှောင်ယီမှာ လည်ပင်းအစ်သည်ထက် အစ်၍လာသဖြင့် တင်းကျပ်လာသည်။

"ခင်ဗျား ကျွန်တော့်ကို မသတ်ဘူး၊ ဘယ်တော့မှ မသတ်ဘူးလို့ စောစောကပဲ ပြောခဲ့တယ်မဟုတ်လား"

ကြေးမျက်နှာသိုင်းသမားကြီးက အံကြိတ်သံနှင့်ပြောလေ၏။

"စောစောကတော့ မင်းကို ငါမသတ်ဘူးလို့ပြောထားတယ်၊



ဒါပေမယ့် ခု ငါစိတ်ပြောင်းသွားပြီ"

"ဘာ...ဘာဖြစ်လို့ စိတ်ပြောင်းသွားရတာလဲ"

ရှောင်ယီက ထစ်ထစ်ငေါ့ငေါ့ဖြင့် မေးလိုက်လေသည်။ လည်မျိုအညှစ်ခံထားရသဖြင့် လွယ်လွယ်ကူကူပြော၍မရပါ။

ကြေးမျက်နှာသိုင်းသမားကြီးက...

"မင်းပါးစပ်ဟာ ပေါက်ကရ မဟုတ်တန်းစကားတွေ သိပ်ပြောတယ်၊ ငါ အဲဒီလိုလူမျိုးကို သိပ်မုန်းတယ်၊ ဒါကြောင့် ငါ့စိတ်ကို ပြောင်းပစ်လိုက်တာ"

"ကျွန်တော်မဟုတ်တာ ဘာတွေပြောမိလို့လဲ"

"မင်းအမေဟာ လှသလား၊ ရုပ်ဆိုးသလား၊ စိတ်ထားကောင်းသလား မကောင်းသလားဆိုတာ မင်းမသိဘဲပြောနေတယ်၊ မင်းအမေကို မင်းတွေ့ဖူးတာမဟုတ်ဘဲနဲ့ ပြောနေတယ်"

"ကျွန်တော်...ကျွန်တော်အမေ့ကို မတွေ့ဖူးဘူးလို့ ခင်ဗျား ဘယ်လိုသိသလဲ"

ကြေးမျက်နှာသိုင်းသမားကြီး၏ ဒေါသများသည် ရုတ်တရက် ပြေလျော့သလိုဖြစ်သွားသည်။ သူရယ်သည်။ ရယ်ပြီးပြောသည်။

"ငါသိတာပေါ့ကွ၊ မင်းတို့မိသားစုအကြောင်းကို ငါသာ အသိဆုံးပဲ"

"ဒီလိုဆိုရင် ခင်ဗျား ကျုပ်အမေကိုမြင်ဖူးတာပေါ့"

ကြေးမျက်နှာသိုင်းသမားကြီးပါးစပ်မှ 'ဟင်း..' ဟူသာ အသံထွက်ပေါ်လာလေသည်။

ရှောင်ယီက မအောင့်အည်းနိုင်ဘဲ ဆက်၍မေးလိုက်လေသည်။

"ကျွန်တော့်အမေ့ပုံသဏ္ဌာန်ဟာ ဘယ်လိုရှိသလဲဟင်"

ကြေးမျက်နှာသိုင်းသမားကြီးက...

"မင်းအံ့မေဟာ သိပ်အရုပ်ဆိုးတာပဲကွ၊ ခြေထောက်တစ်ဖက်က ဆာနေလိုက်သေးတယ်၊ ခါးကလဲကုန်းနေတယ်၊ မင်းအမေဟာ တစ်စက်မှ ကြည့်လို့မကောင်းဘူး"

ကြေးမျက်နှာသိုင်းသမားကြီး၏ စကားကြောင့် ရှောင်ယီ ဒေါသထွက်သွားသည်။

"ခင်...ခင်ဗျားလဲ ပေါက်ကရပြောတာပဲ၊ ကျွန်တော့်အမေဟာ ဒီလောက် ရုပ်မဆိုးနိုင်ဘူး၊ ခင်ဗျားလဲလူညာပဲ"

"ဖြန်း...ဖြန်း"

ရှောင်ယီစကားဆုံးသွားသည်နှင့် ကြေးမျက်နှာသိုင်းသမားက သူ့ပါးကို ဘယ်ပြန်ညာပြန် နှစ်ချက်ရိုက်ထည့်လိုက်လေသည်။

ရှောင်ယီသည် ဒေါသလည်းထွက်၊ စိတ်လည်းဆိုးလာသည်။ ကြေးမျက်နှာသိုင်းသမားကြီး သူ့ထက် သိုင်းပညာ ဘယ်လောက်အဆင့်မြင့်မြင့် ဂရုမစိုက်တော့ချေ။

"ခင်ဗျား ကျုပ်ကို ဘာကြောင့်ရိုက်တာလဲ၊ ခင်ဗျား ကျုပ်ကို ရိုက်စရာအကြောင်းမရှိဘူး၊ ဒါသက်သက်အနိုင်ကျင့်တဲ့ကိစ္စဗျ"

သူ့အမေအား စော်ကားသူမှန်လျှင် ဂိုဏ်းပေါင်းစုံမှ ဂိုဏ်းချုပ်အဓိပတိကြီးများ စုပေါင်းဆင်းလာပြီး တိုက်ခိုက်မည်ဆိုလျှင်လည်း ရှောင်ယီ မှုလိမ့်မည်မဟုတ်ချေ။

"မင်းငါ့ကို ပြန်မအော်နဲ့၊ ငါမင်းကို သတ်မိလိမ့်မယ်"

ကြေးမျက်နှာသိုင်းသမားကြီးက အော်ပြောလိုက်သည်။

ယောင်ယီအံ့ကြိတ်လိုက်သည်။ သူ့တစ်ကိုယ်လုံးမှာဒေါသကြောင့် တုန်ယင်လာသည်။ သို့သော် သူသည် သမားတော်ကြီးဝမ့်ချွန်လျှူသင်ကြားပေးထားသည့် အတွေးအခေါ်များအရ သူ့ကိုယ်သူ ပြန်လည်စဉ်းစားချင့်ချိန်သည်။



"ငါ့အမေကိုစော်ကားတဲ့ ဒီလူကြီးကို အခုနေ ငါရင်ဆိုင်ရင် ငါပဲသေမယ်၊ သူ့လောက်ပညာထက်မှ ဒီစော်ကားတဲ့အပြစ်ကြေအောင် သူ့ကို ဒဏ်ပြန်ပေးရမယ်၊ ဒေါသအလျှောက် တုံ့ပြန်ရင်လဲ ငါပဲသေမှာပဲ၊ ငါလိမ္မာမှဖြစ်မယ်"

သူငြိမ်နေလိုက်သည်။

ထိုအခါ ကြေးမျက်နှာသိုင်းသမားက သူ့ကို ကြမ်းပြင်ပေါ်ပစ်ချလိုက်သည်။ ရှောင်ယီသည် ကြမ်းပြင်ပေါ် ခြေချမိသည်နှင့် ခြေဖျားကို ကွေးထောက်ချလိုက်သည်။ ထို့နောက် ဆတ်ခနဲတွန်းကန်ပြီး ပြတင်းတံခါးကို ခန္ဓာကိုယ်ဖြင့် ရိုက်ခွဲထွက်သွားလေတော့သည်။

ရှောင်ယီ ချာခနဲပြေးထွက်ခဲ့လေပြီ။ အတော်ဝေးဝေးရွေ့က်မှ နောက်သို့လှည့်ကြည့်သည်။ သူ့နောက်တွင် ကြေးမျက်နှာ သိုင်းသမားကြီး လိုက်ပါမလာပါ။ ထို့ကြောင့် ဆက်လက်ထွက်ပြေးခဲ့သည်။ ခရီးအတော်ရောက်မှ သူရပ်လိုက်သည်။ ထိုစဉ်...

"မင်း ဘယ်ပြေးမလဲ"

နောက်ကျောမှ ကြေးမျက်နှာသိုင်းသမားကြီး၏အသံ ထွက်ပေါ်လာသည့်အခါ ရှောင်ယီ လွန်မင်းစွာထိတ်လန့်သွားသည်။ သူ့နောက်ဆီမှလူကို တရကြမ်းတိုက်ခိုက်တော့သည်။ သို့သော် သူ့လက်သီးချက်များသည် လေကိုသာလျှင် ထိုးနက်မိသည်။

ရှောင်ယီ မြေပေါ်သို့ လဲကျသွားလေသည်။

❀❀❀

အခန်း(၁၀၄)

## သူ့ဒါသ

ဟွာဟူချွန် အရက်မကြိုက်ပါ။ သို့သော် ဤညတွင်တော့ အဘယ့်ကြောင့်ဟူသည်မသိ။ သူ အရက်ကို အတော်များများ သောက်သည်။

ထို့ကြောင့် သူသည် အတော်လေးမူးယစ်နေသည်။ သူသည် ခုတင်ရှိရာသို့သွားပြီး လှဲအိပ်ချလိုက်ရာ မကြာပါ သူအိပ်ပျော်သလိုဖြစ်သွားသည်။ မကြာမီ သူ့အပေါ်ကို လူတစ်ယောက် ခွစီးသလိုခံလိုက်ရသဖြင့် သူလန့်နိုးလာသည်။

အလို… လူတစ်ယောက်သည် သူ့ကိုခွစီးပြီး လက်ကိုဖြတ်ရန် ကြိုးစားနေသည်။

သူက အော်ဟစ်ရုန်းကန်သည်။ သို့သော် အော်၍မရပါ၊ ရုန်း၍လည်း မရပါ။ သူ့ရင်ဘတ်ကို အလွန်လေးလံသော အလေးကြီး တစ်ခုက ဖိထားသလို ရှိနေပါသည်။ ထိုစဉ် ပြတင်းပေါက်အပြင်ဘက်မှ လူတစ်ယောက်၏ခေါ်သံကို ကြားလာရလေသည်။

"ဟွာဟူချွန်…ဟွာဟူချွန် နိုးပြီလား"

ခေါ်သံသည် ဟွာဟူချွန် နားတွင်းသို့ ဝီသာစွာဝင်ရောက်လာသည်။ ဟွာဟူချွန် ရုန်းကန်၍ အတင်းထလိုက်သည်။ သူ့ရင်ဘတ်ပေါ်မှ အလေးကြီးပျောက်ကွယ်သွားသည်။ သူထထိုင်နိုင်သည်။ တစ်ကိုယ်လုံး ချွေးတွေစိုရွှဲနေလေသည်။

သူ့လက်ကိုကြည့်လိုက်ရာ အကောင်းပကတိရှိကြောင်း တွေ့ရသည်။ သူ့လက်ကို ဓားဖြင့်လှီးဖြတ်သောလူကိုလည်း အရိပ်အယောင်မျှ မတွေ့ရပါချေ။

ဪ…အိပ်မက် မက်နေခြင်းသာတကား။

ထိုစဉ် ပြတင်းပေါက်အပြင်ဘက်မှ ခေါ်သံထွက်ပေါ်လာပြန်သည်။

"ဟွာဟူချွန် ထွက်လာခဲ့ပါ"

ဟွာဟူချွန်သည် ထိုအော်ခေါ်သံကိုပင် ကျေးဇူးတင်လိုက်မိသည်။ ထိုအော်သံကြောင့် ချောက်အိပ်မက်မှ လွတ်မြောက်ရခြင်းမဟုတ်ပါလား။

သူသည် ဖိနပ်ကိုပင် မစီးနိုင်ဘဲ ပြတင်းပေါက်ဆီသို့သွား၍ တံခါးဖွင့်လိုက်သည်။

အပြင်တွင် မှောင်နေသည်။ သို့သော် ဖြူဖြူလူရိပ်သဏ္ဌာန် တစ်ခုကိုမူ ပေသုံးဆယ်ခန့်အကွာတွင် လှမ်းတွေ့နေရသည်။

ထိုဖြူဖြူလူရိပ်သည် တရွေ့တစ်ကောင်နှယ် ထင်မှတ်ရ၏။ ကြယ်ရောင်များအောက်တွင် ထိုလူ၏မျက်နှာပြင်သည် အသည်းငယ်သူများအား လိပ်ပြာလွင့်စဉ်စေနိုင်လောက်ပါသည်။

ကြောက်စရာကောင်းလှသည့် ပြောင်ပြောင်လက်လက် မျက်နှာသည် ကြေးမျက်နှာဖုံးစွပ်တစ်ခုသာဖြစ်ပါလေသည်။

ဟွာဟူချွန် အံ့အားသင့်သွားသည်။

ထိုမျက်နှာဖုံးစွပ်နှင့်လူသည် ရှေ့သို့ တရွေ့ရွေ့ချဉ်းကပ်လာ

လေသည်။

"ခင်ဗျား ကြေးမျက်နှာသိုင်းသမားလား"

ဟွာဟူချွန်က မေးလိုက်လေသည်။

ထိုလူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မင်းထွက်လာခဲ့ပါ၊ ငါပြောစရာရှိတယ်"

ဟွာဟူချွန်လည်း ဖိနပ်မပါ ခြေအိတ်စွပ်လျက်ဖြင့် ပြတင်းပေါက်မှ ခုန်ကျော်ထွက်လိုက်သည်။

ကြေးမျက်နှာသိုင်းသမားကြီးသည် အိမ်တစ်ဆောင် အမိုးပေါ်သို့ ပေါ့ပါးစွာခုန်တက်သွားလေသည်။ ဟွာဟူချွန်လည်း ကြေးမျက်နှာသိုင်းသမားကြီး တက်သွားသည့် အဆောင်ခေါင်မိုးပေါ်သို့ ကိုယ်ဖော့ပညာသုံးပြီး လိုက်တက်သွားသည်။

ကြေးမျက်နှာသိုင်းသမားကြီးသည် အဆောင်ခေါင်မိုးများကို တစ်ဆောင်ပြီးတစ်ဆောင် ခုန်လွှား၍သွားသည်။ ဟွာဟူချွန်ကလည်း ကြေးမျက်နှာသိုင်းသမားကြီးနောက်မှ လိုက်လေသည်။

ဤသို့ဖြင့် သူတို့သည် လူသူရှင်းလင်းသော အမှောင်ရိပ်ကျရာ လမ်းတစ်နေရာသို့ ရောက်ရှိသွားကြလေသည်။

"မဟူရာနန်းတော်ဂိုဏ်းသားတစ်ယောက်က ဘာ့ကြောင့်များ အရက်တွေ အလွန်အကျွံသောက်ပြီး အအိပ်ကြီးနေရတာလဲ"

ကြေးမျက်နှာသိုင်းသမားကြီးက ဟွာဟူချွန်အား အေးစက်စက် မေးမြန်းလိုက်လေသည်။

"ကျွန်တော့်စိတ်ထဲမှာ နည်းနည်းရှုပ်ထွေးနေတာနဲ့"

"ဘာတွေ စိတ်ရှုပ်ထွေးနေရတာလဲ၊ ပြောစမ်း"

ဟွာဟူချွန် စကားမဆုံးမီ ကြေးမျက်နှာသိုင်းသမားကြီး၏ အေးစက်စက်မေးခွန်းက ဆက်တိုက်ပေါ်ထွက်လာသည်။ ဤတွင် ဟွာဟူချွန် ဘာပြန်ဖြေရမှန်းမသိဘဲ ခေါင်းငုံ့ထားလိုက်မိသည်။

"ငါ ဘယ်သူလဲဆိုတာ မင်းသိတယ်မဟုတ်လား"

ကြေးမျက်နှာသိုင်းသမားကြီးက မေးသည်။

ဟွာဟူချွန်က ခေါင်းညိတ်လိုက်သည်။

"ကျွန်တော့်ကို ကျွန်တော့်ဆရာမကြီးက ညွှန်ကြားထားတယ်ခင်ဗျ၊ သိုင်းလောကမှာလှုပ်ရှားရင် ကြေးမျက်နှာသိုင်းသမားကြီးနဲ့ ကြုံတွေ့နိုင်ပါတယ်တဲ့၊ အဲဒီလိုများတွေ့ရင် ရိုရိုသေသေ လေးလေးစားစား ဆက်ဆံရမယ်တဲ့၊ ကြေးမျက်နှာသိုင်းသမားကြီးပြောတဲ့ စကားဆုံးမတဲ့စကားကို နားထောင်ရမယ်တဲ့"

ကြေးမျက်နှာသိုင်းသမားကြီးက မာထန်သောအသံနှင့်…

"မင်း…နန်းတော်ကထွက်လာတော့ သခင်ကြီး ဘာမှာလိုက်သေးသလဲ"

ဟွာဟူချွန်က အတန်ငယ်စဉ်းစားလိုက်ပြီးမှ…

"ဆရာမကြီးက မှာထားပါတယ်၊ ကျန်းရှောင်ယီဆိုတဲ့ လူငယ်ကိုတွေ့ရင် ကိုယ်တိုင်သတ်ပစ်ရမယ်တဲ့"

ကြေးမျက်နှာသိုင်းသမားကြီး ခေါင်းကို ညိတ်လိုက်လေသည်။

"ဟုတ်ပြီ"

ရုတ်တရက် ကြေးမျက်နှာသိုင်းသမားကြီးသည် အနီးရှိသစ်ပင်ပေါ်သို့ ပေါ့ပါးစွာ ခုန်လွှားတက်သွားလေသည်။

"မင်း သစ်ပင်အောက်မှာ ရပ်နေပါ"

ဟွာဟူချွန်မှာ ကြေးမျက်နှာသိုင်းသမားကြီး၏ ရည်ရွယ်ချက်ကို မသိရသဖြင့် သစ်ပင်အောက်တွင် ရပ်စောင့်နေလိုက်သည်။

"ဆီးဖမ်းလိုက်စမ်းဟေ့"

ကြေးမျက်နှာသိုင်းသမားကြီးသည် သစ်ပင်ပေါ်မှနေ၍ သစ်ရွက်သစ်ခက်အကြားမှ တစ်စုံတစ်ခုသော အရာဝတ္ထုကို အောက်သို့ ပစ်ချလိုက်သည်။

ဆီးဖမ်းရမည်ဟု ပြောလိုက်သဖြင့် ဟွာဟူချွန်က ကျလာသော အရာဝတ္ထုကို ဆီးဖမ်းလိုက်သည်။

ကျလာသော အရာဝတ္ထုမှာ သေးသေးမွှားမွှားမဟုတ်ပါ။ ကြီးကြီးမားမားဖြစ်သည်။ လူတစ်ယောက်၏ ခန္ဓာကိုယ်ကြီးကျလာခြင်း ဖြစ်ပါလေ၏။

ကြေးမျက်နှာသိုင်းသမားကြီးက မည်သူ့ကို သစ်ပင်ပေါ်မှပစ်ချလိုက်သည်ဟူ၍ မသိပါချေ။ သို့သော် မေးမြန်းချိန်မရပါ။

ဟွာဟူချွန်သည် သစ်ပင်ပေါ်မှကျလာသောလူကို ဆီးဖမ်းလိုက်သည်။ ရိပ်ခနဲကျလာသည့် ခန္ဓာကိုယ်ကြီးအား သာမန်လူတစ်ယောက်ဆိုလျှင် မည်သို့မျှဖမ်းဆီးနိုင်မည်မဟုတ်ပါ။ ဟွာဟူချွန်ကဲ့သို့သော ထိပ်သီးသိုင်းသမားတစ်ယောက်အဖို့မူ မည်သို့သော ခန္ဓာကိုယ်မျိုးကိုမဆို ဖမ်းရန်မခက်လှပါ။

သူသည် ထိုလူကို ဘေးကင်းရန်ကင်း ဆီးဖမ်းနိုင်လိုက်သည်။ ထိုလူ၏မျက်နှာကို တွေ့လိုက်ရသည့်အခါတွင်မူ ဟွာဟူချွန် အကြီးအကျယ်အံ့သြသွားမိတော့သည်။

ပါးစပ်မှ အာမေဋိတ်သံပင်ပြုမိပါသည်။

သူဆီးဖမ်းထားလိုက်ရသူမှာ ရှောင်ယီဖြစ်နေသောကြောင့်တည်း။ ကြေးမျက်နှာသိုင်းသမားကြီး သစ်ပင်ပေါ်မှ ဆင်းမလာပါချေ။ သူက အေးစက်စက်လေသံဖြင့် ငုံ့ကြည့်ပြီးမေးသည်။



"အဲဒီလူ ဘယ်သူလဲ၊ မင်းသိတယ်မဟုတ်လား"

ဟွာဟူချွန်မှာ ထစ်ထစ်ငေါ့ငေါ့ဖြစ်နေသည်။

ကြေးမျက်နှာသိုင်းသမားကြီးက…

"အဲဒီလူဟာ ကျန်းရှောင်ယီပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"ကဲ…ကျန်းရှောင်ယီဆိုရင် မင်းသူ့ကို သတ်လိုက်တော့"

ဟွာဟူချွန်၏ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ သူသည် မှေးနေသော ရှောင်ယီ၏မျက်နှာကို ကြည့်သည်။ သူ့ပါးစပ်အတွင်းမှ ခါးသက်သော အရသာမျိုးဖြစ်ပေါ်လာသည်။ အာခံတွင်းဝ၌ ခြောက်ကပ်ကပ်ဖြစ်လာသည်။

ကြေးမျက်နှာသိုင်းသမားကြီးက ဟွာဟူချွန် တုံ့နှေးနှေးဖြစ်ရခြင်းအကြောင်းရင်းကို ရိပ်မိဟန်ဖြင့် ခပ်ပြည်းပြည်းပြောလိုက်လေသည်။

"တကယ်လို့ မင်းက မေ့မြောနေတဲ့ လူတစ်ယောက်ကို ဒီအတိုင်း မသတ်ချင်ဘူးဆိုရင် မင်းသူ့ကို သွေးကြောဖွင့်ပေးလိုက်ပါ၊ ငါက သူ့ကိုမေ့ကြောပိတ်ထားတာပဲ၊ ဖွင့်ပေးပြီးမှသတ်လဲရပါတယ်"

ဟွာဟူချွန်သည် သတိရလာအောင် ဘယ်လိုအကြောဖွင့်ပေးရမည်ဆိုသည်ကို ကောင်းစွာသိရှိပါသည်။ ထို့ကြောင့် ဟွာဟူချွန်သည် ရှောင်ယီ့သွေးကြောကို ရိုက်ပုတ်ပြီး ဖွင့်ပေးလိုက်လေသည်။

ရှောင်ယီသတိရပြီး လှုပ်ရှားလာသည်။ ဟွာဟူချွန်က ရှောင်ယီကို ပွေ့ချီထားရာမှ အသာ မြေသို့ချပေးလိုက်သည်။

ရှောင်ယီ မျက်စိနှစ်လုံးပွင့်လာလျှင် မြင်လာခြင်း ဟွာဟူချွန်မျက်နှာကို ဦးစွာမြင်ရသည်။ ရှောင်ယီရယ်လိုက်သည်။

"ငါ့ကို မင်းကယ်ဆယ်ခဲ့တာလား"

ဟွာဟူချွန်မှာ ရှောင်ယီကို ငေးကြောင်ပြီး ကြည့်နေလေသည်။ စကားတစ်ခွန်းမှ ပြောမထွက်နိုင်ဘဲ ဖြစ်နေသည်။

ရှောင်ယီသာ ထပ်မံရယ်မောလိုက်သည်။

"ငါထင်တယ်လေ၊ ငါ့ကို တစ်ယောက်ယောက် လာကယ်မှာပဲဆိုတာ၊ မင်းဆိုတော့လဲ ငါမအံ့သြပါဘူး"

ဟွာဟူချွန်သည် ရင်ထဲမှ နာကျင်လာသည်။ အံကြိတ်ပြီး တစ်ဘက်သို့ ချာခနဲလှည့်သွားသည်။ ရှောင်ယီ အံ့အားသင့်သွား၏။

"ဟင် ဘာဖြစ်သွားတာလဲ"

ထိုစဉ် သစ်ပင်ပေါ်မှ အေးစက်စက်အသံပေါ်ထွက်လာသည်။

"ဟွာဟူချွန် မင်း ဘာလို့အချိန်ကုန်ခံနေတာလဲ၊ သူ့ကို သတ်လိုက်မှ တော့လား"

ထိုအခါမှ ရှောင်ယီသည် အထိတ်တလန့်ဖြင့် သစ်ပင်ပေါ် မော့ကြည့်မိသည်။ ကြေးမျက်နှာသိုင်းသမားကြီးကို သစ်ပင်ပေါ်တွင် တွေ့လိုက်ရသောအခါ ရှောင်ယီ ထိတ်လန့်သွားတော့သည်။

ကြေးမျက်နှာသိုင်းသမားကြီးသည် သစ်ကိုင်းငယ် တစ်ကိုင်းပေါ်တွင် မတ်တတ်ရပ်လျှက်ရှိနေသည်။

ရှောင်ယီက ဟွာဟူချွန်၏ နောက်ကျောပြင်ကို မျက်လုံးပြူး ကြည့်ပြီး အသံခပ်ကျယ်ကျယ်ဖြင့် အော်လိုက်သည်။

"လက်စသတ်တော့ ငါ့ကိုသတ်ပစ်ဖို့ မင်းကို ဟိုလူက အမိန့်ပေးနေတာကိုး"

ဟွာဟူချွန် သက်ပြင်းချလိုက်သည်။ ဘာမှ ပြန်မပြောပါ။

ရှောင်ယီက မဲ့ပြုံးပြုံးပြီး ဆက်ပြောသည်။

"အဲဒီအမိန့်ကို မင်းမလွန်ဆန်ဝံ့ဘူးဆိုတာ ငါသိတယ်၊ ကဲ…



ဘာဖြစ်လို့ အချိန်ကုန်ခံနေတာလဲ၊ ငါ့ကိုသတ်လိုက်ပေတော့"

"ကျုပ် ခင်ဗျားကို အခုသတ်လို့မဖြစ်ဘူး"

ဟွာဟူချွန်က တစ်လုံးချင်း ခပ်အေးအေးပြန်ပြောသည်။

ရှောင်ယီ ဝမ်းမြောက်သွားသည်။ ထိုစကားအတွက် ဝမ်းမြောက်နိုင်သူက ကြေးမျက်နှာသိုင်းသမားကြီးဖြစ်သည်။

သူက ဟွာဟူချွန်ကို အော်ငေါက် လိုက်သည်။

"ဟွာဟူချွန်…မင်းဘယ်လိုပြောလိုက်တာလဲ"

ဟွာဟူချွန်ကလည်း ပြန်အော်လိုက်သည်။

"အခု ကျွန်တော် သူ့ကို သတ်လို့မဖြစ်သေးဘူး"

"မင်း…မင်း ဆရာမကြီးရဲ့စကားကို တော်လှန်ဖယ်ရှားတော့မယ်ပေါ့ဟုတ်လား"

ကြေးမျက်နှာသိုင်းသမားကြီးက ဒေါသသံဖြင့်မေးလိုက်၏။

ဟွာဟူချွန်ခေါင်းငုံ့သွားသည်။ လေသံပျော့ပျောင်းသွားသည်။

"ကျွန်တော် ဆရာမကြီးရဲ့စကားကို မဖယ်ရှားပါဘူးခင်ဗျာ"

"မဖယ်ရှားဘူးဆိုရင် ဘာဖြစ်လို့ ရှောင်ယီကို အခု မသတ်သေးတာလဲ"

ဟွာဟူချွန် သက်ပြင်းရှည်ကြီးတစ်ချက်ချပြီး ကြေးမျက်နှာသိုင်းသမားကြီးကို ပြန်ပြောလိုက်သည်။

"ကျွန်တော် ရှောင်ယီနဲ့ လာမယ့်သုံးလကုန်ဆုံးချိန်မှာ ယှဉ်ပြိုင်တိုက်ခိုက်ဖို့ ချိန်းဆိုထားပါတယ်၊ သုံးလ မကျော်မီအတွင်းမှာ တစ်ယောက်နဲ့တစ်ယောက် အန္တရာယ်မပေးကြစတမ်း ကတိကဝတ်ပြုထားကြလို့ပါ"

ကြေးမျက်နှာသိုင်းသမားကြီး ဦးခေါင်းကိုခါယမ်းလိုက်၏။

"မင်းဆရာမကြီး ဒီအကြောင်းကိုသာ သိသွားရင် မင်းကို အပြစ်စကားပြောတော့မှာ အမှန်ပဲ"

ဟွာဟူချွန်က ခေါင်းမော့၍ကြည့်ပြီး ခပ်ကျယ်ကျယ်[illegible] ပြောဓိပြန်သည်။

"ကျွန်တော့်ဆရာမကြီးရဲ့ ညွှန်ကြားမှုကို ကျွန်တော် မ[illegible] ရှားပါဘူး၊ လိုက်နာမှာပါ၊ အခု ကျွန်တော် ရောင်ယီကို မသတ်တာ[illegible] ကျွန်တော့်ကတိပျက်မှာစိုးလို့ပါ၊ နောက်သုံးလကြာရင် ကျွန်တော် ရော[illegible] ယီကို ယှဉ်ပြိုင်တိုက်ခိုက်ပြီး အသေသတ်မှာပါ၊ စိတ်ချပါ"

ရောင်ယီသည် အခြေအနေကို ကောင်းစွာသဘောပေါက်သွား[illegible] လေသည်။ ဟွာဟူချွန်သည် သူ့ကို လတ်တလော အန္တရာယ်ပေးတော့ မည်မဟုတ်ချေ။

"ဒါပေမယ့် သူသတ်နိုင်ချင်မှလဲ သတ်နိုင်မှာပါ၊ သိုင်းလော ကမှာ ကတိစကားဟာ အရေးကြီးတယ်ဆိုတာ ခင်ဗျားမသိဘူးလား ဘာဖြစ်လို့ အတင်းအဓမ္မ သတ်နိုင်းနေရတာလဲ"

ကြေးမျက်နှာသိုင်းသမားသည် ရောင်ယီပြောသည်ကို ဂရု[illegible] စိုက်ချေ။ ဟွာဟူချွန်ကိုသာ ဒေါသသံနှင့်ပြောသည်။

"ဟွာဟူချွန်…မင်းဆရာမကြီးက မင်းကိုဘာမှာထားသလဲ ငါ့စကားကို နားထောင်ရမယ်လို့ မှာထားတယ်မဟုတ်လား၊ ငါ့စကားကို မင်းနားမထောင်ဘူးလား၊ နားမထောင်ဘူးဆိုရင်တော့ မင်းရဲ့ဆရာမကြီး ကို ငါတိုင်ကြားရလိမ့်မယ်"

ဟွာဟူချွန် သက်ပြင်းချလိုက်ပြီး…

"ဆရာမကြီး ကျွန်တော့်ကို အခြားဘာကိစ္စခိုင်းခိုင်း ကျွန်တော် အခုချက်ချင်းဆောင်ရွက်ပေးပါ့မယ်၊ ဒီကိစ္စတစ်ခုကိုတော့ ခွင့်လွှတ်



ပါခင်ဗျာ၊ ကျွန်တော် ကတိပျက်မှာစိုးလို့ မလုပ်ပေးပါရစေနဲ့ဦး ခင်ဗျာ"

ကြေးမျက်နှာသိုင်းသမားကြီးက အေးစက်စွာပြောသည်။

"ဆရာသမားရဲ့စကားကို နားထောင်ရတဲ့အတွက် ကတိပျက်ရတာပဲ၊ ဒီလို ကတိပျက်ခြင်းမျိုးကို သိုင်းလောကသားတွေက ခွင့်လွှတ်ပါတယ်ကွာ"

ဟွာဟူချွန်က သက်ပြင်းချပြီး ဖွတ်ငြင်းသည်။

"ဆရာကြီး ကျွန်တော့်ကိုခွင့်လွှတ်ပါ၊ ကျွန်တော် ဒီကိစ္စကို တော့…"

ကြေးမျက်နှာသိုင်းသမားကြီးက ဒေါသဖြင့်အော်လေသည်။

"မင်း သူ့ကိုမသတ်တာဟာ မင်းကတိပျက်မှာစိုးလို့ဟုတ်မယ် မထင်ဘူး၊ အခြားအကြောင်းတစ်ခုရှိလို့ ဖြစ်မယ်ထင်တယ် ဟုတ်လား"

ဟွာဟူချွန်စိတ်တွင် ထိတ်လန့်သွားလေသည်။ သူကိုယ်တိုင်မှာ ရောင်ယီကို အဘယ့်ကြောင့် သတ်ချင်စိတ် မရှိမှန်းမသိချေ။ ကြေးမျက်နှာသိုင်းသမားကြီး ပြောသလိုပင် ဟွာဟူချွန်တွင် အခြားအကြောင်းတစ်ရပ်များရှိသလိုလိုပင်။

ရောင်ယီသည် သူ့အနာဂတ်ရန်သူနှင့် လက်ရှိရန်သူတို့ ဆက်လက်အော်ဟစ်နေကြသည့် စကားများကို နားထောင်နေသည်။

ဟွာဟူချွန်သည် တာဝန်တစ်ရပ် ထမ်းဆောင်နေရသည်ဖြစ်ကြောင်း၊ ရောင်ယီ သဘောပေါက်စပြုလာသည်။ ယခုလောလောဆယ် ဟွာဟူချွန်မည်သို့ဆုံးဖြတ်မည်ကို ရောင်ယီ ရင်တထိတ်ထိတ်ဖြင့် စောင့်နေရပေသည်။ ကြေးမျက်နှာသိုင်းသမားကြီးက မာမာထန်ထန်ပြောလိုက်သည်။

"ဟွာဟူချွန် မင်းမမေ့အပ်ဘူး၊ ရောင်ယီဟာ မင်းရဲ့မဟာ

ရန်သူပဲ၊ ဒီလိုလူမျိုးနဲ့ မိတ်ဆွေဖွဲ့ထားတာဟာ မင်းအတွက် အေး အန္တရာယ်ကြီးတယ်၊ တကယ့်အန္တရာယ်ပဲ"

ဖွာဟူချွန် သက်ပြင်းချမိသည်။ သူသည် ရှောင်ယီအား သတ်ရန် လိုက်ရှာခဲ့သည်မှာမှန်သည်။ သို့သော် အငြိုးကြီးစွာ သတ်ဖြတ်လိုခြင်း မရှိခဲ့ပေ။ မည်သည့်အခါကမျှ မုန်းတီးခြင်း မရှိခဲ့ချေ။

ရှောင်ယီမှာလည်း ငေးငိုင်နေသည်။ ရှောင်ယီသည်လည်း ဖွာဟူချွန်ခံစားတွေးတောသလို တွေးတောစဉ်းစားနေဟန်တူသည်။

"ဖွာဟူချွန် မင်း သူ့ကိုသတ်ဖို့နောက်ထပ်သုံးလစောင့်မနေနဲ့တော့၊ အခုပဲ သတ်လိုက်ပါ၊ မီးကြွင်းမီးကျန် မထားကောင်းသလို ရန်ကြွင်းရန်စကိုလဲ မထားကောင်းဘူး"

ကြေးမျက်နှာသိုင်းသမားကြီးက သစ်ပင်ပေါ်မှမဆင်းဘဲ အောက်မှ ဖွာဟူချွန်ကိုငုံ့ကြည့်ပြီး အမိန့်ပေးလိုက်သည်။ ရှောင်ယီက သစ်ပင်ပေါ်မှ ကြေးမျက်နှာသိုင်းသမားကြီးကို မော့ကြည့်ပြီး အော်ပြောသည်။

"ဘာဖြစ်လို့ သုံးလမစောင့်ရမှာလဲ၊ ဒီသုံးလအတွင်းမှာ ဖွာဟူချွန်တစ်ခုခုဖြစ်မယ်လို့များ ခင်ဗျားထင်နေလို့လား"

ကြေးမျက်နှာသိုင်းသမားကြီးက . . .

"မင်းတို့နှစ်ယောက်ဟာ မလွဲမသွေ သူသေကိုယ်သေတိုက်ရလိမ့်မယ်၊ ရှောင်လွှဲလို့မရဘူး၊ မင်းကြောက်နေပြီလားကွ"

"ခင်ဗျား ကျုပ်ကို ဒီလောက်တောင် သေစေချင်နေရင်လဲ ခင်ဗျားကိုယ်တိုင်ဆင်းသတ်ပါတော့လား၊ ဘာ့ကြောင့် ဖွာဟူချွန်ကို အတင်းအကျပ်စေခိုင်းနေရတာလဲ၊ ကျုပ် ကြားထားရတဲ့သတင်းနဲ့ ခင်ဗျားပြောတာတွေဟာ တခြားစီပဲ"



ရှောင်ယီ အော်ပြောလိုက်လေသည်။ ထိုအခါ ကြေးမျက်နှာသိုင်းသမားကြီးသည် ရုတ်တရက် မာန်သွင်းအော်ဟစ်ပြီး သစ်ပင်ပေါ်မှ ခုန်ဆင်းလာသည်။

ဖွာဟူချွန်မျက်နှာပေါ်တွင် သွေးရောင်ရုတ်ခြည်းပျောက်ကွယ်သွားသည်။ ကြေးမျက်နှာသိုင်းသမားကြီးက ရှောင်ယီကိုတိုက်ခိုက်သတ်ဖြတ်လေပြီဟု မှတ်ထင်လိုက်သည်။

သို့သော် ကြေးမျက်နှာသိုင်းသမားကြီးသည် ရှောင်ယီကို မတိုက်ခိုက်ဘဲ အနီးရှိသစ်ပင်တစ်ပင်ကို လက်ဝါးစောင်းဖြင့် ရိုက်ခုတ်လိုက်လေသည်။ ထို့နောက် ဆက်တိုက်ဆက်တိုက်ပင် အခြားသစ်ပင်များကို ရိုက်ခုတ်ထိုးပုတ်လေတော့သည်။

သူ့ဟန်အမူအရာမှာ လွန်စွာကြောက် စရာကောင်းလှသည်။ အလွန်တရာရက်စက်ကြမ်းကြုတ်သော နဂါးကြီးတစ်ကောင် ထကြွဆောင်းကျန်းနေသည့် ပုံစံမျိုးဖြစ်နေသည်။ သူ့ဒေါသများကို သစ်ပင်များဆီသို့ စုပြုံ ပုံချနေသကဲ့သို့ပင်တည်း။

ရှောင်ယီနှင့် ဖွာဟူချွန်တို့မှာ ကြေးမျက်နှာသိုင်းသမားကြီး၏ အဆင့်မြင့်လှသော သိုင်းပညာရပ်များကို ကြည့်ပြီး ကြက်သီးတဖျန်းဖျန်းထမိကြလေသတည်း။

–––

အခန်း(၁၀၈)

## အကျဉ်းသားဖြစ်ရပြန်ခြင်း

ကြေးမျက်နှာသိုင်းသမားကြီးသည် သစ်ပင်ကြီးများကို အချို တော်တော်ကြာမျှ ရိုက်ပုတ်ထိုးခုတ်ပြီးမှ ပွှာဟူချုန်နှင့်ရှောင်ယီတို့ ရှိရာသို့ ပြန်လှည့်လာသည်။ ဒေါသများ အတန်ငယ်ငြိမ်သွားဟန်တူသည်။

ပွှာဟူချုန်ကိုလက်ညှိုးထိုးပြီး ဒေါသသံဖြင့်ပြောပြန်သည်။

"မင်းသူ့ကို နောက်သုံးလကြာပြီးမှ သတ်မှာလား"

"ဟုတ်ကဲ့ နောက်သုံးလကြာမှ သတ်ပါ့မယ်"

ပွှာဟူချုန်က ပြတ်ပြတ်သားသားပင် ပြန်ဖြေလိုက်သည်။

ကြေးမျက်နှာသိုင်းသမားကြီးက . . .

"အခုသတ်လိုက်တော့ မင်းဘာဖြစ်သွားမှာမို့လဲ"

ပွှာဟူချုန်မျက်နှာမှာ သွေးဆုတ်ဖြူရော်နေသည်။ သူက ရှောင်ယီကို တစ်ချက်လှမ်းကြည့်သည်။ ပြီးမှ ကြေးမျက်နှာသိုင်းသမား ကြီးကိုပြောသည်။

"ဆရာကြီး ကျွန်တော်ရှောင်ယီကို ကျွန်တော့်ကတိအတိုင်း မသတ်ဘူး၊ သတ်လို့မဖြစ်ပါဘူး၊ ဆရာကြီးက သူ့ကို သတ်မယ်ဆိုရင် တောင်မှ ကျွန်တော်က သူ့အသက်ကိုကာကွယ်ရပါလိမ့်မယ်"



ကြေးမျက်နှာသိုင်းသမားကြီးသည် ပွှာဟူချုန်ကို ရုတ်တရက် နှံ့အုပ်တော့မည်ကဲ့သို့ ဖြစ်သွားသည်။ သို့သော် သူ့စိတ်ကို ထိန်းလိုက် ဟန်တူသည်။ မျက်နှာဖုံးအောက်မှ မျက်လုံးအစုံက ဝင်းလက်တောက်ပ နေသည်။

"ငါ သူ့ကိုတိုက်ခိုက်ရင် မင်းက တားမြစ်မယ်ပေါ့ဟုတ်လား၊ မင်း ဒီလိုလုပ်ဝံ့သလား၊ မင်း ငါ့ကိုဒီလိုလုပ်ဝံ့သလား"

ပွှာဟူချုန်သည် မထူးတော့ပြီဟူသည့်သဘောဖြင့်ခေါင်းညိတ် လိုက်သည်။ အကယ်၍ ကြေးမျက်နှာသိုင်းသမားကြီးက လာရောက် တိုက်ခိုက်မည်ဆိုလျှင်လည်း ခုခံရန်အသင့်ပြင်ထားလိုက်လေသည်။

"ဟား . . . ဟား . . . ဟား"

ကြေးမျက်နှာသိုင်းသမားကြီး၏ ရယ်သံကြောင့် ပွှာဟူချုန် အံ့အားသင့်သွားလေသည်။

"မင်း ကတိပျက်မယ့်ကိစ္စကို ငါက အတင်းအကျပ်မစေခိုင်း ပါဘူးကွာ၊ ငါက မင်းရဲ့စိတ်ကို စမ်းကြည့်နေတာပါ၊ မင်း သုံးလစောင့် မယ်ဆိုရင်လဲ စောင့်ပါ၊ ငါခွင့်ပြုပါတယ်"

ကြေးမျက်နှာသိုင်းသမားကြီး ချက်ချင်းသဘောထားပြောင်း သွားသည်။ ထိုသဘောထား ပြောင်းလဲမှုမှာ အံ့သြစရာဖြစ်သော်လည်း ပွှာဟူချုန်ရော၊ ရှောင်ယီပါ လွန်စွာစိတ်သက်သာရာရသွားသည်

"ကဲ . . . ပွှာဟူချုန် မင်းသွားနိုင်ပြီ"

ကြေးမျက်နှာသိုင်းသမားကြီးကပြောသည်။

ပွှာဟူချုန်က ရှောင်ယီကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ပြီးမှ ကြေးမျက်နှာသိုင်းသမားကြီးကို ပြန်ကြည့်လိုက်သည်။

"ကျွန်းရှောင်ယီကိုရော ကျွန်တော်ခေါ်သွားရမလားဆရာကြီး"

"ကျန်းရောင်ယီကို ထားရစ်ခဲ့"

ဟွာဟူချွန်မှာ ရင်ထိတ်သွားရပြန်သည်။

ကြေးမျက်နှာသိုင်းသမားက ဟွာဟူချွန်၏ မျက်နှာအမူအရာကိုကြည့်ပြီး ရယ်မောလေသည်။

"မင်းက ငါ ရောင်ယီကို အန္တရာယ်ပြုမှာစိုးလို့လား၊ ဟား… ဟား…ရောင်ယီကို အန္တရာယ်ပေးချင်ရင် အခု မင်းရှေ့မှာပဲ လုပ်လိုက်မှာပေါ့ကွ၊ မင်းတို့ဘာတတ်နိုင်မှာလဲ၊ သူ့အတွက်မစိုးရိမ်ပါနဲ့"

ဟွာဟူချွန်က အနည်းငယ်စဉ်းစားလိုက်ပြီးလျှင်…

"ဆရာကြီး ရောင်ယီကို မသတ်ဘူးဆိုရင် ဘာ့ကြောင့် အခုတစ်ခါတည်း ကျွန်တော်နဲ့ပြန်မလွှတ်တာလဲ၊ ဒီသုံးလအတွင်းမှာ ရောင်ယီကို ထိခိုက်ဒဏ်ရာမရစေချင်ဘူး"

ကြေးမျက်နှာသိုင်းသမားကြီးက အေးစက်စက်ရယ်လိုက်သည်။

"စိတ်ချပါ၊ ရောင်ယီကို ကျုပ်ဘာမှ မဖြစ်စေရအောင်တာဝန်ယူပါတယ်၊ သုံးလပြည့်ပြီးရင် ရောင်ယီတို့ မင်းလက်ထဲကောင်းကောင်းမွန်မွန်အပ်ပါ့မယ်"

ရောင်ယီရယ်မောလိုက်လေသည်။

"ကျွန်တော့်ကို ခင်ဗျားက သုံးလ ကာကွယ်ထားမယ်ဆိုပါတော့၊ ဒီလိုဆိုရင် သိပ်ကို ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမယ့် ခင်ဗျားသိအောင်တော့ ပြောပြထားပါရစေ၊ ကျွန်တော့်ကို ရန်ရှာမယ့်လူတွေက သိုင်းလောကမှာ အတော်လေးများတယ်နော်"

ကြေးမျက်နှာသိုင်းသမားကြီးက လှောင်ပြောင်သရော်သလိုပြောလိုက်သည်။



"မင်းကို…ဟွာဟူချွန်ကလွဲလို့ တခြားဘယ်သူမှ မသတ်နိုင်ပါဘူး၊ မင်းအပိုတွေ ပြောမနေပါနဲ့"

"ဟုတ်ပါ့မလားခင်ဗျာ"

"ငါပြောတာကို မင်းမယုံမရှိနဲ့"

ကြေးမျက်နှာသိုင်းသမားကြီးသည် ဟွာဟူချွန်ဘက် လှည့်ကြည့်ပြီး ဒေါသသံဖြင့်အော်လိုက်သည်။

"ဟွာဟူချွန် မင်းမသွားသေးဘူးလား"

ဟွာဟူချွန်လည်း ရောင်ယီကိုလှမ်းကြည့်လိုက်ပြီး မသွားချင်သွားချင်ဖြင့် ထွက်ခွါစပြုလေသည်။ ထိုစဉ် ရောင်ယီက ကြေးမျက်နှာသိုင်းသမားကြီးကို လှမ်းပြောလိုက်လေသည်။

"ဆရာကြီးခင်ဗျာ၊ ကျွန်တော် ဟွာဟူချွန်ကို နှစ်ကိုယ်ကြားစကားပြောချင်ပါတယ်၊ ခွင့်ပြုနိုင်ပါ့မလား"

ကြေးမျက်နှာသိုင်းသမားကြီးက ခေါင်းညိတ်လိုက်လေသည်။

ရောင်ယီသည် ကျေးဇူးတင်စကားပြောကာ အတော်လှမ်းလှမ်းသို့ရောက်နေသည့်ဟွာဟူချွန်ရှိရာသို့ ပြေးလိုက်သွား၏။ ဟွာဟူချွန်က ရပ်စောင့်နေသည်။

ရောင်ယီက ဟွာဟူချွန်ကို တိုးတိုးပြောသည်။

"မနက်ဖြန် ညနေကျရင် သိုင်းသမားကြီးရဲ့နန်းထင် မြို့ပြင်က စမ်းချောင်းရှေ့မှာစောင့်နေလိမ့်မယ်၊ မင်း ငါ့ကိုယ်စား သိုင်းသမားကြီးရဲ့နန်းထင်ကိုသွားပြောပေးပါ၊ အခု အခြေအနေကြောင့် သူ့ကိုငါလာမတွေ့နိုင်တော့ဘူးလို့"

ဟွာဟူချွန် မျက်မှောင်ကြုတ်ပြီး ပြန်မေး၏။

"ရဲ့နန်းထင်…ဟုတ်လား"

"ဟုတ်ပါတယ်၊ ရဲ့နန်းထင်ကလဲ မင်းကို သုံးလအတွင်းမှာ ရန်ပြုမှာ မဟုတ်ပါဘူး၊ မင်းနဲ့ငါ ဒီသုံးလအတွင်းမှာ မိတ်ဆွေဖွဲ့ထား တာ သူသိပါတယ်"

ပွားဟူချွန် ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်၊ ဒီသုံးလထဲမှာ ခင်ဗျားနဲ့ကျွန်တော်က မိတ်ဆွေသူငယ်ချင်းတွေပါ၊ မိတ်ဆွေသူငယ်ချင်း အကူအညီတောင်းတဲ့ ကိစ္စကို ကျွန်တော်ဆောင်ရွက်ပေးရမှာပေါ့၊ ရပါတယ်"

ရှောင်ယီက ပွားဟူချွန်မျက်နှာကို သေချာစိုက်ကြည့်သည်၊ ပွားဟူချွန်ကလည်း ရှောင်ယီ့မျက်နှာကို သေချာစိုက်ကြည့်နေသည်၊ နောက် နှစ်ယောက်သား နှစ်နှစ်ကာကာပြုံးလိုက်ကြသည်။ သူတို့တစ် ယောက်ကိုတစ်ယောက် မည်သို့မျှ မုန်း၍မရကြပါ။

ဤသည်ကို ကြေးမျက်နှာသိုင်းသမားကြီးက ငြိမ်သက်စွာရပ် ကြည့်နေသည်။ သူ့မျက်လုံးများက ဝင်းဝင်းတောက်လျှက်ရှိပါသည်၊

ပွားဟူချွန် သက်ပြင်းချလိုက်သည်။ ထို့နောက် တိုးညှင်းသော လေသံဖြင့် ဆက်ပြောလာလေသည်။

"သုံးလဆိုတာ ရက်ပေါင်းကိုးဆယ်ပဲရှိပါတယ်၊ ခင်ဗျားနဲ့ ကျွန်တော်မိတ်ဆွေဖြစ်ရတဲ့ရက်တွေဟာ နည်းလှပါတယ်၊ ဟင်း…ရက် ပေါင်းကိုးဆယ်လွန်မြောက်သွားပြီးရင်တော့ ခင်ဗျားနဲ့ ကျွန်တော်ဟာ မဟာရန်သူတွေပဲနော်"

ရှောင်ယီပြုံးပြသည်။ လောကကြီးကို အမြဲတမ်း ခါးစောင်း တင်ထားသည့် ရှောင်ယီ၏အပြုံးမှာ ဝင်းပကြည်လင်လှသည်။

ပွားဟူချွန် ထွက်ခွါသွားသည်။ ရှောင်ယီက ပွားဟူချွန်၏ နောက်ကျောပြင်ကိုငေးကြည့်ပြီးကျန်ရစ်၏။ ထို့နောက် တစ်ကိုယ်တည်း



တိုးပြောလေတော့သည်။

"ပွားဟူချွန်ဟာ ခင်မင်စရာကောင်းတဲ့လူပါ၊ စိတ်သဘော ထားလဲ ကောင်းပါတယ်၊ ဒါပေမယ့် သူ့အဖို့ ကံဆိုးချင်တော့ နေရာ မှားပြီး ကြီးပြင်းလာခဲ့ရတယ်"

ရှောင်ယီ၏အသံတိုးညင်းသော်လည်း အတွင်းအားကောင်း သော ကြေးမျက်နှာသိုင်းသမားကြီးအဖို့ တိုးညှင်းသည်မဟုတ်ပါ။ ပီသ ကြည်မြစွာ ကြားနိုင်ပါသည်။

"ဟော့…နေရာမှားပြီး လူလားမြောက် ကြီးပြင်းလာရတာက မင်းကွ၊ ပွားဟူချွန် မဟုတ်ဘူး၊ မဟုတ်တာတွေ လာပြောမနေနဲ့"

ကြေးမျက်နှာသိုင်းသမားကြီးက ရှောင်ယီကို လှမ်းပြောလိုက် သည်။ ရှောင်ယီက သူပြောတာလည်း ဟုတ်တာပဲဟု စိတ်မှာတွေးပြီး ငြိမ်သက်နေလိုက်သည်။ ပြန်၍ စောဒကမတက်ပေ။

"ဒီမှာ ကျန်းရှောင်ယီ မင်းမသိသေးတာတွေငါပြောပြမယ်"

ရှောင်ယီသည် ထိုစကားအတွက် အံ့သြသွားသည်။

"ဘာများလဲခင်ဗျာ၊ ကျွန်တော်နားထောင်နေပါတယ်"

"အကြောင်းအရာတွေက အရေးကြီးတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်စိတ်ဝင်စားပါတယ်"

"မင်းရဲ့အတိတ်ကို မင်းသိရဲ့လား"

"အကုန်မဟုတ်ပေမယ့် တစ်ချို့တစ်ဝက်လောက်တော့ သိပါ တယ်"

"ပွားဟူချွန်ဟာ မင်းရဲ့မဟာရန်သူကွ၊ အဲဒါကို မင်းသိရဲ့ လား"

"သူ့အတွက်သာ ကျွန်တော်က မဟာရန်သူ ဖြစ်ချင်ဖြစ်မယ်၊

ကျွန်တော့်အတွက်တော့ သူဟာ မဟာရန်သူ မဟုတ်ပါဘူး"

"ဘာဖြစ်လို့ မင်းအတွက် မဟာရန်သူ မဟုတ်ရမှာလဲ၊ မဟာရန်သူဖြစ်ဖို့ရာ ကြီးမားသော အကြောင်းခံရှိနေတယ်ကွ"

ရောင်ယီက ထူးထူးခြားခြားပင် ပြုံးလိုက်သည်။

"ဘာအကြောင်းခံရှိလဲ"

"မင်းကို ငါပြောပြမယ်၊ ဟွာဟူချွန်ရဲ့ဆရာသမား အုပ်ထိန်းသူတွေဟာ မင်းရဲ့မိဘနှစ်ပါးကိုသတ်ပစ်ခဲ့တယ်၊ မင်းကိုသတ်ဖို့လည်း ဟွာဟူချွန်ကို အမိန့်ပေးခဲ့သေးတယ်။ ကဲ…ဒါဟာ ကြီးလေးတဲ့ အကြောင်းခံမဟုတ်ဘူးလား"

ရောင်ယီသည် ကြေးမျက်နှာသိုင်းသမားကြီးပြောသည့် စကားကို သေချာနားထောင်ပြီးနောက် တဟားဟားရယ်မောလေတော့သည်။

"ကျွန်တော့်မိဘနှစ်ပါး သေစဉ်တုန်းကဆိုရင် ဟွာဟူချွန်အသက် ဘယ်အရွယ်လောက်ရှိဦးမှာလဲ၊ သူ့ဆရာသမား အုပ်ထိန်းသူရဲ့ လုပ်ရပ်ဟာ သူနဲ့မဆိုင်ပါဘူး၊ ဆရာကြီးပြောတဲ့အကြောင်းခံဟာ အင်မတန် ရယ်စရာကောင်းတဲ့အကြောင်းခံပဲ"

ကြေးမျက်နှာသိုင်းသမားကြီး ဘာမျှမပြောနိုင်တော့ပေ။ အတန်ကြာမျှ တိတ်ဆိတ်သွားသည်။

"ထားပါတော့၊ မင်းနဲ့ မေတ္တာရှိနေတဲ့ မိန်းကလေး ဘယ်ရောက်သွားပြီလဲ၊ အဲဒီမိန်းကလေးကို ဟွာဟူချွန်က မင်းလက်ထဲကလု သွားတာမဟုတ်လား"

ရောင်ယီက မဲ့ပြုံးပြုံးပြီးလျှင်…

"မိန်းကလေးတစ်ယောက်ဟာ သူစိတ်ပြောင်းသွားပြီဆိုရင် ဘယ်လိုအင်အားမျိုးနဲ့မှ ပြန်ဆွဲဆောင်လို့ မရပါဘူးခင်ဗျာ၊ ဒီကိစ္စ



ဟွာဟူချွန်နဲ့မဆိုင်ပါဘူး၊ မိန်းကလေးအပေါ်မှာပဲ သက်ဆိုင်ပါတယ်"

ကြေးမျက်နှာသိုင်းသမားကြီးသည် ရောင်ယီကို စူးစိုက်ကြည့်ပြီး ဒေါသထွက်လာသည်။

"ကိုယ့်မိဘနှစ်ပါးကို သတ်တယ်၊ ကိုယ်မေတ္တာရှိနေတဲ့ မိန်းကလေးကို လုယူသွားတယ်၊ တခြားလူသာဆိုရင် အသက်နဲ့လဲပြီးတိုက်ခိုက် ကလဲ့စားချေမှာပဲ၊ မင်းကတော့ မတုန်မလှုပ်ကျောက်ဆစ်ရုပ်ပဲ၊ သိပ်အံ့ဩစရာကောင်းတယ်၊ မင်းမှာ ခံစားတတ်တဲ့ အသည်းနှလုံးမရှိဘူးလား"

ရောင်ယီက ကြေးမျက်နှာသိုင်းသမားကြီး၏ မျက်နှာကို စိုက်ကြည့်လိုက်သည်။ ထိုမျက်နှာပေါ်၌ သူအဖြေရှာသည်။

"ကျွန်တော် ဆရာကြီးကိုမေးပါရစေ၊ ဟွာဟူချွန်နဲ့ ကျွန်တော် မုန်းတီးအောင်၊ သတ်ချင်အောင် ဘာဖြစ်လို့ ရန်တိုက်ပေးနေရတာလဲ"

ကြေးမျက်နှာသိုင်းသမားကြီးက ဒေါသသံဖြင့်…

"မင်းသူ့ကိုမုန်းတာ မမုန်းတာ ငါနဲ့မဆိုင်ပါဘူး"

"ကျွန်တော်သိပါတယ်၊ ခင်ဗျားဟာ ဟွာဟူချွန်နဲ့ ကျွန်တော် သတ်ဖြတ်တာကို လိုလားနေသူပါ၊ ခင်ဗျား ကျွန်တော့်ကိုထိန်းချုပ်ထားခဲ့တာဟာလဲ အကြောင်းရှိလို့ပဲ၊ ဟွာဟူချွန်နဲ့ကျွန်တော် ဒီသုံးလအတွင်း ဗိုပြီးခင်မင်ရင်းနှီးသွားမှာကို ခင်ဗျားသိပ်စိုးရိမ်နေတယ်၊ ကျွန်တော်ပြောတာ ဟုတ်တယ်မဟုတ်လား"

ကြေးမျက်နှာသိုင်းသမားကြီးက…

"မင်းက သူ့ကိုမမုန်းဘူး၊ ရန်သူလို့ သဘောမထားဘူးဆိုတာ ငါသိတယ်၊ ဒါပေမယ့် ဟွာဟူချွန်ကတော့ မင်းကိုမုန်းတီးနေတယ်၊ ဒါကြောင့် ဟွာဟူချွန်က မင်းကိုသတ်မှာကွ"

"ဟွာဟူချွန် ကျွန်တော့်ကို မုန်းတီးနေတယ်လို့ ခင်ဗျား ထင်သလား"

"မင်းကိုသူမုန်းတာပေါ့၊ မုန်းလို့သတ်ဖို့လိုက်ရှာနေတာပေါ့"

ရှောင်ယီက ဟက်ခနဲရယ်လိုက်သည်။

"ကျွန်တော် အံ့ဩနေပါတယ်၊ ခင်ဗျားနဲ့ ဟွာဟူချွန်ရဲ့ဆရာ သမားဟာ ကျွန်တော့်ကိုသတ်မယ်ဆိုရင် လွယ်လွယ်ကလေးသတ်နိုင်တယ်၊ ဒါပေမယ့် ခင်ဗျားတို့က ကျွန်တော့်ကို အသက်အန္တရာယ်မပေးဘူး၊ မသတ်ကြဘူး၊ ဟွာဟူချွန်နဲ့ကျွန်တော့်ကိုပဲ တိုက်ခိုက် သတ်ဖြတ်အောင် တိုက်တွန်းလှုံ့ဆော်ကြတယ်၊ ခင်ဗျားတို့ဟာ ဟွာဟူချွန်နဲ့ ကျွန်တော် ရက်ရက်စက်စက်တိုက်ခိုက်တာ၊ သတ်ဖြတ်တာကို သိပ်ကြည့်ချင်နေတယ်၊ အဲဒီလို တကယ်တမ်းသတ်ဖြတ်ရင်လဲ ခင်ဗျားတို့သိပ်ဝမ်းသာကြလိမ့်မယ်၊ ကျွန်တော်ကောင်းကောင်းသိတယ်ဗျာ၊ ဟွာဟူချွန်နဲ့ကျွန်တော့်ကိစ္စနောက်ကွယ်မှာ ထူးခြားတဲ့ အကြောင်းရင်းတစ်ရပ်ရှိကို ရှိရလိမ့်မယ်"

ကြေးမျက်နှာသိုင်းသမားကြီးထံမှ မည်သည့်အသံမျှ ထွက်မလာပါ။ အတန်ကြာမှ တဟင်းဟင်းရယ်သည်။

"အကြောင်းထူးကိစ္စရပ်ရှိလဲပဲ မင်း လုံးဝသိရမှာမဟုတ်ပါဘူး၊ ဟင်း…ဟင်း…ဟင်း"

အလွန်တရာပါးနပ်လှသော ရှောင်ယီက ထပ်မံအစ်အောက်လိုက်လေသည်။

"အကြောင်းထူးကိစ္စက လျှို့ဝှက်လှတယ်ဆိုပါတော့"

"ဟုတ်တယ်၊ အဲဒီလျှို့ဝှက်ချက်ကို လူနှစ်ယောက်တည်းပဲသိကြတယ်၊ အဲဒီလူနှစ်ယောက်ဟာလဲ သူတို့သိတဲ့ကိစ္စ မင်းကို ဘယ်တော့မှ ပြောပြမှာမဟုတ်ပါဘူး"

ရှောင်ယီမျက်လုံးအစုံထဲတွင် အလင်းရောင်တစ်ချက် ဝင်းတောက်သွားသည်။ သူက ခပ်အေးအေးလေသံဖြင့် ပြောလိုက်သည်။

"မဟူရာနန်းတော်သခင်မနှစ်ဦးကတော့ ဒီလျှို့ဝှက်ချက်ကို သိကြမှာပေါ့၊ သူတို့က အမိကပေကိုး"

ကြေးမျက်နှာသိုင်းသမားကြီးက ရုတ်တရက် ခေါင်းညိတ်ဝန်ခံလိုက်လေသည်။

"သိတာပေါ့၊ သူတို့ကောင်းကောင်းသိကြတာပေါ့"

ထိုအခါ…

"မဟူရာနန်းဆောင်သခင်မကြီးနှစ်ယောက်ဟာ ညီအစ်မနှစ်ယောက်ပဲ၊ ခင်ဗျားစောစောကပြောခဲ့တဲ့ စကားထဲမှာ ဒီလျှို့ဝှက်ချက်ကိုသိတာ လူနှစ်ယောက်တည်းပဲရှိတယ်လို့ဆိုတယ်၊ ကဲ…ဒီလိုဆိုရင် အခုလျှို့ဝှက်ချက်ကိစ္စကို ခင်ဗျားက ဘာကြောင့်သိနေရတာလဲ"

ကြေးမျက်နှာသိုင်းသမားကြီး အငိုက်မိသွားလေသည်။ တစ်ကိုယ်လုံးတုန်လှုပ်သွားသည်။ သို့သော် ချက်ချင်းပင် ဣန္ဒြေပြန်ဆည်သည်။ သူက ဒေါသသံဖြင့် ပြန်အော်သည်။

"မင်း လျှာသိပ်ရှည်ပါလား၊ ပါးစပ်ပိတ်ထားလိုက်စမ်း"

သူသည် အော်အော်ပြောပြောဖြင့် ရှောင်ယီ၏ သွေးကြောတစ်နေရာကို လှမ်းပြီးပိတ်လိုက်လေသည်။ ရှောင်ယီသည် ကြေးမျက်နှာသိုင်းသမားကြီး အကြောမပိတ်နိုင်အောင် မည်သို့မျှ ရှောင်တိမ်းနိုင်ခြင်းမရှိပေ။

❋❋❋

အခန်း(၁၃)

## ခြေရာပျောက်ခြင်းအတတ်ပညာ

ဟွာဟူချွန်သည် သူ့စိတ်ထဲ၌ရှိနေသော ကိစ္စ အကြောင်းရပ်များကို သူတစ်ပါးအား ဖွင့်ဟပြောခဲလှသည်။ သူက ကျိတ်၍သာလျှင် ခံစားနေတတ်သည်။ ဤသည်မှာ မဟူရာနန်းတော်၏ အထီးကျန်နေရာမှ ရလာခဲ့သော အကျင့်စရိုက်ပင်ဖြစ်သည်။ သူသည် ဤသို့ပြီး အိပ်ပျော်နေခဲ့ရသည်။ သူအိပ်ပျော်နေသည့်ဂေဟာကြီးမှာ တွမ်ဟော့ဓ၏ ဂေဟာကြီးပင်ဖြစ်ပါသည်။

မည်မျှကြာအောင် အိပ်ပျော်သွားသည်ဟူ၍မသိပါ။ သူ့နားသို့ ဆူဆူညံညံအသံများ တိုးဝင်လာသောအခါမှ သူနိုးလာပါသည်။ အခန်းအပြင်၌ အလင်းရောင်တန်းများကိုလည်း မြင်ရသည်။ မိုးစင်စင်လင်းနေလေပြီ။

ဟွာဟူချွန် အပြင်သို့ထွက်လာသည်။ ကျန်းပျန့်ဟုန်ကိုတွေ့ မြင်လိုက်ရသောအခါ ဟွာဟူချွန်အံ့သြသွားသည်။ ကျန်းပျန့်ဟုန်သည် ဝင်းထဲ၌ရှိ သစ်ပင်တစ်ပင်အောက်၌ ရပ်နေသည်။

ဟွာဟူချွန် ထွက်လာသည်ကို မြင်ရသောအခါ ကျန်းပျန့်ဟုန်



ပြုံးရယ်ရယ်ဖြင့် ဟွာဟူချွန်ရှိရာသို့လျှောက်လာသည်။

"ကျုပ်မနေ့ညကရောက်လာတော့ ညီလေးအရက်တွေသောက်ပြီး အိပ်ပျော်နေတယ်လို့သိရတယ်"

ကျန်းပျန့်ဟုန်က မနေ့ညက စားသောက်ဆိုင်၌ ဖြစ်ပျက်သည်များကို လုံးဝထည့်မပြောချေ။ မနေ့ညက ဖြစ်ပျက်ခဲ့သည့်ကိစ္စသည် သူတစ်ပါးက မလိုမုန်းထား၍ စွပ်စွဲပြောဆိုခဲ့သည့်ကိစ္စရပ်ဟု ဟွာဟူချွန် သဘောထားစေရန် သူက နေပြလိုက်ခြင်းသာဖြစ်သည်။

ဟွာဟူချွန်က စိတ်မပါလက်မပါ ပြုံးပြလိုက်သည်။

"ဟုတ်တယ်၊ ကျွန်တော် မနေ့ကအမူးလွန်သွားတယ်၊ အစက အရက်ကို ဒီလောက်များများမှ မသောက်ခဲ့ဘူးတာပဲ"

ဟွာဟူချွန်သည် ဤသို့ပြောရင်း ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်။ ဂေဟာမှ အစေအပါး အလုပ်သမားများသည် ယောက်ယက်ခတ် ဝင်ထွက်သွားလာနေကြသည်။

ဤဂေဟာကြီးသည် ယခင်က ဤသို့မလှုပ်ရှားခဲ့ဘူးပေ။

ယခု အဘယ့်ကြောင့် ဤမျှလှုပ်ရှားနေကြသနည်း။

ဂေဟာမှ အစေအပါး၊ အလုပ်သမားအခြွေအရံများ၏ မျက်နှာများမှာမူ ညှိုးငယ်ထိတ်လန့်နေကြသည်။ မည်သူ့မျှ မျက်နှာမကောင်းကြပေ။ ဟွာဟူချွန် ကျန်းပျန့်ဟုန်ကို မေးသည်။

"ဒီအိမ်မှာ ဘာဖြစ်နေတာလဲ"

"သူဌေးကြီး တွမ်ဟော့ဖေရဲ့ သမီးလေး၊ သူ့ကိုယ်သူ သေကြောင်းကြံလို့"

ဟွာဟူချွန်မှာ အကြီးအကျယ်ထိတ်လန့်သွားလေသည်။ သူတည်းခိုနေသည့်အိမ်ရှင်တစ်ယောက်၏ ဆိုးရွားသော ကံကြမ္မာအတွက်

မည်သည့်ရည်သည်မှ၊ စိတ်လက်ပျော်ရွှင်ကြမည်မဟုတ်ပါ။

"တွမ့်ဟော့ဖေရဲ့သမီး ကိုယ့်ကိုယ်ကို သေကြောင်းကြံတယ် ဟုတ်လား၊ ဘာ့ကြောင့် သေကြောင်းကြံရတာလဲ၊ ဒီလောက် စည်းစိမ် ချမ်းသာရှိလှတဲ့သူ့ဘဝကို သူ ဘာ့ကြောင့်မပျော်ပိုက်ရတာလဲ"

ကျန်းပျန့်ဟုန်က မချိပြုံး ပြုံးလိုက်ပြီး…

"ညီလေး မေးဖို့မသင့်ဘူး၊ သူဟာ မိန်းကလေးတစ်ယောက် မဟုတ်လား၊ အမျိုးသမီးတွေဟာ အများအားဖြင့် ကိုယ့်ကိုယ်ကို သတ် သေခြင်းဟာ ရှိသမျှအခက်အခဲ ဝဋ်ဒုက္ခဆင်းရဲခြင်းက လွတ်မြောက် တယ်လို့ ယူဆယုံကြည်ကြတယ်လေ"

"အဲဒီအချက်ကို ဘဝင်မကျဘူး၊ ဘာကြောင့် ဒီမိန်းကလေး ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်ရမှာလဲ"

ဟွာဟူချွန်က သိချင်လှသည်။ ကျန်းပျန့်ဟုန်က…

"သူ ဘာ့ကြောင့် သေကြောင်းကြံတာလဲဆိုတာ အကြောင်း ရင်း မသိကြသေးဘူး၊ သူ မိန်းမောနေတုန်းက ပါးစပ်က ပြောထွက်ခဲ့တဲ့ စကားတစ်ခွန်းကိုတော့ ကြားလိုက်ကြရတယ်လို့ ပြောကြတယ်"

"သူ…ဘာတွေပြောသွားခဲ့လဲ"

"သူပြောတာက တိုတိုလေးပါ၊ ငါ သူ့ကိုတောင်းပန်ရမယ်တဲ့ သူ ငါ့ကိုအရေးမလုပ်တော့ဘူးတဲ့၊ ဒီလောက်ပဲပြောတာပါ"

"သူပြောတဲ့စကားထဲက သူဆိုတာ ဘယ်သူ့များလဲ"

ကျန်းပျန့်ဟုန်က ရယ်မောပြီးပြောလေသည်။

"မိန်းကလေးတွေရဲ့ လျှို့ဝှက်ချက်ကို ဘယ်သူသိနိုင်မှာလဲ ညီလေးရာ"

ဟွာဟူချွန်က…



"သူ့ကို ကုသ ကယ်ဆယ်နေကြမှာပေါ့၊ စကားပြောနိုင်သေး တယ်ဆိုတော့ အသက် မသေနိုင်သေးဘူးပေါ့၊ မဟုတ်လား"

ကျန်းပျန့်ဟုန်က ခေါင်းညိတ်လိုက်သည်။

"လူတစ်ယောက်ကို သတ်ဖို့ဆိုတာ အင်မတန်ခက်ပါတယ်၊ ဒီလိုပဲ ကိုယ့်ကိုယ်ကို သတ်သေဖို့ဆိုတာလဲ အင်မတန်မှ မလွယ်ကူပါ ဘူး၊ အင်း…ကျုပ်သိသလောက်ပြောရရင် မိန်းမတွေဟာ ကိုယ့်ကို ကို သတ်သေကြတာ အောင်မြင်ခဲပါတယ်၊ မသေဘဲ ပြန်နေကောင်းသွား ကြတာပဲ များပါတယ်"

ဟွာဟူချွန်ဟာ ထိုအခါကျမှ ပြုံးရယ်နိုင်လေသည်။

"ဒီလိုဆိုရင် ယောကျ်ားတွေကျတော့ရော ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်ကြတာ အောင်မြင် ဖြစ်မြောက်သွားတာ များ သလား"

ကျန်းပျန့်ဟုန်က ရယ်မောလိုက်သည်။

"ယောကျ်ားတွေကတော့ ဟန်မလုပ်တတ်ကြပါဘူး၊ စိတ် ပျက်တာ၊ စိတ်ဆင်းရဲတာတွေ တွေ့ကြုံကြလို့ သောကဒဏ် မခံနိုင်ကြ ရင် တကယ်အဟုတ်ကိုပဲ သေကြောင်းကြံစည်သွားကြတာပဲလေ၊ တ ကယ်အပြတ်ရှင်းတာကိုး၊ ယောကျ်ားနဲ့မိန်းမဆိုတာ အတော်ကလေး ကွာခြားတာပဲလေ"

ဟွာဟူချွန်စဉ်းစားနေစဉ် ကျန်းပျန့်ဟုန်က…

"ညီလေးနဲ့ကျုပ် အပြင်ထွက်လမ်းလျှောက်ကြရအောင်လား၊ တစ်ခုခုထွက်စားကြရအောင်"

ဟွာဟူချွန်က ခေါင်းကိုခါယမ်းကာ ငြင်းလိုက်သည်။

"ကျွန်တော် ဘယ်မှမသွားချင်ဘူး၊ ညက အရက်သောက်

ထားတဲ့ဒဏ်က အခုမှပိုထိနေတာ''

''ဒီလိုဆိုရင် ကျုပ် တွမ့်ဟော့ဖေရဲ့သမီးကို အခြေအနေသွားကြည့်လိုက်ဦးမယ်''

ကျန်းပျန့်ဟုန်သည် ဟွာဟူချန်အနီးမှ ထွက်ခွါသွားလေသည်။ ကျန်းပျန့်ဟုန်၏စိတ်တွင်း၌ ဟွာဟူချန်သည် သူ့အား ချုပ်ချယ်နေပြီဟု ထင်မြင်သွားပေပြီ။ ဟွာဟူချန်ကား ဤသို့မဟုတ်ပါ။ သူ့အတွေးနှင့်သူသာ ဖြစ်ပါသည်။

ကျန်းပျန့်ဟုန်သည် ဝင်းတံခါးပေါက်အကွယ်သို့ ရောက်လျှင် လူနှစ်ယောက်ကိုလှမ်းခေါ်ပြီး တီးတိုးမှာကြားလိုက်သည်။ ထိုလူနှစ်ယောက်သည် ခြံဝင်းအပြင်သို့ မသိမသာထွက်ခွါသွားကြသည်။

ကျန်းပျန့်ဟုန်သည် လူနှစ်ယောက်ထွက်ခွါသွားသည်ကို လှမ်းကြည့်နေသည်။ ထိုလူများပျောက်ကွယ်သွားမှ တီးတိုးရေရွတ်သည်။

''ဟွာဟူချန်…ဟွာဟူချန်…မင်းငါ့အပေါ် ဆက်ဆံရေးပြောင်းလဲသွားပြီပေါ့၊ ဟင်း…ဟင်း…ဟင်း မင်းဆက်ဆံရေးပြောင်းလေလေ လူ့လောကမှာ မင်းနေရမယ့်ရက် တိုလေလေပဲကွာ ဟင်း…ဟင်း…ဟင်း''

သူ့မျက်နှာပေါ်ဝယ် ကောက်ကျစ်သည့် အရိပ်လက္ခဏာများပေါ်လွင်နေသည်။ သူ့စိတ်ထဲ၌ရှိသည့်အကြံအစည်ကို မည်သူမျှမသိပါ။ မည်သူမျှ ထိုးထွင်းမမြင်နိုင်ပါ။ မြို့ထဲတွင် အရိပ်များရှိနေကြသည်။ အရိပ်ဆိုသည်ကား စောင့်ကြည့်နေသူများသာတည်း။

တစ်ချို့က လက်ဖက်ရည်ကြမ်းဆိုင်တွင် ရှိနေကြသည်။ အချို့က ဈေးဆိုင်များရှေ့တွင် ပစ္စည်းဝယ်မလိုလို ဘာလိုလိုဖြင့် ဟိုကြည့်သည်ကြည့် လမ်းလျှောက်နေကြသည်။



အချို့က လမ်းမဘေးတွင် အသိအကျွမ်းချင်း လမ်းမှာတွေ့ကြဟန်ဖြင့် စကားရပ်ပြောနေကြသည်။ ထိုအချိန်တွင် ဟွာဟူချန်သည် လမ်းမပေါ် အေးအေးဆေးဆေး လမ်းလျှောက်ရောက်ရှိလာသည်။

လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ဝင်ပြီး သွားရည်စာနှင့်လက်ဖက်ရည်ကြမ်းဝင်သောက်သည်။ ထို့နောက် လက်ဖက်ရည်ဆိုင်မှ ထွက်ပြီး လမ်းပေါ်ဆက်လျှောက်သည်။ ငှက်မျိုးစုံရောင်းသော ဆိုင်ရှေ့တွင် ရပ်ပြီး ငှက်များကိုလှေ့လာကြည့်လိုက်သည်။ ဟွာဟူချန်လုပ်ရပ်ကို ကြည့်နေသူများအဖို့ ဟွာဟူချန် ဘာကြံစည်နေသည်ကို လုံးဝ ခန့်မှန်း၍မရနိုင်ပေ။

ဟွာဟူချန် သွားလာလှုပ်ရှားမှုကို အဆင့်ဆင့်သတင်းပို့နေကြသဖြင့် ကျန်းပျန့်ဟုန်ဆီ သတင်းများ အဆက်မပြတ်ရောက်နေသည်။

''ဟွာဟူချန် လက်ဖက်ရည်ဆိုင်ထဲဝင်ပြီး လက်ဖက်ရည်သောက်နေပါတယ်၊ ဒါပေမယ့် သူနဲ့ ဘယ်သူမှ ဆက်သွယ်စကားပြောတာ မတွေ့ရပါဘူး''

သတင်းပို့သူ သတင်းပို့ပြီး ထွက်သွားသည်။ မကြာမီ ကျန်းပျန့်ဟုန်ထံ ရောက်လာပြန်ပြီးလျှင် အရိုအသေပြု၍ သတင်းပို့ရပြန်လေသည်။

''ဟွာဟူချန် လက်ဖက်ရည်ဆိုင်ကနေ ထွက်လာပါပြီ၊ အခု ငှက်ရောင်းတဲ့ဆိုင်ရှေ့မှာ ငှက်တွေရပ်ကြည့်နေပါတယ်''

ကျန်းပျန့်ဟုန် ခေါင်းညိတ်ပြသည်။ သတင်းပို့သူ အရိုအသေပေးပြီး ပြန်ပြေးထွက်သွားသည်။ ထိုလူသည် ဝင်းတံခါးပေါက်ဝတွင် သတင်းစောင့်ရသူဖြစ်ပါသည်။ မကြာပါ။ သူ့ကို သတင်းပို့ပြီး ပြန်ပြေးသွားသူ ပြန်ပြေးလာပြန်သည်။

ထိုလူက သတင်းပေးပြီး ပြန်ပြေးထွက်သွားပြန်သည်။ ဝင်း တံခါးပေါက်တွင် သတင်းစောင့်သူလည်း နောက်ထပ် သတင်းရလျှင် ရခြင်း အိမ်ဂေဟာအတွင်းသို့ ပြေးဝင်သွားပြန်သည်။ ကျန်းပျန့်ဟုန်ကို တွေ့လျှင် အရိုအသေပြုပြီး သတင်းပို့ပြန်လေသည်။

''ဟွာဟူချန် အခု လမ်းဘေးမှာ သံလက်မောင်း ဝမ်းထိပ်နဲ့ ပြပွဲကို ဝင်ကြည့်နေပါတယ်ခင်ဗျာ''

ကျန်းပျန့်ဟုန်က မျက်မှောင်ကြုတ်လိုက်ပြီး…

''ဒီလို လိမ်ညာတဲ့ပြပွဲမျိုးကို ဟွာဟူချန်က ရပ်ကြည့်တာလဲ လား၊ ဒါနဲ့ အခု ဟွာဟူချန်နောက်ကို ဘယ်သူ နောက်ယောင်ခံလိုက်နေ တာလဲ''

သတင်းပို့သူက…

''စုံစန်းနဲ့ လီအာနတို့နှစ်ယောက်ပါ''

ထိုစဉ် စုံစန်း ပျာပျာသလဲပြေးဝင်လာသည်။ ကျန်းပျန့်ဟုန် ကို အရိုအသေပြုပြီး သတင်းပို့သည်။

''ဟွာဟူချန် ပျောက်သွားပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ ရှာလို့ မတွေ့တော့ပါဘူး''

''ဟေ…''

ကျန်းပျန့်ဟုန် ဒေါသထွက်ပြီး ထခုန်၏။ စုံစန်းကို လက်ညှိုး ထိုး၍ အော်ဟစ်ကြိမ်းမောင်းတော့သည်။

''မင်းတို့နှစ်ယောက် ကန်းသွားကြပြီလား၊ နေ့လယ်ကြောင် တောင် အလင်းရောင်အောက်မှာ လူတစ်ယောက်လုံး ပျောက်သွားတာ ကို မင်းတို့မမြင်ကြဘူးလား၊ ဟွာဟူချန်ဟာ ကိုယ်ဖျောက်ပညာသုံးပြီး တော့ ထွက်သွားတာမဖြစ်နိုင်ဘူး၊ မင်းတို့ ကန်းနေကြတာပဲဖြစ်မယ်၊ မင်းတို့ စုံလုံးကန်းသွားတာပဲဖြစ်ရမယ်''

စုံစန်းက တုန်ယင်စွာရှင်းပြလေ၏။

''ဒီလိုပါခင်ဗျာ၊ သံလက်မောင်း ဝမ်းထိပ်နဲ့ သူ့တပည့် လုံ သိုင်းပညာ ကစားပြပြီးတော့ သူ့သမီးအလှည့်ရောက်တယ်၊ သူ့သမီး က လက်သီးသိုင်း လက်ဝါးသိုင်းတွေ ကစားပြပါတယ်၊ နောက်တစ်ခါ ဓားတစ်လက်ကို ကစားပြပါတယ်၊ ကောင်မလေးက တစ်ကြိမ်မှာဓား ကို အထက်ကို မြှောက်ပစ်ကစားပါတယ်၊ အဲဒီအချိန်မှာ ဝိုင်းကြည့် နေကြတဲ့လူတွေ သူတို့ခေါင်းပေါ်ကို ဓားကျမှာစိုးပြီး အလန့်တကြား ထွက်ပြေးကြပါတယ်၊ ဒါကြောင့် လူတွေရှုပ်ထွေးကုန်ပါတယ်''

''ဘာလဲ- မင်းတို့နှစ်ယောက်လဲ လန့်ပြီးထွက်ပြေးကြတယ် ဟုတ်လား''

ကျန်းပျန့်ဟုန်က စုံစန်းကို မျက်လုံးပြူးကြည့်ပြီး အော်ငေါက် မေးလိုက်သည်။ စုံစန်းက ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြော၏။

''ကျွန်- ကျွန်တော်တို့လဲ ထွက်ပြေးမိတာတော့အမှန်- အမှန် ပါပဲ၊ ဒါပေမယ့် ကျွန်တော်တို့ ဟွာဟူချန်ကို အမြန်ဆုံးတော့ လိုက်ရှာ ကြပါတယ်၊ လူတွေကများတော့ ရှာလို့ မလွယ်ဘဲ ဖြစ်ခဲ့ရပါတယ်''

ကျန်းပျန့်ဟုန်မှာ ဒေါသကြီးနေသည်။ သူ စိတ်ထင်တိုင်းသာ သတ်ပေးလိုက်ရလျှင် ထိုသတင်းပေးနှစ်ယောက် ထိုနေရာတွင်ပင် သေ နိုင်သည်။

''မင်းရဲ့မျက်လုံးတွေက နေ့လယ်ကြောင်တောင်မှာတောင် လူတွေကြားထဲရောက်သွားတဲ့ ဟွာဟူချန်ကို ရှာမတွေ့ဘူးဆိုတော့ ဘာ အသုံးကျတော့မှာလဲ၊ ဖောက်ထုတ်ပစ်ဖို့ပဲ ကောင်းတော့တယ်''

''ဖျန်း- ဖျန်း- ဖျန်း- ဖျန်း-''

ကျန်းပျှန့်ဟုန်က ဒေါ်မွမွနှင့် စုံစန်းကို ဘယ်မြန်ညာမြန်ပါး ရိုက်ပစ်လိုက်လေ၏။ စုံစန်းမှာ သူ့ပါးနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့်အုပ်ရင်း ငိုမလိုမျက်နှာကြီးဖြင့်ငြိမ်နေလိုက်ရသည်။ ကျန်းပျှန့်ဟုန်မှာ ဒေါသမပြေသေးချေ။

"ဟွာဟူချွန် ဘယ်ရောက်သွားပြီလဲ၊ သူ ဘယ်သူနဲ့ဆက်သွယ်စကားပြောနေပြီလဲ၊ မင်းတို့သိသလား၊ မင်းတို့ ဘာမှမသိတော့ဘူးဟုတ်လား၊ မင်းတို့ ဘာအသုံးကျသလဲ၊ အလကားကောင်တွေ"

စုံစန်းမှာ ကြောက်လန့်လွန်းသဖြင့် ဒူးများ ခွေကျသွားမတတ်အောင်ဖြစ်နေရသည်။ အဆင်မသင့်လျှင် သူတို့ ဒုက္ခရောက်သွားနိုင်သည် မဟုတ်ပါလား။

ကျန်းပျှန့်ဟုန်က ဒေါသထွက်နေရင်းမှ စဉ်းစားသည်။

"ဟွာဟူချွန်ဟာ သူ့ကို ငါ့လူတွေ နောက်ယောင်ခံလိုက်ကြည့်နေတာကို ရိပ်မိပုံရတယ်၊ သူ ဘာကြောင့်ရှောင်ပုန်းသွားတာလဲ၊ သူနဲ့ကျန်းရှောင်ယီ လျှို့ဝှက်တွေ့ဆုံနေကြသလား၊ သူနဲ့ ကျန်းရှောင်ယီငါ့ကိုဒုက္ခပေးဖို့ကြံစည်နေတာ ဖြစ်လိမ့်မယ်၊ ဟွာဟူချွန်နဲ့ကျန်းရှောင်ယီပူးပေါင်းမိလို့မဖြစ်ဘူး၊ သူတို့ကိုခွဲရမယ်၊ ခွဲမှဖြစ်မယ်"

❦❦❦



အခန်း (၁၁၀)

## သဘောထား ကြီးမြင့်သူ

ဟွာဟူချွန်ကား စမ်းချောင်းကလေးရှိရာ တောစပ်သို့ ရောက်နေလေ၏။ သူသည် ယခုမကြာမီ ရဲ့နန်းထင်နှင့် တွေ့ဆုံရတော့မည်ဖြစ်သဖြင့် လက်ဖျားခြေဖျားများ အေးသလိုဖြစ်လာ၏။

ရဲ့နန်းထင်သည် ကြောက်စရာ သိုင်းသမားတစ်ဦးပင် မဟုတ်ပါလော။

မြေပြင်ပေါ်တွင် သစ်ရွက်ခြောက်များကြွေကျနေသည်။

ဟွာဟူချွန်သည် သစ်ရွက်ခြောက်များကိုနင်း၍ လျှောက်သွားသည်။ ကိုယ်ဖော့ပညာမသုံးဘဲ တချိုးချိုး တချွတ်ချွတ် အသံပေးနင်းလျှောက်သည်။ သူ့ခြေလှမ်းများ ရပ်တန့်သွားသည်။ အဘယ်သို့ဖြစ်သနည်း။ အဘယ်ကြောင့် ရပ်သွားသနည်း။

သစ်ပင်တစ်ပင်အောက်တွင် သူ့ကိုနောက်ကျောပေး၍ ရပ်နေသူ ဖြူဖြူလှလှသဏ္ဌာန်တစ်ခုကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ရဲ့နန်းထင်မဟုတ်သည်ကား သေချာပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုဖြူဖြူသဏ္ဌာန်မှာ အမျိုးသမီးတစ်ယောက်ဖြစ်နေသောကြောင့်ပေတည်း။ ထိုအမျိုးသမီးသည် စမ်းချောင်းဘက်ကို မျက်နှာ

မူပြီး ငေးနေသည်။ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး နက်မှောင်သောဆံပင်ကို ဖားလျားချထားသည်။ ကိုယ်ဟန်မှာ သွယ်လျပါသည်။

ဟွာဟူချွန်သည် သူမမျက်နှာကို မမြင်ရသော်လည်း သူမမည်သူမည်ဝါဖြစ်ကြောင်း နောက်ကျောဘက်မှမြင်သည်နှင့် သိသည်။

ထိစင့်လွမ်သာ ဖြစ်ပါ၏။ ထိစင့်လွမ်သည် အဘယ်ကြောင့် ဤနေရာသို့ရောက်နေရပါသနည်း။

ဟွာဟူချွန်သည် ရှေ့သို့လည်း မတိုးမိတော့ပါ။ နေရာတွင် ရပ်လျက် ငေးငိုင်သွားသည်။ သူလာသည်မှာ ရဲ့နန်းထင်ကို တွေ့ရန်ဖြစ်သည်။ ယခု ရဲ့နန်းထင်ကိုမတွေ့။ ထိစင့်လွမ်အား တွေ့နေရလေပြီ။

ထိစင့်လွမ်ကို သူ လှမ်းခေါ်သင့်မခေါ်သင့် သွားတွေ့သင့်မတွေ့သင့် စဉ်းစားနေရသဖြင့် ရှေ့မတိုးနိုင်ဘဲဖြစ်နေသည်။

ထိစင့်လွမ် နောက်သို့ လှည့်မကြည့်ပါ။ လှုပ်ရှားခြင်းလည်း မပြုပါ။ သူမ၏ရင်ထဲတွင် ခံစားမှုတွေများနေသည်။ ထို့ကြောင့် သူမသည် နောက်ဘက်မှ လူတစ်ယောက်ရောက်လာသည်ကို လုံး၀ သတိမထားနိုင်အောင် ဖြစ်နေရရှာသည်။

လေညှင်းကလေးက သူမ၏ဆံကေသာကို လွင့်မြူးလှုပ်ရှားနေစေသည်။ သူမ၏ဆံကေသာသည် အလွန် နက်မှောင်တောက်ပြောင်နေသည်။ သူမ ရပ်နေပုံနှင့် မြင်ကွင်းသည် ပန်းချီကားတစ်ချပ်နှင့်တူပေသည်။

ဟွာဟူချွန် ရှေ့တိုးလျှောက်သွားသည်။ ထိစင့်လွမ်၏ သက်ပြင်းချသံ ကြားရသည်။ သူမနှုတ်မှ ရေရွတ်ပြောဆိုသံကိုလည်း ကြားရသည်။

“ဩော်- စမ်းချောင်းထဲကြွေကျသွားရှာတဲ့ သစ်ရွက်ကလေး



တွေဟာ ရေစီးရဲ့သယ်ဆောင်သွားမှုကို ရုန်းမထွက်နိုင် ဖြစ်ပျက်ကြရတာပါပဲလား”

ထိုစဉ်မှာပင် သူမသည် နောက်ဘက်မှ သစ်ရွက်ခြောက်နင်းသံကိုကြားပြီး ဝမ်းသာရွှင်ပျစွာလှည့်ကြည့်မိသည်။

သို့သော် သူမမျက်နှာ အံ့အားသင့်သလိုဖြစ်သွားသည်။ တည်တည်ကြည်ကြည်ကလေး ပြန်ဖြစ်သွားသည်။

သူမ တွေ့လိုက်ရသူမှာ ရှောင်ယီမဟုတ်ဘဲ ဟွာဟူချွန်ဖြစ်နေသည် မဟုတ်ပါလား။

ဟွာဟူချွန်သည် ထိစင့်လွမ်မျက်နှာကို အကဲခတ်ကြည့်ပြီး ရှေ့ဆက် ခြေမလှမ်းတော့ချေ။ နေရာတွင်ပင် ရပ်တန့်နေလိုက်သည်။ သူက ထိစင့်လွမ်ကို ခပ်ယဲ့ယဲ့ပြုံးပြလိုက်ပြီး နှုတ်ဆက်သည်။

“နေကောင်းတယ်နော် ညီမလေး”

ထိုစကားအပြင် အခြားဘာစကားမှ ထပ်၍မပြောမိ။

ထိစင့်လွမ်မှာလည်း ဟွာဟူချွန်ကို ဘာပြန်ပြောရမည်မသိဖြစ်နေသည်။ သူတို့နှစ်ယောက်မှာ တကယ်တော့ နီးစပ်တော့မလိုနှင့် ရုတ်တရက် ဝေးကွာသွားကြခြင်းဖြစ်သည်။

ထိစင့်လွမ်က ခေါင်းကိုသာ ညိတ်ပြလိုက်မိသည်။

နှစ်ယောက်သား စကားမဆိုမိကြဘဲ အတန်ကြာမျှ ငြိမ်သက်နေကြသည်။ ဟွာဟူချွန်ကပင် ပြောလိုက်ရပြန်သည်။

“ရောက်လာတာ ကျွန်းရှောင်ယီမဟုတ်ဘဲ ကျုပ်ဖြစ်နေလို့ မင်းအံ့အားသင့်သွားတယ်မဟုတ်လား”

ထိစင့်လွမ်က သူမ ပြောလိုရာစကားကိုသာလျှင် ပြောသည်။

“အစ်ကို ဘာမှမဖြစ်ဘဲ ကောင်းကောင်းမွန်မွန်နဲ့ တွေ့လိုက်

ရတော့ ကျွန်မဝမ်းသာမိပါတယ်''

သူမအသံမှာ တိုးညင်းလှသည်။ ခေါင်းကိုငုံ့မျက်လွှာကိုလည်း ချထားသည်။

''ဟုတ်တယ်၊ ကျုပ် ဘာမှမဖြစ်ပါဘူး''

''မနေ့က…မနေ့က ကျွန်မတစ်ယောက်တည်း ဒီနေရာကမှ ထွက်ပြေးခဲ့ပါတယ်၊ ရှင်…ကျွန်မကို အပြစ်မမြင်ပါဘူးနော်''

''ကျုပ် မင်းကို ဘာ့ကြောင့် အပြစ်မြင်ရမှာလဲ၊ မမြင်ပါဘူး''

ဟွာဟူချွန်က မချိပြုံးပြုံးနေသည်။ သူက သူ့အပြုံးကိုလန်းလန်းဆန်းဆန်းဖြစ်အောင် ပြုံးမပြနိုင်ဘဲဖြစ်နေသည်။ သူ့မျက်နှာပြုံးရှန် မည်မျှကြိုးစားကြိုးစား မဲ့နေသည်ဟုပင် ဟွာဟူချွန်ထင်နေသည်။

ထိစင့်လွှမ်မှာ ခေါင်းကိုငုံ့ထားသဖြင့် ဟွာဟူချွန်၏မျက်နှာပေါ်မှ အမူအရာကို မသိမြင်ပေ။ ယမန်နေ့က အဖြစ်အပျက်ကြောင့် ထိစင့်လွှမ်သည် ဟွာဟူချွန်မျက်နှာကို ရင်ဆိုင်၍ မကြည့်ဝံ့အောင်ဖြစ်နေသည်။

အတန်ကြာမှ ထိစင့်လွှမ်က သက်ပြင်းချလိုက်ပြီး ပြောသည်။

''အစက ကျွန်မ ရှင့်ကို စကားတွေအများကြီးပြောစရာရှိနေပါတယ်၊ ဒါပေမယ့် ဘယ်ကစပြောရမှန်းမသိတာနဲ့ဘဲ ကျွန်မ မပြောဖြစ်ခဲ့ဘူး''

''မင်းမပြောလဲဘဲ ကျုပ်သိပါတယ်''

ဟွာဟူချွန်က တိုးတိုးပြောသည်။

''ရှင် သိတယ်ဟုတ်လား''

ဟွာဟူချွန်၏မချိပြုံးကို ထိစင့်လွှမ်တွေ့မြင်လိုက်ရသဖြင့် ရင်ထဲဆို့နင့်သွားသည်။



''အချို့လူတွေဟာ သူတို့ကိုမေ့ပျောက်ဖို့ အင်မတန်ခက်လှပါတယ်၊ ကျန်းရှောင်ယီကို မင်းမေ့ပျောက်ထားသလိုရှိပေမယ့်လဲ အခုလို သူ့ကိုတွေ့မြင်လိုက်ရတော့ နောက်ထပ်တစ်ဖန် မေ့ပျောက်လို့ မရဘဲဖြစ်နေရပြန်တယ်မဟုတ်လား''

''ရှင်…ကျွန်မကို ခွင့်လွှတ်နိုင်ပါ့မလားဟင်''

ထိစင့်လွှမ်က မေးလိုက်သည်။ ဟွာဟူချွန်ကို ကြည့်နေသော မျက်လုံးအစုံမှာ မျက်ရည်များရစ်ဝဲနိုတွဲလာနေသည်။ သည်တစ်ခါတွင်ကား ဟွာဟူချွန် မျက်လွှာချလိုက်ရသည်။ ထိစင့်လွှမ် မျက်ရည်ကျသည်ကို သူ မမြင်ရက်ပါ။ မကြည့်ရက်ပါ။

''မင်း…ကျုပ်ကို ခွင့်လွှတ်ဖို့ပြောနေစရာမလိုပါဘူး၊ တကယ်လို့သာ မင်းနေရာမှာ ကျုပ်သာဖြစ်နေရင် ကျုပ်လည်း မင်းနည်းတူခံစားရမှာပါ၊ ဒါက သဘာဝပဲလေ''

~~~
~~~

အခန်း(၁၁၁)

## ရှာပုံတော်

ထိုအခါ ထိစင့်လွမ် မျက်ရည်ကျရလေတော့သည်။ မျက်ရည်များ တရဟောကျဆင်းလာရပေပြီ။

"အစ်ကို့ကို ကျွန်မတောင်းပန်ရမယ်၊ ကျွန်မမှာ အပြစ်ရှိနေသလိုဖြစ်နေတယ်၊ အစ်ကိုက ကျွန်မကို အပြစ်လို့မမြင်ဘဲ ခွင့်လွှတ်လေ ကျွန်မစိတ်ထဲ ခံစားရလေပဲ၊ အစ်ကို ဘာဖြစ်လို့ ဒီလောက်ကြင်နာရတာလဲဟင်"

ထိစင့်လွမ် မျက်ရည်ကျနေသည်ကို တွေ့ရသောအခါ ဟွာဟူချွန်ခမျာ စိတ်ဆင်းရဲခြင်းကြီးစွာ ဖြစ်ရသည်။ ရင်ထဲ၌ အလွန်နာကျင်မိသည်။ ထိစင့်လွမ် စိတ်ထိခိုက်မည့်ကိစ္စမှန်သမျှ ဟွာဟူချွန် မလုပ်ရက်ပါချေ။

"ကျုပ်မင်းကို ဘယ်လိုမှ မအောက်မေ့ပါဘူးကွယ်၊ နောက်ပြီး ပြောထားရဦးမယ်၊ ကျုပ် မင်းကို ဘယ်တော့မှမမုန်းပါဘူး၊ စိတ်ဆိုးပါဘူး၊ မင်းနဲ့ နီးစပ်ခွင့်မရတော့ပေမယ့် ကျုပ်က မင်းကို ညီမလေးလို ချစ်ခင်မယ်ဆိုတာကို ယုံပါညီမလေးရယ်"

ထိစင့်လွမ်မှာ မျက်ရည်စတွေကြားမှ ဟွာဟူချွန်ကိုကြည့်၏။



"တကယ်ပြောနေတာလား အစ်ကိုရယ်"

"ကျုပ်ဘယ်တုန်းက လိမ်ညာဖူးလို့လဲ၊ ညီမလေးရယ်"

ဟွာဟူချွန်သည် အားတင်းပြီးပြုံးလိုက်လေသည်။

"ညီမလေးကို တစ်ခုတော့ပြောထားရဦးမယ်၊ ကျုပ်မင်းကို မုန်းသလို ကျန်းရှောင်ယီကိုလဲ မမုန်းပါဘူး၊ ဒါပေမယ့် ကျန်းရှောင်ယီနဲ့ကျုပ်ဟာ ကြမ္မာကိုက တစ်ယောက်နဲ့တစ်ယောက်သတ်ဖြတ်ရမယ့် အဖြစ်မျိုးဆိုက်နေတယ်၊ အခုဆိုရင် ကျန်းရှောင်ယီဟာ ကျုပ်နဲ့ မိတ်ဆွေဖြစ်နေပြီ၊ ဒီအတွက် ကျုပ်တကယ်ပဲ ကျေနပ်မိပါတယ်၊ အဲဒါတွေကို ကြုံတုန်းကြိုက်တုန်း ပြောပြထားတာပါ"

ထိစင့်လွမ်မှာ ဟွာဟူချွန်၏ သဘောထားကြီးမှု စိတ်ထားမြင့်မြတ်မှုအတွက် လွန်စွာကျေနပ်ဝမ်းသာမိတော့သည်။

"အစ်ကိုကြီး...အစ်ကိုကြီးကို ကျေးဇူးတင်လို့ဆုံးမှာ မဟုတ်တော့ပါဘူး၊ တကယ်ပါအစ်ကိုကြီးရယ်"

သူမသည် မျက်ရည်ကျကာပြောလိုက်ခြင်းဖြစ်သည်။ ဝမ်းသာ၍ကျသောမျက်ရည်ပင် ဖြစ်ပါတော့သည်။ သူမ၏အခေါ်အဝေါ်များလည်း ပြောင်းလဲသွားခဲ့ပါပြီ။ ဟွာဟူချွန်သည် သူမ၏အစ်ကိုကြီးသဖွယ် ဖြစ်သွားခဲ့ပါပြီ။

ဟွာဟူချွန်သည် ထိစင့်လွမ်ကိုလွန်စွာချစ်ကြင်နာလှ၏။ သို့သော် ထိစင့်လွမ်၏နှလုံးသား၌ ရှောင်ယီ၏အရိပ်သည် ပယ်ဖျက်၍မရအောင် အရိပ်ထိုးစိုးမိုးနေကြောင်း သူသိနေသဖြင့် ဤသို့သော ခွင့်လွှတ်စကားမျိုး ပြောရခြင်းဖြစ်ပါတော့သည်။

ထိစင့်လွမ်၏စကားကို ကြားရသောအခါ ဟွာဟူချွန် ဝမ်းနည်းဝမ်းသာ ဖြစ်ရရှာသည်။

"လောကမှာ ဖြစ်ချင်တာမဖြစ်ရတဲ့အဖြစ်တွေ လူတိုင်းမှာရှိနေကြပါတယ်၊ ဖြစ်ချင်တာတွေ ဖြစ်မလာနိုင်တာကို ကိုယ့်အပြစ် သူ့အပြစ်ရယ်လို့ ပြောဆိုသတ်မှတ်လို့မရပါဘူး၊ အခုကိစ္စမှာ ကျုပ် ညီမလေးကို အပြစ်မတင်ပါဘူး၊ ကျွန်းရှောင်ယီကိုလည်း အပြစ်မမြင်ပါဘူး၊ ကျုပ်ကိုယ်ကျုပ်လည်း အပြစ်လို့ မယူဆပါဘူး၊ ကံကြမ္မာဖန်လာတာလို့ ယူဆပါတယ်"

ဖွာဟူချွန်က ကြေကွဲဝမ်းနည်းသော လေသံဖြင့်ပြောသည်၊

ထိစင့်လွမ်ကလည်း အသံကလေး တုန်ယင်လျက်ပြောသည်၊

"အစ်ကိုကြီးရဲ့စိတ်သဘောထားဟာ တကယ့်ကိုနူးညံ့ပြီး မြင့်မြတ်လှပါတယ်ရှင်"

ဖွာဟူချွန် သိသည်။ ထိစင့်လွမ်က သူ့ကို အစ်ကိုကြီးဟုခေါ်နေပြီ။ ထိစင့်လွမ်သည် သူ့ကို မောင်နှမလို ဆက်ဆံသွားတော့မည်ဖြစ်သည်။

ထိစင့်လွမ်သည် သူ့ကို အစ်ကိုကြီးဟုခေါ်ခြင်းသည် သူနှင့် ထိစင့်လွမ်ကို ဝေးသည်ထက် ဝေးသွားစေပါသည်။

ဖွာဟူချွန်သည် မျက်နှာကိုမော့၍သက်ပြင်းချလိုက်ပြီး…

"ကျွန်းရှောင်ယီ ညီမကိုချစ်ချစ်ခင်ခင်ရှိပါစေလို့ အစ်ကိုကြီး ဆုတောင်းပါတယ်"

ထိစင့်လွမ်က မေးသည်။

"အစ်ကိုကြီး ဒီကို ဘာလာလုပ်တာလဲတင်"

"လူတစ်ယောက်ကို လာရှာတာပါ"

ဖွာဟူချွန်က ရှောင်ယီအကြောင်းကို ထိစင့်လွမ်အား ပြောပြလိုက်လျှင် ကောင်းမည်လောဟုတွေးသည်။ သို့သော် မပြောတော့ဟု

တွေးလိုက်ပြန်သည်။ ပြောပြလိုက်လျှင် ထိစင့်လွမ် စိတ်ပူ စိတ်ဆင်းရဲသွားမည်ကိုစိုးသည်။

ထိစင့်လွမ်က မေးပြန်သည်။

"အစ်ကိုကြီးက ဘာဘရဲ့နန်းထင်းကိုလာရှာတာလား"

"ဟုတ်ပါတယ်"

ထိစင့်လွမ်မျက်လုံးအစုံ ဝင်းလက်သွားသည်။

"အစ်ကိုကြီးကို ကျွန်းရှောင်ယီကလွှတ်လိုက်တာလား"

"ဟုတ်ပါတယ်"

"သူ ဘာလို့ မလာတာလဲဟင်"

"ရဲ့နန်းထင်း ဒီမှာစောင့်နေတာ မတွေ့တာဟာ ညီမက သူ့အား လာစောင့်နေတာလား"

ထိစင့်လွမ်က ခေါင်းကိုငုံ့လိုက်သည်။ နှုတ်ကမူ တိုးညင်းစွာ-

"မနေ့ညက ဘာဘရဲ့နန်းထင်း ကျွန်မကိုလိုက်ရှာတယ်၊ ကျွန်မကိုတွေ့တော့ သူစကားတွေ အများကြီးပြောပါတယ်၊ ဒီနေ့ ဒီစမ်းချောင်းရှမှာစောင့်နေပါလို့မှာပါတယ်၊ ကျွန်းရှောင်ယီ လာလိမ့်မယ်လို့လဲပြောပါတယ်၊ အခု ကျွန်းရှောင်ယီက အစ်ကိုကြီးကိုလွှတ်လိုက်တာကိုး"

"ရဲ့နန်းထင်က ညီမလေးကိုဘာပြောသလဲ"

ထိစင့်လွမ် မျက်နှာလေးနီလာသည်။ မျက်လွှာကိုချကာ ပြောသည်။

"ဘာဘရဲ့နန်းထင်းက ပြောပါတယ်၊ ကျွန်းရှောင်ယီနဲ့ ကောင်းကောင်းမွန်မွန် စကားပြောပါတဲ့၊ နောက်ပြီးတော့…"

ထိစင့်လွမ် စကားမဆုံးမီ လူတစ်ယောက်၏ ရယ်မောသံကို ကြားရလေသည်။

"ဟား…ဟား…ဟား မင်းတို့နှစ်ယောက် စကားပြောနေကြပြီလား၊ ကောင်းတယ် ကောင်းတယ်၊ ပြောကြ ပြောကြ၊ နည်းနည်းနောက်ကျပြီးလာသင့်တယ်"

ဟွာဟူချွန် လှည့်ကြည့်လိုက်သည်။ ရဲနန်းထင် ရယ်မောပြောဆိုရင်း လာနေသည်ကိုတွေ့ရသည်။ သူတွေ့လိုက်ရသူမှာ ဟွာဟူချွန် ဖြစ်နေသည် မဟုတ်ပါလား၊ မျက်နှာပျက်သွားသည်။

ရဲနန်းထင်၏မျက်နှာကြီး တင်းမာလာသည်။

"မင်း ဘာဖြစ်လို့ ဒီကိုရောက်လာပြန်တာလဲ"

သူက ဟွာဟူချွန်ကိုမေးလိုက်ပြီး ထိစင့်လွမ်မျက်နှာကို လှမ်းကြည့်သည်။ ထိစင့်လွမ်ကို ထိုမေးခွန်း မေးသည့်သဘောပင်။

"ကျန်းရှောင်ယီကော ဘယ်မှာလဲ"

ရဲနန်းထင်က ပို၍သေချာအောင် မေးလေသောအခါ…

ထိစင့်လွမ်က ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ မသိဘူး၊ သူပြောတော့ သူ့ကို ကျန်းရှောင်ယီလွှတ်လိုက်တာလို့ပြောပါတယ် ဘဘ"

ဟွာဟူချွန်က ဝင်ရောက်ရှင်းပြသည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျန်းရှောင်ယီက ကျွန်တော့်ကို ဆရာကြီးဆီလွှတ်လိုက်ပါတယ်၊ ကျန်းရှောင်ယီ ဆရာကြီးကို လာမတွေ့နိုင်တော့ဘူးလို့ ကျွန်တော့်ကိုပြောခိုင်းလိုက်ပါတယ်ခင်ဗျာ"

ရဲနန်းထင် စိတ်ဆိုးသွားသည်။

"သူက ဘာကြောင့် ငါ့ကိုလာမတွေ့နိုင်ရတာလဲ၊ သူ ငါ့ကို ဒီလိုပြောရဲသလား"

ဟွာဟူချွန်က သက်ပြင်းရှိုက်လိုက်ပြီး…



"ကျန်းရှောင်ယီ လူတစ်ယောက်ရဲ့ထိန်းချုပ်မှုကို ခံနေရပါတယ်၊ သူဘယ်မှသွားလာမရလို့ ကျွန်တော့်ကို ခုလိုလာအကြောင်းကြားခိုင်းတာပါ၊ ကျွန်တော်က သူ့ကိုအကူအညီပေးတာသက်သက်ပါ"

ထိစင့်လွမ်မှာ ချက်ချင်းပင် စိုးရိမ်ပူပန်သွားမိတော့ကာ-

"ဟင်…ကျန်းရှောင်ယီ ထိန်းချုပ်ခံနေရတယ်ဟုတ်လား"

ရဲနန်းထင်၏ဒေါသ ပေါက်ကွဲသွားခဲ့လေပြီ။

"ဘယ်သူက ရှောင်ယီကိုထိန်းချုပ်ထားသလဲ ပြောစမ်း"

ဟွာဟူချွန် ပြောသင့်မပြောသင့် မစဉ်းစားပါ။ မပြော၍ မဖြစ်ပါ၊ မပြောလျှင် သူက ကြေးမျက်နှာသိုင်းသမားအစား ကြားက ဝင်ခံရလိမ့်မည်။

"သိုင်းလောကသားကြီးတစ်ယောက်ပါခင်ဗျာ၊ ကြေးမျက်နှာသိုင်းသမားကြီးပါ"

ရဲနန်းထင်မျက်မှောင်ကုတ်သွား၏။ နဖူးကြောများ ရှုံ့ထွသွား၏၊ သူအော်ဟစ်မေးမြန်းတော့သည်။

"ငါ သိုင်းလောကမှာ နှစ်ပေါင်းများစွာလှုပ်ရှားခဲ့တာ ကြာပြီ၊ အဲဒီနာမည်မျိုးနဲ့ သိုင်းလောကသားမရှိဘူး၊ ကြားလည်း မကြားမိဘူး၊ ငါ့ကို လိမ်ညာပြောနေတာလား၊ ကျန်းရှောင်ယီကို မင်း အန္တရာယ်ပေးခဲ့ပြီမဟုတ်လား၊ တစ်ခုခုလုပ်ခဲ့ပြီ မဟုတ်လား"

ရဲနန်းထင်သည် ဟွာဟူချွန်ကို ကျော်လွှားရောက်ရှိလာသည်။

"မင်း ကျန်းရှောင်ယီကို အသက်အန္တရာယ် ပေးခဲ့ပြီဆိုရင်တော့မလွယ်ဘူး၊ ပြောစမ်း၊ ကျန်းရှောင်ယီဘယ်မှာလဲ"

ဟွာဟူချွန် မကြောက်ပါ။ တည်ကြည် ရဲရင့်စွာပြန်ပြော၏။

"ကျွန်တော့်ကို ကျန်းရှောင်ယီကိုယ်တိုင် အကူအညီတောင်း

လို့ ကျွန်တော် ဆရာကြီးကိုလာပြောတာပါ၊ ကျွန်တော် မလိမ်ပါဘူး ဆရာကြီး ကျွန်တော့်ကိုမယုံကြည်ဘူးဆိုရင်တော့…"

"မင်းက ငါ့ကိုအာခံတာလား"

ရဲ့နန်းထင်က ဒေါသတကြီးအော်သည်။

ဟွာဟူချွန်က တစ်လုံးချင်း တစ်ခွန်းချင်းပြန်ပြောသည်။

"ကျွန်တော်ဟာ ဆရာကြီးရဲ့ပညာအဆင့်ကို မမီပါဘူး။ ဒါပေမယ့် ဆရာကြီးက ကျွန်တော့်ကိုမယုံလို့ ရန်ပြုတိုက်ခိုက်မယ်ဆိုရင်တော့ ကျွန်တော်လဲ မလွှဲမရှောင်သာ ဆရာကြီးကိုပြန်ခုခံရမှာပါ"

"ဘာလဲ၊ မင်းက သေရမှာမကြောက်ဘူးဆိုပါတော့ ဟုတ်လား"

"ကျွန်တော် သေရမှာမကြောက်ပါဘူး၊ သေဝံ့ပါတယ်၊ ဒါပေမယ့် ကျွန်တော်စိုးရိမ်တာက ဆရာကြီးအနေနဲ့ ကျွန်တော့်ကိုအထင်မှားပြီး တိုက်ခိုက်မှာကိုပါ"

ရဲ့နန်းထင်က ဟွာဟူချွန်ကိုအော်ပြောသည်။

"မင်း သေမှာမကြောက်ဘူးဆိုရင် မင်းဆန္ဒကို ငါဖြည့်ပေးမယ်"

ထိစင့်လွှမ် ပြေးလာသည်။

"ဘဘရဲ့နန်းထင်၊ ဟွာဟူချွန်ဟာ မလိမ်တတ် မညာတတ်ပါဘူး၊ သူ့အတွက် ကျွန်မတာဝန်ခံရဲပါတယ်ရှင်"

ရဲ့နန်းထင်သည် ထိစင့်လွှမ်ကိုပါ ဒေါသထွက်သွားသည်။

"အခု ရှောင်ယီဒုက္ခတွေ့နေပြီကွ၊ ဒါတောင် မင်းက သူ့ဘက်ကနေပြီး လိုက်ပြောနေရသေးသလား၊ ဒါကြောင့် ရှောင်ယီက မင်းကိုမယုံခဲ့တာပဲ၊ မင်းဟာ…"



ထိစင့် ဟွာဟူချွန်ကဝင်ပြောလိုက်သည်။

"ဆရာကြီးရဲ့နန်းထင်၊ ခင်ဗျားကို ကျွန်တော်က လေးလေးစားစား ဆက်ဆံခဲ့ပါတယ်၊ ခင်ဗျားဟာ သိုင်းလောကမှာ နာမည်ဂုဏ်သတင်း မွှေးပျံ့ကျော်ကြားခဲ့တဲ့ပုဂ္ဂိုလ်ဖြစ်နေလို့ပါပဲ၊ ကျွန်တော်တို့ သည်းမခံနိုင်အောင်တော့ မစော်ကားပါနဲ့"

ရဲ့နန်းထင်မှာ ယမ်းပုံမီးကျဖြစ်သွားလေ၏။

"မင်းက ငါ့ကိုသည်းမခံနိုင်တော့ ငါက ဘယ်သူ့ကို ဂရုစိုက်ရမှာလဲကွ၊ ရှောင်ယီဘယ်မှာလဲ၊ ပြောစမ်း"

"ကျွန်တော် ပြောခဲ့ပြီးပါပြီ၊ ကျွန်းရှောင်ယီကို ကြေးမျက်နှာသိုင်းသမားကြီးထိန်းချုပ်ထားပါတယ်ခင်ဗျာ"

"မင်းလိမ်နေတုန်းပဲလား၊ ကဲ…မင်းကို ငါသတ်မယ်"

ရဲ့နန်းထင်သည် ဟွာဟူချွန်ထံခုန်ဝင်ပြီး လက်ဝါးရိုက်ချက်တစ်ချက်ထုတ်လိုက်သည်။ သူသည် ဓားသမားဖြစ်သော်လည်း ဓားမထုတ်ပါ။ လက်ဝါးဖြင့်သာ တိုက်ခိုက်သည်။

ဟွာဟူချွန်မှာလည်း ခုခံကာကွယ်ရတော့သည်။

ရဲ့နန်းထင်နှင့် ဟွာဟူချွန်တို့တိုက်ခိုက်သောအခါ ထိစင့်လွှမ်မှာ ထိတ်လန့်ကြောက်ရွံ့ပြီး မတိုက်ခိုက်ကြရန်တောင်းပန်သည်။ သို့သော် ရဲ့နန်းထင်မှာ လွန်စွာဒေါသထွက်နေသဖြင့် ထိစင့်လွှမ် တားမြစ်၍မရနိုင်ဘဲ ဖြစ်နေပါသည်။

❀❀❀

ဤတိုက်ပွဲကား ဓားလက်နက် မပါ။ ဗလာလက်ချည်းသက်သက်ဖြင့်တိုက်ခိုက်သည့် တိုက်ပွဲဖြစ်ပါသည်။

ရဲ့နန်းထင်၏လက်သီးသိုင်းကွက်များသည် သူ၏ဓားသိုင်းကွက်များကဲ့သို့ပင် အစွမ်းထက်လှပါသည်။ မဟူရာနန်းတော်မှ သိုင်းပညာသည် အဆင့်မြင့်လှသဖြင့် လက်ဝါးရိုက်သံ တဝုန်းဝုန်းမြည်နေတော့သည်။

ရဲ့နန်းထင် သိုင်းလောက၌ကျော်ကြားသည်မှာ အခြောက်တိုက် ကျော်ကြားခြင်း မဟုတ်ပါ။ တကယ်တော်၍ တကယ် ကျော်ကြားခြင်းဖြစ်ပါသည်။ သူသည် ခံစစ်သက်သက်သာ ခုခံရသည်။ တစ်ကွက်မှ တိုက်စစ် မဆင်နိုင်ပါ။

ရဲ့နန်းထင်သည် ဆံပင်များရှုပ်ပွနေပြီး သူ့မျက်နှာပြင်ပေါ်သို့ ဝဲကျနေသည်။ သူ့မျက်နှာမှာ ဒေါသကြောင့်နီရဲနေသည်။

ဟွာဟူချွန် စဉ်းစားမိသည်။ ရဲ့နန်းထင်လိုလူမျိုးနှင့် ယှဉ်တိုက်ခြင်းသည် ကိုယ့်ကိုကိုယ် သေလမ်းရှာခြင်းပင်ဖြစ်သည်။ သူ မည်သို့မျှ မယှဉ်နိုင်ပါ။

ဟွာဟူချွန်၏လက်ဝါးသိုင်းကွက်များ အစွမ်းထက်မြက်လှပါသော်လည်း ရဲ့နန်းထင်း၏တိုက်ကွက်များကိုမူ ကြံ့ကြံ့မခံနိုင်ပါ။ တဖြည်းဖြည်း နောက်ဆုတ်ပေးနေရပါသည်။

သိုင်းကွက်နှစ်ဆယ်မျှ ကျော်လာသောအခါ ဟွာဟူချွန်မှာ ရဲ့နန်းထင်၏လက်သီးချက်များကို အသေအလဲ ရှောင်တိမ်းနေရတော့၏။

ထိုစဉ် မိုးကောင်းကင်တစ်ခုလုံး အုံ့မှိုင်း၍လာတော့သည်။ ချက်ချင်းပင် မိုးရွာသွန်းချတော့မည့်နှယ် ထင်မှတ်ရသည်။

ဟွာဟူချွန်နှင့် ရဲ့နန်းထင် တိုက်ခိုက်ပုံကို ဥပမာပြုရလျှင် တူကြီးနှစ်တုံးက သံချောင်းများအား ထုနက် ရိုက်ချနေသည့်အလား ဖြစ်နေပါသည်။



ဟွာဟူချွန်မှာ မြေကြီးထဲသို့ အထုအရိုက်ခံရတော့မည်ကဲ့ သို့ ရှိနေသည်။

ဟွာဟူချွန်က ရဲ့နန်းထင်းကို အံ့ကြိတ်ပြီး တိုက်နေ၏။

သူသည် တောင်းပန်မှုလည်း မပြု။ နောက်လည်း မဆုတ်။ ဤတစ်ကြိမ်တွင်တော့ သေချင်သေ တိုက်မည်ဟူသော သဘောဖြင့် မိုက်မဲစွာ ဆက်ခုခံနေသည်။

ထိုစဉ် ရဲ့နန်းထင် ရုတ်တရက် ခုန်ဆုတ်သွားလေ၏။

ရဲ့နန်းထင် ခုန်ဆုတ်သွားသဖြင့် တိုက်ပွဲ ရုတ်ခြည်း ရပ်တန့်သွားသည်။

ဟွာဟူချွန်း အံ့အားသင့်သွားသည်။

"ခင်ဗျား ဘာကြောင့် ဆက်မတိုက်တော့တာလဲ၊ ကျုပ်ကို ဘာကြောင့် မသတ်တော့တာလဲ"

ရဲ့နန်းထင် စိတ်ပြောင်းသွားခြင်း ဖြစ်၏။

ဟွာဟူချွန်ကို သတ်ပစ်၍ သူ့၌ မည်သို့မျှ အကျိုးကျေးဇူး မရနိုင်ကြောင်း တွေးမိသောကြောင့် ဖြစ်၏။ အဓိကကိစ္စမှာ ရှောင်ယီအား ပြန်တွေ့နိုင်ရန်ပင် မဟုတ်ပါလား။

"သိုင်းလောကမှာ ကြေးမျက်နှာသိုင်းသမားဆိုတာ ငါမကြားဖူးဘူး၊ ဒါပေမယ့် မင်းပြောနေတာကလဲ ယုံယုံကြည်ကြည်ဖြစ်နေတယ်၊ ငါစဉ်းစားရခက်နေတယ်ကွ"

ဟွာဟူချွန်မှာ အံ့အားသင့်သွားသည်။ မည်သို့ပင်ဖြစ်စေ အခြေအနေအေးချမ်းသွားခြင်းအတွက် များစွာစိတ်သက်သာရာရသွားသည်က အမှန်ပင်ဖြစ်ပါသည်။

ဟွာဟူချွန်သည် ထိုစင့်လွှမ်ကို လှမ်းကြည့်လိုက်သည်။ ထိုစင့်

လွမ်ကို မတွေ့ရတော့ချေ။

ထိစင့်လွမ်သည် သူတို့နစ်ယောက်တိုက်ခိုက်နေချိန်တွင် ထွက်ခွါသွားခြင်းဖြစ်သည်။

"ဟာ..ညီမလေး ထိစင့်လွမ် ဘယ်ရောက်သွားပြီလဲမသိဘူး၊ သူထွက်သွားပြီနဲ့တူတယ်၊ ဆရာကြီး ကျွန်တော်တို့ လိုက်ရှာမှဖြစ်မယ်"

ဖွာဟူချွန်သည် အနီးအနားတွင် ရှိလိုရှိငြား လိုက်ရှာကြည့်သည်။

သို့သော် ထိစင့်လွမ်အရိပ်အယောင်ကို မတွေ့ရတော့ချေ။

ထိစင့်လွမ်မည်သည့်အရပ်ကိုထွက်ခွါသွားမှန်း သူတို့လည်း မသိကြတော့ချေ။

"ကဲ..မင်းနဲ့ငါ ကျွန်းရှောင်ယီကို အတူတူသွားရှာမယ်၊ ထိစင့်လွမ်ကိုလဲ တစ်ပါတည်း ရှာကြတာပေါ့"

"ကောင်းပါတယ်ဆရာကြီး"

ဖွာဟူချွန်သည် ရဲနန်းထင်နောက်သို့ထက်ကြပ်မကွာ လိုက်ပါသွားလေတော့သည်။

❦❦❦



အခန်း(၁၁၂)

## ပရိယာယ်

ကြေးမျက်နှာသိုင်းသမားကြီးသည် ရှောင်ယီကိုမြွေချိုးသစ်ပင်ပေါ်သို့ ခုန်လွှားချီတက်သွားသည်။ ထိုသစ်ပင်ကြီးမှာ အကိုင်းအခက်များဝေဆာလှသည်။ သူသည် သစ်ခွကြားတစ်ခုၡ် ရှောင်ယီအား တင်ထားလိုက်၏။ ရှောင်ယီမှာ သွေးကြောပိတ်ခံထားရသဖြင့် မလှုပ်ရှားနိုင်ချေ။ သို့သော် သူ မကြောက်ပါ။ မျက်နှာက ခပ်ပြုံးပြုံးပင်။

"အင်း...သစ်ကိုင်းကြီးတွေက အတော်ကြီးတာပဲ၊ ဒီမှာအိပ်လိုက်ရရင်ကောင်းမယ်၊ ကောင်းကောင်းအိပ်ပျော်မှာပဲ"

ကြေးမျက်နှာသိုင်းသမားကြီးသည် အကြောက်အရွံ့ မရှိသော ရှောင်ယီအား အေးစက်စွာကြည့်သည်။

ထို့နောက် အေးစက်စက်ပြောသည်။

"မင်းအိပ်ချင်ရင် အိပ်ပေါ့၊ အောက်ကျ မသွားအောင်အိပ်ပေါ့၊ မင်းဟာ သိုင်းသမားပဲမဟုတ်လား၊ ဘယ်လိုအနေအထားမျိုးနဲ့ပဲဖြစ်ဖြစ် အိပ်ပျော်ဖို့ပဲလိုတယ် မဟုတ်လား"

"ခင်ဗျား သွားတော့မလို့လား၊ ကျွန်တော့်ကို ဒီသစ်ပင်ပေါ်မှာ ထားခဲ့မယ်ပေါ့ဟုတ်လား"

ကြေးမျက်နှာသိုင်းသမားကြီးက ဘာမျှပြန်မပြောပါ။ ရှောင်ယီက ထပ်မံ၍ပြောသည်။

"ခင်ဗျားကိုကြည့်ရတာ သန့်သန့်ပြန့်ပြန့် နေထိုင်တတ်ပုံရတယ်၊ ခင်ဗျားတည်းခိုနေတဲ့အခန်းဟာ တကယ် သန့်ရှင်းသပ်ရပ်တယ် လက်ဖျားခါရလောက်အောင်ကို သန့်ရှင်းတယ်၊ ဘာလဲ…ခင်ဗျား အဲဒီအခန်းကို ပြန်မလို့လား"

ကြေးမျက်နှာသိုင်းသမားကြီးက…

"မင်း ငါမရှိတုန်း ထွက်ပြေးဖို့စဉ်းစားနေသလား၊ ငါမင်းကို သွေးကြောပိတ်ထားတယ်၊ မင်း မလှုပ်ရှားနိုင်ပါဘူး"

"အကောင်းဆုံးကတော့ မင်း သစ်ပင်ပေါ်မှာပဲ ငြိမ်ငြိမ်နေပါ၊ အိပ်ချင်ရင် မျက်လုံးပိတ်အိပ်လိုက်၊ ငါ့ကိစ္စတွေ ပြန်စီစဉ်လိုက်ဦးမယ်၊ ပြီးသွားရင် ငါပြန်လာခဲ့မယ်၊ မင်းကို ဒီထက်အေးဆေးတဲ့ လုံခြုံတဲ့နေရာတစ်နေရာကို ငါပို့ပေးမယ်"

"ဘယ်နေရာကိုလဲ‥ သင်္ချိုင်းကုန်းကိုလား"

ကြေးမျက်နှာသိုင်းသမားကြီးက ရှောင်ယီပြောလိုက်သည်ကို မကြားချင်ယောင်ဆောင်နေလိုက်လေသည်။

ရှောင်ယီက သစ်ရွက်များအကြားမှ ကောင်းကင်ကြီးကို မော့ကြည့်သည်။

"ကြည့်ရတာ မိုးရွာလိမ့်မယ်ထင်တယ်၊ မိုးတွေရွာချလာရင် ကျွန်တော့်တစ်ကိုယ်လုံးစိုရွှဲပြီး ဖျားနာနေဦးမယ်"

ကြေးမျက်နှာသိုင်းသမားကြီးက…

"ဖျားချင်ဖျားပါစေ၊ မင်းအဖျားလောက်ကို ငါက ချက်ချင်းပျောက်အောင် ကုပေးနိုင်ပါတယ်ကွ၊ ဘာမှမပူပါနဲ့"

ရှောင်ယီသည် သစ်ပင်အောက်ကိုငုံ့ကြည့်ပြီး ပြောပြန်လေ၏။



"ကျွန်တော်ထိုင်နေတဲ့သစ်ကိုင်းက ခိုင်ပါ့မလားဗျ၊ လေလာရင် ကျိုးသွားမှာစိုးရတယ်၊ ကျွန်တော်က သွေးကြောပိတ်ခံထားရတော့ အကျမတော်ရင် သေသွားနိုင်တယ်"

ကြေးမျက်နှာသိုင်းသမားကြီးက အေးစက်စက်ပြန်ပြောလိုက်လေသည်။

"မင်းအပိုတွေ ပြောမနေစမ်းပါနဲ့ကွာ၊ မင်းထိုင်တဲ့ သစ်ကိုင်းက ခိုင်ပါတယ်၊ မင်းဘယ်နည်းနဲ့မှ အောက်မကျနိုင်ဘူး"

ရှောင်ယီက မျက်လုံးပြူး မျက်ဆံပြူး ပြန်ပြောသည်။

"ဒါက သဘာဝဘေးအန္တရာယ်ဗျ၊ ဘယ်သူမှ ဒီလိုမဖြစ်ဘူးလို့ အတပ်မပြောနိုင်ဘူး"

"ဟေ့…မင်းသိပ်စကားများတာပဲ၊ ဘယ်နည်းနဲ့မှ ဒီလိုမဖြစ်နိုင်ဘူး"

ကြေးမျက်နှာသိုင်းသမားကြီး၏အသံမှာ ဒေါသသံများပါလာလေသည်။ ရှောင်ယီက…

"ဖြစ်လာရင် ကျွန်တော်ပဲဒုက္ခဖြစ်မှာ၊ အဲဒီလိုဖြစ်ရင် ဟွာဟုချွန်နဲ့ နောက်သုံးလအကြာမှာ ဘယ်လို ယှဉ်ပြိုင်တိုက်ခိုက်နိုင်တော့မှာလဲ"

ကြေးမျက်နှာသိုင်းသမားကြီးသည် အတန်ကြာငိုင်သွားသည်။ သို့သော် သူ စဉ်းစားပြီးပြောသည့်စကားမှာ ရှောင်ယီအား ဝေါက်ငမ်းတားမြစ်သည့် စကားပင်ဖြစ်နေသည်။

"မင်းပါးစပ်ပိတ်ပြီး မျက်စိနှစ်လုံးပါမှိတ်ထားစမ်း၊ မင်းပြောတာတွေ မဖြစ်နိုင်ဘူး"

ရှောင်ယီက ရယ်မောလိုက်လေသည်။

"ကျွန်တော့်ကို စကားမပြောစေချင်ရင် ပါးစပ်မလှုပ်နိုင်အောင်

အကြောထပ်ဖိတ်လိုက်ပါလား''

ကြေးမျက်နှာသိုင်းသမားကြီးသည် ရှောင်ယီကို အရေးမလုပ်တော့ဘဲ သစ်ပင်ပေါ်မှ ခုန်ဆင်းသွားလေတော့သည်။

ရှောင်ယီသည် သူ့ဘာသာသူ ခပ်တိုးတိုး ရေရွတ်လိုက်၏။ ထိုရေရွတ်သံကို မည်သည့်နည်းနှင့်မဆို ကြေးမျက်နှာ သိုင်းသမားကြီး ကြားနိုင်ကြောင်း သူကောင်းစွာသိသည်။

''ဟိုလူရောက်လာမှပဲ ငါ့ကိုတွေ့အောင် လှမ်းအော်ခေါ်တော့မယ်''

ကြေးမျက်နှာသိုင်းသမားမှာ ရှောင်ယီ ရေရွတ်ပြောဆိုသံကို ကြားရသဖြင့် စိတ်ဖြောင့်ဖြောင့်မသွားနိုင်တော့ဘဲ သစ်ပင်ပေါ် ပြန်ခုန်တက်လာရတော့သည်။

''မင်းဆီကို ဘယ်သူလာမှာလဲ၊ ပြောစမ်း''

ရှောင်ယီ ထိတ်လန့်သွား၏။ တကယ်တော့ သူ မကြောက်ပါ။ ဟန်ဆောင်ခြင်းသာဖြစ်ပါသည်။

''ကျွန်တော် ဘာပြောမိလိုက်လို့လဲခင်ဗျာ''

ကြေးမျက်နှာသိုင်းသမားက...

''မင်းဆီကို လူတစ်ယောက်လာရှာလိမ့်မယ်လို့၊ မင်း ခုနကပဲ ပြောလိုက်တယ်မဟုတ်လား''

ရှောင်ယီက ခပ်တိုးတိုးရယ်မောလိုက်သည်။

''ကျွန်တော် သက်သက်ပြောကြည့်တာပါ၊ ကျွန်တော့်ကို ခင်ဗျား သစ်ပင်ပေါ်မှာတင်ထားတာ၊ ဒီလောက် သစ်ရွက်သစ်ခက် ထူတဲ့နေရာကို ဘယ်သူကတွေ့နိုင်မှာလဲ''

''မင်းကို ဟွာဟူချွန်လာရှာပြီး ကယ်တင်သွားနိုင်တယ်၊ မင်းပြောမှ ငါစဉ်းစားမိတော့တယ်၊ မင်းကို ဒီမှာထားခဲ့လို့ မဖြစ်ဘူး''



ကြေးမျက်နှာသိုင်းသမားသည် ရှောင်ယီကို ပွေ့ထမ်းလိုက်လေသည်။ နေရာပြောင်းထားရန် ဖြစ်သည်။

ရှောင်ယီမှာ ကျိတ်ပြီးရယ်မိလေ၏။

အမှန်တော့ ရှောင်ယီသည် သစ်ပင်ပေါ်တွင်မနေလို၍ ယင်းသို့ ကြေးမျက်နှာသိုင်းသမားကို ပြောဆိုလိုက်ခြင်းဖြစ်သည်။ ကြေးမျက်နှာသိုင်းသမားသည် ရှောင်ယီဆင်သည့်အကွက်ထဲ ဝင်သွားခဲ့လေပြီ။

သူသည် ရှောင်ယီကိုထမ်းပြီး သစ်ပင်ပေါ်မှခုန်ဆင်းလိုက်၏။

ရှောင်ယီသည် သူတစ်ယောက်တည်း သစ်ပင်ပေါ်တွင် ကျန်ရစ်ခဲ့ပါက ထွက်ပြေးနိုင်မည်မဟုတ်သည်ကို စဉ်းစားမိသဖြင့် ဤသို့ အကွက်ဆင်ခြင်းဖြစ်ပါသည်။

ယခု ကြေးမျက်နှာသိုင်းသမားသည် ရှောင်ယီကိုထမ်း၍ ပြေးနေလေပြီ။ သူ့ပခုံးပေါ်မှရှောင်ယီက အကြံဉာဏ်ထုတ်နေသည်။

''ခင်ဗျား ကျွန်တော့်ကိုဘယ်ခေါ်သွားဦးမှာလဲ''

''ဘယ်ခေါ်ခေါ် မင်းပါးစပ်ပိတ်ထားစမ်း''

ကြေးမျက်နှာသိုင်းသမားက ပြောသည်။ သို့သော် ရှောင်ယီ ပါးစပ်ပိတ်၍ မနေနိုင်ပါ။

''ကျွန်တော်...ကျွန်တော်ဝမ်းနာနေတယ်၊ ခင်ဗျားသွားမယ့်နေရာ ဝေးသေးသလားလို့မေးတာပါ''

ကြေးမျက်နှာသိုင်းသမား၏ခြေလှမ်းများ ရုတ်တရက် ရပ်ဆိုင်းသွားသည်။

''ဟာ- ဟာ- အီး- အီး- အောင့်လို့မရတော့ဘူး၊ ဒုက္ခပဲ၊ အားနာစရာ''

တကယ်ပင် ပူပူနွေးနွေးအရည်များ ကြေးမျက်နှာသိုင်းသမား၏ပခုံးပေါ်သို့ ကျလာသည်။

"ဝုန်း"

ကြေးမျက်နှာသိုင်းသမားသည် ရှောင်ယီကို မြေကြီးပေါ်လွှတ်ချလိုက်သည်။

ကြေးမျက်နှာသိုင်းသမားသည် ရှောင်ယီ၏အညစ်အကြေးများသူ့ကိုယ်ပေါ်ပေကျံကုန်မည်ကို စိုးရိမ်သဖြင့် ဆန်အိတ်တစ်အိတ် ပစ်ချလိုက်သကဲ့သို့ ရှောင်ယီအား ပစ်ချလိုက်ခြင်းဖြစ်လေ၏။

ရှောင်ယီမှာ အမှန်တကယ် ဝမ်းနာသည်မဟုတ်ပါ။ သူက ကြေးမျက်နှာသိုင်းသမား၏ပခုံး အနည်းငယ်စွတ်စိုသွားအောင် ပြုလိုက်ခြင်းဖြစ်ပေသည်။

"အား- အား- ကျိုးသွားပါပြီဗျ၊ ကျိုးပါပြီ နာလိုက်တာ"

ရှောင်ယီသည် မနားတမ်းအော်ဟစ်နေတော့၏။ ကြေးမျက်နှာသိုင်းသမားသည် ရှောင်ယီ၏ညာဘက်ပေါင်ရှိ အကြောနေရာကို သူ့ခြေထောက်ဖြင့်ကန်လိုက်သည်။ ရှောင်ယီ၏ခန္ဓာကိုယ်အောက်ပိုင်း ခြေထောက်အစုံ လှုပ်ရှားနိုင်စေရန် သွေးကြောဖွင့်ပေးလိုက်ခြင်းဖြစ်သည်။

"ကဲ- မင်းထပြီး လမ်းလျှောက်လိုက်ခဲ့၊ ပြေးဖို့တော့ မစဉ်းစားနဲ့၊ လွတ်လဲမလွတ်နိုင်ဘူး"

ရှောင်ယီ၏ကိုယ်ခန္ဓာအောက်ပိုင်း ပြန်လည် လှုပ်ရှားနိုင်ခွင့်ရသွားလေပြီ။ သို့သော် ရှောင်ယီ မပြုံးသေးပါ။ ရှုံ့မဲ့ပြီး ညည်းတွားနေဆဲဖြစ်သည်။

"အရိုးတွေကျိုးကုန်ပြီ၊ ကျွန်တော် မထနိုင်တော့ဘူး၊ ခင်ဗျားကျွန်တော့်ကိုပွေ့ချီပြီးခေါ်သွားမှ ဖြစ်လိမ့်မယ်"

ကြေးမျက်နှာသိုင်းသမားက ဒေါသဖြင့်အော်လေ၏။

"မင်းအရိုးတွေက ဘာနဲ့လုပ်ထားတာမို့လို့လဲ၊ ဒီလောက်တောင်မှ ကျိုးလွယ်ရသလား"



ရှောင်ယီက ညည်းညူစုတ်သပ်၍သာ နေသည်။

မျက်နှာကြီးမှာလည်း တကယ်နာကျင်လှလေဟန်နှင့် ရှုံ့မဲ့နေသည်မှာ လွန်စွာသရုပ်ပါလှသည်။ ကြေးမျက်နှာသိုင်းသမားသည် ရှောင်ယီကို စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး သံသယဝင်လာ၏။

"မင်း အရိုး တကယ်ပဲကျိုးသွားလို့လား"

"ဟုတ်ကဲ့၊ ဟောဒီနေရာ ခင်ဗျားကိုင်ကြည့်ပါလား၊ ကျိုးနေတယ်လို့ထင်တယ်"

ရှောင်ယီက သူ၏ပေါင်ရင်းကို မေးငေါ့ပြ၏။ ကြေးမျက်နှာသိုင်းသမားသည် ပထမ ကိုင်ရန်လက်လှမ်းလိုက်ပြီးမှ ဆတ်ခနဲ လက်ပြန်ရုပ်သွား၏။ ရှောင်ယီက ရယ်မောပြီး…

"ခင်ဗျား ဘာကြောင့်မကိုင်ရဲတာလဲ၊ ယောကျာ်းအချင်းချင်းပဲဗျာ၊ ထိသွားတော့ ဘာဖြစ်မှာမို့လဲ၊ ခင်ဗျားက မိန်းမမို့လို့လား"

"မင်းပါးစပ်ပိတ်ထားစမ်း"

ရှောင်ယီက…

"ခင်ဗျား ကျုပ် ပါးစပ်ပိတ်ထားစေချင်ရင် ကျုပ်ပါးစပ်ပေါက်ထဲ အဝတ်စတစ်ခုခုနဲ့ ထိုးထားမှပဲဖြစ်မယ်"

ကြေးမျက်နှာသိုင်းသမားက ရှောင်ယီကို ငေးစိုက်ကြည့်ပြီးမှ ခေါင်းတစ်ချက်ညိတ်လိုက်ပြီး…

"မင်း ဒီလောက်စကားပြောချင်နေတာ ပြောစမ်း၊ ငါနားထောင်မယ်"

ရှောင်ယီ ရယ်မောနေလေတော့သည်။

ဓ ဓ ဓ

အခန်း (၁၁၃)

## ဓားသမားကြီး၏ သံသယ

ရဲနန်းထင်နှင့် ဟွာဟူချုန်တို့သည် ယခုအခါ၌ ရန်သူ မဟုတ်ကြတော့ပေ။ ဟွာဟူချုန်က ရုတ်တရက်မေးသည်။

''ထိစင့်လွှမ် ဘယ်ကိုများ ပြေးသွားတာလဲခင်ဗျာ၊ သူ ဘယ်ဘက်ကိုပြေးတယ်ဆိုတာ ဆရာကြီး မမြင်လိုက်ဘူးလား''

''ကျုပ်လဲ မမြင်လိုက်ဘူး''

ဟွာဟူချုန် ကော်င်းကင်ကိုမော်ကြည့်ပြီးလျှင် သက်ပြင်းတစ်ချက်ချလိုက်လေသည်။

''ကျန်းရှောင်ယီလဲ ခုချိန်မှာ ဘယ်ဆီများ ရောက်နေလဲမသိဘူး၊ ကျွန်တော်တို့မှာ ဒုက္ခပဲ၊ ပျောက်တဲ့လူတွေများနေပြီ''

ရဲနန်းထင်မှာမူ သံယောဇဉ်ရှိသော ရှောင်ယီကိုစွာကိုသာ စဉ်းစားနေလေသည်။

''နေပါဦး၊ ဘယ်အချိန်လောက်က သူ့ကို ကြေးမျက်နှာသိုင်းသမားက ဖမ်းသွားတာလဲ''

''မနေ့ညကပါ''

ရဲနန်းထင် မျက်မှောင်ကြုတ်သွားသည်။

''ဒီလိုဆိုရင် ကျန်းရှောင်ယီ ကြေးမျက်နှာသိုင်းသမားလက်



ထဲရောက်နေတာ တစ်ညတောင်ရှိသွားပြီပေါ့''

ဟွာဟူချုန်က ခေါင်းညိတ်လိုက်ပြီး...

''ဟုတ်ပါတယ်၊ ဒါပေမယ့် ဆရာကြီး မစိုးရိမ်ပါနဲ့၊ ကြေးမျက်နှာသိုင်းသမားဟာ ကျန်းရှောင်ယီကို ဘေးအန္တရာယ် တစ်စုံတစ်ရာပေးမှာမဟုတ်ပါဘူး''

''မင်း ဘယ့်နှယ်ကြောင့် ကျိန်းသေပြောနိုင်တာလဲ''

ရဲနန်းထင်က ဟွာဟူချုန်ကို စူးစူးစိုက်စိုက်ကြည့်ပြီး မေးလိုက်သည်။ ဟွာဟူချုန်က ခပ်အေးအေးဖြင့် ပြောပြသည်။

''အချို့လူတွေပြောတဲ့စကားဟာ အလွန်မှပဲ စိတ်ချရပါတယ်၊ အဲဒီလိုလူမျိုးတွေထဲမှာ ကြေးမျက်နှာသိုင်းသမားလဲပါပါတယ်''

''ကြေးမျက်နှာသိုင်းသမားက ကျန်းရှောင်ယီကို သုံးလအတွင်း ဘေးအန္တရာယ်မပေးပါဘူးလို့ ကျွန်တော့်ရှ့မှာ ကတိပေးခဲ့ပါတယ်''

ရဲနန်းထင် ဘာမှမပြောတော့ပေ။ စဉ်းစားနေဟန်တူသည်။ အတန်ကြာမှ တီးတိုးရေရွတ်နေသည်။

''ကြေးမျက်နှာသိုင်းသမား လောကမှာ ပေါ်နေတာ ငါဘာဖြစ်လို့ မသိရတာလဲ၊ ဒီလောက် သိုင်းအဆင့်မြင့်လှတဲ့ ကြေးမျက်နှာသိုင်းသမားရဲ့သတင်းကို ငါကြားသင့်တယ်''

ရဲနန်းထင် ရုတ်တရက် ဟွာဟူချုန်ဘက်သို့ လှည့်လိုက်ပြီး...

''မင်း သူ့ရဲ့ဇစ်မြစ်ကိုသိသလား၊ သိရင် သိသလောက်ပြောပြစမ်းပါဦး''

ဟွာဟူချုန်က...

''ကျွန်တော် သူ့ရဲ့သိုင်းပညာ အဆင့်မြင့်တာကိုပဲ တွေ့မြင်

သိရှိပါတယ်ခင်ဗျား၊ သူ့ရဲ့ဇာတ်မြစ်ကိုတော့ မသိပါဘူး"

ရဲ့နန်းထင်က အေးစက်စက်ရယ်လိုက်သည်။

"ငါတွေးကြည့်လို့ရတာကတော့ သိုင်းလောကမှာ ကြေးမျက်နှာသိုင်းသမားဆိုတာ မရှိဘူး၊ အဆင့်မြင့်သိုင်းသမားတစ်ယောက်ဟာ အခုလတ်တလော့မှ အဲဒီနာမည်ကိုခံယူပြီးတော့ သိုင်းလောကသားကြီး ဟန်ဆောင်နေတာဖြစ်လိမ့်မယ်၊ ကြေးမျက်နှာသိုင်းသမားကြီးဆိုတဲ့ ပုဂ္ဂိုလ်ဟာ သိုင်းလောကသားဆိုရင် ငါလိုလူမျိုးက သူ့ကို ဘာကြောင့် မသိရမှာလဲ၊ သိကိုသိရမယ်"

ဟွာဟူချွန် မျက်မှောင်ကြုတ်နေသည်။

"အဲဒီလူဟာ ဘယ်သူများဖြစ်မလဲ မသိဘူးနော်၊ သိုင်းပညာ အဆင့်မြင့်တာတော့ အမှန်ပဲခင်ဗျ၊ ကျွန်တော့်မျက်မြင်ပါပဲ"

ရဲ့နန်းထင်က ရုတ်တရက်ပြောလိုက်သည်။

"ငါတွေးကြည့်တယ်၊ မဟူရာနန်းတော်ကသခင်မနှစ်ဦး အနက် တစ်ဦးဦးများဖြစ်နေမလားမသိဘူး"

သူ့စကားကြောင့် ဟွာဟူချွန်လန့်သွားသည်။

"ဒါတော့ မဖြစ်နိုင်ဘူးထင်ပါတယ်ခင်ဗျာ၊ ကျွန်တော့်ဆရာ မကြီးတွေက ဘာ့ကြောင့် သူတစ်ပါးအမည်ကို ခံယူပြီးဟန်ဆောင်ရမှာလဲ၊ ကျွန်တော့်ကို သူတို့ ဘာ့ကြောင့်လိမ်ညာဖုံးကွယ်နေရမှာလဲ၊ အဲ့လိုလုပ်ကြတယ်ဆိုရင်လဲ သူတို့အဖို့ ဘယ်လိုအကျိုးရှိနိုင်မှာလဲ ဆရာကြီးခင်ဗျာ"

"အယ်…ဒီလိုကတော့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး"

ရဲ့နန်းထင် မျက်မှောင်ကြုတ်လျက်စဉ်းစားနေသည်။

နောက်ဆုံး ခေါင်းကိုခါယမ်း၍ ညည်းညူတော့သည်။



"ငါလဲ မစဉ်းစားတတ်တော့ပါဘူးကွာ"

သို့သော်… သူဆက်၍စဉ်းစားနေပါသေးသည်။

ကြေးမျက်နှာသိုင်းသမားလက်ထဲ၌ ရှောင်ယီရှိနေသေးသည်မှတ်ပါလား။

"ဟွာဟူချွန် မင်းစဉ်းစားစမ်း၊ အဲဒီကြေးမျက်နှာသိုင်းသမားဟာ ကျွန်းရှောင်ယီကို ဘယ်ခေါ်သွားနိုင်သလဲ"

ဟွာဟူချွန်က အတန်ကြာမျှစဉ်းစားသည်။

သို့သော် သူ့ခေါင်းထဲ၌လည်း ပေါ်မလာပေ။

"ကျွန်တော်လဲ မစဉ်းစားတတ်တော့ဘူး၊ ကျွန်းရှောင်ယီကို ဘယ်ခေါ်သွားသလဲဆိုတာ မခန့်မှန်းတတ်ပါဘူးဗျာ"

သူတို့နှစ်ယောက်သည် ကိုယ်စီစဉ်းစားရင်းက လျှောက်သွားနေကြသည်။

ထိစင့်လွမ် ဘယ်ဆီသို့ပြေးသွားသည်ကိုလည်း သူတို့မသိကြပါ၊ ထိစင့်လွမ်သည် ရဲ့နန်းထင်နှင့်ဟွာဟူချွန် တိုက်ခိုက်ကြသည်ကို ကြည့်မမြင်လိုသဖြင့် ထွက်ပြေးသွားခြင်းသာဖြစ်ပါသည်။

အခန်း(၁၁၃)

## အလိုလိုက်အကြိုက်ဆောင်ခြင်း

ရှောင်ယီ အိပ်ပျော်နေလေပြီ။

ကြေးမျက်နှာသိုင်းသမားသည် ရှောင်ယီကို သူ့တည်းခိုခန်းသို့ ခေါ်လာခဲ့သည်။

ကြေးမျက်နှာသိုင်းသမားသည် ရှောင်ယီကို မည်သည့်နေရာတွင် ထိန်းချုပ်ထားရမည်မှန်း မစဉ်းစားနိုင်သဖြင့် နောက်ဆုံး သူ့အခန်းသို့ ခေါ်ခဲ့ရခြင်းဖြစ်လေသည်။

ရှောင်ယီသည် သူ့ခုတင်ပေါ်တွင် အကျအန အိပ်နေသည်။ ဟောက်သံတခေါ်ခေါ်နှင့် အိပ်မောကျနေသည်။

ကြေးမျက်နှာသိုင်းသမားကြီးသည် နောက်မှီထိုင်ခုံတွင်ထိုင်ကာ ရှောင်ယီ အိပ်ပျော်နေသည်ကို စိုက်ကြည့်နေသည်။

သူ ငြိမ်၍ကြည့်နေပုံမှာ ကျောက်ရုပ်ကြီးတစ်ရုပ်အလားဖြစ်နေသည်။ သူ အလကားသက်သက် ငြိမ်နေခြင်းမဟုတ်ပါ။

ကျွန်းရှောင်ယီဆိုသောလူငယ်ကို မည်သို့ စီမံထိန်းသိမ်းရမည်နည်းဟု တွေးတောနေခြင်းသာဖြစ်လေသည်။

ရှောင်ယီအိပ်ပျော်နေသည်မှာ ကလေးငယ်တစ်ယောက်ကဲ့သို့ အပြစ်ကင်းစွာ အိပ်ပျော်နေခြင်းဖြစ်သည်။



ကြေးမျက်နှာသိုင်းသမားသည် ရှောင်ယီမျက်နှာပြင်ပေါ်ရှိ ဘယ်တော့မှ ဖျောက်ဖျက်မရနိုင်သော ဓားဒဏ်ရာ အမာရွတ်စင်းကြီးကို ငေးကြည့်နေသည်။

အမာရွတ်သည် ယခု အသားမာဖြစ်နေပြီး မနာတော့ပါ။

ဒဏ်ရာရရှိချိန်ကမူ လွန်စွာနာကျင်ပေလိမ့်မည်။

ကြေးမျက်နှာသိုင်းသမားသည် ကြည့်နေရင်း တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်လာလေသည်။ သူ့လက်အစုံသည် ထိုင်ခုံလက်ရန်းကို တင်းကျပ်စွာဆုပ်ကိုင်ထားမိမှန်းမသိ ဆုပ်ကိုင်ထားမိနေသည်။

အတန်ကြာမှ သူ့ကိုယ်သူ စိတ်လှုပ်ရှားမှုကို ကြိုးစားထိန်းသိမ်းလိုက်ဟန်ဖြင့် သက်ပြင်းရှည်ကြီးတစ်ချက်ကို ရှိုက်ချလိုက်လေသည်။

တုန်ယင်နေသောသူ့ခန္ဓာကိုယ် ငြိမ်သက်သွားလေသည်

သို့သော် တင်းကြပ်စွာဆုပ်ကိုင်ထားမိသော ကုလားထိုင် လက်ရန်းနှစ်ခုမှာ တကျွတ်ကျွတ်အသံမြည်နေသည်။ ကုလားထိုင်လက်ရန်းနှစ်ခုမှာ ဆုပ်ကိုင်ထားသည့်အင်အားကြောင့် ကြေကွဲထွက်သွားမည်ကဲ့သို့ ရှိနေသည်။ တကျွတ်ကျွတ်အသံကြောင့် ကြေးမျက်နှာသိုင်းသမားလည်း သတိဝင်သွားပြီး သူ့လက်နှစ်ဖက်ကို ကပျာကယာလွှတ်လိုက်မိသည်။

သူ စိတ်စောသွားသည်ပဲ…

ရှောင်ယီသည် ထိုတကျွတ်ကျွတ်အသံကြောင့် လန့်နိုးသွားလေသည်။ သူ့အိပ်မောကျသည်မှာ မှန်သည်။ သို့သော် အသံတစ်ခုခု ကြားရလျှင် လန့်နိုးလာအောင် ဒုစရိုက်ကျေးရွာမှ ဆရာသမားများက သေချာစွာ လေ့ကျင့်ပေးခဲ့ပေသည်။

"ကျွန်တော်အိပ်ပျော်သွားတာ ကြာပြီလားမသိဘူး"

ရှောင်ယီက ကြေးမျက်နှာသိုင်းသမားကို ပြုံးရယ်ပြီးမေးလိုက်

သည်။ ရှောင်ယီ၏မျက်နှာသည် အမြဲပြုံးနေသည်။ ဤကား ရှောင်ယီ၏ ထိုးစစ်တစ်ရပ်သာဖြစ်သည်။ ထိုအပြုံးကြောင့် ကြေးမျက်နှာသိုင်းသမား ပို၍ စိတ်တိုသွားရသည်။

သို့သော် ကလေးငယ်တစ်ဦးကဲ့သို့ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပြီး ကိုယ့်ဘေးရန်ကို ဘာမှမတွေးဘဲမေးလိုက်သော အမေးကြောင့် ကြေးမျက်နှာသိုင်းသမား သက်ပြင်းကြီးကို ခပ်ပြင်းပြင်းတစ်ချက် ရှိုက်လိုက်ပါသည်။

ဘယ်လိုကြောင့်မှန်းမသိ၊ တင်းမာနေသော သူ့စိတ်ဓာတ်များ အနည်းငယ် ပြေလျော့သွားသည်အမှန်ပင်။ ထို့ကြောင့် သူက ခေါင်းကို သဘောအယားညိတ်ပြီး ရှောင်ယီကို ပြန်ဖြေမိလေသည်။

"အေး…မင်းအိပ်တာ အတော်ကြာသွားပြီ"

ရှောင်ယီက အံ့သြသွားဟန်ဖြင့်ပြောသည်။

"ခင်ဗျား ကျွန်တော်အိပ်နေတာကို တစ်ချိန်လုံး ထိုင်စောင့်ပြီး ကြည့်နေတယ်ဟုတ်လား"

"အင်း…"

ကြေးမျက်နှာသိုင်းသမားကြီးက ခေါင်းညိတ်လိုက်လေသည်။

ရှောင်ယီမှာ ခန္ဓာကိုယ်အောက်ပိုင်းသာ လှုပ်ရှားနိုင်သည်။ သူ့ ခုတင်ပေါ်မှဆင်းလိုက်သည်။ သူသည် အလည်အပတ်ရောက်သော ဧည့်သည်တစ်ယောက်လို ခြေဆန့်ဒူးကွေး အညောင်းအညာဖြေသည်။

"ကျွန်တော် ခင်ဗျား ခုတင်ပေါ်ကို ပိုင်စိုးပိုင်နင်းတက်အိပ်ခဲ့တယ်ဗျာ၊ ခင်ဗျားမှာတော့ မအိပ်ရဘူး၊ သိပ်အားနာစရာကောင်းတယ်၊ ကျွန်တော် ဘာမှမသိတတ်တဲ့လူလို ဖြစ်နေပြီ"

ကြေးမျက်နှာသိုင်းသမား ရှောင်ယီ၏ခြေထောက်ကို လှမ်း



ကြည့်လိုက်သည်။

"မင်း…မင်းခြေထောက် ဘာမှမဖြစ်ဘူးမဟုတ်လား"

"မဖြစ်ဘူးလေ၊ ကောင်းပါတယ်"

ရှောင်ယီ အပြင်သို့ ထွက်ခွါသွားမည့်ကဲ့သို့ ခြေလှမ်းပြင်လိုက်လေသည်။

"ဟေ့ မင်းဘယ်သွားမလို့လဲ"

ကြေးမျက်နှာသိုင်းသမားကြီးက လှမ်းခေါ်လိုက်လေသည်။

ရှောင်ယီက အပြုံးအရယ်မပျက်ဘဲ…

"ကျွန်တော့်မှာ အကျင့်တစ်ခုရှိပါတယ်ခင်ဗျား"

"ဘာအကျင့်လဲ"

"ကျွန်တော်အိပ်ရာက ထတာနဲ့ အိမ်သာတက်တတ်ပါတယ် ခင်ဗျာ"

ကြေးမျက်နှာသိုင်းသမားကြီးက ခေါင်းကို ခါယမ်းလိုက်၏။

"မသွားရဘူး…မထွက်ရဘူး"

"ဟာဗျာ မသွားလို့ဘယ်ဖြစ်မလဲ၊ တစ်ခန်းလုံး နံစော်နေရင် မကောင်းပါဘူးဗျာ"

ကြေးမျက်နှာသိုင်းသမားသည် ခုန်ထလိုက်သည်။

"မင်း အဲဒီလိုအကျင့်ယုတ်ဝံ့သလား၊ လုပ်ကြည့်နေလေ"

သူသည် လွန်စွာဒေါသဖြစ်နေသည်။

ရှောင်ယီက ခပ်အေးအေးဖြင့်…

"လူတစ်ယောက်ဟာ အခြားလူတွေကို ဒါမလုပ်နဲ့၊ ဟိုဟာမလုပ်နဲ့ ဘယ်လောက်ပဲ အမိန့်ပေးနိုင် ပေးနိုင်၊ အဲဒီ အလေးသွားတဲ့ အလုပ်ဝတ္တရားကိုတော့ မတားမြစ်နိုင်ဘူးဗျာ"

ကြေးမျက်နှာသိုင်းသမားသည် ရှောင်ယီကို ဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ကြည့်လိုက်သည်။

ကြေးမျက်နှာဖုံးမှာ ကြောက်စရာကောင်းသည်။ ထို့အတူ မျက်နှာဖုံးအောက်မှ သူ့မျက်လုံးအစုံမှာ ပို၍ပင် ကြောက်စရာကောင်းနေသည်။

ရှောင်ယီသည် ထိုကြောက်စရာကောင်းသော မျက်လုံးအစုံကို ခံနေရသော်လည်း မည်သို့မှ မဖြစ်သလို၊ သူပြောလိုသည်ကို ဆက်ပြောနေသည်။

"ခင်ဗျား ကျွန်တော့်ကို အိမ်သာမတက်စေချင်ရင် နည်းလမ်းတစ်ခုပဲရှိတယ်၊ အခုချက်ချင်း ကျွန်တော့်ကို သတ်ပစ်လိုက်ပေတော့၊ ကျွန်တော်ချက်ချင်းသေသွားရင် သဘာဝဝတ္ထုရားကို လုပ်ဖို့မလိုတော့ဘူး၊ အဲဒီလိုမှမလုပ်ရင် သန့်ရှင်းသပ်ရပ်နေတဲ့ ဒီအခန်းဟာ လုံးဝညစ်ပတ်နံစော်သွားတော့မှပဲ"

ရှောင်ယီပြောရင်း မျက်နှာရှုံ့မဲ့လာသည်။

သူသည် နေရာရှာသလို ဟိုကြည့် သည်ကြည့်လုပ်လာသည်။

"ဟော့…ဟော့ ဒီမှာမလုပ်နဲ့၊ မဖြစ်ဘူး၊ မဖြစ်ဘူး"

ကြေးမျက်နှာသိုင်းသမားက ဝုန်းခနဲထရပ်လိုက်ပြီး အော်လေတော့သည်။

"သွား…သွား အမြန်ထွက်သွား၊ မင်းမျက်နှာကို ငါမကြည့်ချင်ဘူး၊ အယုတ်တမာကောင်လေး"

"ခင်ဗျား ကျွန်တော်ထွက်ပြေးသွားမှာစိုးရင် အိမ်သာအပြင်မှာ လိုက်စောင့်ကြည့်ပါလား"

ရှောင်ယီက ပြန်အော်ပြီး အပြင်သို့ပြေးထွက်သွားသည်။



ကြေးမျက်နှာသိုင်းသမားသည် ကလိမ်ကကျစ်ပြော၊ ကလိမ်ကကျစ်လုပ်တတ်သော ရှောင်ယီအား ပို၍ ပို၍ စိတ်မချဖြစ်လာသည်။

ထို့ကြောင့် သူပါ ရှောင်ယီနောက်သို့ ပြေးလိုက်လာလေသည်။

ကြေးမျက်နှာသိုင်းသမားသည် အလွန်အသန့်ကြိုက်သူဖြစ်လေသည်။ ရွံလည်းရွံတတ်သူဖြစ်လေသည်။

ရှောင်ယီနှင့်ကျမှ အရှက်တကွဲအကျိုးနည်းဖြစ်ရပြီး၊ အိမ်သာရှေ့ရပ်စောင့်ရသည့်ဘဝသို့ ရောက်ခဲ့ရပြန်သည်။ ဤအဖြစ်ကိုသာ သိုင်းလောကသားများသိလျှင် ရယ်လိုက်ကြမည်မှာ အုံးအုံးထနေပေတော့သည်။ အတန်ကြာသော် ရှောင်ယီ အိမ်သာမှပြန်ထွက်လာသည်။

ကြေးမျက်နှာသိုင်းသမားက ဒေါ်ပွပွဖြင့်အော်လိုက်လေသည်။

"မင်း အိမ်သာတွင်းထဲကျသေပြီလားလို့ မှတ်နေတာ"

ရှောင်ယီက အပြုံးမပျက်ပါ။

"ဝမ်းဗိုက်ထဲ အစာဟောင်းတွေ သိပ်များနေရင် နည်းနည်းကြာအောင် ပါရပါတယ်၊ ခင်ဗျား ရပ်စောင့်နေတာ အားနာစရာကြီး၊ ကျွန်တော် ဒီလိုမလုပ်ချင်ပါဘူး၊ သဘာဝကဖြစ်ပေါ်လာတော့ ကျွန်တော်လဲ မတတ်သာတော့ဘူး"

ကြေးမျက်နှာသိုင်းသမားက ဘာမှပြန်မပြောဘဲ မျက်နှာလွှဲလိုက်သည်။ ရှောင်ယီက…

"ကျွန်တော့်ဗိုက်ထဲမှာ အစာဟောင်းတွေ ကုန်စင်သွားပါပြီ၊ အခု ကျွန်တော်တို့ တစ်ခုခုသွားစားရအောင်လား"

"ဘာ…မင်းဘာပြောတယ်"

ကြေးမျက်နှာသိုင်းသမား၏ ငြိမ်သက်မှုဒေါသသည် ပြန်လည်ပေါက်ကွဲလာပြန်လေသည်။

"အစာဟောင်းကုန်သွားရင် အစာသစ်ဝင်ရမယ်လေ၊ သက်ရှိတွေမှာ..."

"တော်...တိတ်"

ရောင်ယီ အပြောတော့ရပ်သွားပါသည်။

သို့သော် ခဏသာဖြစ်ပါသည်။

"ခင်ဗျား ကျွန်တော့်ကို ထမင်းစားခွင့်မပြုဘူးလား"

"အေး...စားခွင့်မပြုဘူး၊ မင်းကိုအိမ်သာတက်မယ့်ကိစ္စ ငါမတားမြင်နိုင်ပေမယ့် ထမင်းစားမယ့်ကိစ္စကို ငါတားမြစ်နိုင်တယ်ကွ"

"တကယ်ပဲ ထမင်းမစားရတော့ဘူးလား၊ ကျွန်တော့် ဗိုက်ထဲမှာ အစာမရှိတော့ဘူးဗျ၊ ဆာလှပြီ"

ရောင်ယီ ညည်းညည်းညျုညျုပြောသည်။ မျက်နှာကလည်း ရှုံ့မဲ့နေသည်။

"မစားရဘူးကွ၊ မစားရဘူး၊ စားချိန်တန်မှ မင်းကို ငါကျွေးမယ်"

"ကျွန်တော်က ဆာရင်စားရမှ ကျေနပ်တာဗျ၊ ကျွန်တော်စားချင်နေတုန်းမှာ ခင်ဗျား မကျွေးဘူးဆိုရင် ကျွန်တော် ဘာကိုမှ မစားတော့ဘဲ နေလိုက်တော့မှာ၊ ကျွန်တော် အစာငတ် ရေငတ်ဖြစ်ပြီး သေရင် ခင်ဗျားတာဝန်ပဲ"

ကြေးမျက်နှာသိုင်းသမားက ရောင်ယီ၏ အင်္ကျီရင်ဘတ်စကို ဆောင့်ဆွဲလိုက်သည်။

"မင်း...မင်းကို ငါသတ်ပစ်ချင်လာပြီ"

ရောင်ယီ အပြုံးမပျက်ပါ။

"ခင်ဗျားကို ကျွန်တော်ယှဉ်တိုက်မယ်ဆိုရင် နိုင်မှာမဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော်ကသေရမှာလဲ သိပ်ကြောက်တဲ့ ကောင်စားတော့မဟုတ်ဘူး"

"ကျွန်တော် အစား မစားတော့ဘူးဆိုရင် ခင်ဗျား ဘာတတ်နိုင်မှာလဲ"

ကြေးမျက်နှာသိုင်းသမားက ရောင်ယီ့မျက်နှာကို စိုက်ကြည့်လိုက်ပြီးနောက် ရှေ့မှထွက်သွားသည်။

"လာ...လိုက်ခဲ့၊ မင်းစားချင်တာ ကျွေးမယ်"

ရောင်ယီသည် သူ အနိုင်ရလိုက်ပြီဖြစ်ကြောင်း သိလိုက်၏။

"ကျွန်တော် ခင်ဗျားနောက်ကလိုက်ပြီး ခင်ဗျားကျွေးတာကို မစားချင်ဘူး၊ ကျွန်တော့်နောက်ကိုသာ ခင်ဗျားလိုက်ခဲ့ရမယ်၊ ကျွန်တော်စားချင်တာမှန်သမျှ ခင်ဗျားဝယ်ကျွေးရမယ်၊ ဒီလိုမှ ခင်ဗျားမလိုက်လျောနိုင်ဘူးဆိုရင် ကျွန်တော်အစာငတ်ခံမယ်၊ အသေခံမယ်၊ ဒါပဲ..."

ကြေးမျက်နှာသိုင်းသမား ဒေါသထွက်လွန်းသဖြင့် တစ်ကိုယ်လုံး အသားများတုန်လာသည်။ သို့သော် သူက ဂရုမစိုက်သလို နေလိုက်သည်။ သည်ခွေးရူးနှင့်ဖက်ကိုက်ရန် မဖြစ်တော့ဟု ဆုံးဖြတ်လိုက်တော့သည်။

❧❧❧

ရန်မျိုးအောင်
VCD,DVD,စာပေငှား

အခန်း(၁၁၅)

## ရန်သူလော မိတ်ဆွေလော

ရဲ့နန်းထင်နှင့်ဟွာဟူချုန်တို့နှစ်ယောက်မှာ ထိစင့်လွမ်ကိုလည်း မတွေ့၊ ရှောင်ယီကိုလည်းမတွေ့ဘဲ ဖြစ်နေကြသည်။

သူတို့နှစ်ယောက် မြို့လယ်သို့ပြန်ရောက်ရှိလာသည်။

မြို့ပြင်၌မတွေ့လျှင် မြို့လယ်၌တွေ့ရမည်မဟုတ်ပါလား၊ ရဲ့နန်းထင်က ဟွာဟူချုန်ကိုမေးသည်။

"မင်း…အရက်သောက်မလား၊ ဆာသလား"

ဟွာဟူချုန်က အလိုက်အထိုက်ပြောသည်။ သိုင်းလောက၏ အရှင်အမာသိုင်းဆရာကြီးတစ်ယောက်အား သူ ဆန့်ကျင်၍မပြောလိုပါ။

"ရပါတယ်၊ စားသောက်ချိန်တော့ရောက်နေပါပြီ"

ရဲ့နန်းထင်က ခေါင်းညိတ်သည်။

"ကောင်းပြီ၊ လာ…ငါတို့ တစ်ဆိုင်ဆိုင်ဝင်ကြတာပေါ့"

"ကြိုက်ရာဆိုင်ကို ဆရာကြီးရွေးချယ်ပါ၊ ကျွန်တော်လိုက်စားမှာပါ"

"ကျန်းကျိ ဟင်းလျာတွေက ချိုတယ်၊ အချိုချက်တွေပဲ၊ မြောက်ပိုင်းနယ်က လာဖွင့်တဲ့ဆိုင်တွေက ပေါ့ရွတ်ရွတ်နဲ့၊ ဇေ့ချမ်းဟင်းလျာတွေပဲ ငါခံတွင်းတွေ့တယ်၊ ဇေ့ချမ်းဟင်းလျာက စပ်ပြီးလေးတယ်၊



ငင်းလဲ ငါနဲ့ သဘောတူတိုက်ဆိုင်မလားမသိဘူး"

ဟွာဟူချုန်က ခေါင်းညိတ်၏။

"ဒီမြို့မှာ ယန်ကျိုကျန်စားသောက်ဆိုင်တစ်ဆိုင်ရှိတယ်၊ စားဖိုမှူးကဟင်းချက်သိပ်ကောင်းတယ်လို့ ကြားဖူးပါတယ်"

"ကဲ…ဒီလိုဆိုရင် ငါတို့ အဲဒီဆိုင်ကိုသွားကြစို့"

သူတို့အချိန်များစွာကုန်ခဲ့ပြီး ညရောက်နေပြီ၊ ညစာစားချိန် ဆောက်ချိန်ဖြစ်သောကြောင့် စားသောက်ဆိုင်များတွင် လူတွေစည်ကားနေလေပြီ။

တိုက်ဆိုင်ပုံကား ယန်ကျိုကျန်စားသောက်ဆိုင်ထဲတွင် ကျန်းပျန့်ဟုန်ရှိနေခြင်းပင်တည်း။ ကျန်းပျန့်ဟုန်သည် စားပွဲတစ်လုံးတွင် တစ်ယောက်တည်းထိုင်ကာ အရက်သောက်နေသည်။

ဤနှစ်ရက်အတွင်း ကျန်းပျန့်ဟုန်အဖို့ ဦးနှောက်ခြောက်စရာ စိတ်ညစ်ညူးစရာ ကိစ္စများချည်းသာဖြစ်ခဲ့သဖြင့် ကျန်းပျန့်ဟုန်လွန်စွာ စိတ်ညစ်နေသည်။ သူ့သားကိစ္စကလည်း မပြတ်သေးပေ။

သူ့သား ကျန်းယီလန်သည် ယနေ့တိုင်အောင်ပြန်မလာသေး။ သူ့ရှာဖွေစုံစမ်းသော်လည်း ဘာမျှစုံစမ်းမရ။

ထိုစဉ် လူတစ်ယောက်က လှေကားမှ အပေါ်ထပ်သို့ တက်လာသည်။ ထိုလူကား ကျန်းပျန့်ဟုန်၏လူ။ ပျာယီးပျာယာတက်လာသဖြင့် ကျန်းပျန့်ဟုန်ခေါင်းထောင်ပြီး ကြည့်မိသည်။

ထိုလူသည် ထိုင်ခုံနှစ်လုံးကိုတိုက်မိပြီးမှ ကျန်းပျန့်ဟုန်ထံရောက်လာသည်။ ကျန်းပျန့်ဟုန်ရှေ့သို့ ရောက်လျှင်ရောက်ခြင်း ဂါရဝပြုသည်။

"ဆရာကြီး ကျွန်တော်သတင်းပို့ပါရစေ"

ကျန်းပျန့်ဟုန်က ဒေါသနှင့်ကြည့်လိုက်သည်။

"ပြောစရာရှိတာပြောစမ်း၊ အရေးကြီးရင် ကြီးသလိုလုပ်ပေါ့၊ ဘာဖြစ်လို့ အချိန်ဖြုန်းနေတာလဲ"

ထိုလူက ကျန်းပျန့်ဟုန်အပါးသို့ တိုးကပ်ပြီး ခပ်တိုးတိုးပြောလိုက်သည်။

"ဟွာဟူချွန် လာနေတယ်"

"ဟင်…ဘယ်မလဲ"

"ဒီဆိုင်ရှေ့ရောက်နေပြီ ဆိုင်ထဲဝင်တော့မယ်"

"သေလိုက်ပါတော့၊ ခုမှလာပြောရသလား၊ သူ တစ်ယောက်တည်းလား၊ သူနဲ့ဘယ်သူပါသေးသလဲ"

"လူတစ်ယောက်ပါတယ်၊ ဟွာဟူချွန်လိုတော့ ဝတ်ကောင်းစားလှနဲ့မဟုတ်ဘူး၊ သူတို့ပြောနေသံကြားရတာကတော့ အဲဒီလူနာမည်က ဆရာကြီးရဲ့နန်းထင်ဆိုလားပဲ"

ထိုလူ၏စကားမဆုံးမီမှာပင် ကျန်းပျန့်ဟုန်၏မျက်နှာမှာ သွေးဆုတ်သလို ဖြူဖပ်ဖြူရော်ဖြစ်သွားလေတော့သည်။ သူက ထိုင်ရာမှ ဆတ်ခနဲထရပ်လိုက်ပြီး ပြူးတူးပျာတာ ပြောလေသည်။

"သွား…အမြန်ဆုံးဆင်းပြီး သူတို့နှစ်ယောက်ကို အပေါ်တက်မလာနိုင်အောင် ဖြစ်တဲ့နည်းနဲ့တားထားစမ်း"

သို့သော် ထိုအချိန်တွင် ဟွာဟူချွန်နှင့်ရဲ့နန်းထင်တို့နှစ်ယောက် ဆိုင်အပေါ်ထပ်သို့ ရောက်ရှိလာကြလေသည်။ ဟွာဟူချွန်သည် ကျန်းပျန့်ဟုန်ကို လှမ်းမြင်သွား၏။ ကျန်းပျန့်ဟုန်ဘာမျှမတတ်နိုင်တော့ပေ။

ဟွာဟူချွန်မျက်နှာက ပြုံးနေသည်။ ကျန်းပျန့်ဟုန်ရှိရာစားပွဲသို့ လျှောက်လာသည်။ သူသည် ဘာကိုမျှ အမှတ်ထားပုံမရချေ။

သို့သော် ကျန်းပျန့်ဟုန် မလုံချေ။



ကျန်းပျန့်ဟုန်မှာ စားပွဲပေါ် လက်နှစ်ဖက်ထောက်ထားရင်း ရပ်နေသည်။ သူသည် ထိတ်လန့်လွန်းသဖြင့် ဒူးတွေတုန်ယင်နေသည်။ လက်သာထောက်မထားပါက သူရပ်နိုင်ချင်မှ ရပ်နိုင်ပေမည်။

ဟွာဟူချွန်က ရယ်မောနှုတ်ဆက်လိုက်လေသည်။

"အစ်ကိုကြီးကျန်းလဲ ဒီဆိုင်ကိုရောက်နေတာကိုး"

"ဟုတ်…ဟုတ်တယ်ညီလေး"

ကျန်းပျန့်ဟုန်မှာ ကြိုးစားပမ်းစားပြောလိုက်၏။ သူ့အသံကိုပင် သူ မမှတ်မိတော့ချေ။ စကားသံက ခြောက်ကပ်လှသည်။

သူ့မျက်လုံးများက ရဲ့နန်းထင်၏မျက်နှာမှ မခွါပေ။ ရဲ့နန်းထင်ကို ကျန်းပျန့်ဟုန် အဘယ့်ကြောင့် ဤမျှကြောက်ရွံ့နေရသနည်း။

ရဲ့နန်းထင်သည် ကျန်းပျန့်ဟုန်ကို တစ်ချက်မျှသာကြည့်သည်။ သေးလေးနက်နက် မကြည့်ပေ။ ဟွာဟူချွန်၏ သာမန်မိတ်ဆွေ တစ်ယောက်ဟုထင်ပုံရသည်။

ဟွာဟူချွန်သည် ဤမျှလူမှုရေးနားမလည်သူ မဟုတ်ပါ။ မဟူကုန်းတော်က သူ့အား လိမ္မာရေးခြားရှိအောင် သင်ကြားပေးထားခဲ့ပြီးပါပြီ။ ထို့ကြောင့်…

"ဆရာကြီး သူ့ကို သာမညလူလို့ ထင်နေသလား၊ သူလည်း သိုင်းလောကမှာ နာမည်ကျော်ပါပဲ၊ သူဟာ ကျန်းပျန့်ဟုန်ပါခင်ဗျာ"

ရဲ့နန်းထင် အံ့သြသွားလေသည်။

"ခင်ဗျားဟာ သိုင်းလောကမှာ အခုတလော ကျော်ကြားနေတဲ့ ကျန်းနန်သိုင်းသမားကြီး ကျန်းပျန့်ဟုန်ဆိုတာလား"

ကျန်းပျန့်ဟုန်မှာ ပြုံးပြရသည်။ သူ့အပြုံးမှာ မဲ့မဲ့ကြီးဖြစ်နေသည်ဟု သူ့ဖာသာသူ သိနေသည်။

"နာမည်မကြီးလှပါဘူးခင်ဗျာ၊ နောင်ကြီးလောက် နာမည်ကျော်ဖို့ဆိုတာ နောက်ဆယ်နှစ် ဆယ့်ငါးနှစ်လောက် လှုပ်ရှားရဦးမယ်"

ရဲနန်းထင်က ရယ်မောလိုက်ပြီး…

"သြော် ခင်ဗျားက ကျုပ်ဘယ်သူ ဘယ်ဝါဆိုတာတောင်သိနေတာကိုး၊ ကဲ…ကျုပ်တို့တစ်စားပွဲတည်းထိုင်ပြီး စားကြသောက်ကြပြောကြဆိုကြတာပေါ့"

ရဲနန်းထင်က ခုံတစ်လုံးကိုဆွဲယူပြီး ထိုင်ချလိုက်သည်။ ဟွာဟူချွန်လည်း ထိုင်လိုက်သည်။ ကျန်းပျန့်ဟုန်မှာ မထိုင်ပေ။ ဤအတိုင်းသာရပ်နေမိသည်။

စားပွဲပေါ်မှ အရက်ခွက်၊ အရက်ကရား၊ ခွက်ယောက်ပန်းကန်အားလုံးတလှုပ်လှုပ်ဖြစ်နေသည်။ အဘယ့်ကြောင့်နည်း။ အမှန်တော့ ကျန်းပျန့်ဟုန်တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေသောကြောင့် ဖြစ်သည်။ ဟွာဟူချွန်က ကျန်းပျန့်ဟုန်ကို နားမလည်နိုင်သလိုမော့ကြည့်သည်။

"အစ်ကိုကျန်း ဘာကြောင့်မထိုင်တာလဲ၊ ထိုင်ပါ"

ကျန်းပျန့်ဟုန်လည်း တောင့်တောင့်ကြီးထိုင်လိုက်မိသည်။ သူသည် ကြိုးစားပမ်းစားပြုံးထားရသည်။ ရဲနန်းထင်က…

"ကျုပ်သိုင်းလောကစဝဲက ရှောင်ခွါနေခဲ့တာ အတော်ကလေးတောင်ကြာပါပြီ၊ အခု သိုင်းလောကထဲပြန်ဝင်လာတော့ ခင်ဗျားရဲ့ ကျော်ကြားတဲ့သတင်းကို ကြားရတာပဲ၊ ခုလို မမျှော်လင့်ဘဲတွေ့ရတာ သိပ်ကောင်းတယ်၊ သိုင်းလောကမှာ သူတော်စင်သိုင်းသမားတွေ ရှိနေတာကြာပါပြီ"



ကျန်းပျန့်ဟုန်က ကမန်းကတန်းထရပ်ကာ အရက်သုံးခွက်ငှဲ့လေသည်။ အနိုင်နိုင်ပြုံးရယ်ကာ ပြော၏။

"ကျွန်တော်ပဲ နောင်ကြီးရဲ့ကို ဒကာခံပါရစေခင်ဗျာ"

အရက်သုံးခွက်ငှဲ့ထည့်ပြီးနောက် ပြန်ထိုင်သည်။ ကျန်းပျန့်ဟုန်စဉ်းစားသည်။

"ကျန်းရှောင်ယီက ငါ့အကြောင်း ရဲနန်းထင်ကို ဘာမှပြောမပြသေးဘူးထင်ပါရဲ့၊ ဒါပေမယ့် ရဲနန်းထင် ငါ့ကို ဘာကြောင့် မမှတ်မိတာလဲ၊ သူ ငါ့ကိုမမှတ်မိတာ တကယ်ဟုတ်ရဲ့လား၊ ငါ့ကိုမမှတ်မိချင်ဟန်ဆောင်နေတာများလား၊ ဒီအနှစ် နှစ်ဆယ်အတွင်းမှာ အသင့်အတင့် ရုပ်ရည်ပြောင်းတာတော့မှန်ပါတယ်၊ ဒါပေမယ့် သူ့လိုလူမျိုးက မမှတ်မိဘူးဆိုတာတော့ ယုံဖို့အင်မတန်ခက်တာပဲ"

"အစ်ကိုကြီး အရက်သောက်ဦးလေ၊ ကျုပ်တို့တောင် တစ်ယောက်တစ်ခွက်စီ သောက်ပြီးပြီ"

ဟွာဟူချွန်က ကျန်းပျန့်ဟုန်မျက်နှာကို စူးစူးကြည့်ပြီးပြောလိုက်ရာ ကျန်းပျန့်ဟုန်မှာ ကပျာကယာ အရက်ခွက်ကိုကောက်ကိုင်ပြီး မော့ချလိုက်ရသည်။ အလျှင်အမြန် မော့ချလိုက်သဖြင့် အရက်ပင်သီးသွားသည်။ ကျန်းပျန့်ဟုန် လွန်စွာမှုပျက်နေရှာပေသည်။ သူသည်နောက်ထပ်အရက်လေးခွက်မျှထပ်သောက်လိုက်သည်။ ထိုအခါကျမှ အတော်ဟန်သွားသည်။

"ကျွန်တော်လည်း အစ်ကိုကြီးရဲ့သတင်းကို သိုင်းလောကမှာကြားနေရတာ ကြာပါပြီ၊ နောင်ကြီးနဲ့ မိတ်ဖွဲ့သီချင်းချင်နေတာ၊ မမျှော်လင့်ဘဲ ဒီနေ့ဒီအချိန်မှာ အစ်ကိုကြီးနဲ့ဆိုက်ဆိုက်မြိုက်မြိုက်လာတွေ့ရတယ်၊ ကျွန်တော်ဝမ်းသာလို့ မဆုံးအောင်ဖြစ်ခဲ့ရပါတယ်ခင်ဗျာ"

ကျန်းပျန့်ဟုန်၏လေသံမှာ လွန်စွာ ရိုကျိုးညွတ်ပျောင်းနေ လှပေသည်။

ရှဲနန်းထင်ကလည်း ရယ်မောကာ ပြန်ပြောသည်။

"ဟုတ်တယ်၊ ကျုပ်နဲ့ခင်ဗျား ဒီနေ့ပထမဦးဆုံးတွေ့ဆုံတဲ့ပွဲပဲ၊ မူးအောင်သောက်ကြစို့"

ကျန်းပျန့်ဟုန်စိတ်ထဲ ဝမ်းသာပျော်ရွှင်သွားသည်။ ရှဲနန်းထင်သည် သူနှင့်တွေ့သည်ကို ပထမဦးဆုံးအကြိမ်ဖြစ်သည်ဟု ပြောနေလေပြီ။ ရှဲနန်းထင် သူ့ကို မမှတ်မိတာသေချာပြီ။ သူ့အသက်ဘေးသည် မမျှော်လင့်ဘဲ ကင်းလွတ်ခဲ့ရချေပြီ။

ထို့ကြောင့် ကျန်းပျန့်ဟုန်က အားရပါးရ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် မူးအောင်ကိုသောက်ကြမယ်၊ ပျော်ပျော်ပါးပါးကိုသောက်ကြမယ်၊ စကားပြောကြမယ်"

ကျန်းပျန့်ဟုန်က စားပွဲထိုးတစ်ယောက်ကိုလှမ်းခေါ်ပြီး အရက်နှစ်အိုးမှာကြားလိုက်သည်။

"အရက်နှစ်အိုးယူခဲ့ဟေ့၊ ဝါးရွက်စိမ်းအရက်နော်၊ နောက်ပြီး ဟင်းလေးပွဲ ထပ်စီစဉ်ပေးဦး၊ အကောင်းတကာ့ အကောင်းဆုံးဖြစ်ပါစေ"

ဘေးအန္တရာယ်မှ ခေတ္တလွတ်မြောက်ခဲ့လေပြီဟူသော အသိအတွေးကြောင့် သူ့အော်ဟစ်မှာကြားသံသည် လွန်စွာတက်ကြွနေလေသတည်း။

❧ ❧ ❧



အခန်း(၁၁၆)

## လျှို့ဝှက်ထားသောပဟေဠိ

ကြေးမျက်နှာသိုင်းသမားကြီးနှင့် ရှောင်ယီတို့သည် တ... ဂေဟာမှ အတူထွက်လာခဲ့ကြလေပြီ။ ဈေးလမ်းမ၌ လူသူရှင်းလင်းနေပြီ။ ရှင်းပေမပေါ့။ အချိန်အတော်လင့်နေပြီကိုး။

ရှောင်ယီသည် လက်ကိုနောက်ပစ်ပြီးလျှောက်နေသည်။ သူ့အသွင်က အေးအေးဆေးဆေးရှိနေသည်။ ဈေးလမ်းပေါ်တွင် အညောင်းပြေလမ်းလျှောက်နေသလိုရှိ၏။ သူ့ကို ကြေးမျက်နှာသိုင်းသမားက အပေါ်ပိုင်းသွေးကြောများကိုလည်း ပြန်ဖွင့်ပေးလိုက်ပြီးလေပြီ။

သူက ပျော်ရွှင်နေဟန်ဖြင့် ပြုံးရယ်ကာပြောသည်။

"ခင်ဗျားမှာ ငွေလုံလုံလောက်လောက်ပါရင်တော့ ဆိုင်တွေပိတ်နေလဲ ကိစ္စမရှိဘူး၊ ငွေပြပြီး ဝင်စားလို့သောက်လို့ရပါတယ်၊ ငွေဆိုတာ အင်မတန်တန်ခိုးကြီးပါတယ်၊ ငွေပေးရင် တစ္ဆေသရဲတွေကိုတောင် မှန်ဆုံကြိတ်ခိုင်းလို့ရပါတယ်"

ကြေးမျက်နှာသိုင်းသမား ဒေါသထွက်နေသည်ကား အမှန်ပင်။ သို့သော် မျက်နှာဖုံးစွပ်ထားသဖြင့် ဒေါသဖြစ်နေကြောင်း မြင်ခွင့်မရပေ။

"ဒီလိုဆိုရင် မင်း ဟိုဆိုင်တံခါး ဖွင့်ခိုင်းစမ်း"

ရောင်ယီက ထိုဆိုင်မှဆိုင်းဘုတ်ကို မော့ဖတ်လိုက်သည်။ ထို့နောက် ခေါင်းကိုခါယမ်းလိုက်သည်။

"စန်းဟိုစားသောက်ဆိုင်တဲ့၊ မဖြစ်ဘူး…မဖြစ်ဘူး၊ ကျွန်တော် ဝင်မစားချင်ဘူး၊ ဟိုဘက်နား ထပ်လျှောက်ကြည့်ရအောင်"

"ဘာလို့ ဒီဆိုင် မစားချင်ရတာလဲ"

"ဒီဆိုင်ရဲ့ဆိုင်းဘုတ်ကို ဖတ်ကြည့်ရတာ ပေဖိန်နယ်သားတွေ ဖွင့်ထားတာ ဖြစ်ပုံရတယ်ဗျ"

"ပေဖိန်နယ်သားတွေဖွင့်ထားရော ဘာဖြစ်လဲ၊ မင်းကို အဆိပ် ခတ်မှာစိုးလို့လား"

ကြေးမျက်နှာသိုင်းသမားက ရောင်ယီကိုမျက်စောင်းထိုးကြည့် ပြီးပြောလိုက်သည်။ ရောင်ယီက…

"ပေဖိန်နယ်သားတွေချက်တဲ့ဟင်းက သိပ်ငန်တယ်ဗျ၊ ကျွန် တော် မစားနိုင်ဘူး"

ကြေးမျက်နှာသိုင်းသမားသည် ရောင်ယီနောက်သို့ လိုက်ရပြန် သည်။ သူတို့နှစ်ယောက် ဆက်လျှောက်သွားလေသည်။ သို့ဖြင့် ဆိုင် တစ်ဆိုင်ရှေ့တွင် ရောင်ယီရပ်တန့်လိုက်သည်။

ထိုဆိုင်၏ဆိုင်းဘုတ်ကို ဖတ်သည်။

"ယန်းကျိုကျန်းစားသောက်ဆိုင်၊ ဒီဆိုင်ပဲ၊ ဒီဆိုင်မှာကျွန်တော် စားမယ်"

ထိုအချိန်၌ ယန်းကျိုကျန်းစားသောက်ဆိုင်အပေါ်ထပ်မှာ စား သောက်နေသူများ မရှိကြတော့ပေ။ ဆိုင်အလုပ်သမားများက ဆိုင်ထဲ တွင် တံမြက်စည်းလှဲသူ လှဲ၊ ခုံသိမ်းသူက သိမ်း၊ ပန်းကန်ဆေးသူက ဆေးလုပ်နေကြလေသည်။



ဆိုင်အလုပ်သမားနှစ်ယောက်မှာ ဆိုင်တံခါးပိတ်ရန် ထွက်လာ ကြသည်။ ရောင်ယီနှင့် ကြေးမျက်နှာသိုင်းသမားတို့ ဆိုင်ထဲဝင်သွား ကြသည်။

ဆိုင်အလုပ်သမားများ ထိတ်လန့်ကြောက်ရွံ့သွားကြလေသည်။ ကြောက်စရာကောင်းသည့် မျက်နှာဖုံးစွပ်ထားသော လူတစ်ယောက်ကို တွေ့မြင်ရသည်မှာ ဖြစ်ရိုးဖြစ်စဉ်ကိစ္စတစ်ခုမဟုတ်ပေ။

ရောင်ယီက အလုပ်သမားတစ်ယောက်ကို ပြောသည်။

"ခင်ဗျားတို့ ဘာမှမကြောက်ကြနဲ့၊ ဟောဒီ ပုဂ္ဂိုလ်ကြီးဟာ မျက်နှာမှာကြေးမျက်နှာဖုံးစွပ်ထားပေမယ့် အိတ်ထဲမှာတော့ ရွှေတုံးငွေ တုံးတွေပါပါတယ်။ ကဲ…ကျုပ်တို့ကို စားဖို့သောက်ဖို့ စီစဉ်ပေးပါ"

ထိုအလုပ်သမားက အထစ်ထစ်ငေါ့ငေါ့ဖြင့်…

"ကျွန်တော်တို့ ဆိုင်ပိတ်ပါပြီခင်ဗျာ၊ ဘာမှ စီစဉ်ပေးလို့မရ"

ထိုအလုပ်သမားသည် စကားဆုံးအောင်ပင် မပြောနိုင်ပါ။ ပါးစပ်ကြီးဟလျက် မျက်လုံးကြီးပြူးကျယ်သွားသည်။ ကြေးမျက်နှာ သိုင်းသမားက အလုပ်သမားများကို အေးစက်စက်ပြောလိုက်သည်။

"မင်းတို့ ဆိုင်ပိတ်ပိတ်၊ မပိတ်ပိတ် သူစားချင်တဲ့ အစားအ သောက် အမြန်ဆုံးစီစဉ်ပေးရမယ်၊ ရော့ ငွေယူထားကြ၊ မင်းတို့ ငြင်းရဲ ငြင်းကြည့် အားလုံးမသာဖြစ်ကုန်မယ်"

ဆိုင်အလုပ်သမားသည် ရောင်ယီနှင့် မျက်နှာဖုံးစွပ်ထားသော လူထူးလူဆန်းအတွက် ထိုင်ခုံများပြန်ခင်းပေးကြရသည်။

"ထိုင်…ထိုင်ကြပါခင်ဗျာ"

ရောင်ယီက သူစားလိုသည့်ဟင်းများကို မှာသည်။ ဟင်းငါး မျိုးတိတိမှာသည်။

မကြာမီ ဟင်းများရောက်လာသည်။ ထိုအချိန်တွင် ရောင်ယီသည် အရက်သုံးခွက်ကိုသောက်ပြီးလေပြီ။ ကြေးမျက်နှာသိုင်းသမားသည် သူ့အတွက်ချပေးထားသော ထိုင်ခုံတွင် မထိုင်ပါ။ မတ်တပ်ရပ်ရင်း ဝင်းလက်သောမျက်လုံးများဖြင့် ရောင်ယီအား မမှိတ်မသုန်ကြည့်နေသည်။ ရောင်ယီက ကြေးမျက်နှာသိုင်းသမားကို မော်ကြည့်ပြီးပြောလိုက်သည်။

"ခင်ဗျား ဘာ့ကြောင့်မထိုင်တာလဲ၊ ခင်ဗျား အဲဒီလိုလုပ်နေရင် ကျွန်တော် ဘယ်လိုစားလို့ဝင်မှာလဲ"

သူက အရက်ခွက်ကိုမြှောက်လိုက်ပြီး ဆက်ပြောသည်။

"ဒီဆိုင်ကဟင်းတွေ စားလို့ကောင်းပါတယ်ဗျ၊ လာထိုင်ပါ လာစားပါ၊ နှစ်ယောက်လာတယ်၊ တစ်ယောက်က မစားဘူးဆိုရင် ဘယ်ကောင်းမှာလဲဗျာ"

ကြေးမျက်နှာသိုင်းသမားသည် ရောင်ယီ၏စကားကို ဂရုမစိုက်ချေ။ ရပ်မြဲရပ်နေသည်။ ရောင်ယီ ဟင်းတစ်ဖတ်ကို တူဖြင့်ညှပ်ပြီး ဝါးစားလိုက်သည်။ ကြေးမျက်နှာသိုင်းသမားကိုကြည့်ပြီး ပြောသည်။

"ပါးစပ်က ခင်ဗျားဆီမှာပဲ ရှိတာ၊ ခင်ဗျား မစားဘူးဆိုရင် ကျွန်တော်လဲ ဘာမှမတတ်နိုင်ဘူး၊ ကျွန်တော်တော့ ဆာလှပြီ၊ စားပြီဗျာ"

ကြေးမျက်နှာသိုင်းသမားသည် ရောင်ယီက မထိတထိနောက်ပြောင်နေသဖြင့် ဒေါသဖြစ်ပြီး စားပွဲခုံကို လက်ဝါးဖြင့်ရိုက်ချလိုက်သည်။ စားပွဲထိုးများ လန့်ဖျပ်သွားလေသည်။

စားပွဲခုံမှာလည်း ဝုန်းခနဲ ကျိုးကျေပျက်စီးသွားသည်။ ကြေးမျက်နှာသိုင်းသမားသည် ရောင်ယီအားဒေါသဖြစ်ပြီး စားပွဲခုံကို မရိုက်ချလိုက်ခြင်းဖြစ်သည်။ သူ့ဒေါသက စားပွဲခုံပေါ် ကျရောက်သွားခြင်း



ဖြစ်သည်။ ရောင်ယီကမူ သူ့ဟင်းပန်းကန်များ ကျမကွဲအောင် လျှင်မြန်စွာ ထပ်ယူသိမ်းဆည်းလိုက်သည်။

"ဟေ့ စားပွဲတစ်လုံး ထပ်ခင်းပေးစမ်း"

ရောင်ယီက အမိန့်ပေးလိုက်သဖြင့် အလုပ်သမားများသည် စားပွဲတစ်လုံး အလျှင်အမြန်ခင်းပေးပြီး ရောင်ယီ မနိုင်မနင်းကိုင်ထားသော ဟင်းပန်းကန်အထပ်များကို စားပွဲပေါ်တင်ပေးကြသည်။ အရက်အိုးအသစ်တစ်လုံးကိုလည်း ထပ်ယူပေးကြသည်။

ရောင်ယီက ရယ်မောပြီးပြောသည်။

"စားပွဲခုံက ခင်ဗျားကို ဘာမှလုပ်တာမဟုတ်ပါဘူး၊ ခင်ဗျား ကျွန်တော့်ကို စိတ်ဆိုးနေတယ်မဟုတ်လား၊ ကျွန်တော့်အတွက် ခင်ဗျား ဘာဖြစ်လို့ ဒီလောက်စိတ်ဆင်းရဲခံနေရတာလဲ၊ ကျွန်တော့်ကို မြန်မြန်လွှတ်လိုက်ပေါ့၊ ဒါဆိုရင် ခင်ဗျား အေးအေးချမ်းချမ်းနေနိုင်ပြီ"

ကြေးမျက်နှာသိုင်းသမားက ဒေါသသံဖြင့်···

"မင်းကို သုံးလမပြည့်မချင်း မလွှတ်ဘူးကွ၊ သိရဲ့လား"

ရောင်ရီ အရက်တစ်ခွက်သောက်လိုက်သည်။ ကြေးမျက်နှာသိုင်းသမား၏စကားကို ရောင်ယီ လုံးဝဂရုမစိုက်ပါ။

"ဒါက ခင်ဗျားအတွက်ပြောတာပါ၊ ကျွန်တော်ကတော့ ဘယ်သွားချင်ပါ့မလဲ၊ အိပ်ရင် အနားမှာအိပ်ဖန်စောင့်ရှိတယ်၊ စားသောက်ရင် ငွေထုတ်မယ့်လူ အဆင်သင့်၊ ကဲ···ဘယ်လောက်အဆင်ပြေသလဲ"

ကြေးမျက်နှာသိုင်းသမားကြီးက အံကြိတ်သံဖြင့် ပြောနေ၏။

"မင်းကို ငါဒီလိုကျွေးမွေးစောင့်ရှောက်တာတွေဟာ သုံးလအတွင်း မင်းကောင်းကောင်းမွန်မွန်အသတ်ခံနိုင်ဖို့ကွ၊ မင်းကို မတွေ့ရလို့တော့မထင်နဲ့ သိရဲ့လား"

ရောင်ယီက တူကိုစားပွဲပေါ် ချလိုက်သည်။

"ကျွန်တော် ခင်ဗျားကိုမေးပါရစေ၊ ကျွန်တော်နဲ့ခင်ဗျား သိကျွမ်းတာလဲ မဟုတ်ဘူး၊ ရန်ငြိုးရန်စလဲ ရှိခဲ့တာမဟုတ်ဘူး၊ ခင်ဗျားဘာကြောင့် ကျွန်တော့်ကိုမုန်းတီးနေရတာလဲ၊ ခင်ဗျားကျွန်တော့်ကို သေစေချင် ခင်ဗျားကိုယ်တိုင်သတ်လဲ ရပါတယ်၊ ဘာဖြစ်လို့ မသတ်ရတာလဲ"

ကြေးမျက်နှာသိုင်းသမားက အေးစက်စက်ရယ်လိုက်သည်။

"လျှို့ဝှက်ထားတဲ့ပဟေဠိကို မင်းဘယ်တော့မှ အဖြေသိမှာမဟုတ်ဘူး"

"ဘယ်တော့မှမသိနိုင်ဘူး ဟုတ်လား"

"ဟုတ်တယ်၊ မင်းသေသွားပြီးတဲ့အထိ မသိနိုင်ဘူး"

ရောင်ယီ ငိုင်သွားသည်။ မှန်သည်။ အကြောင်းတစ်ခုတော့ ရှိရလိမ့်မည်။ ရောင်ယီသည် နဂိုဟန်အတိုင်းပြုံးလိုက်သည်။

"ဒီနေ့ စားစရာသောက်စရာရှိရင် ဒီနေ့အဝစားရမယ်လို့ စာဆိုရှိပါတယ်၊ နောက်တစ်နေ့ဆိုရင် ကိုယ် ဘာဖြစ်မလဲဆိုတာ မသိနိုင်ဘူး၊ ကျွန်တော်တော့ စားနိုင်သလောက်စားပြီ"

ရောင်ယီသည် တူကိုပြန်ကောက်ကိုင်လိုက်ပြီးလျှင် ဟင်းတွေကို အားရပါးရစားလေတော့သတည်း။

❀❀❀



အခန်း(၁၁၃)

## အမှုးသောက်ပွဲ လမ်းလျှောက်ပွဲ

ဟွာဟုချွန်၊ ရဲနန်းထင်နှင့်ကျန်းပျန့်ဟုန်တို့ သုံးယောက်စလုံး အရက်သောက်လွန်နေသဖြင့် အတော်ကလေးမူးနေကြပြီ။ သူတို့သည် ကြေးမျက်နှာသိုင်းသမား ရောင်ယီတို့နှစ်ယောက်နှင့်တွေ့လွဲကလေးလွဲသွားသည်။ သူတို့ဆိုင်ထဲမှထွက်ပြီး ရောင်ယီတို့ ရောက်လာခြင်းဖြစ်သည်။ သူတို့သုံးယောက်သည် လူသူကင်းရှင်းနေသည့် လမ်းမပေါ်၌ ရင်ဘောင်တန်း လမ်းလျှောက်နေကြလေသည်။

ကျန်းပျန့်ဟုန် တစ်သက်နှင့်တစ်ကိုယ်တွင် ဤနေ့လောက်အရက်ကိုမူးအောင် မသောက်ခဲ့ဘူးချေ။

လူတစ်ယောက်တွင် လျှို့ဝှက်အပ်သော အကြောင်းအရာများရှိနေပါက အရက်ကို မူးအောင်မသောက်သင့်ပေ။ လျှို့ဝှက်ချက်များလေလေ အရက်နှင့်ကင်းကင်းနေသင့်လေလေပင်။

သို့သော် ရဲနန်းထင်က သူ့ကို ထပ်တလဲလဲ သောက်စေသဖြင့် သူမှာ သောက်ခဲ့ရသည်။ မသောက်၍မဖြစ်ပေ။ ရဲနန်းထင် သံသယဝင်လျှင် သူ့ဘဝသည် ဤနေရာ၌ပင် ဇာတ်သိမ်းသွားပေတော့မည်။

ရဲနန်းထင်သည် သီချင်းပင် ဆိုနေဂိုက်သေး၏။ သိုင်းလောကၡ် ပြိုင်ဘက်ကင်းဓားသမားကြီးသည် စိတ်လွတ်ကိုယ်လွတ်ပျော်

မြူးနေလေပြီ။ ဟွာဟူချွန်နှင့်ကျန်းပျန့်ဟုန်က ရယ်မောကြသည်။ သို့ဖြင့် သူတို့သည် လူနေအိမ်ခြေနှင့်ဝေးသည်ထက်ဝေးလာကြသည်။

ရုတ်တရက် ရဲနန်းထင် သီချင်းဆိုရပ်သွားသည်။ သူသည် ကျန်းပျန့်ဟုန်၏လက်ကိုဆွဲပြီး တစ်စုံတစ်ခု သတိရဟန်ဖြင့်မေးသည်။

"ခင်ဗျား ကျန်းအမျိုးအနွယ်ပဲလား"

ကျန်းပျန့်ဟုန် ရင်ထိတ်သွားသည်။ သို့သော် ဣန္ဒြေဆည်လိုက်နိုင်သည်။

"ကျွန်တော် ကျန်းအမျိုးအနွယ်ပါ၊ နောင်ကြီးရဲ့ မေ့နေပြီလား ကျွန်တော့်နာမည် ကျန်းပျန့်ဟုန်ပါ"

ရဲနန်းထင်က သက်ပြင်းတစ်ချက်ချလိုက်ပြီ...

"ဘယ်လိုကြောင့်လဲ မသိဘူး သိုင်းလောကမှာ အကောင်းဆုံး လူတစ်ယောက်နဲ့ အဆိုးဆုံးလူတစ်ယောက်တို့ဟာ ကျန်းအမျိုးအနွယ် ချင်းတူနေတယ်၊ ခင်ဗျားကတော့ နာမည်သတင်း အတော်မွေးတယ်၊ ဟိုကောင်ကတော့ သစ္စာဖောက်"

ကျန်းပျန့်ဟုန် မျက်လုံးပြူးသွားသည်။

"နောင်ကြီးရဲ့၊ ဘယ်လိုအဓိပ္ပါယ်နဲ့ ပြောလိုက်တာလဲခင်ဗျာ"

ရဲနန်းထင်က သက်ပြင်းချလိုက်သည်။

"ကျုပ်မှာ ကျန်းအမျိုးအနွယ် သွေးသောက်ညီအစ်ကို တော်သူ တစ်ယောက်ရှိပါတယ်၊ စိတ်ထား သိပ်ကိုမွန်မြတ်တယ်၊ နောက်တစ် ယောက်ကတော့ ကျန်းအမျိုးအနွယ်ပဲ၊ နာမည်ကကျန်းချင်လို့ခေါ်တယ်"

ရဲနန်းထင်က ကျန်းချင်ဟု ပြောလိုက်သဖြင့် ကျန်းပျန့်ဟုန် တစ်ကိုယ်လုံး တုန်လှုပ်သွားသည်။ ရဲနန်းထင်သည် ကျန်းပျန့်ဟုန်ကို မကြည့်၊ အမှောင်ထဲသို့ ငေးကြည့်ပြီး ပြောနေသဖြင့် ကျန်းပျန့်ဟုန်



တုန်လှုပ်သွားခြင်းကို သတိမပြုမိလိုက်ချေ။

"ကျုပ်ညီဟာ အဲဒီကျန်းချင်ကို ညီအစ်ကိုလို ယုံကြည်တယ်၊ ဒါပေမယ့် အဲဒီကောင်ဟာ ငွေကိုပဲအလေးထားပြီးတော့ လူဆိုးဓားပြ တွေနဲ့ပေါင်းပြီး ကျုပ်ညီကို သေကြောင်းကြံစည်တယ်၊ တကယ်တော့ ဒီကောင်ဟာ ကျုပ်သွေးသောက်ညီရဲ့တပည့်ပါ"

ကျန်းပျန့်ဟုန်၏နဖူးဝ၌ ဆီးကင်းခန့် ချွေးသီးချွေးပေါက်များ ထွက်လာ၏။ သူ အမူးပြေသွားပါပြီ။ သူသောက်ထားသည့် အရက် များသည် အံ့သြဖွယ်ကောင်းလောက်အောင် ပျောက်သွားပါပြီ။

"အဲဒီ ကျန်းချင်ဆိုတာ တယ်ဆိုးပါလား"

သူက ခြောက်ကပ်စွာပြောလိုက်၏။ ရဲနန်းထင် လက်သီး နှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး...

"အဲဒီကောင် ကျန်းချင်ကို ကျုပ်သတ်ဖို့ လိုက်ရှာခဲ့ပါတယ်၊ ဒုစရိုက်ရွာထိအောင် ရောက်သွားတယ်၊ ဒါပေမယ့် သူ့ကိုရှာမတွေ့ခဲ့ ဘူး၊ သူ့ကို ကျုပ်ရှာလို့တွေ့ခဲ့ရင်တော့ အရှင်လတ်လတ် သူ့ကိုယ်ထဲ က အသည်းနှလုံးတွေကိုဖောက်ထုတ်ပြီး နုတ်နုတ်စဉ်းပစ်မလို့ဘဲ"

ရဲနန်းထင်း အံကြိတ်မြည်အောင် ကြိတ်နေ၏။ ညအမှောင်ထဲ ၌ အံကြိတ်သံသည် ကြားရသူများကိုထိတ်လန့်စေပေသည်။

ကျန်းပျန့်ဟုန်သည် ကြက်သီးမွေးညင်းထသွား၏။ ထိုစဉ် လူရိပ်သုံးရိပ် မလှမ်းမကမ်းမှဖြတ်ပြေးသွားပြီး အထက်တန်းစားခြံဝင်း တစ်ခုတည်းသို့ ခုန်ကျော်ဝင်ရောက်သွား၏။

ဟွာဟူချွန် လှမ်းမြင်လိုက်သည်။

"ညဥ့်နက်သန်းခေါင်အချိန် ဒီလူတွေ လှုပ်ရှားပုံ မဟုတ်သေး ဘူးဆရာကြီး၊ ကျွန်တော်သွားကြည့်လိုက်ဦးမယ်"

ရဲနန်းထင်က ဒေါသထွက်နေသူဖြစ်ပြီး ဒေါသကို ဖြေဖျောက်လိုနေသူဖြစ်၍…

"ငါသွားမယ်၊ ငါသွားကြည့်လိုက်မယ်၊ မင်းတို့စောင့်နေကြ"

ရဲနန်းထင် ပြေးထွက်သွားသည်။ ဝင်းနံရံပေါ် ခုန်တက်လိုက်ပြီး ခြံထဲသို့လှမ်းအော်လိုက်သည်။

"ငါဟာ မြိုင်ဘက်ကင်းစားသမားရဲ့နန်းထင်ပဲ၊ မင်းတို့သုံးယောက် ပြန်ထွက်ခဲ့ကြစမ်း"

အုံသြစရာကောင်းလှသည်။ အမှောင်ထဲမှ လူသုံးယောက် ကုတ်ကုတ် ကုတ်ကုတ်ဖြင့် ပြန်ထွက်လာကြသည်။

ထိုလူသုံးယောက်မှာ ရဲနန်းထင်ဟူသောအမည်ကို ကြားလိုက်ရသည်နှင့် အလွန်အမင်း ကြောက်လန့်သွားကြဟန်တူသည်။

သူတို့အားလုံး ရဲနန်းထင်ရှေ့ဝယ် ငြိမ်ငြိမ်သက်သက် ရပ်နေကြသည်။ ဆရာရှေ့တွင် ထိတ်လန့်ရှိသေစွာ လာရပ်ကြသော ကျောင်းသားတပည့်များနှင့်တူနေပေသည်။ ရဲနန်းထင်က…

"သည်မြို့မှာ ငါတစ်ယောက်လုံး ရှိနေတယ်ဆိုတာ မင်းတို့မသိကြဘူးလား၊ ငါရှိနေတဲ့မြို့မှာ မကောင်းမှုဒုစရိုက်အလုပ်မျိုး မလုပ်ရဘူးဆိုတာ မင်းတို့ မသိကြဘူးလား"

ရဲနန်းထင် ဝင်းနံရံပေါ်၌ မားမားမတ်မတ်ရပ်နေသည်။ လေတိုက်သဖြင့် သူ့အင်္ကျီစများက တဖျပ်ဖျပ်လှုပ်ရှားနေသည်။

သုံးယောက်စလုံး ငြိမ်သက်နေကြသည်။ ခေါင်းများ ငုံ့နေကြသည်။ တစ်ယောက်က တုန်တုန်ယင်ယင်ပြောသည်။

"ကျွန်တော်တို့ ဆရာကြီး သိုင်းလောကမှာပြန်လည်ထွက်ပေါ်လှုပ်ရှားတာကို မသိကြပါဘူးခင်ဗျာ၊ ကျွန်တော်တို့ကို ပထမဦးဆုံးအ



ကြိမ်အနေနဲ့ သက်ညှာခွင့်လွှတ်ပါခင်ဗျာ"

"ထားပါတော့၊ သည်မြို့မှာ ကျွန်းနန်သိုင်းသမားကြီးကျွန်းပျံ့ဟုန်ရှိနေတာကော ခင်ဗျားတို့မသိကြဘူးလား"

ထိုလူသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြီး ဘာပြန်ဖြေရမှန်းမသိအောင်ဖြစ်နေကြသည်။ ထိုအချိန်တွင် ကျွန်းပျံ့ဟုန်နှင့်ဖွာဟူချွန်တို့သည် ဝင်းနံရံပေါ်သို့ ခုန်လွှားတက်လာကြသည်။ ထိုသူတွေသည် ကျွန်းပျံ့ဟုန်ကိုတွေ့မြင်ကြသည်။ ကျွန်းပျံ့ဟုန်ကိုမော့ကြည့်ကြပြီး ခေါင်းတွေပြန်ငုံ့သွားကြသည်။

ရဲနန်းထင်က ပြောလေသည်။

"ကဲ…မင်းတို့ ကိုယ့်အိမ်ကိုယ် အေးအေးဆေးဆေး ပြန်ကြတော့၊ ငါ ဒီမြို့မှာရှိနေသမျှကာလပတ်လုံး မဟုတ်မတရား မလုပ်ကြနဲ့၊ သွားကြတော့"

ထိုလူများသည် ရဲနန်းထင်ကို လက်ဖမိုးယုက် ဂါရဝပြုပြီးပြေးထွက်သွားကြလေတော့သည်။ ရဲနန်းထင်၊ ကျွန်းပျံ့ဟုန်၊ ဖွာဟူချွန်တို့ ဝင်းနံရံပေါ်မှ ပြန်ခုန်ဆင်းခဲ့ကြသည်။

ကျွန်းပျံ့ဟုန်မှာ အတော်ပင် စိတ်သက်သာရာရရှိသွား၏။ သူက ဖွာဟူချွန်လက်ကို လှမ်းဆွဲလိုက်ပြီး ခပ်တိုးတိုးပြောသည်။

"ညီလေး နောင်ကြီးရဲ့အတော်လေးမူးနေပြီ၊ ညီလေးနဲ့ကျုပ်သူ့ကိုနှုတ်ဆက်ပြီး ဒီကနေ လှည့်ပြန်ကြရအောင်လား"

ဖွာဟူချွန်က ရယ်မောလိုက်ပြီးပြော၏။

"ကျွန်တော်က ခင်ဗျားကိုနှုတ်ဆက်ပြီး ပြန်ရမှာဗျ"

ကျွန်းပျံ့ဟုန်မှာ အံ့အားသင့်သွားသည်။

"ညီလေးက ရဲနန်းထင်နဲ့အတူ သွားမလို့လား"

"ဟုတ်တယ်၊ သူနဲ့အတူသွားရမယ့် ကိစ္စတစ်ခုရှိနေတယ်"

ကျန်းပျန့်ဟုန်သည် ဟွာဟူချွန်နှင့်ရဲ့နန်းထင် ပေါင်းစည်းနေ ခြင်းအတွက် လွန်စွာစိုးရိမ်စိတ်ဝင်သွားတော့သည်။

သူက ဟွာဟူချွန်ကိုခပ်တိုးတိုး ပြောသည်။ စေတနာထားပြီး နှင့်ပြောခြင်း ဖြစ်၏။

"ညီလေး သူနဲ့ ခုလိုသွားလာလို့ မဖြစ်ဘူးထင်တယ်"

"ဘာကြောင့်လဲခင်ဗျာ"

"ညီလေးရဲ့ဆရာသမား သိသွားရင်..."

"သိပါစေဗျာ၊ ကျွန်တော် ရဲ့နန်းထင်နဲ့ သွားစရာရှိတာ သွား ရမှာပဲ၊ ကျွန်တော့်ဆရာသမားက တစ်ချို့ကိစ္စတွေကို နားလည်သဘော ပေါက်တတ်ပါတယ်"

"ညီလေးနဲ့သူ ဘယ်ကိုသွားကြမလို့လဲ"

"ကျန်းရှောင်ယီကို လိုက်ရှာကြမလို့ပါ"

ကျန်းပျန့်ဟုန် အကြီးအကျယ် ထိတ်လန့်သွားလေသည်။

"ရဲ့နန်းထင် ငါ့ကိုမမှတ်မိဘူး၊ ကျန်းရှောင်ယီနဲ့ ရဲ့နန်းထင် တွေ့သွားရင် ကျန်းရှောင်ယီက ငါ့အကြောင်းတွေ ရဲ့နန်းထင်ကိုပြောပြ မှာ စိုးရတယ်"

သူတို့ သုံးယောက်သည် ကြေးမျက်နှာသိုင်းသမား တည်းခို သည့် တည်းခိုဂေဟာရှေ့သို့ ရောက်ရှိလာကြလေသည်။

ကျန်းပျန့်ဟုန်သည် လှည့်ပြန်မသွားဘဲ ကပ်လိုက်လာသည်။ သူက အကြံတစ်ခုရရှိသွားပြီး ရဲ့နန်းထင်ကိုပြောသည်။

"နောင်ကြီးရဲ့ ဒီတည်းခိုဂေဟာက အချိန်မရွေး အရက်ရောင်း တဲ့ဂေဟာပါ၊ ကျွန်တော်တို့ ဝင်ပြီး အရက်သုံးခွက်စီလောက် သောက်



ကြရအောင်လား"

ရဲ့နန်းထင် ရယ်ရယ်မောမောလက်ခံလေ၏။

"ကောင်းတယ်၊ ကျုပ် အရက်ရှိန်နည်းနည်းပြေသွားပြီ၊ ထပ် သောက်မှ နေလို့ထိုင်လို့ကောင်းတော့မယ်၊ လာဝင်မယ်"

သို့ဖြင့် သူတို့သည် တည်းခိုဂေဟာဝင်းတံခါးကို ရိုက်ပုတ်ကြ လေတော့၏။ ဝင်းတံခါးစောင့်သူ တံခါးဖွင့်ကြည့်သည်။ လာသူများမှာ သူဌေးကြီးတွမ့်ဟော့ဖေ၏ ဧည့်သည်တော်များဖြစ်နေသည်ကို သိသဖြင့် အမြန်ကယာကယာတံခါးဖွင့်ပေးသည်။ သူသည် ကျန်းနန်သိုင်းသမားကြီး ကျန်းပျန့်ဟုန်ကို ကောင်းစွာသိထားသည်မဟုတ်ပါလား။

တည်းခိုဂေဟာ ဧည့်ဆောင်သို့ရောက်သောအခါ ကျန်းပျန့်ဟုန် က အရက်နှင့်ဟင်းလျာများ စီစဉ်ခိုင်းသည်။ အရက်သောက်နေကြစဉ် ကျန်းပျန့်ဟုန်က ခဏဟုဆိုကာအပြင်သို့ ထွက်သွားသည်။

ဟွာဟူချွန်နှင့်ရဲ့နန်းထင် စားပွဲတွင် ကျန်ရစ်ခဲ့ကြလေသည်။

ကျန်းပျန့်ဟုန်က အပြင်တစ်ပါတ်ပါးသွားဟန်ဖြင့်ထွက်လာခြင်း ဖြစ်သည်။ သူသည် ကြေးမျက်နှာသိုင်းသမားရှိနေမည့် အိပ်ခန်းသို့ အမြန်ဆုံး ချဉ်းကပ်လေတော့၏။

ಅಅಅ

အခန်း (၁၁၉)

## အဆုံးတိုင် ယုတ်မာခြင်း

ကျန်းပျန့်ဟုန်သည် ကြေးမျက်နှာသိုင်းသမားကြီးကို သွားရှာခြင်းဖြစ်သည်။ သို့ရာတွင် ကြေးမျက်နှာသိုင်းသမားကြီးမှာ သူ့အခန်းတွင်မရှိဘဲဖြစ်နေသဖြင့် ကျန်းပျန့်ဟုန်မှာ ခဲလေသမျှသဲရေကျ ဖြစ်ရတော့၏။

ကြေးမျက်နှာသိုင်းသမားကြီး၏ အခန်းထဲတွင်ကား မွေးပုံသော ရနံ့ကရှိနေဆဲ။ ကြေးမျက်နှာသိုင်းသမားကြီး မည်သည့်နေရာသို့ ထွက်သွားသည်ကို ကျန်းပျန့်ဟုန် မသိပါ။

ကျန်းပျန့်ဟုန် စိတ်ပျက်လက်ပျက်ဖြင့် ပြန်လာခဲ့သည်။ ရဲနန်းထင်မှာ အရက်ငါးခွက်မျှသောက်ထားပြီးလေပြီ။ ထို့ကြောင့် ရဲနန်းထင် မူးယစ်၍နေသည်။ ဟွာဟူချွန်မှာလည်း အတော်အတန်ပင် မူးနေသည်။

ကျန်းပျန့်ဟုန်သည် ဧည့်ဆောင်ထဲမဝင်မီ ချောင်းကြည့်ရာ ရဲနန်းထင်နှင့်ဟွာဟူချွန်တို့ အတော်ကလေးမူးနေကြောင်း တွေ့လိုက်သောအခါ သူသည် ကိုယ်ကို အသာယို့ပြန်ထွက်ပြီး မြက်ခင်းပြင်ပေါ်သို့ အရက်များပြန်အန်စေရန် ပြုလုပ်တော့သည်။ အဘယ့်ကြောင့် သူ ဤသို့ ပြုလုပ်ရသနည်း။

အကြောင်းရှိ၍သာ ပြုလုပ်ခြင်းဖြစ်သည်။



ကျန်းပျန့်ဟုန်သည် အတော်ကလေးအန်ပြီးနောက် ဧည့်ဆောင်ထဲသို့ ပြန်လည်၍ချောင်းကြည့်ပြန်၏။ ရဲနန်းထင်သည် အရက်ကိုတစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်နေသည်။

အရက်မူးနေသော လူတစ်ယောက်အဖို့ နောက်ထပ်အရက်တွေကို ထပ်၍ ထပ်၍ သောက်နေပါက ထိုထပ်သောက်သော အရက်များအားလုံးမှာ ရေလိုဖြစ်နေတတ်သည်။ သို့သော် အတိုင်းအတာတစ်ခုအထိသာ ရေကဲ့သို့ဖြစ်တတ်ခြင်းပါ။ အရက်သည် အရက်သာဖြစ်ပါ၏။

နောက်ဆုံးတော့ ရဲနန်းထင်မှာ စားပွဲပေါ်ခေါင်းတင်၍ အိပ်ပျော်သွားတော့သည်။

ထိုအခါမှ ကျန်းပျန့်ဟုန် အခန်းထဲဝင်လာကာ ရဲနန်းထင်ကို အနီးရှိကုလားထိုင်တစ်လုံးပေါ် ပြောင်းတင်ပေးလိုက်သည်။ ထိုအချိန်မှာပင် ဟွာဟူချွန်သည်လည်း စားပွဲပေါ် ခေါင်းတင်ပြီး အိပ်ပျော်သွားတော့သည်။ ကျန်းပျန့်ဟုန်သည် ဟွာဟူချွန်ကို စိုက်ကြည့်နေသည်။

ထို့နောက် ကျန်းပျန့်ဟုန်သည် ရဲနန်းထင်ကို သွားကြည့်ပြန်သည်။ ရဲနန်းထင်ကား တခေါခေါဟောက်ပြီး အိပ်မောနေလေပြီတည်း။

ကျန်းပျန့်ဟုန်၏နဖူးထက်၌ ဆီးကင်းခန့် ချွေးသီးချွေးပေါက်များ စို့၍နေသည်။ မျက်နှာ၌အဆီများပြန်နေသည်။ သူ့နှလုံးများတဒိန်းဒိန်းခုန်နေသည်ကို သူ့ဘာသာ အတိုင်းသားကြားနေရသည်။

သူသည် တံတွေးတစ်ချက်မျိုချလိုက်ပြီး...

"နောင်ကြီးရေအိပ်ပျော်နေပြီလား၊ ကျွန်တော်တို့ အရက်ဆက်သောက်ကြရအောင်လား"

သူက အသံကိုမတုန်အောင် ထိန်းပြီးမေးလိုက်သည်။ ရဲနန်းထင်ကို ခေါ်ကြည့်လိုက်ခြင်းဖြစ်ပါသည်။ တကယ် အိပ်မအိပ် စမ်းသပ်

ခြင်းဖြစ်ပါသည်။

သူကိုယ်တိုင် ကွပ်ပျစ်ပေါ်တင်ပို့ခြင်းဖြစ်သော်လည်း မယုံနိုင်သေးပါ။ ရဲ့နန်းထင်မှာ အသက်ကို မှန်မှန်ရှူရှိုက်နေသည်။ မလှုပ်ရှားချေ။ ကျန်းပျန့်ဟုန်သည် ဟွာဟူချွန်ကိုလှမ်းကြည့်ပြီး ပြောလိုက်မြန်၏။

"ညီလေးဟွာဟူချွန် မင်းအရက်တစ်ခွက် ထပ်သောက်လိုက်ပါဦးလား"

ဟွာဟူချွန် တကယ် အိပ်မအိပ် စမ်းသပ်လိုက်ခြင်းသာဖြစ်ပါသည်။ ဟွာဟူချွန်လည်း ခေါင်းထောင်မလာပါချေ။ ကျန်းပျန့်ဟုန်သည် သူ့ရင်ခုန်သံကိုသာ သူပြန်ကြားနေရသည်။ သူ့တစ်သက်၌ တစ်ကြိမ်တစ်ခါမျှ ဤသို့ မကြားခဲ့ရဘူးချေ။ သူ့ရင်ခုန်သံမှာ တဖြည်းဖြည်း မိုကျယ်လာသည်။ တစ်ခန်းလုံး သူ့ရင်ခုန်သံသာလွှမ်းမိုးနေပြီဟု ထင်မှတ်ရတော့သည်။

အကယ်၍ သူသည် သိုင်းလောကတွင် အသက်ရှည်ရှည်နှင့် ဘေးအန္တရာယ်ကင်းကင်း နေသွားချင်ပါက ဤအချိန်သည် သူ့အတွက် အခွင့်ကောင်းတစ်ရပ်ပင်ဖြစ်ပါတော့သည်။

ဤလို အခွင့်ကောင်းမျိုးကား ရရန်ခဲယဉ်းလှသော အခွင့်ကောင်းမျိုးဖြစ်ပါသည်။ မည်သို့သောအခွင့်ကောင်းမျိုးနည်း။ ခက်ခဲသောအခွင့်ကောင်းလား၊ လွယ်ကူသောအခွင့်ကောင်းလား၊ လွယ်ကူ၍သာအခွင့်ကောင်းဟု ပြောခြင်းဖြစ်ပါသည်။ ခက်ခဲလျှင် အခွင့်ကောင်းတစ်ရပ်အဖြစ် ပြည့်ပြည့်စုံစုံသတ်မှတ်မည်မဟုတ်ပါ။

ကျန်းပျန့်ဟုန်သည် သူ့ကိုယ်သူ ပြန်မေးနေရှလေသည်။

"မင်း လုပ်ရင်ဖြစ်ပါ့မလား၊ ကျန်းပျန့်ဟုန် မင်း စွန့်စားလို့ဖြစ်ပါ့မလား၊ ရဲ့နန်းထင်နဲ့ဟွာဟူချွန်လိုလူမျိုးကို မင်း လွယ်လွယ်ကလေးနဲ့ သတ်ပစ်နိုင်ပါ့မလား၊ သည်လိုလွယ်လွယ်ကလေးနဲ့သတ်ပစ်နိုင်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူးနော်၊ အခုဟာ အိပ်မက်လား၊ တကယ်ဖြစ်နေတာလား"

ကျန်းပျန့်ဟုန် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။ သူ့နဖူးမှ ချွေးပေါက်ကြီးသုံးပေါက်တောက်ခနဲ တောက်ခနဲကျလာသည်။ ထိုအခါကျမှ ချွေးသုတ်ရန် သတိရပြီး လက်ဝါးဖြင့် သပ်ချလိုက်သည်။

သို့သော် သူ့နဖူးမှ ချွေးသီးချွေးပေါက်များ ချက်ချင်းပြန်ထွက်လာသည်။ ဆုပ်ထားသော လက်သီးနှစ်ဖက်အတွင်းမှ ချွေးများလည်း ထွက်နေသည်။ ကျန်းပျန့်ဟုန် တွေးမြန်သည်။

"ငါ အိပ်မက်မက်နေတာမဟုတ်ဘူး၊ တကယ်တွေကြုံနေတာ၊ ရဲ့နန်းထင်နဲ့ဟွာဟူချွန်တို့နှစ်ယောက်ရဲ့အသက်ဟာ ငါ့လက်ထဲရောက်နေပြီ၊ သူတို့နှစ်ယောက်ကို ငါ အခု လွယ်လွယ်နဲ့ သတ်ပစ်လိုက်လို့ရပြီ၊ သည်အခွင့်ကောင်းကြီးကို မလုပ်ဘဲနဲ့ ခွင့်လွှတ်လိုက်မယ်ဆိုရင်တော့ နောင်ဘယ်တော့မှ ဒီလိုအခွင့်ကောင်းမျိုး ပြန်ရနိုင်မှာမဟုတ်တော့ဘူး၊ မင်း ဒီနေ့သူတို့နှစ်ယောက်ကိုမသတ်ရင် မကြာခင်တစ်နေ့ မင်းကို သူတို့သတ်တော့မယ်၊ မင်း ဘာကြောက်နေသလဲ၊ ဘာတွေ အကြာကြီး စဉ်းစားနေတာလဲ၊ သတ်ပါတော့လား၊ သူတို့နှစ်ယောက်စလုံး ဘာမှမသိနိုင်အောင် အိပ်ပျော်နေကြပြီ၊ သတ်ပါတော့လား၊ သတ်လိုက်ပါတော့လား"

ကျန်းပျန့်ဟုန် ချွေးများစို့ထွက်လာသည်။ သူ့ညာလက်သည် သူ့အင်္ကျီရင်ဖုံးအိတ်ထဲသို့ရောက်သွား၏။

ဓားရိုးကို စမ်းသပ်ဆုပ်ကိုင်မိသည်။ သူ့ ရင်ဖုံးအိတ်ထဲတွင်

အလွန်ထက်မြက်သော ဓားမြှောင်တစ်ချောင်းရှိသည်။

ထိုဓားမြှောင်သည် ကျောက်တုံးကျောက်တောင်များကိုပင် လှီးဖြတ်နိုင်အောင် ထက်မြက်လှသည်။ သူပိုင်ဓားမြတ်ရတနာတည်း။

ဓားကိုကိုင်မိကာမှ ပို၍ပို၍ တုန်လှုပ်လာသည်။

သူ့ဒူးတွေ တုန်ယင်လာသဖြင့် ကောင်းစွာပင် မရပ်နိုင်တော့ချေ။ ကျန်းပျန့်ဟုန် ခြေနှစ်လှမ်းမျှနောက်ဆုတ်သွားတော့သည်။ ချောက်ချားမှုသည် ကျန်းပျန့်ဟုန်ကို ဝါးမျိုနေလေသည်။

"မဖြစ်ဘူး၊ ငါဒီလိုကြံလို့ အောင်မြင်နိုင်ပါ့မလား၊ လောကမှာ ဒီလောက်လွယ်တဲ့ အဖြစ်မျိုး အခွင့်အရေးမျိုး ရှိနိုင်မယ်မထင်ဘူး"

သူ၏ဒူးနှစ်ဘက်မှာ ပို၍တုန်ယင်လာသည်။ သူသည် အနီးရှိ ထိုင်ခုံတစ်လုံးကို လက်ဖြင့်ဆွဲကိုင်ကာ သူ့ကိုယ်ကိုထိန်းထားရသည်။

"အခုလို လွယ်ကူလှတဲ့အခွင့်အရေးမျိုးကြီးကို ရခဲ့တာ၊ ငါ့ကိုယ်ငါတောင် မယုံကြည်နိုင်ဘူး၊ သူတို့ကော အိပ်ပျော်နေတာ တကယ်မှဟုတ်ကြရဲ့လား၊ ဟုတ်လိမ့်မယ်ထင်တယ်၊ သူတို့အရက်တွေ အတော်များများသောက်ထားကြတာပဲ၊ ငါကိုယ်တိုင် ချောင်းကြည့်နေခဲ့တာပဲ၊ သူတို့ ဟန်ဆောင်သောက်ကြတာမဟုတ်ဘူး"

ထိုသို့ တွေးလိုက်သောအခါ ကျန်းပျန့်ဟုန်၏ မျက်လုံးများ အရောင်တလက်လက် တောက်ပလာပြန်သည်။

"ဟွာဟူချွန်နဲ့ရဲ့နန်းထင်တို့ဟာ သူတို့ကို ငါကသတ်လိမ့်မယ်လို့ လုံးဝ မထင်မှတ်ကြဘူးလေ၊ ဒါကြောင့် အရက်တွေ အလွန်အကျွံသောက်ပြီးအိပ်ပျော်ခဲ့ကြတာပေါ့၊ ဒါဟာ ငါ့အတွက် အိပ်ကံကောင်းတဲ့ အခွင့်အရေးကြီးတစ်ရပ်ပဲ၊ ငါအခု သူတို့နှစ်ယောက်ကို သတ်ပစ်လိုက်မယ်ဆိုရင် သိုင်းလောကမှာ အန္တရာယ်ကင်းကင်းနေနိုင်ပြီ၊ သိုင်းလောကမှာလဲ ငါတွင်ကျယ်နိုင်ပြီ၊ သိုင်းလောကရဲ့မကိုင်ဦးသျှောင်ဖြစ်ဖို့ သိပ်မဝေးတော့ဘူး"



ကျန်းပျန့်ဟုန် အံကိုကြိတ်လိုက်သည်။ သူ့ရင်ဖုံးအိတ်ထဲမှ ဓားကိုဆွဲထုတ်ယူရန် လက်နှိုက်လိုက်သည်။ နောက်မှ တစ်စုံတစ်ရာ စဉ်းစားမိကာ ဓားမြှောင်ကိုနှိုက်မယူတော့ဘဲ လက်ကိုသာပြန်ဆွဲထုတ်လိုက်သည်။

ဤနေရာမျိုး၌ သွေးထွက်သံယိုမှုမျိုး လုပ်ဖို့မသင့်ပေ။ သွေးမထွက်သည့်သတ်ဖြတ်မှုမျိုးသာ ဖြစ်စေရမည်။ သွေးထွက်နေလျှင် သုတ်သင်သန့်ရှင်းလင်းရသည်က တဒုက္ခဖြစ်လာလိမ့်မည်။

ကျန်းပျန့်ဟုန်၏ခြေထောက်နှစ်ချောင်း၌ အင်အားများပြည့်လာသည်။ သူသည် ရဲ့နန်းထင် ခုတင်ရှေ့သို့လျှောက်သွားသည်။ ညာလက်ဝါးစောင်းကို မြှောက်လိုက်သည်။ သတ်မည်၊ သတ်တော့မည်။

ရဲ့နန်းထင်၏လည်မျိုသို့ ချိန်ရွယ်ကာ လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်တော့သည်။

အခန်း(၁၁၉)

## အကြံပိုင်သောမြွေ

"ကျန်းပျန့်ဟုန် ခင်ဗျားရဲ့မင်းသားမျက်နှာဖုံး ကွာကျသွားပြီ၊ ကျန်းရောင်ယီပြောခဲ့တဲ့စကားတွေဟာ အားလုံးအမှန်ချည်းဖြစ်နေပြီ"

ထိုအချိန်တွင် ဟွာဟူချွန်၏အော်သံကြီး ထွက်ပေါ်လာသဖြင့် ကျန်းပျန့်ဟုန်မှာ တစ်ကိုယ်လုံး တုန်ခါဆင်းသွားကာ သူ့လက်ဝါးစောင်းမှာလည်း တစ်ဝက်တစ်ပျက် ရပ်တန့်သွားရလေသည်။

ဟွာဟူချွန်၏အော်ပြောသံမှာ ဒေါသသံပါနေသည်။

ကျန်းပျန့်ဟုန်နောက်သို့ ချာခနဲလှည့်ကြည့်လိုက်မိသည်။ ဟွာဟူချွန်၏အရိပ် လှစ်ခနဲရောက်ရှိလာလေသည်။

"ဖျန်း…"

ရဲ့နန်းထင်က ဟွာဟူချွန်ထက်ပိုမြန်သည်။ 'ဖျန်း'ခနဲ အသံတစ်ချက်ထွက်ပေါ်လာပြီး ကျန်းပျန့်ဟုန်၏ကိုယ်ခန္ဓာကြီးမှာ တံခါးပေါက်အနီးသို့ လွင့်စဉ်ထွက်သွားလေသည်။ ရိုက်လိုက်သည့်အား မည်မျှပြင်းထန်သည်ကို ထိုအချက်ကသက်သေပြသည်။

ကျန်းပျန့်ဟုန် အုတ်နံရံနှင့် ပြင်းစွာတိုက်မိသွားသည်။ ပြန်ကျလာသောအခါ မထနိုင်တော့ချေ။ ကျန်းပျန့်ဟုန်၏ မျက်နှာပေါ်၌ သွေး



များစီးကျလာသည်။ နံရံနှင့်မျက်နှာ ရိုက်မိသွားသောကြောင့်ဖြစ်သည်။ ရဲ့နန်းထင်ရိုက်ချက်ကြောင့် ပါးစပ်မှသွေးများထွက်လာခြင်းလည်း ဖြစ်သည်။ ဟွာဟူချွန်က ရဲ့နန်းထင်ကိုလှမ်းကြည့်ပြီး ခပ်ပြုံးပြုံးဖြင့် ပြောသည်။

"ဆရာကြီးကို ကျွန်တော်လုံးဝအထင်မသေးခဲ့တော့ပါဘူးဗျာ၊ ဆရာကြီးဟာ တကယ်ပဲ ပြိုင်ဘက်ကင်းဓားသမားဘွဲ့ ခံထိုက်ပါတယ်၊ အင်မတန်မှ သတိရှိတာပဲကိုး"

ရဲ့နန်းထင်က ရယ်မောလိုက်ပြီး…

"ဒီအရက် ဆယ့်လေးငါးခွက်သောက်တာနဲ့ ငါ ဘယ်မူးပါ့မလဲ၊ ငါက ဒီလူရဲ့အခြေအနေကို သိချင်လို့ မူးချင်၊ အိပ်ချင်ဟန်ဆောင်နေတာကွ၊ ဒီလူက အရက်သောက်လိုက် အပြင်ထွက်ပြီး ပြန်အန်ထုတ်လိုက်နဲ့လုပ်နေတာ မသင်္ကာစရာပဲ၊ သူ့မှာ အကြံအစည်တစ်ခုခုရှိရမယ်လို့ ငါတွက်ထားတာပဲ"

ထို့နောက် ရဲ့နန်းထင်မျက်နှာတည်ကြည်သွားကာ ကျန်းပျန့်ဟုန်ဘက်လှည့်ပြီး မေးလေသည်။

"ကျန်းပျန့်ဟုန် မင်းအခု ဘာပြောချင်သေးသလဲ"

ကျန်းပျန့်ဟုန်သည် မချိပြုံးပြုံးကာ သက်ပြင်းချလိုက်ပြီး…

"ကျုပ် အနှစ်နှစ်ဆယ်လောက် တပင်တပန်း သင်ကြားခဲ့တဲ့ သိုင်းပညာတွေဟာ ရဲ့နန်းထင်ရဲ့သိုင်းကွက်တစ်ကွက်ကိုတောင် မခုခံနိုင်ပါဘူး၊ ကျုပ်သင်ကြားလေ့ကျင့်ခဲ့တဲ့ပညာတွေဟာ ဘာမှမစွမ်းတော့တာကိုပဲ ကျုပ်ဝမ်းနည်းမိပါတယ်ဗျာ"

ရဲ့နန်းထင်က…

"နေပါဦး…မင်းနဲ့ငါ ဘာရန်ငြိုးရန်စမှ မရှိဘဲနဲ့ ဘာ့ကြောင့်

ငါ့ကိုသတ်ဖို့ ကြံစည်တာလဲကွ''

ကျန်းပျန့်ဟုန်မျက်လုံးများ တောက်ပသွားလေသည်။

''ခင်ဗျား တကယ်ပဲ ဘာမှမသိဘူးလား''

''ငါက ဘာကိုသိရမှာလဲ''

ကျန်းပျန့်ဟုန် သက်ပြင်းချလိုက်လေသည်။ ဟန်ဆောင်သက်ပြင်းဖြစ်သော်လည်း သူ့ဘဝတစ်စိတ်တဒေသ လုံခြုံသွားခြင်းအတွက် စိတ်အေးပြီး သက်ပြင်းချခြင်းလည်းဖြစ်ပါသည်။

''သိုင်းလောကမှာ ခင်ဗျားကို ရှိမနေစေချင်လို့ပါ''

''ဘာ့ကြောင့် ငါ့ကို ရှိမနေစေချင်တာလဲ''

''ကျွန်တော်က လွယ်လွယ်ကလေးစဉ်းစားတာပါ၊ သိုင်းလောကမှာ ခင်ဗျားရှိနေရင် ကျွန်တော့်ထင်ပေါ်မှုတွေဟာ မှေးမှိန်သွားမှာပေါ့၊ အခုသိုင်းလောကထဲ ခင်ဗျားဝင်လာတာ ဘာမှမကြာသေးဘူး၊ လူတွေက ကျန်းပျန့်ဟုန်ကိုမေ့ကုန်ကြပြီ''

''ဩော်...ဒီအတွက်ကလေးနဲ့ မင်းက ငါ့ကိုသတ်ချင်တာကိုး၊ ရက်စက်ပါပေ့ကွာ''

ရဲ့နန်းထင်သည် တဖြည်းဖြည်း ကျန်းပျန့်ဟုန်ထံ တိုးကပ်သွားလေသည်။

''မင်းဟာ အထက်လမ်း သိုင်းသမားကြီးအဖြစ် ခံယူထားပြီး စိတ်သဘောထားကတော့ သိမ်ဖျင်းယုတ်ညံ့လှတယ်၊ မင်းကိုငါ သတ်ပစ်လိုက်မှ သိုင်းလောက သန့်စင်သွားမယ်၊ မင်းရှိနေရင် သိုင်းလောကတစ်ခုလုံး ဟစ်...နှိမ်နင်းမှာဒုက္ခရောက်နိုင်တယ်''

ကျန်းပျန့်ဟုန် တစ်လှမ်းချင်း နောက်ဆုတ်သွားလေသည်၊

''ခင်ဗျား ကျုပ်ကိုသတ်မလို့လား''



ကျန်းပျန့်ဟုန်က ရဲ့နန်းထင်ကိုမေးလိုက်သည်။

''အေး...ဟုတ်တယ်''

ရဲ့နန်းထင် မာန်သွင်းပြီးခုန်အုပ်လိုက်သည်။ သို့သော် ကျန်းပျန့်ဟုန်သည် မြေပေါ်သို့လှိမ့်ရှောင်သွား၏။

သူ သတိထားနေသောကြောင့် ရှောင်နိုင်ခြင်းဖြစ်သည်။

''ဟား...ဟား...ဟား၊ ခင်ဗျားကျုပ်ကို သတ်လို့မရပါဘူး''

ကျန်းပျန့်ဟုန်က ရယ်မောပြီးပြောလိုက်လေသည်။

ရဲ့နန်းထင် ပို၍ဒေါသဖြစ်သွားသည်။

''အေး...ပြီးအောင်ကြည့်ပါဦး၊ ငါသတ်နိုင်သလား မသတ်နိုင်ဘူးလားဆိုတာ''

ကျန်းပျန့်ဟုန်က...

''ကျုပ်ကို ခင်ဗျားသတ်လိုက်ရင် ခင်ဗျားသိပ်တွေ့ချင်နေတဲ့ လူတစ်ယောက်အကြောင်းကို ဘယ်သိရတော့မှာလဲ၊ တစ်လောကလုံးမှာ ကျုပ်တစ်ယောက်ပဲ ခင်ဗျားတွေ့ချင်နေတဲ့လူ ဘယ်မှာရှိသလဲ ဆိုတာ သိတယ်၊ ခင်ဗျားကျုပ်ကိုသတ်လိုက်ရင် အဲဒီလူကို ခင်ဗျား တစ်သက်မှာ ဘယ်လိုမှ ရှာလို့တွေ့မှာမဟုတ်တော့ဘူးဗျ၊ ဟား ဟား ဟား''

''မင်းပြောတာ ဘယ်သူ့ကိုလဲ၊ ငါတွေ့ချင်နေတဲ့လူ ဘယ်သူဆိုတာရော မင်းသိလို့လား''

ကျန်းပျန့်ဟုန်က ရယ်မောလိုက်ပြီး...

''ဘယ်သူရမှာလဲ၊ ကျန်းချင်လေ၊ ခင်ဗျား ကျန်းချင်ကို သိပ်လိုချင်နေတယ်မဟုတ်လား၊ ကျန်းချင်ဘယ်မှာရှိတယ်ဆိုတာ ခင်ဗျား သိပ်သိချင်နေတယ် မဟုတ်လား၊ ဒါကို ကျုပ်ကောင်းကောင်းသိတာပေါ့၊ ဟဲ...ဟဲ...ဟဲ''

ရဲနန်းထင် တစ်ကိုယ်လုံးတုန်လှုပ်သွားသည်။ သူနှင်ထားသည့်ကြမ်းပြင်တစ်ခုလုံး လျှောင်လှုပ်သွားသည့်အလားထင်မှတ်ရ၏။

"မင်း…မင်း ကျန်းချင် ဘယ်မှာရှိသလဲဆိုတာ သိတယ်ဟုတ်လား"

ကျန်းပျန့်ဟုန် ခပ်ဖြည်းဖြည်း ထရပ်လိုက်သည်။ သူ့ကိုယ်ကြီးဒယီးဒယိုင်ဖြစ်နေသည်။ ရဲနန်းထင်၏ရိုက်ချက်က ပြင်းထန်လှ၏။

"ကျုပ်သိတယ်၊ ကျန်းချင် ဘယ်မှာရှိနေသလဲဆိုတာ ကျုပ်သိတယ်"

ရဲနန်းထင်သည် ကျန်းပျန့်ဟုန်ရှေ့သို့ ခုန်လွှားရောက်ရှိသွားပြန်၏။ ကျန်းပျန့်ဟုန်၏အင်္ကျီရင်ဘတ်စကို တအားဆောင့်ဆွဲလိုက်လေသည်။ ကွဲအက်သောအသံကြီးဖြင့် အော်မေးလိုက်သည်။

"ပြောစမ်း၊ ကျန်းချင်ဘယ်မှာလဲ"

ကျန်းပျန့်ဟုန်က မဲ့ပြုံးပြုံးသည်။

"ခင်ဗျား ကျုပ်ကိုသတ်ပစ်လိုက်နိုင်တယ်၊ ဒါပေမယ့် ကျန်းချင်အကြောင်းကိုတော့ ကျုပ်ပြောထွက်အောင် မလုပ်နိုင်ပါဘူး"

ရဲနန်းထင်မျက်နှာကြီး ကြောက်စရာကောင်းအောင် ပြောင်းလဲသွား၏။

"မင်းပြောထွက်အောင် ငါလုပ်နိုင်တယ်ကွ"

ကျန်းပျန့်ဟုန်က ရယ်လိုက်၏။

"ခင်ဗျား ကျုပ်ကိုနှိပ်စက်ညှဉ်းပန်းပြီး ပြောခိုင်းမယ် မဟုတ်လား၊ ကျုပ်စဉ်းစားထားပြီးပါပြီ၊ ကျုပ်လက်တစ်ဖက် အင်္ကျီထဲ လက်နှိုက်ထားတာကြည့်စမ်းပါ၊ အဲဒါ ကိုယ့်ကိုယ်ကို အဆုံးစီရင်ဖို့ ဓားနဲ့ထောက်ထားတာပဲ၊ ခင်ဗျားလက်ကို မြန်မြန်လွှတ်၊ မလွှတ်ရင် ကျုပ်ကိုယ်ကျုပ် သတ်သေပစ်လိုက်မယ်"

ရဲနန်းထင်သည် တအားဆွဲကုတ်ထားသော ကျန်းပျန့်ဟုန်၏ရင်ဘတ်စကို တဖြည်းဖြည်း ပြန်လွှတ်ပေးလိုက်ရတော့သည်။

ကျန်းပျန့်ဟုန်သည် ယခုအခြေအနေ၌ ပြောသလိုလုပ်မည်မှာ သေချာလှသည်။

"ကျန်းချင်အကြောင်း ကျုပ်ပြောစေချင်ရင် ကျုပ်တောင်းတဲ့အချက်နှစ်ချက် ခင်ဗျားသဘောတူရမယ်၊ လိုက်လျှောရမယ်၊ ကတိတည်ရမယ်"

ရဲနန်းထင်စဉ်းစားသည်။ နောက်ဆုံး…

"ပြောစမ်း၊ ကျန်းချင် ဘယ်မှာရှိတယ်ဆိုတာပြောပြရင် မင်းကို အသက်ချမ်းသာခွင့်ပေးလိုက်မယ်"

ကျန်းပျန့်ဟုန်က တဟားဟားရယ်မောလိုက်သည်။ တိတ်ဆိတ်သောညဥ့်ယံကို သူ့ရယ်သံကလွှမ်းမိုးသွားတော့သည်။

"ခင်ဗျားက ကျုပ်တောင်းဆိုမယ့် အချက်နှစ်ချက်ကို လွယ်လွယ်ကလေးပေးလို့ ရမယ်လို့များထင်နေသလား"

ရဲနန်းထင်၏ကြီးမားသောလက်သီးကြီးသည် လေထဲ၌ တစီစီဝှေ့ယမ်းလိုက်ပြီး…

"မင်း အပိုတွေပြောမနေနဲ့၊ ရဲနန်းထင်တဲ့ကွ၊ ငါတတ်နိုင်သမျှကို အကောင်းဆုံးလုပ်ပေးနိုင်တယ်"

"တကယ်ပြောတာနော်"

"တောက်…မင်းဘာမှ မတောင်းဆိုရသေးခင် သေသွားချင်ပြီနဲ့တူတယ်၊ ပြောစမ်း…မင်းတောင်းဆိုချက်တွေကို…"

"ကျုပ်တောင်းဆိုချင်တာက ကျုပ်ကို ခင်ဗျား အသက်ချမ်း

သာပေးပြီး ပြန်လွှတ်ရမယ်၊ နောင်ကိုလဲ ဘယ်တော့မှ ကျုပ်ကိုရန်မပြုရဘူး၊ ရှင်းရှင်းပြောမယ်၊ ခင်ဗျားအနေနဲ့ ဘယ်တော့မှမသတ်ရဘူး"

"ကောင်းပြီလေ၊ ငါသဘောတူတယ်၊ ကတိပေးတယ်၊ ငါမသတ်ရတဲ့အတွက်တော့ သိပ်မပူပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းလိုလူယုတ်မာမျိုးကို တခြားတစ်ယောက်ယောက်က သတ်ပစ်မှာမို့လို့"

ကျန်းပျှံ့ဟုန်က ကောက်ကျစ်စွာပြုံးလိုက်လေသည်။

"နောက်တစ်ချက် ကျန်သေးတယ်၊ ကျုပ် ကျန်းချင်ဘယ်မှာရှိတယ်ဆိုတာကို ပြောပြပါ့မယ်၊ ဒါပေမယ့် ခင်ဗျား အထူးလျှို့ဝှက်ထားရလိမ့်မယ်၊ ကျုပ်ရယ်၊ ခင်ဗျားရယ်၊ ဟွာဟူချွန်ရယ် ဒီသုံးယောက်ကလွဲလို့ တခြားဘယ်သူမှမသိစေရဘူး"

"ဒီကိစ္စက ငါ့ကိစ္စကွ၊ ငါက ကျန်းချင်ကိုငါ့လက်နဲ့ကိုယ်တိုင်သတ်ချင်တယ်၊ ငါက ဘာ့ကြောင့် တခြားလူတွေကိုပြောပြရမှာလဲ"

ကျန်းပျှံ့ဟုန် ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပါပြီ၊ တကယ်လို့ ခင်ဗျားကျန်းချင်ကို မသတ်နိုင်ခဲ့ရင်ကော..."

"ဟေ့ကောင်၊ အဲဒါမင်းကိစ္စမဟုတ်ဘူး၊ ငါ့ကိစ္စ ငါ့ဘာသာဘယ်လိုရှင်းရှင်း မင်းနဲ့မဆိုင်ဘူး"

ကျန်းပျှံ့ဟုန်က ကောက်ကျစ်စွာပြုံးလိုက်လေသည်။

"ခင်ဗျား ကတိတည်ရမယ်နော်၊ ပြီးမှ ဒေါသကြောင့် ဘာကြောင့်၊ ညာကြောင့်ဆိုပြီး ကတိမဖျက်ရဘူး"

ရဲ့နန်းထင် လှန်စွာဒေါပွသွားလေသည်။

"ဟေ့ကောင် ကျန်းပျှံ့ဟုန်၊ ငါက ပြိုင်ဘက်ကင်းဓားသမား ရဲ့နန်းထင်ကွ၊ ငါ့ကတိဟာ တရုတ်ကျောက်ရဲ့စကားလို တစ်သမတ်



တည်းရှိတယ်ကွ"

ကျန်းပျှံ့ဟုန်သည် ဟွာဟူချွန်ဘက် လှည့်ကြည့်လိုက်ပြီး...

"ညီလေးဟွာဟူချွန် မင်းကော ဘယ်လိုသဘောရသလဲ"

"ဒီကိစ္စဟာ ဆရာကြီးရဲ့နန်းထင်ရဲ့ကိစ္စပါ၊ သူသဘောတူရင် ခင်ဗျားနဲ့သူ ကျေနပ်ကြရင်ပြီးတာပဲ"

"သူကတိနဲ့ပတ်သက်ပြီး ပြောတာပါ"

"ဒါတော့ သံသယမရှိပါနဲ့၊ ဆရာကြီးရဲ့နန်းထင်ဟာ နာမည်တစ်လုံးနဲ့နေတဲ့လူပါ"

"ကဲ...ကျန်းချင်ဘယ်မှာလဲ၊ ပြောပါဦး"

ရဲ့နန်းထင် စိတ်မရှည်တော့ချေ။ ဝင်၍အော်ဟစ်လိုက်၏။

ကျန်းပျှံ့ဟုန်သည် ရုတ်တရက် သုံးလှမ်းမျှနောက်ဆုတ်သွားလေသည်။ ရဲ့နန်းထင်သည် ကျန်းပျှံ့ဟုန်ကို မမှိတ်မသုန်စိုက်ကြည့်နေသည်ဖြစ်ရာ ကျန်းပျှံ့ဟုန်နောက်ဆုတ်သွားသည်ကို ဘဝင်မတွေ့ဘဲဖြစ်သွားသည်။

ဟွာဟူချွန်ကလည်း သူ့အတွင်းအားများကို ဖြည့်သွင်းပေးလိုက်သည်။ အကယ်၍ ကျန်းပျှံ့ဟုန်ထွက်ပြေးပါက ဖမ်းနိုင်ရန်ဖြစ်သည်။ ရဲ့နန်းထင်က အေးစက်စက်မေးလိုက်၏။

"ငါက ကျန်းချင်ဘယ်မှာလဲလို့မေးတာကိုမဖြေဘဲ ဘာဖြစ်လို့နောက်ဆုတ်သွားရတာလဲ"

"ဖြေမှာပေါ့၊ အဲဒီလိုဖြေနိုင်ဖို့ အကာအကွယ်ယူတဲ့အနေနဲ့ နောက်နည်းနည်းဆုတ်ထားတာပါ၊ ကျုပ်ပြေးမယ်လို့ ထင်နေသလား၊ မပြေးပါဘူး၊ ကျုပ်မပြေးပါဘူး"

ရဲ့နန်းထင်က ဒေါသကိုချုပ်တည်းပြီး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ မင်းအကာအကွယ်ယူတာလုံလောက်ပါပြီ၊ ကဲ... ကျန်းချင်ဘယ်မှာလဲ"

"ကောင်းပြီ၊ ကျုပ်ပြောမယ်၊ ကျန်းချင်ဟာ ခင်ဗျားရှေ့မှာတင် ရပ်နေတယ်"

ကျန်းပျန့်ဟုန်က အတော်ကြီးတည်ငြိမ်အောင် ကြိုးစားပြီးပြော လိုက်သည်။ ရဲနန်းထင်သည် ဒေါသထွက်နေသူဖြစ်၍ ကျန်းပျန့်ဟုန်၏ စကားကို ရုတ်တရက်သဘောမပေါက်ပေ။ အဓိပ္ပါယ်မပေါက်ပေ။

"ကျန်းပျန့်ဟုန်...မင်းသေချင်ပြီလား၊ ကတိတောင်းပြီးပြီ ငါကတိပေးပြီးပြီ၊ ကျန်းချင်ရှိတဲ့နေရာကို မင်းပြောပေတော့၊ ကျန်းချင် ဘယ်မှာလဲ"

ကျန်းပျန့်ဟုန်က အေးစက်စက်ရယ်လိုက်သည်။

"မြင်ဘက်ကင်းစားသမားကြီးရဲနန်းထင်၊ ခင်ဗျားပေးထားတဲ့ ကတိကိုသတိရပါ၊ ကျန်းချင်ဆိုတာကျုပ်ပဲ၊ ကျန်းပျန့်ဟုန်ဆိုတာကျန်းချင် တစ်ဖြစ်လဲထားတဲ့လူပဲ၊ ရှင်းပြီလား"

ကျန်းပျန့်ဟုန်ခေါ် ကျန်းချင်၏စကားသံသည် တစ်လုံးချင်း ပီပီသသ ထွက်ပေါ်လာလေသည်။

ရဲနန်းထင်မှာ မမျှော်လင့်သည့်စကားကို ကြားလိုက်ရသဖြင့် နားလှုံသွား၏။ သူ မကြားလိုက်သကဲ့သို့ ဖြစ်သွားသည်။ သို့သော် ချက်ချင်းပင် သဘောပေါက်သွားသည်။ ထိုအခါ သူ့တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားလေတော့သည်။

❀-❀-❀



အတန်ကြာမှ ရဲနန်းထင် ဆတ်ခနဲလှုပ်လာသည်။ ရဲနန်းထင် ကခြောက်ကပ်စွာမေးလိုက်သည်။

"မင်း...မင်းဟာ ကျန်းချင်လား"

ကျန်းပျန့်ဟုန်က ဤတွင်မှရယ်မောလေသည်။

"ဟုတ်တယ်၊ ကျုပ်ကျန်းချင်ပဲ၊ ခင်ဗျား ကျုပ်ကို ကတိပေး ပြီးပြီနော်၊ အခု ကျုပ်ကိုမသတ်ဘဲ ပြန်လွှတ်ပေးရမယ်၊ နောက်ကိုလဲ ရန်မရှာရဘူး"

ရဲနန်းထင်မှာ တစ်ကိုယ်လုံး ကျားမွတ်ဖြင့်အရိုက်ခံလိုက်ရ သလို အသားများနာကျင်သွားလေသည်။ သူသည် နောက်သို့ ဒယီး ဒယိုင်ဆုတ်ခွါသွားလေသည်။ မြားထိသောသားကောင်သဖွယ် ယိမ်း ယိုင်နေသဖြင့် နံရံကိုကျောဖြင့်မှီထားလိုက်ရသည်။

ဟွာဟူချွန်မှာလည်း ပါးစပ်အဟောင်းသားဖြစ်သွားသည်။ သူလည်း ဘာမျှမပြောနိုင်။ အံ့သြဖွယ်ရာလှည့်စားမှုပေတကား။

ကျန်းပျန့်ဟုန်က ဟက်ဟက်ပက်ပက် ရယ်မောနေတော့သည်။

"ခင်ဗျားဟာ ကျန်းချင်ရဲ့သတင်းကို သိချင်လွန်းလို့ ကျုပ်ကို အန္တရာယ်မပြုပါဘူးလို့ ကတိပေးခဲ့တယ်မဟုတ်လား၊ အခုကျန်းချင်ကို တွေ့ပြန်တော့လဲ အဲဒီကျန်းချင်ဟာ ကျုပ်ဖြစ်နေပြန်တော့ ခင်ဗျားမှာ သတ်ရခက်နေတယ်၊ ဟား...ဟား...ဟား ဒီအတိုင်းဆိုရင် ခင်ဗျား ကျန်းချင်ကို ဘယ်လိုမှသတ်နိုင်တော့မှာ မဟုတ်တော့ဘူး"

ကျန်းပျန့်ဟုန်မှာ လောကတွင် သူ့လောက်လည် သူ့လောက် ပါးနပ်လိမ္မာသည့်သူ မရှိနိုင်တော့ဟုယူဆဟန်နှင့် အထူးသဘောကျစွာ ရယ်မောနေလေတော့သည်။

ရဲနန်းထင်သည် မျက်လုံးနှစ်လုံးနီလာသည်။ သူသည် ခြသေ့်

ရှိင်းကြီးတစ်ကောင်နှယ် ရုတ်တရက်အော်ဟစ်လိုက်လေသည်။

"မင်း…မင်းကို ငါသတ်မယ်၊ မသတ်လို့မဖြစ်ဘူး၊ သတ်ကို သတ်ရမယ်"

"ဘာပြောတယ်ဗျ၊ မြိုင်ဘက်ကင်းစားသမား ရဲ့နန်းထင်ဆို ဗျ၊ ခင်ဗျားရဲ့ စကားတစ်ခွန်းဟာ တရုတ်ဧကရာဇ် စကားတစ်ခွန်းလို ယုံကြည်ရတယ်ဆိုဗျ၊ သိုင်းသမားယောကျ်ားကောင်းတစ်ယောက်ဆိုတာ ကတိတည်ရတယ်၊ သိုင်းလောကမှာ ရဲ့နန်းထင်ဟာ ကတိမတည်ဘူးလို့ သတင်းပျံ့နှံ့ချင်သလား၊ သိပ်လွယ်ပါတယ်ဗျာ၊ ကျုပ်တပည့်တွေ အများကြီးရှိပါတယ်၊ ခင်ဗျားကတိမတည်တဲ့အကြောင်း သူတို့ကို သတင်းဖြန့်နိုင်းနိုင်ပါတယ်"

ရဲ့နန်းထင်မှာ နတ်ဝင်သကဲ့သို့ တစ်ကိုယ်လုံးတုန်ခါနေတော့သည်။ သူသည် စိတ်ဝေဒနာ အပြင်းအထန်ခံစားနေရပါသည်။

နောက်ဆုံးတွင် သူသည် သက်ပြင်းကြီးရှိုက်လိုက်မိသည်။

"ကောင်းပြီ၊ ငါကတိတည်ပါတယ်၊ မင်းသွားနိုင်ပါပြီ"

"ဟုတ်ကဲ့ ရဲ့နန်းထင်ဟာ ပြောပြီးတဲ့စကားကို မြန်မပြင်တတ်ဘူး၊ ပေးပြီးတဲ့ကတိကို မဖျက်တတ်ဘူးဆိုတာ ကျုပ်သိပါတယ်၊ ယုံလည်းယုံကြည်ပါတယ်၊ ကဲ…ကျုပ်ကိုခွင့်ပြုပါဦး၊ ကျေးဇူးတင်ပါတယ်၊ နောင်ကိုလည်း တွေ့ဆုံကြသေးတာပေါ့"

ကျန်းပျန့်ဟုန်သည် ရဲ့နန်းထင်ကို လက်ဖမိုးယုက်ပြီး အရိုအသေပေးလိုက်သည်။ အောင်နိုင်သူ၏အပြုံးမျိုးကို သူ့မျက်နှာက ဆောင်ထားသည်။ သူသည် ဟွာဟူချွန်ကို တစ်ချက်လှမ်းကြည့်လိုက်သေး၏။

ထို့နောက် ကျန်းပျန့်ဟုန် ထွက်ခွါသွားလေတော့သည်။

ဧည့်ဆောင်ထဲ၌ကား လုံးဝတိတ်ဆိတ်ငြိမ်သက်သွားလေသည်။



ရဲ့နန်းထင်သည် ဒဏ်ရာရထားသော သားကောင်ကြီးကဲ့သို့ ငြိမ်းမောနေသည်။ အတန်ကြာမှ ဟွာဟူချွန်က တိုးညှင်းစွာပြောသည်။

"ဆရာကြီးရဲ့ဟာ ကတိစကား တည်လှပါတယ်ဗျာ၊ ဒါပေမယ့် ကျန်းပျန့်ဟုန်လိုလူမျိုးကို လွှတ်ပေးလိုက်ခြင်းဟာ အမှားကြီးတစ်ခုကျူးလွန်လိုက်သလိုပဲဖြစ်နေပါတယ်၊ သိုင်းလောကမှာ ကျန်းပျန့်ဟုန်ကိုသတ်ဖြတ်နိုင်တဲ့လူ မရှိသလောက်ရှားပါးလှပါတယ်ဗျာ"

ရဲ့နန်းထင် သက်ပြင်းကြီးချလိုက်ပါသည်။ သူသည် ဟွာဟူချွန်ကို ဘာမျှပြန်မပြောမိဘဲ ရှိလေသည်။

ᨀᨀᨀ

"ဟား...ဟား...ဟား"

ရဲနန်းထင်၏ရယ်မောသံကို ကြားလိုက်ရလေသည်။

ကျန်းပျန့်ဟုန် အကြီးအကျယ်အံ့အားသင့်သွားသည်။ ရဲနန်းထင် ရယ်မောနိုင်ပါသေးကလား၊ ဒါဆိုရင် သူ့အတွက် အန္တရာယ်ရှိလေပြီဟု ကျန်းပျန့်ဟုန်တွက်ဆလိုက်သည်။

ထိုစဉ် ရဲနန်းထင်နှင့်ဟွာဟူချွန်တို့ ထွက်လာကြတော့သည်။

သူတို့နှစ်ယောက်သည် တံခါးစောင့်ဖွင့်ပေးသော ထွက်ပေါက်ကြီးမှပင် ခပ်အေးအေးထွက်ခွါသွားကြသည်။

သူတို့နှစ်ယောက် မည်သည့်နေရာသို့ သွားကြလေသနည်း။

ကျန်းရှောင်ယီကို သွားရှာလေသလော။ ဤသုံးယောက်သည် ...ဖွဲ့သူများဖြစ်ကြလေသည်။ ဟွာဟူချွန်နှင့်ရှောင်ယီ၊ ရဲနန်းထင်နှင့် ဟွာဟူချွန် ယခုတော့ ထူးဆန်းအံ့သြဖွယ်ရာကောင်းအောင်ပင် သူတို့ပေါင်းသင်းဆက်ဆံကာ အတူသွားလာနေကြသည်။ ရေထဲကငါးနှင့် ကုန်းပေါ်ကကြက်တို့ အပေါင်းအသင်းလုပ်ကြသလိုဖြစ်နေသည်။

မည်သို့ ပြောင်းလဲကုန်သနည်း။

ကျန်းပျန့်ဟုန် အံ့ကြိတ်ကာတွေးနေသည်။ ယင်းသို့တွေးနေစဉ် လူရိပ်တစ်ရိပ်လှုပ်ရှားလာသည်။ ထိုလူရိပ်သည် တည်းခိုဂေဟာထဲသို့ လမ်းရိုးလမ်းဟောင်းမှမဝင်၊ ဝင်းနံရံမှခုန်ဝင်လာလေသည်။

ထိုလူကား ကြောက်စရာကောင်းသော မျက်နှာဖုံးနှင့်လူ ကြေးမျက်နှာသိုင်းသမားသာဖြစ်သည်။ သူ့မျက်နှာဖုံးစွပ်အောက်မှ မျက်လုံးနှစ်လုံးမှာ အမှောင်ထဲတွင် ဝင်းလက်တောက်ပနေသည်။

ကြေးမျက်နှာသိုင်းသမားကြီး ပြန်လာပေပြီ။

ကျန်းပျန့်ဟုန်သည် ဝါးရုံတောထဲမှ ထွက်ရန်ဟန်ပြင်လိုက်၏။ သို့သော် သူ မထွက်ဖြစ်ပါ။ အဘယ့်ကြောင့်ဆိုသော် ကြေးမျက်နှာ



အခန်း(၁၂၀)

## စစ်ကူတောင်းရန်ကြံစည်ခြင်း

ကျန်းပျန့်ဟုန် အပြင်ဘက်သို့ရောက်သွားသည်။ သူ မပြုံးနိုင် မရယ်နိုင်သေးပါ။ အကြံပေးသမား ဉာဏ်သမားဖြစ်၍ ရဲနန်းထင်နှင့် မဝေးသေးမီပင် စဉ်းစားလေတော့သည်။

ယနေ့ ပရိယာယ်ဖြင့် လှည့်စားအောင်မြင်နိုင်ခဲ့ပေပြီ။ ယနေ့အဖို့တော့ အသက်ဘေးမှလွတ်ခဲ့လေပြီ။

သို့သော် နောက်နေ့များအတွက်ကိုကား ရဲနန်းထင်ကို စိတ်ချနေ၍မဖြစ်ပါ။ ရဲနန်းထင်သည် နောက်နေ့များတွင် သူကိုယ်တိုင် မသတ်သော်လည်း အခြားသူတစ်ယောက်ယောက်နှင့် သတ်နိုင်အောင် ကြံစည်မည်မှာ သေချာလှပါသည်။ ထိုတည်းခိုဂေဟာ၏ဘေးတွင် ဝါးရုံ တစ်ရုံရှိ၏။ လေသည် ဝါးရွက်များ တရှဲရှဲမြည်အောင်တိုက်ခတ်နေလေသည်။

ကျန်းပျန့်ဟုန်သည် ထိုဝါးရုံထဲသို့လှစ်ခနဲဝင်ရောက်သွားပြီး ကိုယ်ရောင်ဖျောက်လိုက်လေသည်။

သူသည် ဟွာဟူချွန်နှင့်ရဲနန်းထင်တို့၏ လှုပ်ရှားမှုကိုစောင့်ကြည့်ရန်ဆုံးဖြတ်ပြီး ဝါးရုံထဲဝင်ရောက်ပုန်းအောင်းလိုက်ခြင်းသာ ဖြစ်ပါသည်။

သိုင်းသမားနောက်ပါးမှ ကပ်ပါလာသော လူတစ်ယောက်ကြောင့် သူ မထွက်ဘဲ ရပ်တန့်လိုက်ရခြင်းဖြစ်ပါသည်။ သူ့မျက်နှာ ကြီးစွာပြောင်းလဲမှုဖြစ်သွားရပါတော့သည်။

ကြေးမျက်နှာသိုင်းသမားကြီးနောက်မှ ကပ်လျက်လိုက်ပါလာသူမှာ အခြားလူမဟုတ်။ ကျန်းရှောင်ယီပင် ဖြစ်တော့သည်။

ကျန်းရှောင်ယီသည် လေကလေးတ[redacted]ချန်ဖြင့် တည်းခိုဂေဟာ၏ဝင်းနံရံကို ခုန်ဝင်လာသည်။ သူ့မျက်နှာတစ်ပြင်လုံး နီမြန်းနေသည်။ ပြုံးရွှ[redacted]ယ်မောနေသည်။

ကြေးမျက်နှာသိုင်းသမားကြီးနှင့် ကျန်းရှောက်ယီသည် အရက်အတူသောက်ပြီး ပြန်လာကြခြင်းဖြစ်ကြောင်း ကျန်းချင်တစ်ဖြစ်လဲ ကျန်းပျန့်ဟုန် ရိပ်မိလိုက်သည်။

ထိုအခါ ကျန်းပျန့်ဟုန် အလွန်အမင်းထိတ်လန့်လာတော့၏။ သူသည် ကြေးမျက်နှာသိုင်းသမားကြီးကို အားကိုးအားထားပြုထား၏။ ရဲ့နန်းထင်နှင့်ဟွာဟူချွန်တို့ကို ကြေးမျက်နှာသိုင်းသမားကြီးက ကောင်းစွာ ထိန်းချုပ်နိုင်မည်ဟု သူယုံကြည်ပေသည်။ ယခု သူ့ယုံကြည်ချက်ပျက်ရလေပြီ။

ကျန်းပျန့်ဟုန် နားမလည်နိုင်အောင် ဖြစ်နေရသည်ကား ကြေးမျက်နှာသိုင်းသမားကြီးနှင့်ကျန်းရှောက်ယီ အတူသွားအတူလာ ဖြစ်နေခြင်းတည်း။ ကျန်းရှောက်ယီနှင့် ကြေးမျက်နှာသိုင်းသမားတို့သည် မည်သည့်အချိန်က မိတ်ဆွေအဖြစ်ပေါင်းသင်းမိသွားကြလေသနည်း။

အစဦးက ကြေးမျက်နှာသိုင်းသမားသည် ကျန်းရှောင်ယီကို သတ်မည်ဟုပြောသည်။ ယခုတော့ မသတ်ဘဲ အတူသွားအတူလာ အရက်သောက်နေသည်။

အပြောင်းအလဲမြန်လွန်းသော လောကပေတကား။



ကြေးမျက်နှာ သိုင်းသမားကြီးသည် စိတ်ပြောင်းသွားဟန်ရှိသည်။ ကျန်း ရှောင်ယီသည် လွန်စွာဉာဏ်များသည်။ လွန်စွာလည်သည်။

ထို့ကြောင့် ကြေးမျက်နှာသိုင်းသမား စိတ်ပြောင်းသွားခြင်းဖြစ်ပေလိမ့်မည်။ ကျန်းပျန့်ဟုန်မှာ ထိတ်လန့်မှုလည်းဖြစ်၊ ဒေါသလည်းထွက်နေသည်။ ထို့အတူ စိုးရိမ်သောကလည်းကြီးထွားလာသည်။

ထိုအချိန်မှာပင် ကြေးမျက်နှာသိုင်းသမားနှင့် ကျန်းရှောင်ယီတို့ ဂေဟာထဲသို့ဝင်သွားကြသည်။

ကျန်းပျန့်ဟုန်မှာ မိမိ၏အထီးကျန်မှုကို တွေးတောစဉ်းစားပြီး လွန်စွာ နာကျည်းခံပြင်းလာသည်။ သူတို့အားလုံး ပူးပေါင်းမိသွားကြကုန်ပြီ။ ထို့ကြောင့် သူ့အဖို့ ရန်သူပတ်လည် ဝင်းရံလာတော့မည်။

"ကျန်းရှောင်ယီတစ်ယောက်တည်းတောင် ငါအတော်ဒုက္ခရောက်ခဲ့ရတယ်၊ အခုလို ရဲ့နန်းထင်၊ ဟွာဟူချွန်နဲ့ ကြေးမျက်နှာတို့ပါ ငါ့ရန်သူတွေဖြစ်သွားကြရင် ငါတော့ခက်ပြီ၊ အကြီးအကျယ်ခက်ပြီ"

ကျန်းပျန့်ဟုန်သည် နဂိုကပင် သံသယစိတ်၊ စိုးရိမ်စိတ်များသူဖြစ်သည်။ ယခု သူကိုယ်တိုင်မျက်မြင်ဖြစ်ခဲ့သည်။ ဟွာဟူချွန်နှင့် ရဲ့နန်းထင်ပေါင်းစည်းမိသွားသည်။ ကြေးမျက်နှာသိုင်းသမားနှင့် ကျန်းရှောင်ယီ အတူသွား အတူလာဖြစ်သွားကြသည်။ သူတို့လေးယောက်တို့မှ မိမိကိုဒုက္ခမပေးလျှင် မည်သူက မိမိအားဒုက္ခပေးမည်နည်း။

အချိန်ကား သန်းခေါင်ကျော်ခဲ့ပြီ။ ဝါးရွက်များပေါ်တွင် နှင်းရည်တို့ စိုရွှဲနေကြပြီ။ နှင်းရည်နှင်းစက်တို့ အောက်သို့ခုန်ဆင်းနေကြပြီ။ ကျန်းပျန့်ဟုန်၏ကိုယ်ပေါ်သို့ နှင်းရည်တွေ တစက်စက်ကျနေသည်။

သူ့မျက်နှာပေါ်သို့လည်း နှင်းရည်နှင်းစက်များ ကျနေသည်။

သူသည် ဤသည်တို့ကို သတိ မပြုမိပါ။ သူတွေးနေသည်မှာ သူ့ရန်သူများကို ဖြိုဖျက်ရန်သာဖြစ်ပါလေသည်။

"သူတို့လေးယောက်ကို ငါဘယ်နည်းနဲ့တိုက်ခိုက်ရင် ရမလဲ၊ ငါတစ်ယောက်တည်းအင်အားနဲ့တော့ နိုင်မှာမဟုတ်ဘူး၊ ငါအကူအညီရှာမှဖြစ်မယ်၊ ဒါပေမယ့် ငါ ဘယ်သူ့ကိုအကူအညီသွားတောင်းရမှာလဲ"

ဝါးရွက်ပေါ်တွင် ပိုးကောင်ကလေးတစ်ကောင်ရှိ၏။ ထိုပိုးကောင်ကလေး အောက်သို့ကျလာသည်။ ထိုပိုးကောင်ကလေးမှာ ကျန်းပျန့်ဟုန်၏ခေါင်းပေါ်သို့ ကျသွားသည်။

ကျန်းပျန့်ဟုန်က သူ့ခေါင်းပေါ်မှ ပိုးကောင်ကလေးကို လက်ဖြင့်ဖမ်းယူလိုက်သည်။ ပိုးကောင်ကလေးမှာ သူ့လက်ဝါးပေါ်တွင် တရွရွနှင့်လှုပ်ရှားနေသည်။ ဤပိုးကောင်ကား မြွေကလေးတစ်ကောင်ကဲ့သို့ရှိ၏။ ကျန်းပျန့်ဟုန်သည် မျက်နှာကြီးရွှင်ပျသွားသည်။

"ဟုတ်ပြီ၊ ငါဘာဖြစ်လို့ သူ့ကို အစောကြီးကတည်းက မစဉ်းစားမိတာပါလိမ့်၊ သူ့အင်အားနဲ့ မလောက်သေးရင် ဟိုကျားရိုင်းလင်မယားကိုခေါ်မယ်၊ အဲဒီလိုဆိုရင် ငါ့ဘက်က လေးယောက်ဖြစ်သွားမယ်၊ ငါတို့က လေးယောက် သူတို့ကလည်း လေးယောက်ဆိုတော့ ညီမျှသွားပြီး တစ်ဘက်စောင်းနင်း အတိုက်အခိုက်မခံရတော့ဘူးပေါ့"

ကျန်းပျန့်ဟုန် ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး ထွက်ခွါခဲ့၏။ သူသည် ကြေးမျက်နှာသိုင်းသမားနှင့် ကျန်းရှောင်ယီတို့ရှိသည့် အဆောင်ကိုလှမ်းကြည့်သည်။ တံခါးမှာပိတ်ထားပြီး မီးရောင်ထွက်ပေါ်နေသည်။

နေရစ်ပေဦးတော့ ကြေးမျက်နှာသိုင်းသမားကြီး...

နေရစ်ပေဦးတော့ ကျန်းရှောင်ယီ...

ေ ေ ေ



အခန်း(၁၂၁)

## သခင်မနှစ်ဦး

အိမ်ထဲမှာ မီးငြိမ်းသေသွားပြီဖြစ်သည်။ ကြယ်ရောင်၏ အလင်းရောင်က ပြတင်းပေါက်မှနေ၍ ဖြန့်ကြက်ကျရောက်နေသည်။

ရှောင်ယီမှာ ဤအတိုင်းပင်နေနေရသည်။ အခန်းထဲတွင် မွှေးရနံ့မှာ ပို၍သင်းပျံ့နေသည်။ ထိုစဉ် အခန်းထဲသို့ နောက်ထပ် လူတစ်ယောက် ရောက်ရှိလာသည်ဟု ထင်မှတ်ရလေသည်။

လှုပ်ရှားမှုက မသိသာလှချေ။ သူ့အထင် မှန်ကန်ကြောင်းကြားမှီ ရှောင်ယီသိလိုက်ရသည်။ ကြေးမျက်နှာသိုင်းသမား၏အသံက အမှောင်ထဲမှ ထွက်ပေါ်လာလေသည်။

"မင်း...ဘာကြောင့် အခုမှ ရောက်လာရတာလဲ"

အမှောင်ထဲမှ အမျိုးသမီးတစ်ယောက်၏ဖြေကြားသံကို ကြားလိုက်ရလေသည်။

"ဟုတ်ပါတယ်၊ ကျွန်မ နည်းနည်းနောက်ကျသွားပါတယ်"

ထိုအမျိုးသမီး၏အသံမှာ အလွန်အေးစက်သည်။ ကြက်သီးထစရာမွှယ်အသံပင်။ ရှောင်ယီမှာ အံ့သြသွားသည်။ ကြေးမျက်နှာ သိုင်း

သမားတွင် အမျိုးသမီးအပေါင်းအသင်းလည်း ရှိနေသည်တကား။

မီးလင်းလာသည်။ ဖယောင်းတိုင်မီး ထွန်းညှိလိုက်ခြင်းဖြစ်သည်။ ထိုအခါကျမှ မီးရောင်ဖြင့် ထိုအမျိုးသမီး၏မျက်နှာကို ရောင်ယီ တွေ့လိုက်ရသည်။

ထိုအမျိုးသမီးသည် ဝတ်စုံနက်ကိုဝတ်ဆင်ပြီး ဆံပင်များ ဖား လျားချထားသည်။ သူမ၏မျက်နှာပေါ်တွင် မျက်နှာဖုံးတစ်ခု စွပ်ထားသည်။ မျက်နှာဖုံးမှာ အမူအရာကင်းမဲ့သော မျက်နှာဖုံးတစ်ခုဖြစ်သည်။

ရောင်ယီသည် ထိုအမျိုးသမီးကို မျက်လုံးကြီးပြူးလျက် ကြည့်နေမိသည်။ ထိုအမျိုးသမီးကြီးကလည်း ရောင်ယီကို စူးစိုက်၍ ကြည့်ပြီး ရုတ်တရက် မေးခွန်းထုတ်လိုက်သည်။

"မင်းဟာ ကျန်းရောင်ယီလား"

ရောင်ယီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော် ကျန်းရောင်ယီပါ၊ ခင်ဗျား ဘာကြောင့် ကျွန်တော့်ကိုသိနေရတာလဲ"

"ကျုပ် အစောကြီးထဲက မင်းကိုသိနေတယ်"

အမျိုးသမီးက အေးစက်စက်ဖြင့်ပြောလိုက်သည်။

ရောင်ယီက ခေါင်းတယမ်းယမ်းဖြင့် ပြန်မေးလိုက်သည်။

"ကျွန်တော်ကျတော့ ခင်ဗျားကို ဘာ့ကြောင့် သိမနေတာလဲ"

ထိုအမျိုးသမီးက...

"မင်း ကြေးမျက်နှာသိုင်းသမားကိုသိရင် ငွေမျက်နှာသိုင်းသမားကိုလဲ သိဖို့ကောင်းတာပေါ့"

မှန်ပေသည်။ ထိုအမျိုးသမီး၏မျက်နှာ၌ စွပ်ထားသော မျက်နှာဖုံးမှာ ငွေရောင်မျက်နှာဖုံးဖြစ်ပေသည်။ ပထမ ကြေးမျက်နှာဖုံး၊ ဒုတိယ ငွေမျက်နှာဖုံး။ ထိုငွေရောင်မျက်နှာဖုံးအောက်မှ မျက်လုံးများ



သည် ကြေးမျက်နှာသိုင်းသမား၏ မျက်လုံးများကဲ့သို့ပင် ဝင်းဝင်းလက်သည်။ အေးစက်သည်။ သို့သော် စကားပြောဆိုသံကတော့ ကြေးမျက်နှာသိုင်းသမားထက် အနည်းငယ်ပျော့ပျောင်းသယောင်၊ ချိုသာသယောင်ရှိသည်။ ငွေမျက်နှာအမျိုးသမီးက ကြေးမျက်နှာသိုင်းသမားကို လှမ်းကြည့်ပြီးပြောသည်။

"အစ်ကိုကြီး သူ့ကိုစောင့်ကြည့်ရတာ သိပ်ပင်ပန်းနေပြီ၊ သူ့ကို ကျွန်မလက်ထဲလွှဲပေးပါ၊ ကျွန်မ ဆက်ပြီးစောင့်ကြည့်လိုက်ပါ့မယ်"

"ဒီကောင်လေးက သိပ်လွယ်တာမဟုတ်ဘူး၊ အင်မတန်ဉာဏ်များတယ်၊ သူ့ကို မင်း ရိုးရိုးစောင့်ကြည့်လို့ ရမှာမဟုတ်ဘူး"

ပြောပြောဆိုဆို ကြေးမျက်နှာသိုင်းသမားသည် ရောင်ယီ၏ မျက်နှာကို ဖျန်းခနဲ တစ်ချက်လွှဲရိုက်ချလိုက်သည်။

"သူ ငါ့ကိုဒုက္ခပေးတာများပြီ၊ ဒါဟာ ပထမသင်ခန်းစာပဲ"

ရောင်ယီမှာ မျက်နှာတစ်ပြင်လုံးထူပူပြီး လဲကျသွားသည်။ မူးဝေပြီး နောက်ဆုံး သတိပင်လစ်သွားလေ၏။ ကြေးမျက်နှာသိုင်းသမားက အေးစက်စက် ဆက်၍ပြောလိုက်သည်။

"သူ့ကို ကျုပ်ဆီက ဘယ်သူမှခေါ်သွားဖို့ စိတ်မကူးနဲ့၊ သူ ရှင်နေတဲ့အခါ သူ့ကိုငါမြင်နေချင်တယ်၊ သူသေရင်လဲ ငါကြည့်နေမယ်၊ သူ့တစ်ကိုယ်လုံးပုပ်ပွလာတဲ့အထိ ငါစောင့်ကြည့်မယ်"

ငွေမျက်နှာအမျိုးသမီးက အံ့အားသင့်စွာပြောလိုက်သည်။

"ဟင်...ကျွန်မကိုတောင် မယုံတော့ဘူးပေါ့"

ကြေးမျက်နှာသိုင်းသမားက တစ်လုံးချင်းပြောလိုက်သည်။

"လုလုကို ကျန်းဖုန့်ခေါ်သွားတဲ့နေ့ကစပြီးတော့ ဘယ်သူ့ကိုမှ မယုံတော့ဘူး"

ငွေမျက်နှာအမျိုးသမီး အတန်ငယ်ငေးငိုင်သွားသည်။ သူမ၏မျက်နှာအမူအရာကိုတော့ မမြင်ရပေ။ ပြီးမှ ခပ်ဖြည်းဖြည်းပြောသည်။

"ကျွန်မသိပါတယ်၊ အဲဒီနေ့ကို ရှင်သတိရနေတယ် မဟုတ်လား၊ ကျွန်းဖုန်းကို ကျွန်မ လုယူသွားမယ်လို့ အောက်မေ့နေတယ်မဟုတ်လား"

"မင်း သူ့ကိုချစ်နေတယ်မဟုတ်လား၊ ဒီစကား မင်းပါးစပ်ကပြောတာပဲ၊ မင်းကိုယ်တိုင်ပြောတာပဲ"

ကြေးမျက်နှာသိုင်းသမား၏အသံက မာကျောနေသည်။

"ဟုတ်တယ်၊ သူ့ကိုကျွန်မချစ်တယ်၊ ဒါပေမယ့် ကျွန်မသူ့ကိုပိုင်ဆိုင်ဖို့ လုံးဝမစဉ်းစားခဲ့ပါဘူး၊ အစ်မတော်နဲ့ယှဉ်ပြီး သူ့အချစ်ကိုရအောင်ယှဉ်မလုပ်ခဲ့ပါဘူး၊ ဒါက သစ္စာတရားပါ၊ အမှန်တရားပါ"

ကြေးမျက်နှာသိုင်းသမားဖြစ်သူက ပြန်ပြောသည်။

သူမ၏အသံက မာကျောခြင်းမရှိပေ။ မခံချင်စိတ်ဖြင့် ပြန်ပြောသည့်တိုင် အသံက အောက်ကျို့ ခယသံပါနေသည်။

စူးရဝင်းလက်စွာ ညီမဖြစ်သူ၏မျက်နှာကို ကြည့်နေသည်။ အတန်ကြာစိုက်ကြည့်ပြီးမှ သက်ပြင်းချသည်။

"ကဲ…တို့နှစ်ယောက် ဒီအကြောင်းတွေကို မေ့လိုက်ကြရင် ကောင်းမယ်၊ တကယ်တော့ ဒီအကြောင်းတွေဟာ တို့ရင်ထဲ ထားထိုက်တဲ့အကြောင်းတွေပဲ၊ ပြန်ပြောနေဖို့ မလိုပါဘူး"

သူတို့နှစ်ယောက်ပြောဆိုကြသော စကားများကို အဘယ်မှာလျှင် သူတို့ပြောစကားကို ကြားနိုင်စွမ်းရှိပါမည်နည်း။

ထ ထ ထ



အခန်း(၁၂၂)

## သိုင်းဖျက်ကွက် ဆယ်ကွက်

ရှောင်ယီသတိပြန်ရလာသည်။ ဦးစွာရှုရှိုက်ရသည်မှာ မွှေးရနံ့ပင်ဖြစ်သည်။ ထိုမွှေးရနံ့ကို သူ ကောင်းစွာရင်းနှီးနေခဲ့လေပြီ။

မျက်လုံးဖွင့်ကြည့်လိုက်သောအခါ အလွန်လှပခန့်နားသောဧည့်ခန်းကိုတွေ့ရသည်။ သူ့အိပ်ရာမှာ သာမညအိပ်ရာမဟုတ်ပေ။ ထူထဲသန့်ရှင်းသော မွေ့ရာပင်ဖြစ်သည်။ သူခြုံထားသောစောင်မှာ နူးညံ့ပြီး မွှေးရနံ့သင်းပျံ့လျက်ရှိ၏။ သူ့ခုတင်ရှေ့၌ရပ်နေသော မိန်းမပျိုနှစ်ယောက်ကိုလည်း တွေ့မြင်ရသည်။

ထိုမိန်းမပျိုနှစ်ယောက်စလုံး လှပချောမောကြသည်။ သို့သော်လည်း သူမတို့နှစ်ယောက်စလုံး၏မျက်နှာပြင်၌ အပြုံးအရယ် မရှိပေ။ လူသေမျက်နှာကဲ့သို့ အမူအရာကင်းမဲ့လှချေ၏။

ရှောင်ယီ ခုတင်ပေါ်မှ ထကြည့်လိုက်သည်။ သူ ဘာမှမဖြစ်တော့။ ကောင်းမွန်စွာထနိုင်သည်။ ကောင်းစွာလှုပ်ရှားနိုင်သည်။

မိန်းမပျိုနှစ်ယောက်သည် ရှောင်ယီထထိုင်သည်ကို အေးစက်စက်မျက်လုံးများဖြင့် လှမ်းကြည့်နေသည်။ သူတို့သည် မူလရပ်နေရာမှ တစ်လက်မကလေးမျှ မရွေ့လျား မလှုပ်ရှားကြပေ။ သစ်သားပန်းပု

ရှပ်ကြီးနှစ်ရှပ် ချထားသည့်အလား ရှိနေသည်။

ထိုအခါ ရောင်ယီမှာ လွန်စွာ အံ့အားသင့်သွားရတော့သည်။

''သည်အိပ်ခန်းက တယ်လဲခန်းနားပါကလား၊ အင်း...ကျုပ် အခုရောက်နေတာ လူ့ပြည်တော့ဟုတ်မယ်မထင်ဘူး၊ နတ်ပြည်က နတ်နန်းဆောင်တစ်ဆောင်ပဲ ဖြစ်ရမယ်၊ ဧကန္တ ကျုပ်သေပြီး နတ်ပြည်ရောက်နေတာပဲဖြစ်ရမယ်''

မိန်းမပျိုနှစ်ယောက်က သူ့အား ငြိမ်သက်စွာ ကြည့်နေကြလေသည်။ မည်သည့်စကားမျှ ပြန်မပြောကြချေ။

''မင်းတို့နှစ်ယောက်ဟာ သိပ်လှကြပါကလား၊ ဟုတ်မယ်- ဟုတ်မယ်၊ မင်းတို့နှစ်ယောက်ဟာ နတ်သမီးတွေပဲဖြစ်ရမယ်၊ လူ့ပြည်ကမိန်းကလေးတွေဟာ မင်းတို့လိုလှကြမှာမဟုတ်ဘူး၊ နတ်သမီးတွေသာ ဒီလိုလှကြတာ''

ရောင်ယီသည် မိန်းမပျိုနှစ်ယောက်ရှေ့သို့သွားရပ်ပြီး မျက်နှာလေးများကို သေချာစွာကြည့်သည်။ ဘယ်ဘက်မှမိန်းကလေးမှာ ရောင်ယီ၏နောက်ရွတ်ရွတ်အမူအရာကြောင့် ကျခြေကိုတင်း၍မရဘဲရှိလာ၏။

သူမ၏နှုတ်ခမ်းထောင့်စွန်းကလေး ကွေးလာသည်။ ပြုံးချင်သည့်သဘောပင်ဖြစ်သည်။ နောက်ဆုံး မအောင့်အည်းနိုင်တော့ဘဲ ခစ်ခနဲရယ်လိုက်လေတော့သည်။

''ရှင်နတ်ပြည်က နတ်ဆောင်ကိုရောက်နေတာ မဟုတ်ပါဘူး၊ လူ့ပြည်က နတ်ကွန်းဆောင်ထဲရောက်နေတာပါ''

ထိုမိန်းကလေးက ပထမဦးဆုံးအကြိမ် စတင်စကားပြော၏။

''ဟင်...ဟုတ်လား ဒီလိုဆိုရင် ကျုပ်မသေဘူးပေါ့၊ ကျုပ်က ကိုယ့်ကိုယ်ကိုသေသွားပြီလို့ အောက်မေ့နေတာကွ''



''ရှင်မသေပါဘူး၊ မေ့မျောသွားတာပါ၊ အခု ရှင်သတိရလာတာ''

''ဩော်...အင်း ကျုပ်မသေဘဲကိုး၊ အောင်မယ်လေး ဝမ်းသာလိုက်တာဗျာ၊ ကျုပ်မသေဘဲ ခဏခဏ သေရွာပြန်ဖြစ်ခဲ့ရတယ်၊ သည်တစ်ခါတော့ အပျော်ဆုံးပဲ''

ရောင်ယီက သူ့ကိုယ်လုံးကို လက်အစုံဖြင့်ပုတ်နေရာသည်နေရာစမ်းကြည့်လုပ်နေသည်။ တမင်ရယ်စရာလုပ်နေခြင်း ဖြစ်ပေသည်။

ညာဘက်မှ မိန်းမပျိုက ဘယ်ဘက်မှ မိန်းမပျိုကိုကြည့်ပြီး ခေါင်းယမ်းပြလိုက်သည်။ ရောင်ယီနှင့်စကားမပြောရန် တားမြစ်လိုက်ခြင်းဖြစ်လေသည်။ ထိုအခါကျမှ ဘယ်ဘက်မှမိန်းမပျို မျက်နှာပျက်သွားသည်။ သူမသည် စောစောက ရောင်ယီ၏ ပရိယာယ်ညွှတ်ကွင်းတွင် ဝင်မိခဲ့သည်မဟုတ်ပါလော။

မကြာလှပါ။ ကြမ္မာဆိုးသည် လှစ်ခနဲရောက်လာတော့သည်။ လူရိပ်တစ်ရိပ်လှုပ်လာသည်ဟု ထင်ရသည့်ခဏမှာပင် ကြေးမျက်နှာသိုင်းသမားသည် တစ္ဆေတစ်ကောင်လို အခန်းထဲသို့ရောက်ရှိလာလေသည်။ သူသည် ရောင်ယီနှင့်စကားစမြည်ပြောဆိုခဲ့သည့်မိန်းမပျိုလေးကို စူးစူးရှရှကြီးစိုက်ကြည့်နေတော့သည်။

ထိုမိန်းမပျိုမမှာ ငြိမ်သက်စွာရပ်နေရာမှ တဖြည်းဖြည်း ကိုယ်လုံးကလေးတဆတ်ဆတ် တုန်ယင်လာသည်။

''မင်း...ငါထုတ်ထားတဲ့အမိန့်ကို ဖောက်ဖျက်တယ်ပေါ့လေ ဟုတ်လား၊ ပြောစမ်း''

မေးမြန်းသံကလည်း မာကျောခက်ထန်လှသည်။

မိန်းမပျိုမှာ ဝို၍သာ တုန်တုန်ယင်ယင်ဖြစ်လာတော့သည်။

"ကျွန်မ…ကျွန်မ သူ့ကိုစကားစပြောတာ မဟုတ်ပါဘူးရှင်"

"သူကပဲ စပြောပြော၊ မင်းဘာလို့ စကားပြန်ပြောရတာလဲ"

"သူ…သူက နတ်ပြည်ကိုရောက်နေသလားလို့ လာမေးလို့ ကျွန်မက မဟုတ်ဘူးလို့ ပြန်ပြောလိုက်မိတာပါ၊ ကျွန်မကိုခွင့်လွှတ်ပါ၊ ကျွန်မ နောက်တစ်ခါ ဒီလို လုံးဝမဖြစ်စေရပါဘူး"

ထိုမိန်းမပျိုသည် ကြေးမျက်နှာသိုင်းသမားရှေ့တွင် ဒူးထောက်ထိုင်ချပြီး တောင်းပန်လေတော့သည်။

"မင်းသူ့ကိုကြည့်ပြီး ရယ်နေတာ ငါတွေ့ပါတယ်"

"ဟုတ်…ဟုတ်ကဲ့ ကျွန်မရယ်မိပါတယ်၊ သူက သူနတ်ပြည်ရောက်နေတယ်၊ ကျွန်မတို့နှစ်ယောက်ကို နတ်သမီးတွေဖြစ်လိမ့်မယ်လို့ ပြောနေလို့ ရယ်မိတာပါ"

"ဟင်း…ဟင်း…ဟင်း ရယ်ပြီးတော့ မင်း သူနဲ့စကားပြောမယ်၊ နောက်တော့တစ်ဆင့်တက်ပြီး မင်းတို့ ချစ်ကြောင်း ကြိုက်ကြောင်းတွေ ပြောကြတော့မယ်မဟုတ်လား"

"မလုပ်ပံ့ပါဘူးရှင်၊ ကျွန်မ ဒီလိုကိစ္စမျိုး လုံးဝမလုပ်ပံ့ပါဘူး"

ထိုမိန်းမပျိုက လက်ကလေးနှစ်ဖက် ခါယမ်းပြပြီး ကြောက်ကြောက်ရွံ့ရွံ့ပြောသည်။ သို့သော် ကြေးမျက်နှာသိုင်းသမား၏ မျက်လုံးအစုံကား ဒေါသမီးရောင် လင်းမြလင်းလျက်ရှိနေပေသေးသည်။

"မင်း မတ်တတ်ထရပ်လိုက်စမ်း"

ကြေးမျက်နှာသိုင်းသမားက မာကျောခက်ထန်စွာ အမိန့်ပေးလိုက်၏။ မိန်းမပျိုမှာ တစ်ကိုယ်လုံး ဆတ်ခနဲတုန်လှုပ်သွားသည်။

"ကျွန်…ကျွန်မကို ချမ်းသာပေးပါရှင်၊ ရှိခိုး တောင်းပန်ပါ



တယ်၊ နောင် သည်လိုမဖြစ်စေရပါဘူး၊ ချမ်းသာပေးတော်မူပါ"

"ခင်ဗျား သူ့ကိုဘာလုပ်မလို့လဲ၊ သူ့ကိုသတ်ပစ်မလို့လားဟင်၊ ကျွန်တော်နဲ့ စကားလေးတစ်ခွန်းနှစ်ခွန်းလောက်ပြောမိတာ အပြစ်လား၊ ဒါကို အပြစ်ကြီးလုပ်နေရလား"

ရှောင်ယီ မနေနိုင်တော့ဘဲ ကြေးမျက်နှာသိုင်းသမားကို အော်ဟစ်လိုက်သည်။ ကြေးမျက်နှာသိုင်းသမားက အေးစက်စက်ရယ်ကာ…

"မသတ်ပါဘူး၊ သည်အပြစ်အတွက် သူ့လျှာကိုဖြတ်ပစ်လိုက်ရုံပါပဲ"

"ဟင်…လျှာဖြတ်ပစ်မယ်ဟုတ်လား၊ ခင်ဗျား ရက်စက်လှချည်လား၊ စကားလေးပြောမိရုံနဲ့ သည်လောက်အပြစ်ကြီး ပေးရသလား၊ ခင်ဗျားဟာ ကိုယ်ချင်းစာတရား ခေါင်းပါးလွန်းလှတယ်၊ ခင်ဗျားကော ဘယ်သူနဲ့မှ စကားမပြောဘဲ တစ်နေ့လုံးနေနိုင်လို့လား"

"မင်းက သူ့အတွက် စိုးရိမ်ဒေါသဖြစ်နေတယ်ပေါ့ဟုတ်လား၊ မင်းသူ့အပေါ် သံယောဇဉ်ဖြစ်သွားပြီပေါ့ဟုတ်လား၊ မြန်လှချည်လား"

"သည်ကိစ္စ ခုလိုဖြစ်ရတာသူ့အပြစ်မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က သူတို့နှစ်ယောက် အေးစက်တည်ငြိမ်လွန်းလို့ ပြုံးအောင် ရယ်အောင် စကားပြောအောင်လုပ်မိတာပါ၊ အပြစ်ကကျွန်တော့်အပြစ်ပါ"

ရှောင်ယီက အော်ပြောလိုက်သည်။ ကြေးမျက်နှာသိုင်းသမား၏ဒေါသမြားဦးသည် ရှောင်ယီဘက်သို့လှည့်လာသည်။

"မင်းက သူ့ကိုယ်စား အပြစ်ဝန်ခံချင်လို့လား၊ သူ့ဘက်ကလိုက်ပြီး ကာကွယ်ရအောင် သူက မင်းနဲ့ဘာတော်နေလို့လဲ၊ ဟင်..မင်းဟာ မင်းအဖေအတိုင်းပါပဲလား၊ မေတ္တာကရုဏာစိတ်ရှိလှချည်လားကဲ…"

ကြေးမျက်နှာသိုင်းသမားသည် 'ကဲ' ဟု နောက်ဆုံးစကားအဆုံး

သတ်ပြီးသည်နှင့်ရှောင်ယီကို ညာလက်ဝါးဖြင့်လှမ်းရိုက်လိုက်သည်။

ရှောင်ယီက နောက်သို့ခုန်ဆုတ်ရှောင်တိမ်းလိုက်ရာ မထိမိဘဲ ဖြစ်သွားသည်။ ကြေးမျက်နှာသိုင်းသမားမှာ ပို၍ဒေါသထွက်သွားပြီး သူ့ရှေ့တွင် ဒူးထောက်ထိုင်နေသော မိန်းမပျို၏ ငယ်ထိပ်အား ရိုက်ချလိုက်လေတော့သည်။

"အား···"

မိန်းမပျိုမှာ ထိုနေရာ၌ပင် လဲကျသွားသည်။ တုတ်တုတ်မျှမလှုပ်တော့ချေ။ တစ်ချက်တည်းနှင့် အသက်ထွက်သွားခြင်းဖြစ်သည်။

"ခင်··ခင်ဗျား··သူ့ကို တကယ်ပဲသတ်လိုက်တယ်၊ ခင်ဗျား သိပ်ရက်စက်တဲ့လူပါလား၊ ခင်ဗျားဟာ ကိုယ့်တပည့်သားမြေးတစ်ယောက်အပေါ် သည်လောက်ရက်စက်ဖို့မကောင်းပါဘူး၊ ခင်ဗျားဟာ လူမဟုတ်ဘူး၊ လူမဟုတ်ဘူး"

ရှောင်ယီသည် ဒေါသထွက်ပြီး အသံကုန်အော်ဟစ်နေလေသည်။ ရှောင်ယီသည် ဒုစရိုက်ကျေးရွာမှလာသူဖြစ်သော်လည်း ရက်စက်ကြမ်းကြုတ်မှုကို ရွံမုန်းသူဖြစ်သည်။

ကြေးမျက်နှာသိုင်းသမားက တဟင်းဟင်းရယ်ပြီး···

"ငါ သူ့ကိုသတ်ပစ်လိုက်တယ်၊ သတ်လိုက်မှပဲ ငါစိတ်ချရတော့မယ်၊ နို့မဟုတ်ရင် သူကမင်းနဲ့ ခိုးရာလိုက်ပြေးသွားရင် သွားလိမ့်မယ်"

"ခင်ဗျားရူးနေသလား၊ သူနဲ့ကျွန်တော်နဲ့ ထွက်ပြေးရအောင် ခုမှစကားလေးနှစ်ခွန်းလောက်ပဲ ပြောရသေးတယ်၊ ခင်ဗျားထင်သလိုဖြစ်ပါ့မလား"

ကြေးမျက်နှာသိုင်းသမားက···

"အခုချက်ချင်းမဖြစ်လာရင်လဲ မကြာခင်အချိန်မှာ ဖြစ်လာလိမ့်မယ်၊ မင်းနဲ့သူ ထွက်ပြေးသွားပြီးတော့မှဆိုရင် ငါသူ့ကိုလိုက်သတ်လို့ ရချင်မှရတော့မှာ၊ ဒါပေမယ့် မင်းတို့နှစ်ယောက် ထွက်ပြေးကြလဲပဲ ငါ့လက်က မလွတ်ပါဘူးလေ၊ အချိန်ကုန်မယ်၊ လူပင်ပန်းမယ်၊ သည်လောက်ပါပဲ၊ မင်းတို့ ဘယ်ပြေးပြေး မိမှာပါပဲ"

"ခင်···ခင်ဗျားဟာ အရူးပဲ၊ တကယ့်အရူးတစ်ယောက်ပဲ၊ မဖြစ်နိုင်တဲ့ကိစ္စတစ်ခုကို ကြိုတွေးပြီး ဆုံးဖြတ်စီရင်တယ်၊ အပြစ်မဲ့တဲ့ မိန်းကလေးတစ်ယောက်ရဲ့အသက်ကို လွယ်လွယ်ကလေးသတ်ပြတ်ပစ်လိုက်တယ်၊ ခင်ဗျားအရူး၊ ရက်စက်ကြမ်းကြုတ်တဲ့ လူသတ်ဘီလူးကြီး"

"ဟား···ဟား···ဟား···ဟား၊ ငါမရူးဘူး၊ ငါက တကယ်ဖြစ်လာနိုင်မယ့်ကိစ္စတစ်ခုကို ကြိုတင်ကာကွယ်တာပဲ၊ မင်းက ငါ့ကို တော်တော်ဒေါသထွက်နေတယ်ပေါ့ဟုတ်လား၊ ကဲ··သည်လိုဆိုရင် ငါ့ကို မင်းတိုက်ပေါ့၊ ငါ့ကို မင်းနိုင်အောင်တိုက်နိုင်ရင် မင်းငါ့ကို သတ်ပစ်လိုက်ပေါ့"

ပြောပြောဆိုဆိုပင် ကြေးမျက်နှာသိုင်းသမားက ရှောင်ယီထံ ခုန်လွှားသွားကာ လက်ဝါးနှစ်ဖက်အား ဝှေ့ယမ်းတိုက်ခိုက်လေသည်။

ရှောင်ယီက ကြေးမျက်နှာသိုင်းသမား၏တိုက်ခိုက်မှုကို ခုခံသည်။ သို့သော် ကြေးမျက်နှာသိုင်းသမား၏ လက်ဝါးရိုက်ချက်သုံးကွက်အရောက်တွင် ရှောင်ယီလွင့်စဉ်ထွက်သွားသည်။ လွင့်စဉ်သွားသည့်အရှိန်ကလည်း ပြင်းထန်လှသည်။

ရှောင်ယီသည် ကြေးမျက်နှာသိုင်းသမားကို မည်သို့မျှမယှဉ်နိုင်ချေ။ ရှောင်ယီမှာ ကြေးမျက်နှာသိုင်းသမား၏ သိုင်းပညာအဆင့်မြင့်မားလှမှုကို လွန်စွာအံ့အားသင့်ရလေသည်။

"အင်း···မင်းဟာ ဘာအဆင့်မှမရှိဘဲ ဖွာဖာချွန်နဲ့တိုက်ရင်

မင်း အများဆုံးအကွက်ငါးဆယ်အထိပဲ တောင့်ခံနိုင်မယ်''

ကြေးမျက်နှာသိုင်းသမားက ဦးခေါင်းယမ်းပြီး စိတ်ပျက်စွာ ပြောသည်။

''မင်း ဟွာဟူချွန်ကို နိုင်ချင်နိုင်လိမ့်မယ်လို့ ငါထင်ထားတာ အခုတော့ စိတ်ပျက်စရာဖြစ်နေရပြီ''

''ကျွန်တော်သူ့ကိုနိုင်နိုင် မနိုင်နိုင် ခင်ဗျားဘာပူစရာရှိသလဲ ဗျ''

ရှောင်ယီက အံကြိတ်ပြီး ပြန်ပြောလိုက်သည်။

ကြေးမျက်နှာသိုင်းသမားက အေးစက်စက်အသံဖြင့်...

''မင်း ဟွာဟူချွန်ကို မနိုင်ချင်ဘူးလား''

ရှောင်ယီအံ့သြသွား၏။ ပြန်ကြည့်မိသည်။

''ဟွာဟူချွန်နဲ့ ကျွန်တော်ဟာ မလွဲမသွေ သူသေကိုယ်သေ တိုက်ခိုက်ရမှာပဲ၊ ဟွာဟူချွန်ကို ကျွန်တော်နိုင်တော့နိုင်ချင်တာပေါ့''

''အင်း...မင်း ဟွာဟူချွန်ကို မနိုင်တောင်မှ သူ့ကို ကြာကြာ တိုက်ပွဲဆင်နိုင်အောင် မဟူရာနန်းတော်ရဲ့ အစွမ်းထက် သိုင်းကွက်ကို ချေဖျက်နိုင်မယ့်သိုင်းကွက်တွေ ငါမင်းကိုပေးမယ် နှစ်လအတွင်း တတ်မြောက်အောင်လေ့ကျင့်ပေတော့''

ကြေးမျက်နှာသိုင်းသမားသည် သူ့ရင်ဖုံးအင်္ကျီအိတ်ထဲမှ ပိုးလိပ်ကလေးတစ်လိပ်ကို ထုတ်ယူပြီး ရှောင်ယီရှေ့သို့ ပစ်ချပေးလိုက်လေသည်။ ထို့နောက် အေးစက်စက်ရယ်ပြီး အခန်းထဲမှထွက်သွားလေတော့သည်။

ရှောင်ယီက ပိုးလိပ်ကလေးကို ကောက်ယူလိုက်သည်။ ထိုစဉ် အခန်းထဲသို့ အမျိုးသမီးနှစ်ဦးဝင်လာလေသည်။

ထိုအမျိုးသမီးနှစ်ဦး၏ မျက်နှာထားများမှာလည်း ပြုံးရယ်ခြင်းမရှိ။ အေးစက်နေကြ၏။ မျက်နှာဖုံးများစွပ်ထားသလိုပင်။

သူတို့သည် သေဆုံးနေသော မိန်းမပျို၏အလောင်းကို သယ်မယူသွားကြသည်။ စကားတစ်ခွန်းမျှမပြောချေ။

အခန်းထဲတွင် ရှောင်ယီနှင့် ကျောက်ရုပ်ကဲ့သို့ငြိမ်သက်စွာရပ်နေသောမိန်းမပျိုတို့သာ ကျန်ရစ်ခဲ့သည်။

ရှောင်ယီသည် အကြီးအကျယ်စိတ်ဆင်းရဲသွား၏။ အပြစ်မရှိသောမိန်းမပျိုတစ်ဦးအား ရက်ရက်စက်စက်သတ်ဖြတ်ခြင်းအတွက် သူသည် ကြေးမျက်နှာသိုင်းသမားကိုလွန်စွာမုန်းတီးသွား၏။ သို့သော် သိုင်းပညာမှာ သူ့ထက်အဆပေါင်းများစွာ သာလွန်နေပြန်သဖြင့် သူ မုန်းတီးမှုကို အကောင်အထည်ဖော်ရန် မတတ်နိုင်ပြန်ပေ။

သူသည် ကျောက်ရုပ်နှယ် ရပ်နေသော မိန်းမပျိုကို တစ်ချက်ကြည့်လိုက်သည်။ သူစကားမပြောတော့ပါ။ ခုတင်ရှိရာသို့သွားထိုင်ပြီး ပိုးစလိပ်ကို ဖြေကြည့်သည်။ ပိုးလိပ်ကိုဖြန့်လိုက်ရာ သိုင်းကွက်များ ရေးထားသည်ကို မြင်ရသည်။

ပိုးစပေါ်တွင် သိုင်းကွက်ဆယ်ကွက်ကို ရုပ်ပုံများနှင့် ဖော်ပြထားသည်။ ရှောင်ယီသည် အလွန်တစ်ရာဉာဏ်ကောင်းသူဖြစ်၍ ကွမ်းတစ်ယာညက်ခန့်အချိန်အတွင်း ထိုသိုင်းကွက်များကို မှတ်မိသွားသည်။ ဤပိုးလိပ် မရှိလည်း အကြောင်းမဟုတ်တော့ပေ။

မဟူရာနန်းတော်၏ သိုင်းကွက်ဆယ်ကွက်ကို ချေဖျက်နိုင်သည့် ထိုပိုးစပေါ်မှသိုင်းကွက်များကို ကြေးမျက်နှာသိုင်းသမားကြီးသည် အဘယ်ကဲ့သို့သောနည်းဖြင့် တတ်မြောက်ထားပါသနည်း။

ဓဓဓ

အခန်း(၁၂၃)

## ဘဝကံဆိုးသော ရုံရွှေတော်

အခန်းထဲသို့ စောစောက အလောင်းသယ်ဆောင်သွားသော အမျိုးသမီးနှစ်ဦး ပြန်လည်ဝင်ရောက်လာပြန်သည်။

ဤတစ်ကြိမ်တွင် သူတို့သည် သစ်သားလင်ဗန်းကလေး တစ်ချပ်စီကို ကိုင်လာကြ၏။ လင်ဗန်းထဲတွင် အငွေ့တထောင်းထောင်းထနေသော ထမင်းပန်းကန်လုံးကြီး တစ်ပန်းကန်နှင့် ကြက်ကြော်တစ်ကောင်၊ ဘဲပေါင်းကောင်လုံး ဟင်းချိုတစ်ပန်းကန်၊ ကောက်ညှင်းဆီထမင်းတစ်ပန်းကန်နှင့် အရက်တစ်ကရားပါရှိသည်။

ထိုစားဖွယ်သောက်ဖွယ်တို့ကို စားပွဲပေါ်တင်ပြီးလျှင် အမျိုးသမီးနှစ်ဦး ပြန်ထွက်သွားလေသည်။ အခန်းတံခါးပါ ပိတ်သွားကြသည်။

အပြင်က မင်းတုပ်ပါ ထိုးသွား၏။

ထိုအစားအသောက်များကို မြင်သောအခါမှ သူ လွန်စွာဆာလောင်နေပြီဖြစ်ကြောင်း ရှောင်ယီ သတိပြုမိတော့သည်။ စောစောကအဖြစ်အပျက်များက ဆာလောင်မှုကို မေ့လျော့စေခဲ့ပေသည်။

သူက ခုတင်မှထရပ်ကာ စားပွဲဆီသို့သွားထိုင်လိုက်၏။ ဝမ်းဟာနေသဖြင့် စားလိုသောက်လိုစိတ်များရှိနေ၏။



တူကို ကောက်ကိုင်ပြီး ဘဲပေါင်းဟင်းချိုမှ ပေါင်တစ်ချောင်းကိုထိုးညှပ်လိုက်ရာ နူးအိနေသဖြင့်ပါလာသည်။

ဘဲပေါင်းကို ပါးစပ်ထဲထည့်စားရာ အရိုးပါနူးသဖြင့် ဝါးမျိုချလိုက်သည်။

''အင်း…ချိုလိုက်တဲ့ဟင်း၊ ကောင်းလိုက်တဲ့ဟင်း''

ရှောင်ယီ မှတ်ချက်ချလိုက်သည်။

သူသည် ဘဲပေါင်းပေါင်တစ်ချောင်းကို စားလိုက်ပြီးမှ အရက်တစ်ခွက်ငှဲ့သောက်လိုက်သည်။ ထိုတဒင်္ဂအတွင်းမှာပင် သူသည်ကျောက်ရုပ်လို ရပ်နေသော မိန်းမပျိုကို ရုတ်တရက်သတိရသွား၏။ ထို့ကြောင့် လှမ်းကြည့်မိသည်။

အဘယ့်ကြောင့်ဆိုသော် ထိုမိန်းမပျိုသည် ကျောက်ရုပ်သဖွယ် ရပ်နေသော်လည်း မျက်ရည်များက ပါးပြင်ပေါ်သို့ တသွင်သွင် စီးကျနေသောကြောင့်ပေတည်း။ သူမ၏မျက်နှာပေါ်၌ ကြေကွဲဝမ်းနည်းသော အမူအရာမျိုးရှိနေလေသည်။ ငိုနေသည်။ မိန်းမပျို ငိုနေသည်တကား။

ရှောင်ယီသည် သောက်အုံ့ဆဲဆဲဟင်းချိုခွန်းကိုကိုင်လျက် အံ့အားကြီးသင့်နေ၏။

''မင်းဆာရင် လာစားပါ၊ ဟင်းတွေအများကြီးပါ''

ရှောင်ယီက လှမ်းခေါ်လိုက်သည်။

သို့သော် ချက်ချင်းပင်ရှောင်ယီသတိရလိုက်သည်။ ဤမိန်းမပျိုများအနေဖြင့် သူနှင့် လုံးဝစကားပြောခွင့်မရှိခြင်းကိုတည်း။

''မင်း ကျုပ်ကို စကားလာပြောလို့မဖြစ်ဘူး၊ မလာနဲ့ ကျုပ်နဲ့စကားလာမပြောနဲ့''

ရှောင်ယီ တားမြစ်ခြင်းမှာ မကျေးလို၍မဟုတ်ပါ။

ကြေးမျက်နှာသိုင်းသမားက သတ်ပစ်လိုက်သည့် မိန်းမပျိုကို သတိရလာသောကြောင့်ဖြစ်ပါသည်။ သူ့ကြောင့် နောက်ထပ် အပြစ်မဲ့သောမိန်းမပျိုတစ်ဦး မသေစေလိုပါ။ သို့သော် ထိုမိန်းမပျိုသည် ရှောင်ယီရှိရာစားပွဲသို့ လျှောက်လှမ်းလာလေသည်။

ရှောင်ယီ့စားပွဲရှေ့သို့ရောက်သောအခါ ထိုင်ခုံတွင် ဖွေ့ခနဲထိုင်ချလိုက်ပြီး ကြက်ကောင်လုံးကြော်ကို ဆွဲယူလိုက်သည်။ ကြက်ပေါင်တစ်ချောင်းကိုဖဲ့ယူလိုက်ပြီး စားပါတော့သည်။

ရှောင်ယီမှာ မိန်းမပျိုကို အံ့အားသင့်စွာကြည့်နေလေသည်။

မိန်းမပျိုသည် ကြက်ပေါင်တစ်ချောင်း ကုန်သွားအောင် စားပြီးသောအခါ ဘဲပေါင်းဟင်းချိုကို လေးငါးဇွန်းမျှ ခပ်သောက်သည်။ ပြီးလျှင် နောက်ထပ်ကြက်တစ်ပေါင်တစ်ချောင်းကို ဖဲ့ယူစားပြန်သည်။

ထိုမိန်းမပျိုသည် လွန်စွာဆာလောင်မွတ်သိပ်နေဟန်မျိုးလည်း မပေါ်လွင်ပါ။ ငတ်မွတ်မှုရှိပုံလည်း မရပါ။ သို့သော် သူမသည် အစားအသောက်များကို အလောတကြီးစားသောက်နေပါသည်။

ရှောင်ယီမှာ သူဆက်ကြည့်နေလျှင် မိန်းမပျိုရှက်သွားမည်ကို စိုးရိမ်သဖြင့် အချို့ဟင်းခွက်များဆီသို့ မျက်နှာလွှဲလိုက်ပြီး သူ့ဘာသာဆက်လက်စားသောက်ပါတော့သည်။

မိန်းမပျိုကလည်း ကြက်ပေါင်နှစ်ချောင်းကို စားပြီးလျှင် ကောက်ညှင်းဆီထမင်းကို ဇွန်းဖြင့် ခပ်မြန်မြန်ခပ်စားပြန်လေသည်။

ရှောင်ယီက သူမကို ဘာမျှ မပြောချေ။ သူလည်း အားရပါးရပင် စားနေသည်။ ဤသို့ဖြင့် မကြာမီအချိန်အတွင်း ဟင်းလျာအားလုံးကုန်စင်သွားတော့သည်။ ရှောင်ယီကတော့ အများဆုံး စားသူဖြစ်သည်။ မိန်းမပျိုက ဝမ်းဗိုက်ပြည့်လောက်အောင်စားသည်။



"ကျွန်မတို့နှစ်ယောက်စလုံး ဗိုက်ပြည့်အောင် စားထားကြမှဖြစ်မယ်"

မိန်းမပျိုက စတင်စကားပြောလာသဖြင့် ရှောင်ယီ လန့်သွားမိလေသည်။ ရှောင်ယီ တံခါးပေါက်ဆီသို့ လှမ်းကြည့်လိုက်ကာ မိန်းကလေးကို တီးတိုးပြောလိုက်သည်။

"ရှူး…စကားမပြောနဲ့လေ၊ မင်းဒုက္ခရောက်လိမ့်မယ်"

"ကိစ္စမရှိပါဘူး၊ အခုအချိန်မှာ စကားပြောလို့ဖြစ်ပါပြီ၊ တံခါးကိုအပြင်ကနေပိတ်ထားတာပဲ၊ နောက်ပြီးတော့ ကြေးမျက်နှာသိုင်းသမားလည်း သွားအိပ်ပါပြီ၊ ဒီအချိန်ဟာ သူအိပ်နေကျအချိန်ပဲ၊ သူအိပ်မောကျသွားရင် ထမင်းအိုးတစ်လုံးချက်လောက်တော့ကြာတတ်ပါတယ်"

"မင်းကျိန်းသေပြောနိုင်လို့လား၊ သူသွားအိပ်ပြီဆိုတာ…"

"ပြောနိုင်ပါတယ်၊ သူ့အကျင့်ကို ကျွန်မ သိထားပါတယ်၊ ကျွန်မ သိလာခဲ့တာလဲ နှစ်တွေကြာပါပြီ၊ ပြောသံကြားရတာက လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ကျွန်မတို့လို အဆင့်အတန်းရှိတဲ့ မိန်းမပျိုတစ်ယောက်ဟာ ဒီလို သူအိပ်ပျော်နေတဲ့ အချိန်မျိုးမှာ အမျိုးသားတစ်ယောက်ကို လမ်းပြခေါ်ဆောင်ပြီး ထွက်ပြေးသွားကြဖူးသတဲ့"

ရှောင်ယီမှာ မိန်းမပျိုမျက်နှာကို ငေးကြည့်ရင်း နားထောင်နေသည်။

"ကျွန်မတို့နှစ်ယောက် အစာ ဝအောင်စားထားရမယ်"

"ဘာ့ကြောင့် အစာ ဝအောင်စားထားရမှာလဲ"

"အခု စားမထားရင် လမ်းမှာ အစားအသောက်မရနိုင်ဘူးလေ၊ ဆာလောင်နေရင် ပြေးရလွှားရတာ အား ဘယ်ရှိနိုင်ပါ့မလဲ"

"ပြေးရလွှားရအောင်…နေပါဦး၊ မင်းဘာတွေပြောနေတာလဲ"

"ရှင်နဲ့ကျွန်မ ဒီကနေ အတူထွက်ပြေးကြမယ်လေ"

"ဟင်…မင်း ကျုပ်နဲ့ထွက်ပြေးမယ်ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မ ရှင်နဲ့အတူထွက်ပြေးမယ်၊ ကျွန်မ သူ့လက်အောက်မှာ မနေချင်တော့ဘူး၊ သူ့ကိုစိတ်နာတယ်၊ မုန်းတယ်"

ပြောရင်း မိန်းမပျို့မှာ မျက်ရည်များကျလာပြန်၏။

"စောစောက သူသတ်လိုက်တဲ့မိန်းမဟာ ကျွန်မရဲ့ညီမလေးပါ၊ ကျွန်မတို့ညီအစ်မနှစ်ယောက် သူ့ဆီမှာတပည့်ခံနေခဲ့တာ၊ သူ နိုင်းသမျှတာဝန်တွေကို သက်စွန့်ကြိုးပမ်း ဆောင်ရွက်ပေးခဲ့တာတွေကိုမှ မထောက်ထားဘူး၊ ပြုံးမိ၊ ရယ်မိစကားပြောမိတာလေးနဲ့ ရက်ရက်စက်စက်သတ်ပစ်တယ်၊ သူဟာ လူမဟုတ်တဲ့အတိုင်းပဲ၊ ကျွန်မတို့ကို သတ်ချင်သတ်၊ ရိုက်ချင်ရိုက် လုပ်ခဲ့တယ်၊ ကျွန်မ သူ့လက်အောက်မှာ နေရတာ လုံးဝမပျော်ပိုက်တော့ပါဘူး"

ရှောင်ယီ စုတ်သပ်မိသည်။

"မင်းတို့ ညီအစ်မနှစ်ယောက် ဘယ်လိုကြောင့် သူ့ဆီမှာ တပည့်အဖြစ် ရောက်နေကြတာလဲ၊ ဖြစ်မှဖြစ်ရလေကွာ"

"ကျွန်မတို့ ညီအစ်မနှစ်ယောက်ဟာ မိဘမဲ့တွေပါရှင်၊ ဆွေမျိုးအိမ် တစ်အိမ်မှာ မှီခိုနေကြတာပါ၊ နှိပ်စက်အနိုင်ကျင့်ခံရလွန်းလို့ ဖြစ်ချင်ရာဖြစ်၊ မနေဘူးဆိုပြီး ညီအစ်မနှစ်ယောက် ထွက်ပြေးခဲ့ကြတာပါ၊ လမ်းခရီးမှာ သူ့တပည့်မအချို့နဲ့တွေ့ကြုံပြီး သည့်ကို လိုက်ပါလာခဲ့ကြတာပါ"

"သူ့လက်အောက်မှာ သိုင်းပညာကိုစနစ်တကျသင်ရပါတယ်၊ ကောင်းကောင်းစား၊ ကောင်းကောင်းဝတ်ခဲ့ရပါတယ်၊ ဒါပေမယ့် သူ့ကျွန် သူ့အစေအခိုင်းခံဘဝမျိုးပါပဲလေ၊ သူထုတ်တဲ့အမိန့်ကို တစ်သဝေမတိမ်းလိုက်နာရတယ်၊ မှားယွင်းမိရင် အသေးအမွှား ကိစ္စလေးလောက်မှားမိလဲ အနှိပ်စက်ခံရတာပါပဲ"

"မင်းနဲ့ကျုပ် သည်ကနေထွက်ပြေးလို့ သူ့လက်ကလွတ်နိုင်ပါ့မလား၊ သေချာစဉ်းစားပြီးမှဆုံးဖြတ်နော်၊ ကျုပ်က အကြောင်းမဟုတ်ပါဘူး"

"လွတ်နိုင်ပါတယ်၊ သည်နေရာဟာ သူ့ရဲ့ ယာယီစတည်းချတဲ့နေရာပါ၊ သည်နေရာ သည်ခန်းဆောင်ကိုရှာဖွေပေးပြီး သူစတည်းချနိုင်အောင် စီစဉ်ပေးခဲ့တာ ကျွန်မတို့ညီအစ်မနှစ်ယောက်ပါ၊ ထွက်ပြေးနိုင်တဲ့ လမ်းတစ်လမ်းကို ကျွန်မတွေ့ထား သိထားပါတယ်"

"သည်နေရာဟာ ဘာနေရာလဲ"

"အိုမင်းဟောင်းနွမ်းနေတဲ့ နတ်ကွန်းဆောင်တစ်ဆောင်ပါ၊ သည်အခန်းတွေကို ကျွန်မတို့ ခမ်းခမ်းနားနား လှလှပပဖြစ်အောင်ပြင်ဆင်မွမ်းမံထားခဲ့ရတာပါ"

ရှောင်ယီက အခန်းပတ်ပတ်လည်ကို မျက်စိဖြင့် လှည့်ပတ်ကြည့်ရှုလိုက်သည်။

"တံခါးကို အပြင်ကနေမင်းတုပ်ချပြီး ပိတ်သွားတာပဲ၊ တို့ဘယ်လိုထွက်ကြမလဲ"

"တအောင့်နေရင် ဟောသည် စားပြီးသောက်ပြီးတဲ့ ပန်းကန်တွေ လာပြီးပြန်ယူကြလိမ့်မယ်၊ အဲသည်အချိန်မှာ ကျွန်မအပြင်ထွက်"

မိန်းမပျို့ စကားပြောရင်းတန်းလန်းနှုတ်ပိတ်သွားသည်။ အပြင်မှ တံခါးမင်းတုပ်ဆွဲဖြုတ်သံကို ကြားရသောကြောင့်ဖြစ်၏။

❧ ❧ ❧

ပြောသည်။ မိန်းမပျို ဘာမှမပြောဝံ့ဘဲ ခေါင်းကလေးငုံ့ပြီး ထွက်သွားရလေတော့သည်။

ရှောင်ယီမှာ စိတ်ပျက်လက်ပျက်ဖြစ်သွားရသည်။ စောစောက သူနှင့်မိန်းမပျို တိုင်ပင်ထားသောကိစ္စမှာ အလိုအလျောက်ပျက်ပြယ်သွားခဲ့လေပြီ။

"မင်းအပြင်ကနေ တံခါးမင်းတုပ်ထိုးပြီးမှသွား၊ ကြားလား"

"ဟုတ်ကဲ့ရှင့်"

မိန်းမပျိုသည် ရှောင်ယီကိုပင် မျက်လုံးလှန်ပြီး လှမ်းမကြည့်ဝံ့တော့ပါ။ တံခါးပေါက်မှ ထွက်သွားသည်။ တံခါးကို အပြင်မှပြန်ပိတ်သည်။ နောက် တံခါးမင်းတုပ်ထိုးသံကိုကြားလိုက်ရသည်။

ထို့နောက်ဝယ် အခန်းထဲ၌ အပ်ကျသံကိုပင် ကြားရလောက်အောင် ငြိမ်သက်တိတ်ဆိတ်သွားတော့သည်။ ရှောင်ယီသည် တိုက်စစ်အသစ်ဆင်ရန် ထိုတင်းမာသော အမျိုးသမီးကို ခပ်ပြုံးပြုံးလှမ်းကြည့်လိုက်သည်။

သို့သော် ထိုအမျိုးသမီးက မပြုံးမရယ် မျက်နှာထား တည်ကြည်အေးစက်စွာဖြင့် ရှောင်ယီကိုပြန်ကြည့်လိုက်ပြီး နောက်လှည့်သွားသည်။ ထိုင်ခုံတစ်လုံးကိုဆွဲယူသွားပြီး နံရံထောင့်တွင် သွားထိုင်နေလိုက်သည်။

"အစ်မလေးနာမည် ဘယ်နှယ်ခေါ်သလဲ"

ရှောင်ယီ ထိုးစစ်စတင်လေပြီ။

အမျိုးသမီးက အဖက်မလုပ်။ ခါးတွင်ချိတ်ထားသော အိတ်ငယ်ကလေးထဲမှ ပြောင်လက်သော ဓားချွန်ပုံသဏ္ဌာန် လက်နက်ပုန်းလေး တစ်စင်းကို ထုတ်ယူပြီး ကျောက်ခဲကလေးတစ်လုံးကိုပါ ထုတ်



အခန်း(၁၂၄)

## လမ်းပြကယ်တင်သူ

ဝင်လာသူမှာ အမျိုးသမီးတစ်ယောက်ဖြစ်သည်။ အသက်နှစ်ဆယ့်ငါးနှစ်ခန့်အရွယ်ရှိမည်။ သူ့နောက်မှ စောစောက ထမင်းဟင်းလာပို့သော အမျိုးသမီးနှစ်ယောက်ပါလာသည်။

ထမင်းလာပို့ခဲ့သောအမျိုးသမီးနှစ်ယောက်က သူတို့တာဝန်ကို သူတို့လုပ်ကြသည်။ စားပွဲပေါ်မှ စားပြီးသွားသောပန်းကန်ခွက်ယောက်များကို လင်ဗန်းနှစ်ချပ်နှင့်အတူ သိမ်းဆည်းပြီး ပြန်ထွက်သွားကြသည်။

သို့သော် ဝင်လာသောအမျိုးသမီးကမူ ထွက်မသွားဘဲ မိန်းမပျိုကို ခပ်တည်တည်ကြည့်ပြီး အေးစက်စက်အသံဖြင့်အမိန့်ပေးသည်။

"မင်းသွားတော့"

ထိုအမျိုးသမီးသည် မိန်းမပျိုထက် ရာထူးတာဝန် တစ်ဆင့်မြင့်ဟန်ရှိသည်။

"ကျွန်မ··သူ့ကိုစောင့်ကြည့်ဖို့ တာဝန်ကျနေပါတယ်မမ"

"အေး··မင်းကိုစိတ်မချလို့ သခင်မကြီးက ငါ့ကိုတာဝန်သစ်ချပေးလိုက်တာ၊ သူ့ကို ငါစောင့်ကြည့်မယ်၊ မင်းသွားတော့"

ထိုအမျိုးသမီးက မျက်နှာထားတင်းတင်း အသံပြတ်ပြတ်ဖြင့်

ယူသည်။

ကျောက်ခဲကလေးဖြင့် လက်နက်ပုန်းစားသွားနှစ်ဘက်ကို မှတ်တိုက်သွေးနေလိုက်သည်။

"အစ်မလေးက လက်နက်ပုန်းဝိဇ္ဇာတစ်ယောက်ထင်ပါရဲ့နော်၊ ဟောဟိုနံရံပေါ်မှာနားနေတဲ့ တောယင်ကောင်ကို ထိအောင်ပစ်ပြပါလား အစ်မလေးရဲ့အစွမ်းကို ကျုပ်မြင်ချင်လို့ပါ"

ရှောင်ယီက ယင်ကောင်ကိုလက်ညှိုးထိုးပြပြီး လှမ်းပြော၏။

အမျိုးသမီးက သူ့အား အဖက်လုပ်၍မကြည့်ချေ။

သူ့လက်နက်ပုန်းစားကလေးကိုသာ သွေးနေသည်။

ရှောင်ယီထိုင်ရာမှ ထရပ်လိုက်သည်။

အမျိုးသမီး၏ဦးခေါင်း ဆတ်ခနဲမော့လာပြီးလျှင် လက်ထဲမှ စားကလေးကို မြှောက်ရွယ်ပစ်ခတ်ရန် အသင့်ပြင်လိုက်၏။

"ငြိမ်ငြိမ်ထိုင်ရင် ထိုင်၊ ထိုင်မနေချင်ရင် ခုတင်ပေါ်မှာသွားထိုင်နေပါ၊ ယီးတီးယားတားလုပ်မယ်မကြံနဲ့နော်၊ အသည်းနှလုံးရှိတဲ့နေရာတည့်တည့် ဖောက်ဝင်သွားအောင်ပစ်နိုင်တယ်သိလား"

ရှောင်ယီ ပခုံးတစ်ချက်တွန့်ပြီး ပါးစပ်ကို ရွဲ့ပြလိုက်သည်။

ထိုအမျိုးသမီးသည် ကြေးမျက်နှာသိုင်းသမား၏လူယုံ၊ တစ်ပါးကျွန်စစ်စစ်တစ်ယောက်ဖြစ်လိမ့်မည်ဟု ရှောင်ယီတွေးမိသည်။

ထို့ကြောင့် အကြံထုတ်ရန် ခုတင်ရှိရာသို့သွားပြီး လှဲချလိုက်သည်။ သူနှင့်အတူ ထွက်ပြေးမည်ဆိုသော မိန်းမပျိုမှာ မမျှော်လင့်ဘဲဖြစ်ပေါ်လာသော အပြောင်းအလဲကြောင့် အကြီးအကျယ်စိတ်ညစ်သွားပေလိမ့်မည်။ ညီမဖြစ်သူသေဆုံးရခြင်းအတွက် သူမသည် ဖြေမဆည်နိုင်အောင် ခံစားနေရပေလိမ့်မည်။



အစောင့်အမျိုးသမီးကမူ ထိုင်ခုံတွင် ထိုင်ရင်း သူ့လက်နက်ပုန်းစားသွားကို ကျောက်ခဲဖြင့် စိတ်ရှည်လက်ရှည်သွေးနေပေသည်။

ထိုစဉ် အပြင်ဘက်မှ တံခါးမင်းတုပ်ဖြုတ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသဖြင့် ရှောင်ယီ ခေါက်ခနဲထထိုင်လိုက်သည်။

လက်နက်ပုန်းစားသွားသွေးနေသော အမျိုးသမီးသည် မျက်မှောင်ကြုတ်ပြီး တံခါးပေါက်ဆီကို လှမ်းကြည့်နေသည်။

သူမ၏မျက်နှာ၌ တစ်စုံတစ်ခုသက်ာမကင်းဖြစ်နေဟန်တူသည်။ ထိုစဉ် တံခါးပွင့်သွားလေသည်။

ရှောင်ယီနှင့် ထွက်ပြေးရန် တိုင်ပင်ပြောဆိုခဲ့သည့် မိန်းမပျိုပြန်ဝင်လာသည်ကို တွေ့လိုက်ရသဖြင့် ရှောင်ယီ လွန်စွာစိတ်ဝင်စားသွားလေသည်။

"ဘာလဲဟေ့၊ မင်းဘာလုပ်ဖို့ ပြန်ဝင်လာတာလဲ"

အမျိုးသမီးက ထိုင်ရာမှမထဘဲ မိန်းမပျိုကို မျက်မှောင်ကြုတ်ကြည့်ရင်း ငေါက်ဆတ်ဆတ်မေးလိုက်သည်။

ရှောင်ယီက စောင့်ကြည့်နေလေသည်။

"မမကို စာပေးလိုက်လို့ပါ"

"ဘယ်သူပေးလိုက်တာလဲ၊ ဘာကိစ္စနဲ့ပေးတာလဲ"

အမျိုးသမီးက စာကိုလှမ်းမယူသေးဘဲ အံ့အားသင့်စွာဖြင့် မိန်းမပျိုမျက်နှာကိုကြည့်ပြီး မေးခွန်းထုတ်လိုက်လေသည်။

မိန်းမပျိုက…

"ဖတ်ကြည့်လိုက်ပါ၊ သိရပါလိမ့်မယ်"

အမျိုးသမီးလည်း အံ့ဩသောမျက်နှာဖြင့် စာကိုလှမ်းယူပြီး ဖြန့်ကြည့်နေလေသည်။

"ဟင် ဘာမှလဲ ရေးမထားပါလား၊ ဒါဘယ်သူ…အွန့်"

အမျိုးသမီးစကားမဆုံးမီ မိန်းမပျို၏လက်ဝါးစောင်းက သူ့လည်မျိုပေါ်သို့ ပြင်းထန်စွာကျရောက်သွားလေသည်။

အမျိုးသမီးမှာ အွန့်ခနဲအသံတစ်ချက်ထွက်ပေါ်လာပြီး ထိုင်ခုံပေါ်ပစ်ကျသွားလေတော့သည်။ လဲကျသွားပြီးသည်နှင့် လုံး၀ မလှုပ်တော့ဘဲရှိ၏။ လုံး၀ မထနိုင်တော့ချေ။

လျှင်မြန်သည်။ အဖြစ်အပျက်က လွန်စွာလျှင်မြန်လှသည်။

"အစ်ကိုအမြန်လိုက်ခဲ့၊ ကျွန်မနောက်ကသာ လိုက်ခဲ့"

မိန်းမပျိုက ရောင်ယီကိုလှမ်းခေါ်လိုက်ပြီး ခပ်သွက်သွက်ထွက်သွားသည်။ ရောင်ယီလည်း ဘာဘာညာညာတွေးတောမေးမြန်းမနေနိုင်တော့ဘဲ ခုတင်ပေါ်မှခုန်ဆင်းပြီး မိန်းမပျိုနောက်မှ ပြေးလိုက်သွားလေတော့သည်။ အပြင်တွင် လူရိပ်လူရောင်မမြင်ရပါ။

မိန်းမပျိုသည် ရောင်ယီအား အခန်းဆောင်တစ်ခုကိုဖြတ်သန်းပြီးခေါ်ဆောင်သွားသည်။ တံခါးပေါက်တစ်ပေါက်ရှေ့သို့ ရောက်လျှင်သူမက ရုတ်တရက်လှမ်းဝင်သွား၏။ ရောင်ယီလည်း ဝင်လိုက်သွား၏။

အခန်းတွင်း၀ယ် မှောင်ရီသမ်းနေပြီး တစ်ခန်းလုံး ညစ်ပတ်ပေကျံနေကာ ပစ္စည်းအဟောင်းအပျက်တွေနှင့် ရှုပ်ပွနေသည်။ ပစ္စည်းဟောင်းများထားသောအခန်းသာဖြစ်ရမည်။

ပင့်ကူအိမ်များကို တိုးဝှေ့ဖြတ်သန်းကာ ဝင်ခဲ့ကြပြီးနောက် ဟောင်းအိုလှပြီဖြစ်သော ဗီရိုကြီးတစ်လုံးရှေ့ ရောက်ရှိလာကြတော့သည်။ ထိုဗီရိုကြီးအတွင်းတွင် ဆေးထည့်သောကြွေအိုးများထည့်ထားသည်။ ထိုကြွေအိုးများမှာလည်း အပွဲအစွဲများချည်းသာ ဖြစ်ကြသည်။

မိန်းမပျိုသည် ရောင်ယီကိုစကားမပြောပါ။ ရောင်ယီကလည်း မိန်းမပျိုကို ဘာမှမမေးပါ။ မိန်းမပျိုနောက်သို့သာ တစိုက်မတ်မတ်လိုက်ခဲ့ပါသည်။ သူသည် ဤမိန်းမပျိုကိုယုံသည်။ ထို့ကြောင့် ဘာမျှ မမေးခြင်းဖြစ်သည်။

သူတို့သည် ယခုလွတ်မြောက်ရန် ထွက်ပြေးနေကြသည်ဖြစ်သည်မဟုတ်ပါလော။ ယခုမှ စတင်ပြေးခဲ့ခြင်းဖြစ်သည်။ ဤနေရာမှ လွတ်ကျွတ်မည့်နေရာဒေသသို့ မရောက်ရှိသေးကြပါ။

မိန်းမပျိုက ဗီရိုကြီးကို ညာဘက်မှနေပြီး ဘယ်ဘက်သို့ရွေ့လျားသွားအောင် အားစိုက်၍တွန်းနေသည်။ ရောင်ယီက အံ့သြစွာကြည့်နေသည်။ ဗီရိုကြီးမှာ နံရံတွင်ကပ်ထားသည်။

ရောင်ယီက ဝိုင်းကူတွန်းရန် ဟန်ပြင်လိုက်စဉ်မှာပင် ဗီရိုကြီးသည် မိန်းမပျိုတစ်ယောက်တည်း၏တွန်းအားနှင့်ပင် ဘေးသို့ရွေ့လျားသွားသည်။ ထိုအခါကျမှ မိန်းမပျို၏ရည်ရွယ်ချက်ကို ရောင်ယီသိရတော့သည်။

အဘယ့်ကြောင့်ဆိုသော် ဗီရိုနောက်နံရံဝယ် လူတစ်ယောက်သာ ဝင်နိုင်သည့် အပေါက်ဝ တစ်ပေါက်ထွက်ပေါ်လာသောကြောင့်ပေတည်း။

ထိုလှုဝင်ပေါက်မှာ ဗီရိုကြီးဖြင့်ကွယ်ထားသဖြင့် တော်ရုံတန်ရုံလူ မည်သို့မျှမသိနိုင်ချေ။ လျှို့ဝှက်ဝင်ပေါက်ထွက်ပေါက်သာ ဖြစ်ပါတော့သည်။ အတွင်းမှာ မှောင်မိုက်နေသည်။

မိန်းမပျိုက ရောင်ယီကို အရင်ဝင်စေပြီးနောက် သူမကလည်း လိုက်ဝင်သည်။ ဗီရိုကြီးကို အထဲမှနေ၍ ပြန်တွန်းပိတ်လိုက်သည်။

ဤတစ်ကြိမ်တွင် ရောင်ယီပါ ကူတွန်းသဖြင့် မြန်မြန်ကလေး ပြန်ပိတ်သွားသည်။ နံရံအပေါက်ဝပြန်ပိတ်သွားလေပြီ။

အမြင်ဘက်မှကြည့်လျှင် ဗီရိုကြီးသာမြင်ကြပေလိမ့်မည်။

မိန်းပိတ်အောင်မှောင်မည်းနေသော လှိုဏ်ခန်းထဲသို့ သူတို့ ရောက်ရှိသွားကြလေပြီ။ ထိုစဉ် မီးခတ်သံနှင့်အတူ မီးရောင်ကလေး လင်းဖြာလာ၏။ ရောင်ယီကြည့်လိုက်ရာ မိန်းမပျိုက ဖယောင်းတိုင်လေး တစ်ခုကို မီးထွန်းညှိလိုက်ကြောင်း တွေ့ရှိလိုက်ရလေသည်။

မီးရောင်ဖြင့်မြင်ရသည်မှာ ဥမင်လမ်း . . .

ဥမင်လမ်းမှာ ကွေ့ကွေ့ကောက်ကောက်အဆစ်အချိုးများစွာ ရှိကြောင်း လျှောက်ဝင်ပြီးမှသိခွင့်ရကြသည်။

ဖယောင်းတိုင်မီးကိုကိုင်လျက် မိန်းမပျိုက ရှေ့မှသွားသည်၊ သူတို့သည် ယခုထိ တစ်ယောက်နှင့်တစ်ယောက် စကားမပြောမိကြ သေးချေ။

သူတို့နှစ်ယောက်သည် ရှေ့ဆင့်နောက်ဆင့် ဥမင်လမ်းအတိုင်း မပ်သွက်သွက်လျှောက်ဝင်နေကြသည်။ အတန်ကြာလျှောက်ပြီးသော အခါ အချိုးအကွေ့ပေါင်း ငါးဆယ်ကျော်မျှ ချိုးကွေ့လာခဲ့ကြောင်း ရောင်ယီ သိရှိလိုက်၏။ ရောင်ယီသည် နေရာတကာ၌ သတိရှိသူဖြစ်၍ ဥမင်လမ်းထဲ စဝင်ခဲ့သည်မှစ၍ ဝင်္ကပါလမ်းဖြစ်မဖြစ် သိရှိနိုင်ရန် အချိုးအကွေ့များကို မှတ်ထားခဲ့ပေသည်။

နောက်ထပ်အချိုးအကွေ့ဆယ်ခုမျှ ချိုးကွေ့ပြီးသည့်တိုင် သူတို့ ဆက်လျှောက်နေရဆဲဖြစ်သည်။

ဖယောင်းတိုင်လည်း လက်တစ်ဆစ်ခန့်သာ ကျန်ရှိတော့သည်။

"ဟူး . . . ခြေထောက်တွေတောင် ညောင်းလာပြီ၊ ကျွန်မတို့ ဒီနေရာမှာ ခဏလောက် ထိုင်နားကြရအောင်လား"

မိန်းမပျိုက ပြောပြောဆိုဆို ဥမင်နံရံကိုမှီပြီးထိုင်ချလိုက်သည်။



တိုသွားသောဖယောင်းတိုင်လေးကို အနီးတွင်စိုက်ထူလိုက်လေသည်။

ရောင်ယီလည်း သူမ နားဝယ် ထိုင်ချလိုက်သည်။

"ဒီဥမင်လမ်းက ရှည်လှချည်လား၊ အင်း . . . ရှည်တာ အကြောင်း မဟုတ်ဘူး၊ ထွက်ပေါက်ကို မရောက်နိုင်တာက အကြောင်း ဖြစ်နေတယ်"

မိန်းမပျိုက . . .

"ဟုတ်တယ်၊ ဥမင်လမ်းက မရှည်သင့်ဘဲရှည်နေတာ၊ ဒီလို အချိုးအကွေ့တွေများအောင် တမင်ဖောက်လုပ်ထားခဲ့ကြတာထင်ပါရဲ့"

"နောက်ထပ် ဘယ်လောက်ကြာကြာ လျှောက်ကြရဦးမှာလဲ၊ ထွက်ပေါက်ကိုရောက်ဖို့ နီးပြီလား"

"ဟင့်အင်း၊ ကျွန်မ မသိဘူး၊ မခန့်မှန်းနိုင်ဘူး"

မိန်းမပျိုက ခေါင်းခါယမ်းပြလိုက်သည်။

ထိုအခါရောင်ယီမျက်လုံးပြူးသွားတော့သည်။

"ဟင် . . . မင်း မသိဘူးဟုတ်လား၊ ဒါဖြင့် မင်း ဒီအပေါက် က မထွက်ဖူးဘူးပေါ့၊ မိုက်ပါပေ့ကွာ"

"ဟုတ်ကဲ့ မရောက်ဖူးပါဘူး၊ ဒီဥမင်လမ်းကို ကျွန်မတို့ညီ အစ်မနှစ်ယောက်ပဲတွေ့ခဲ့တာ၊ ကျွန်မတို့ညီအစ်မနှစ်ယောက် ဒီနတ်ကွန်း ကို အရင်ဆုံးရောက်လာပြီး ပြင်ဆင်မွမ်းမံဖို့အခန်းတွေ လိုက်ရှာတော့၊ ဒီဥမင်ပေါက်ရှိတဲ့အခန်းကိုလဲ ဝင်ကြည့်ခဲ့ပါတယ်၊ အဲဒီမှာ နံရံမှာကပ် ထားတဲ့ဗီရိုကြီး ရွေ့နေပြီး၊ ဗီရိုနောက်မှာ လူဝင်ပေါက်တစ်ပေါက်ရှိ နေတာတွေ့ရလို့ ဗီရိုကို ကျွန်မတို့ ညီအစ်မနှစ်ယောက် တွန်းဖယ်ပြီး ဝင်ကြည့်ကြပါတယ်၊ ဒါပေမယ့် အတော်ကလေးဝင်ပြီးမှ ထွက်ပေါက် မတွေ့နိုင်သေးတာနဲ့ ပြန်ထွက်လာခဲ့ကြတယ်၊ နောက်ပိုင်းမှာတော့

ထပ်မဝင်ဖြစ်ကြပါဘူး''

''ဟင်း…ငါကတော့ မင်း ဒီဥမင်လမ်းကို ကျွမ်းကျင်တယ်လို့ မှတ်နေတာ၊ လက်စသတ်တော့ မင်းက လွတ်လမ်းအဖြစ်တွေးပြီး ရမ်းသမ်းဝင်ခဲ့တာကိုး၊ ဒီလိုဆိုရင်တော့ ခက်ပြီ၊ တို့ လွတ်ဖို့ ဘယ်လွယ်တော့မလဲ''

''ဘာဖြစ်လို့လဲအစ်ကို''

''ဘာဖြစ်ရမှာလဲ၊ အချို့ဥမင်လမ်းတွေဟာ ထွက်ပေါက်ရယ်လို့မရှိဘူး၊ လမ်းဆုံးရင် လိုဏ်ခန်းတစ်ခန်းပဲ ရောက်သွားတတ်တယ်၊ အေးလေ…ရောက်ပြီးမှတော့ မထူးတော့ပါဘူး၊ တို့ လမ်းဆုံးအောင် ဆက်သွားကြည့်ကြတာပေ့ါ၊ ဆက်မသွားလို့လဲ မဖြစ်ဘူး၊ နောက်ပြန်ဆုတ်ပြီး ထွက်ရင်တော့ အင်း…ကြေးမျက်နှာသိုင်းသမားရဲ့လက်ချက်နဲ့ တို့နှစ်ယောက်စလုံးသေမှာပဲ''

မိန်းမပျိုမှာ ကြက်သီးမွေးညင်းများ ထသွားလေသည်။

ထိုင်ရာမှထရပ်လိုက်ပြီး ငြိမ်းသေတော့မည့်ဖယောင်းတိုင်မီးကို နောက်ထပ်အသစ်တစ်တိုင်ဖြင့် ကူးညှိလိုက်လေသည်။

''ကဲ…ကျွန်မတို့ ရှေ့ဆက်လျှောက်ကြပါစို့၊ လမ်းဆုံးရင် ထွက်ပေါက်တွေ့ပါစေလို့ပဲ ဆုတောင်းပြီးသွားရမှာပဲ''

ရှောင်ယီလည်း မတ်တတ်ရပ်လိုက်ပြီး သူမနှင့်အတူ ရှေ့ဆက်သွားလေတော့သည်။

❧❧❧



အခန်း(၁၂၅)

## လွတ်လမ်းမြင်ပြီ

နောက်ဖယောင်းတိုင် တစ်ဝက်ကျိုးပြန်လေပြီ။

သူတို့နှစ်ယောက်သည် အချိုးအကွေ့ပေါင်း ငါးဆယ်ကျော် ထပ်မံချိုးကွေ့ လျှောက်ခဲ့ပြန်လေသည်။

''ဒီဥမင်လမ်းဟာ ဝင်္ကပါလမ်းများဖြစ်နေမလား၊ ဝင်္ကပါလမ်းဆိုရင်တော့ တို့ပြန်ထွက်လို့ရမှာမဟုတ်တော့ဘူး၊ ဒီလိုပဲ တဝဲလည်လည် ဟိုကွေ့သည်ကွေ့နဲ့ လျှောက်မဆုံးအောင် ဖြစ်နေတော့မှာပဲ''

ရှောင်ယီက မှတ်ချက်ချလိုက်ရာ အလိုလိုမှစိတ်လျှော့နေသော မိန်းမပျိုမှာ လဲပြိုမတတ်ဖြစ်သွားရတော့သည်။ သို့သော် မလျှောက်ဘဲမဖြစ်ပြန်သဖြင့် အားတင်းပြီးလျှောက်ကြရပြန်လေသည်။

သူတို့သည် လျှောက်လေ လျှောက်လေ စိတ်ပျက်အားလျော့လေသာ ဖြစ်နေကြတော့သည်။ နောက်ထပ် အချိုးအကွေ့သုံးကွေ့ကို ချိုးကွေ့ပြီးသောအခါ အတော်အတန်ကျယ်ဝန်းသော လိုဏ်ခန်းကြီးတစ်ခန်းထဲ ရောက်ရှိသွားကြလေသည်။ လမ်းဆုံးသွားကြလေပြီ။

လမ်းဆုံးပြီဖြစ်၏။ ရှောင်ယီပြောခဲ့သလိုပင် ထွက်ပေါက်မရှိသည့်လိုဏ်ခန်းထဲ သူတို့ရောက်ရှိခဲ့ကြပြီ။

မိန်းမပျိုမှာ စိတ်ပျက်အားလျော့စွာ ထိုင်ချလိုက်ပြီး ဖယောင်းတိုင်တိုလေးကို မြေတွင်စိုက်ထူထားလိုက်သည်။ ဖယောင်းတိုင်လေးမှာ လက်တစ်ဆစ်ခန့်သာ ကျန်တော့သည်။

ရှောင်ယီလည်း မိန်းမပျိုအနီး၌ထိုင်ချမိသည်။ ဖယောင်းတိုင်အလင်းက ပျံ့နှံ့လှသည်မဟုတ်ပေ။

သူတို့နှစ်ယောက်စလုံး ခြေထောက်များညောင်းညာနေကြပြီ၊ ပင်ပန်းနွမ်းနယ်နေကြပြီ။

"ဖယောင်းတိုင်ကုန်တော့မယ်၊ မင်းဆီမှာ ဖယောင်းတိုင်အပိုပါသေးလား"

ရှောင်ယီက မိန်းမပျိုလေးအား မေးလိုက်လေသည်။ မိန်းမပျိုက ဦးခေါင်းကို ခပ်ဖြည်းဖြည်းခါယမ်းပြသည်။

"ဖယောင်းတိုင်ကုန်ပြီ၊ ကျွန်မနှစ်တိုင်ပဲ ယူလာတယ်၊ ဒီဥမင်လမ်း ဒီလောက် ရှည်လျားလိမ့်မယ်လို့လဲ မထင်ဘူးလေ၊ ထွက်ပေါက်ရှိမှာပဲလို့ ထင်ထားတာကိုး"

မိန်းမပျိုမှာ သက်ပြင်းရှည်ကြီးချမိလေသည်။

ထို့နောက် သူတို့နှစ်ယောက်သား ငြိမ်သက်သွားသည်။ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြခြင်းဖြစ်သည်။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

ရှောင်ယီက ရုတ်တရက်မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်မနာမည် ထိဖိန့်ကူပါ၊ ရှင့်နာမည်ကကော…"

"ကျုပ်နာမည်က ကျန်းယီ၊ ရှောင်ယီလို့လဲခေါ်တယ်"

"ကျွန်မတို့ ဘယ့်နှယ်လုပ်ကြမလဲ၊ ဒီလိုဏ်ခန်းကြီး ကြည့်ရတာ ကျောက်ဂေါင်တစ်လုံးရဲ့အတွင်းမှာ ဖောက်ထားပုံရတယ်"



ရှောင်ယီက ဖယောင်းတိုင်မီးရောင်ဖြင့် လိုဏ်ခန်းကိုမော်ကြည့်သည်။ ပြီးလျှင် ခေါင်းကိုညိတ်ပြီး…

"ဟုတ်တယ်၊ အပြင်ဘက်ကို ဘယ်လိုနည်းနဲ့မှ ဖောက်ထွင်းထွက်လို့ရမှာမဟုတ်ဘူး၊ ဟူး…ခက်ပြီ၊ ဒီအတိုင်း ပြန်လမ်းကို ပြန်မထွက်ဘဲနေရင်လဲ အစာငတ်ရေငတ်ဖြစ်ပြီး သေမှာပဲ"

"ကျွန်မတော့ ပြန်မထွက်တော့ဘူး၊ ဒီလိုဏ်ခန်းထဲမှာပဲ အစာငတ်ရေငတ်ဖြစ်ပြီး အသေခံတော့မယ်၊ ပြန်သွားရင်လဲ သေမှာပဲ၊ မထူးတော့ပါဘူး၊ အစ်ကို့ကိုတော့ ကျွန်မဆန္ဒအတိုင်း ဆုံးဖြတ်ဖို့ မတိုက်တွန်းပါဘူး၊ အစ်ကိုပြန်ချင်ရင် ပြန်သွားပါ၊ တစ်ခုပဲ သတိပေးပါရစေ၊ ပြန်ထွက်ပြီးတာနဲ့ ဗီရိုကိုသေချာပြန်တွန်းပိတ်ခဲ့ပါ၊ မသေချာလို့ ဥမင်ဝင်လမ်းကို သူတို့တွေ့သွားကြရင် ကျွန်မရှိရာကို သူတို့လိုက်လာပြီး သတ်ကြလိမ့်မယ်၊ ကျွန်မ သူတို့လက်ချက်နဲ့ မသေချင်ဘူး၊ အစာငတ်ရေငတ်တဲ့ဝေဒနာ မခံနိုင်ရင် ကိုယ့်ကိုယ်ကိုသတ်သေဖို့ ဆုံးဖြတ်ထားတယ်"

ရှောင်ယီ သက်ပြင်းချလိုက်သည်။ သူသည် ထိဖိန့်ကူနှင့်အတူ ဤလိုဏ်ခန်းထဲတွင် အစာငတ် ရေငတ်ခံပြီး သေသင့်သလော၊ ထိဖိန့်ကူသည် သူ့ကိုကယ်တင်လိုသဖြင့် ခေါ်ထုတ်လာခြင်းဖြစ်သည်။ ထိဖိန့်ကူကို တစ်ယောက်တည်းပစ်ထားခဲ့ပြီး ပြန်ထွက်သွားရန်ကို သူ စဉ်းစား၍မရပါချေ။

ရှောင်ယီ ဤသို့မလုပ်ရက်ပါ။ သူမကို သူနှင့်ပြန်လိုက်ရန် မည်သို့ သွေးဆောင်ရပါမည်နည်း။ ထိုစဉ် မည်းမည်းသတ္တဝါတစ်ကောင် သူတို့ရှေ့မှဖြတ်ပြေးသွားသဖြင့် ရှောင်ယီရော ထိဖိန့်ကူပါ အထိတ်တလန့် ဖြစ်သွားကြလေသည်။

သတ္တဝါကောင်ကြီးကြီးမားမားတော့ မဟုတ်ပါ။ သို့သော် ကြောင်ပေါက်ကြီးလောက်ရှိသည့် သတ္တဝါတစ်ကောင်ဖြစ်နေသည်။

''ကြွက်…ကြွက်ကြီးတစ်ကောင်ပါလား၊ ဝဝဖီးဖီးကြီး၊ နည်းတဲ့အကောင်ကြီးမဟုတ်ဘူး''

ရောင်ယီက အော်ပြောလိုက်သည်။ ထိဖိန့်ကူမှာ မိန်းမသဘာဝအတိုင်း ကြွက်ကြီးကိုမြင်လိုက်သဖြင့် လွန်စွာထိတ်လန့်သွားသည်။

''ဟော…ဟိုမှာ နောက်ထပ်တစ်ကောင်လာပြန်ပြီ၊ လုပ်ပ…လုပ်ပါဦး၊ ဒီဘက်ကိုပြေးလာနေတယ်၊ အကြီးကြီး… အကောင်အကြီးကြီး…''

ထိဖိန့်ကူသည် ရောင်ယီအား လှမ်းဖက်မိတော့သည်။ သူမ လွန်စွာ ကြောက်ရွံ့နေရှာလေပြီ။

''ရှူး…ဟိတ်…ရှူး''

ရောင်ယီက နောက်ထပ်ပြေးဝင်လာသော ကြွက်ကြီးကို လှန့်ပစ်လိုက်သည်။ ထိုကြွက်ကြီး ထိတ်လန့်သွားပြီး ပထမဖြတ်သန်းသွားသည့် ကြွက်ကြီးပြေးရာဘက်သို့ ပြေးသွားသည်။

''ဒီကြွက်တွေဟာ ကြီးလွန်းလှတယ်၊ ဝဖြိုးလွန်းတယ်၊ သူတို့ ဘယ်ကအစာတွေစားပြီး ကြီးနေသလဲမသိဘူး''

ရောင်ယီသည် နှုတ်မှတတွတ်တွတ်ရေရွတ်ရင်း ကြွက်များထွက်လာရာအရပ်နှင့် ပြေးထွက်သွားသည့်အရပ်များသို့ မျက်စိကစားလေတော့သည်။ စူးစမ်းလေတော့သည်။

ထိုစဉ် ဖယောင်းတိုင်မီးသည် ဟုတ်ခနဲငြိမ်းသွားတော့သည်။ လိုဏ်ဂူကြီးတစ်ခုလုံးလည်း မှောင်အတိကျသွားလေတော့သည်။

ထိဖိန့်ကူမှာ ရောင်ယီနှင့်ကိုယ်ချင်းပူးသွားသည်အထိ တိုး



ကပ်လိုက်သည်။

ကြွက်ကြီးများကို သူမ ကြောက်ပေလိမ့်မည်။

''ဒီကြွက်တွေဟာ ဒီလိုဏ်ဂူထဲမှာနေကြတာ ဖြစ်မယ်၊ တစ်ကောင် နှစ်ကောင်လောက်လည်း ဟုတ်ဟန်မတူဘူး၊ အုပ်နဲ့သင်းနဲ့ နေကြတာပဲဖြစ်မယ်၊ လူသားစားတဲ့ကြွက်တွေအကြောင်း ကျွန်မ ကြားဖူးထားတယ်''

ထိဖိန့်ကူက တုန်ယင်သောအသံနှင့်ပြောသည်။ မှောင်ထဲတွင်ဖြစ်သဖြင့် သူမ၏မျက်နှာအမူအရာကို မမြင်ရချေ။ အကြီးအကျယ် သွေးဆုတ်ဖြူရော်နေမည်ကား သေချာလှသည်။

သူမ၏အသားများအေးစက်နေပြီး တစ်ကိုယ်လုံးတဆတ်ဆတ် တုန်ယင်နေကြောင်း ရောင်ယီ တွေ့ထိခံစားနေရသည်။

''ဒီလိုဏ်ဂူထဲမှာပဲ နေတဲ့ကြွက်တွေ မဖြစ်နိုင်ဘူး၊ အပေါက်တစ်ပေါက်ကနေ အပြင်ဘက်က ဝင်လာတဲ့ကြွက်တွေဖြစ်ရမယ်၊ ဒီလိုဏ်ဂူထဲမှာ သူတို့ ဒီလောက်ဝဖြိုး ထွားကြိုင်းနေအောင်စားဖို့ အစားအစာလုံးဝရှိမနေဘူး အပြင်ဘက်မှာသာရှိမှာ''

ရောင်ယီသည် ထိုစကားပြောအပြီးတွင် သူ၏မျက်လုံးသည် အလင်းရောင်တန်းတစ်ခုကို ရုတ်တရက်တွေ့လိုက်မိလေသည်။

ထိုအလင်းရောင်ထွက်ပေါ်သောနေရာမှာ အပေါက်တစ်ပေါက် ဖြစ်နိုင်ကြောင်း ရောင်ယီခန့်မှန်းမိသည်။ ရောင်ယီသည် ထိဖိန့်ကူကို အသာအယာတွန်းဖယ်ပြီး ထရပ်လိုက်လေသည်။

''အစ်ကို ဘယ်သွားမလို့လဲ''

ထိဖိန့်ကူက အလန့်တကြားမေးသည်။ ရောင်ယီက…

''ဟောဟို ဂူနံရံအခြေမှာ အပေါက်တစ်ပေါက်ရှိတယ်၊ အ

လင်းရောင်ဖျော့ဖျော့ တိုးဝင်နေတယ်လေ၊ မင်းတွေ့ရဲ့လား"

"အင်း…ဟုတ်ပါရဲ့၊ စောစောက ဖယောင်းတိုင်မီးရှိနေတော့ မမြင်ရဘူး၊ အခု မှောင်သွားမှ ဒီအပေါက်က ဝင်နေတဲ့ အလင်းရောင်ကို တွေ့ရတော့တယ်"

"လာ…တို့ အဲဒီဂူနံရံဆီသွားကြည့်ကြမယ်၊ အလင်းရောင်ဝင်နေပုံက ကြွက်တစ်ကောင် ဝင်ထွက်သွားလာတဲ့ အပေါက်ကလေးလောက်တောင်မကဘူး၊ တော်တော်ကြီးပုံရတယ်"

ရောင်ယီနှင့် ထိဖိန်ကူတို့သည် အလင်းရောင်ထွက်ပေါ်သည့်နေရာသို့ ခပ်သွက်သွက်လျှောက်လာကြသည်။

"ဟာ…တို့တော့ လွတ်ပြီဟေ့"

ထိုလိုဏ်ဂူနံရံအခြေတွင် လူတစ်ယောက် လေးဖက်ထောက်ပြီး ခေါင်းတိုးဝင်သွားနိုင်မည်ဟုခန့်မှန်းရသည့် အပေါက်ကြီးတစ်ပေါက်ကို တွေ့လိုက်ရသဖြင့် ရောင်ယီ ဝမ်းသာအားရ အော်ဟစ်မိလေသည်။

"တို့ ဒီအပေါက်ကနေ တိုးထွက်သွားကြမယ်၊ အမြင်မှာ အခန်းတစ်ခုလိုလို တွေ့နေရတယ်၊ အဲဒီအခန်းမှာ ထွက်ပေါက်ရှိလိမ့်မယ်ထင်တယ်၊ အလင်းရောင်က အဲဒီအခန်းကနေဝင်လာတာ"

ရောင်ယီက ဦးစွာ ထိုနံရံပေါက်မှ လေးဘက်ထောက်ပြီး ခေါင်းတိုးဝင်သွားသည်။ ဤသို့ဖြင့် တစ်ဘက်လိုဏ်ဂူထဲသို့ ရောက်သွားသည်။

ထိဖိန်ကူမှာလည်း ရောင်ယီနည်းတူ တိုးဝင်သွားတော့သည်။

သူတို့သည် လိုဏ်ဂူတစ်ခန်းထဲသို့ ရောက်ရှိလာကြပြန်သည်။ ထိုလိုဏ်ဂူ၌ အလင်းရောင်ဝင်နေသဖြင့် သူတို့ လွန်စွာအားတက်သွားကြသည်။



"ဟ…ဘာသေတ္တာတွေပါလိမ့်၊ ဟိုနံရံထောင့်မှာ မနည်းပါလား၊ ထပ်တင်ထားတယ်"

ရောင်ယီက လိုဏ်ဂူထဲတွင် လင်းနေသော အလင်းရောင်ဖြင့် ဂူနံရံထောင့်တွင် စုပုံထပ်တင်ထားသော သေတ္တာကြီးများကို တွေ့မြင်သွားသည်။

"ဒါ…လျှို့ဝှက်ရတနာတွေ ဝှက်ထားတဲ့လိုဏ်ဂူတစ်ခုပဲ ဖြစ်မယ်နဲ့တူတယ်၊ သွားဖွင့်ကြည့်ရအောင်နော် အစ်ကို"

ထိဖိန်ကူက ရှေ့မှထွက်သွားသည်။ သူမက သေတ္တာတစ်လုံးကိုကိုင်လိုက်ပြီးမှ သေချာစွာ ပြန်စစ်ဆေးသည်။

"ထူးဆန်းလိုက်တာ၊ ဒီသေတ္တာတွေဟာ မကြာသေးမီ ရက်လောက်ကမှ ဒီအထဲကိုသယ်သွင်းပြီး ထားထားတဲ့ပုံပဲ၊ သေတ္တာတွေက အသစ်ကြီးပဲရှိသေးတယ်၊ ဖုန်မှုန့်ဆိုတာ လုံးဝမရှိဘူး"

"ဟေ…ဟုတ်လား"

ရောင်ယီလည်း သေတ္တာတစ်လုံးနား ချဉ်းကပ်သွားပြီး သေချာစွာကြည့်သည်။ လက်ဖြင့်လည်း ကိုင်ကြည့်ပွတ်ကြည့်သည်။ မှန်သည် သေတ္တာပေါ်တွင် ဖုန်တစ်မှုန်မျှမရှိချေ။ သေတ္တာများမှာလည်း အားလုံး အသစ်များချည်းဖြစ်လေသည်။ ရောင်ယီသည် ရုတ်တရက် အနီရောင်စာရွက်ကိုတွေ့လိုက်သဖြင့် လျှင်မြန်စွာဖတ်ကြည့်လိုက်သည်။

"တွမ့်ဟော့ဖေ"

ရောင်ယီမှာ လွန်စွာ အံ့ဩသွားလေသည်။

"သူဌေးကြီးတွမ့်ဟော့ဖေရဲ့ သေတ္တာတွေပါလား"

ရောင်ယီမှာ မမျှော်လင့်ဘဲတွေ့လိုက်ရသော သေတ္တာများအတွက် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိသည်။

တွမ့်ဟော့ဖေ၏ငွေသေတ္တာများကို ကျန်းပျန့်ဟုန်တို့ သား အဖနှစ်ယောက် မတော်မတရား ပရိယာယ်ဆင် ယူထားကြပြီး ဤမြေ ရာ၌ လာရောက်ဝှက်ထားခြင်း ဖြစ်ပေလိမ့်မည်။

ကျန်းယီလန်သည် ငွေသေတ္တာများနှင့်အတူ ပျောက်ကွယ်နေ သည်။ ယခု ပျောက်ဆုံးနေသော တွမ့်ဟော့ဖေ၏ငွေသေတ္တာများကို တွေ့ရှိရလေပြီ။

ရှောင်ယီမှာ ဝမ်းသာလွန်းသဖြင့် လိုဏ်ဂူထဲ ပိတ်မိခံနေရသည့် အဖြစ်ကိုပင် တခဏ်မျှ မေ့လျော့သွားမိတော့သည်။

"အစ်ကို ဟောဟိုမှာကြည့်ပါဦး၊ ကျောက်နံရံ ပတ်ကြားအက် ကြီးတစ်ခုနဲ့တူတယ်၊ အဲဒီကနေ အလင်းရောင်တိုးဝင်နေတာ"

ထိဖိန့်ကူက လက်ညှိုးညွှန်ပြပြီး ရှောင်ယီကိုပြောလိုက်သည်။

"အေး… ကြွက်ကြီးတွေဟာ အဲဒီကျောက်ဂူနံရံ့ပတ်ကြား အက်လမ်းကနေ ဂူထဲကိုဝင်လာကြတာပဲဖြစ်မယ်၊ လာ… သွား ကြည့်ရအောင် အပြင်ဘက်ကို ထွက်နိုင်မယ့်အပေါက်ဖြစ်ကောင်းရဲ့"

ရှောင်ယီသည် ထိဖိန့်ကူ၏လက်ကိုဆွဲပြီး ထိုနေရာသို့ အသော နှင်လေတော့သည်။ မှန်ပေသည်။ ထိုပတ်ကြားအက်မှ အပြင်သို့ ထွက်နိုင်ပေသည်။

"ဟာ…အပြင်မှာလူရှိတယ်"

ရှောင်ယီက သူ့နောက်မှ ထိဖိန့်ကူအား သိအောင် ခပ်တိုးတိုး ပြောလိုက်သည်။ သို့မှသာ ထိဖိန့်ကူ စကားပြောဆင်ခြင်မည်။ သတိရှိ မည်မဟုတ်ပါလား။

◦◦◦



ရင့်မျိုးအောင်
VCD,DVD,စာပေငှား

အခန်း(၁၂၆)

## သိုဝှက်ထားသော အသပြာများ

အပြင်တွင် ကျောက်တုံးကြီးတစ်တုံးရှိသည်။

ထိုကျောက်တုံးကြီးဘေးတွင် လူနှစ်ယောက်ထိုင်နေကြသည်။ ထိုလူနှစ်ယောက်သည် မျက်နှာချင်းဆိုင် ထိုင်နေကြခြင်းဖြစ်လေသည်။

ရှောင်ယီနှင့် ထိဖိန့်ကူတို့သည် သူတို့ရှေ့ရှိ မျက်နှာချင်းဆိုင် လှမ်းမြင်ရသည့်လူ၏ မျက်နှာကိုတော့ တွေ့မြင်နိုင်ကြသည်။ နောက် တစ်ယောက်မှ ကျောခိုင်းနေသဖြင့် မျက်နှာကို မမြင်နိုင်ပါ။

ရှောင်ယီမှာ ကြိုတင် မျှော်လင့်ထားသည့်အတိုင်း တွေ့မြင်ရ သဖြင့် ထူးထူးခြားခြားကြီး မအံ့သြမိပါ။ သူတို့ကို မျက်နှာပြုထားသော လူမှာ အခြားသူမဟုတ်၊ ကျန်း ယီလန်ဖြစ်နေသည်။

ကျန်းယီလန်၏မျက်နှာမှာ ဖြူဖတ်ဖြူရော်ဖြစ်နေသည်။

ရှောင်ယီတို့ကို ကျောခိုင်းထားသောလူမှာ ကိုယ်ခန္ဓာတုတ်ခိုင် ထွားကြိုင်းလှသည်။ လူ့ဘီလူးကြီးမျှ ကြီးမားလှသည်။

သူတို့နှစ်ယောက်ရှေ့တွင် ဟင်းခွက်များ၊ အရက်အိုးနှင့်အရက် ပုန်းကန်လုံးများရှိနေသည်။

ကျန်းယိလန်နှင့် ထိုလူကြီးသည် အရက်သောက်ရင်း အံ့တတုံးပစ်နေခြင်းဖြစ်ကြောင်း သိရှိလိုက်ရလေသည်။

"ကဲ... ငါပစ်တော့မယ်နော်၊ ကြည့်ထား၊ ပစ်ပြီးမှ ခံငြင်းမနေနဲ့"

လူ့ဘီလူးကြီးက ကျန်းယိလန်ကို ပြောလိုက်ခြင်းဖြစ်သည်။ ကျန်းယိလန်၏မျက်နှာ၌ စိတ်ပျက်အားလျော့သောအမူအရာများ ပေါ်နေသည်။

"ဟား...ဟား...ဟား သုံးပွင့်၊ ငါနိုင်ပြီ၊ ငါနိုင်ပြန်ပြီဟုတ်လား"

"ဟုတ်ပါတယ်၊ ဒီတစ်ကြိမ်လဲ ကျုပ်ရှုံးပါတယ်"

ကျန်းယိလန်က မချိပြုံးပြုံးပြီး ပြန်ပြောလိုက်သည်။

"ကောင်းပြီ၊ အခုဆိုရင် ငါမင်းကိုနိုင်တဲ့ငွေ စုစုပေါင်း တစ်သန်းသုံးသိန်းတိတိ ရှိသွားပြီနော်"

"ဟုတ်ပါတယ်၊ တစ်သန်းသုံးသိန်းတိတိ ရှိပါပြီ"

ကျန်းယိလန် ခေါင်းညိတ်လိုက်လေသည်။

"ဟား...ဟား မင်းဆီမှာရှိတဲ့ ငွေသေတ္တာက ငွေတွေတော့ ကုန်လုနေပြီပေါ့"

"မကုန်သေးပါဘူး၊ သေတ္တာတွေထဲမှာရှိတဲ့ ငွေတွေတော့ ကုန်လုနေပြီပေါ့"

"မကုန်သေးပါဘူး၊ သေတ္တာထဲမှာရှိတဲ့ငွေတွေဟာ နှစ်သန်းကျော်ကျော်လောက်ရှိပါတယ်"

"အလွန်ဆုံးရှိလှ နှစ်သန်းပါကွာ၊ မင်း အပိုတွေပြောမနေနဲ့"

"မကဘူး ထင်တယ်"



"ငါကတော့ ကစားမိရင် အပြောင်အစင်မှ ကြိုက်တယ်၊ မင်းရှုံးလဲ အပြောင်အစင်ပဲ၊ ငါရှုံးလဲအပြောင်အစင်ပဲ၊ ကဲ...နောက်တစ်ပွဲစမယ်၊ ဒီတစ်လှည့် လောင်းကြေးဘယ်လောက်ထားမလဲဟေ့"

"ခဏလောက်နေပါဦး၊ ကျုပ်တော်စဉ်းစားပါရစေဦး"

"ရတယ်၊ ရတယ်၊ ငါအရက်သောက်လိုက်ဦးမယ်၊ မင်းစဉ်းစားနိုင်တယ်၊ စဉ်းစားသင့်ပါတယ်"

ထိုလူကြီးသည် အရက်အိုးထဲမှ အရက်တစ်ပန်းကန် ငှဲ့သောက်လိုက်သည်။ ဟင်းပန်းကန်ထဲမှ ဟင်းဖတ်ကိုပါ ဖွန်းဖြင့် ခပ်စားလိုက်သည်။ သူက အေးအေးဆေးဆေးပင်။ ကျန်းယိလန် စဉ်းစားနေသည်ကို စားရင်းသောက်ရင်း စောင့်နေခြင်းသာ။

ကျန်းယိလန်မှာ စဉ်းစားလျက်ရှိနေဆဲ...

အရက်သောက်နေသောလူထွားကြီးသည် ဘေးသို့လှည့်ပြီး တံတွေးတစ်ပျစ် ထွေးလိုက်သည်။ ထိုအခါကျမှ ထိုလူကြီး၏မျက်နှာကို တွေ့ရတော့သည်။

"ဟာ... ကျန်းယိလန်နဲ့ လောင်းကစားတဲ့လူဟာ စန်းကွမ်ပါလား"

ရှောင်ယီနှုတ်မှ လွတ်ခနဲ ရေရွတ်မိလိုက်သည်။ မှန်ပါသည်။ လောင်းကစားသရဲ ယင်စန်းကွမ်၊ သိုင်းလောကလူဆိုးကြီး ဆယ်ဦးစာရင်းဝင် ယင်စန်းကွမ်ပင်ဖြစ်ပါလေသည်။

"အစ်ကို သူတို့နှစ်ယောက်ကို သိသလားဟင်"

ထိဖိန့်ကူက လေသံလေးနှင့် ရှောင်ယီနားနားကပ်၍မေးလိုက်၏။ ရှောင်ယီက ခေါင်းညိတ်ပြလိုက်သည်။ စကားမပြောရန်ကိုလည်း လက်နှင့်အချက်ပြလိုက်သည်။

ထို့နောက် ရှောင်ယီသည် ကျန်းယိလန်နှင့် ယင်စန်းကွမ်တို့ နှစ်ယောက်ဘာဆက်လုပ်မည်ကို စောင့်ကြည့်နေမိသည်။

ယင်စန်းကွမ်နှင့် ကျန်းယိလန်တို့နှစ်ယောက်သည် ယခုမှ စတင်ကစားနေခြင်း ဖြစ်ပုံမရပေ။ သုံးလေးရက်မျှ မထတမ်း လောင်းကစားနေကြပုံရသည်။ သူတို့ဆံပင်များ ရှုပ်ပွနေ၏။ အဝတ်အစားများ ဖရိုဖရဲ ညစ်ပေနေ၏။

မျက်နှာများကလည်း အိပ်ရေးပျက်ထားကြဟန်ရှိ၏။

ကျန်းယိလန်အတွေး ပြီးဆုံးသွားလေပြီ။

"ဆရာကြီး…ဆရာကြီးနဲ့ ကျွန်တော်ကစားခဲ့တာခုနစ်ရက် ခုနစ်လီရှိသွားပြီ၊ ဆရာကြီး မပျင်းသေးဘူးလား၊ ကျွန်တော့ပျင်းလာပြီဗျာ"

"ငါကတော့ လုံးဝမပျင်းဘူးကွ၊ ငါက ကစားမိပြီဆိုရင် အပြောင်အစင်ပဲ၊ မင်းမှာရှိတာ အကုန်အစင်ပြောင်သွားရင်ပြောင်၊ ဒါမှ မဟုတ် ငါ့မှာရှိတာအကုန်ပြောင်၊ ဒါပဲ"

"ကဲ…ဒီလိုဆိုရင် ဒီတစ်လှည့်ကစားရင် ကျွန်တော့်လောင်းကြေး တစ်သန်းတင်မယ်ဗျာ၊ ကျွန်တော်ရှုံးလို့ကုန်ရင် ပြီးတာပဲမဟုတ်လား"

များပြားလှသည့် လောင်းကြေးပင်ဖြစ်ပါတော့သည်။ ဤလောင်းကြေးမျိုး မည်သည့်ကြေးစားမျှ လောင်းလိမ့်မည်မထင်။

ကျန်းယိလန်မှာ ယင်စန်းကွမ်နှင့် ဆက်လက် မကစားလိုတော့ကြောင်း ထင်ရှားနေသည်။ သူရထားသည့် ငွေအားလုံးတက်တက်စင် အောင်ကုန်သွားမှပင် အေးလိမ့်မည်ဟု သဘောပိုက်လိုက်ဟန်တူသည်။

"ငါ မင်းရထားတဲ့ ငွေသေတ္တာကို သွားကြည့်ပြီး ခန့်မှန်းပြီး



ပါပြီကွ၊ သေတ္တာထဲက ငွေတွေဟာ အများဆုံးရှိမှ နှစ်သန်းလောက်ပါပဲ၊ အခုမင်းက ငါ့ကိုတစ်သန်းသုံးသိန်းရှုံးခဲ့ပြီဆိုတော့ ခုနစ်သိန်းလောက်ပဲ လောင်းကြေးပြုပါ"

"လိုက်ဂူထဲမှာရှိတဲ့ ငွေတွေဟာ အနည်းဆုံး နှစ်သန်းငါးသိန်းလောက်ရှိပါတယ်ဗျာ"

"မင်း ဒီလိုခန့်မှန်းပြီး ကစားလို့ မဖြစ်ဘူး၊ ငါ လက်မခံဘူး၊ မင်း လောင်းချင်ရင် ခုနစ်သိန်းအကုန်ပဲ ငါလက်ခံမယ်"

ကျန်းယိလန်က…

"တစ်သန်းပဲ လောင်းကြေးထားပါရစေ၊ ကျွန်တော် နိုင်ရင် ကျွန်တော်ရှုံးထားတာ တစ်ဝက်လောက် ပြန်ရသွားတာပေါ့ခင်ဗျာ"

"မဖြစ်ဘူး၊ မင်းရထားတဲ့ငွေက နောက်ထပ် တစ်သန်းမပြည့်ရင်ကြွေးတင်နေမယ်ကွ၊ ဒါမျိုး ငါ မလိုချင်ဘူး၊ အမြတ်ပဲလိုချင်တယ်"

ကျန်းယိလန်က စဉ်းစားလိုက်ပြီးလျှင်…

"ဒီလိုလုပ်မယ်၊ ကျွန်တော်လူကို အပေါင်ခံထားပါ့မယ်၊ ဒါဆို ကစားလို့ ရပြီပေါ့ဗျာ"

ယင်စန်းကွမ်က တဟားဟားရယ်မောလိုက်လေသည်။

"မင်းတစ်ကိုယ်လုံး ဆံပင်ကအစ၊ ခြေထောက်အဆုံးခုနစ်သိန်း မတန်ဘူးကွ၊ ငါက မင်းကို အကြွေးနဲ့သိမ်းယူပြီးဘာလုပ်ရမှာလဲ"

ကျန်းယိလန် မျက်နှာမပျက်ပါ။ သူက ရယ်ပင် ရယ်လိုက်ပါသေးသည်။

"ကျွန်တော်ဟာ ဆရာကြီးအဖို့ ခုနစ်သိန်းမတန်ပေမယ့် ခုနစ်သိန်းတန်မယ့်လူတစ်ယောက်တော့ ရှိပါသေးတယ်၊ သူ့ကို အပေါင်ထားမှာပါခင်ဗျာ"

ယင်စန်းကွမ် အံ့ဘား သင့်သွားလေသည်။

''ဘယ်မှာလဲ…မင်းလူ''

''ကျွန်တော် သွားခေါ်လာပါ့မယ်၊ ဆရာကြီး ခဏလောက် စောင့်ပါခင်ဗျာ၊ ကျွန်တော့်ကို စိတ်ချတယ်မဟုတ်လားခင်ဗျာ''

''စိတ်ချပါတယ်ကွာ၊ မင်း ရထားတဲ့ငွေတွေက ဒီဂူထဲမှာရှိနေတာပဲ၊ မင်းသွားခေါ်ပြီးသာမြန်မြန်ပြန်လာခဲ့၊ အချိန်တော့ သိပ်မကြာစေနဲ့၊ စောင့်ရတဲ့ဒုက္ခက မသေးဘူးကွ''

ယင်စန်းကွမ်သည် ခုနစ်သိန်းတန်သောလူကို တွေ့လိုသည့်ဆန္ဒ တဖွားဖွားပေါ်လာသည်။ ယောကျ်ားလော၊ မိန်းမလောဟု မမေးလိုက်သဖြင့် သူ့ကိုယ်သူ ဒေါသဖြစ်သွားသေးသည်။

ကျွန်းယိလန် ထိုင်ရာမှ ထရပ်လိုက်သည်။ ညောင်းညာလွန်းလှသောကြောင့် ရုတ်တရက် မတ်မတ်မရပ်နိုင်သေးဘဲ ကုန်းကုန်းကွကွဖြစ်နေသေးသည်။ အတန်ကြာ ခြေဆန့်လက်ဆန့်လုပ်လိုက်မှ ပုံမှန်အနေအထားသို့ ပြန်ရောက်သွားသည်။

''ဆရာကြီး သည်းခံပြီးသာ ခဏလောက် ထိုင်စောင့်ပါနော်''

ကျွန်းယိလန် ပြေးထွက်သွားလေ၏။

ရှောင်ယီအနေဖြင့် ယင်စန်းကွမ်ကို မကြောက်ချေ။ ယင်စန်းကွမ်က သူ့အားခင်ခင်မင်မင်ရှိသည်ကို ရှောင်ယီသိ၏။ သူနှင့်ထိဖိန့်ကူ ထွက်ပြီးတွေ့ဆုံလျှင် ယင်စမ်းကွမ်က မည်သို့မျှ ဒုက္ခပေးမည်မဟုတ်ကြောင်း ရှောင်ယီသိသည်။

သို့သော် ကျွန်းယိလန် မည်သူ့ကိုခေါ်လာမည်။ မည်သို့ ဉာဏ်နီဉာဏ်နက်ထုတ်မည်ကို သိလိုသဖြင့် ရှောင်ယီသည် ကျောက်ဂူ ပတ်ကြားအက်အတွင်းမှ အပြင်သို့မထွက်တော့ချေ။ ထိဖိန့်ကူကိုလည်း



ခေတ္တစောင့်ရန် ခြေဟန်လက်ဟန်ဖြင့်အချက်ပြလိုက်သည်။ ယင်စန်းကွမ်မှာ အရက်သောက်လိုက်၊ ဟင်းများကိုစားလိုက်လုပ်နေသည်။

စောင့်ရသည့်အလုပ်မှာ အမှန်တကယ် စိတ်ပျက်စရာကောင်းသည်။ ထမင်းအိုးတစ်လုံးကျက်ခန့် ကြာလည်း မလာသေး၊ နှစ်အိုးကျက်ခန့်ကြာလည်း မလာသေးသောအခါ ယင်စန်းကွမ်မှာ အေးအေးဆေးဆေး အရက်သောက်မနေနိုင်တော့ပေ။ သူကဲ့သို့ ဒုက္ခရောက်နေသူများမှာ ရှောင်ယီနှင့်ထိဖိန့်ကူတို့ပင် ဖြစ်ကြသည်။

အတော်ကြီးအချိန်ကြာမှ ကျွန်းယိလန်သည် မျက်နှာကို ပဝါအုပ်ထားသော လူတစ်ယောက်ကို လက်ဆွဲခေါ်ဆောင်လာသည်။

သူခေါ်ဆောင်လာသောသူမှာ ကိုယ်ဟန်နွဲ့နှောင်းသည့် မိန်းမသားတစ်ဦးဖြစ်ကြောင်း မြင်ရုံနှင့်သိနိုင်ကြသည်။ မျက်နှာကို ပဝါအုပ်ထားသည့်အတွက် မည်သူဖြစ်သည်ကိုမူ မသိနိုင်ကြပေ။

ကျွန်းယိလန်က သူခေါ်လာသော အမျိုးသမီးကို သူ့ဘေးတွင် ထိုင်စေသည်။

''မင်းခေါ်လာတဲ့လူက မိန်းကလေးပါလား''

ယင်စန်းကွမ်က မျက်နှာ ဇာပဝါအုပ်ထားသော အမျိုးသမီးကို သေချာစူးစိုက်ကြည့်ပြီး ကျွန်းယိလန်ကိုပြောလိုက်၏။

ကျွန်းယိလန်က ခေါင်းညိတ်လိုက်သည်။

''ဟုတ်ကဲ့- မိန်းကလေးဗျ ခုနစ်သိန်း တန်ကြေးထားလို့ရမှာပေါ့၊ ယောကျ်ားကလေးဆိုရင် ဆရာကြီးက ဘယ်တန်ဖိုးထားပါ့မလဲ''

ယင်စန်းကွမ်က ခေါင်းခါ၏။

''မင်းဆီက မိန်းကလေးကို ငါမလိုချင်ပါဘူး''

''ဘာဖြစ်လို့လဲ ဆရာကြီး''

"သူတစ်ပါးပိုင်ပြီးသားပစ္စည်းကို ငါမသုံးချင်လို့ကွ"

"စိတ်ချပါဆရာကြီး၊ ဒီမိန်းကလေးကို ကျွန်တော်မပိုင်သေးပါဘူး၊ ငွေရရာရကြောင်းအတွက် ထိန်းသိမ်းထားတာပါ။ ဆရာကြီးလက်ထဲရောက်ရင် ဒီမိန်းကလေး ဘယ်လိုဆိုတာ ဆရာကြီးသိမှာပါခင်ဗျာ"

"မင်းရဲ့မိန်းကလေးမျက်နှာကို ငါကြည့်စမ်းပါရစေ"

ယင်စန်းကွမ်က တောင်းဆိုလိုက်သည်။ ကျန်းယိလန်လည်း မိန်းကလေး၏မျက်နှာမှဇာပဝါကို ဖြုတ်ချလိုက်သည်။

"ဟင်..."

ရှောင်ယီမှာ အာမေဋိတ်သံ အပြင်မထွက်အောင် အရေးတကြီး ကိုယ့်ပါးစပ်ကိုယ် ပြန်ပိတ်လိုက်ရလေသည်။

ရှောင်ယီမှာ အကြီးအကျယ်အံ့အားသင့်သွားသည်။ အဘယ်ကြောင့်ဆိုသော် သူတွေ့မြင်ရသည့် မိန်းကလေးမှာ အခြားသူ မဟုတ်၊ မုယုံကျိုဖြစ်နေသောကြောင့်တည်း။

မုယုံကျိုသည် တွမ်ဟောဖေ၏ဂေဟာမှ ထွက်ပြေးခဲ့ပြီးနောက် လမ်းတကာလမ်း အစိပ္ပါယ်မဲ့လျှောက်သွားနေခဲ့သည်။

သူမသည် မြို့ပြင်သို့ထွက်လာခဲ့ရာ မြို့သို့စနည်းနာရန်ပြန်ခဲ့သောကျန်းယိလန်နှင့် ပက်ပင်းသွားတိုးသည်။

ကျန်းယိလန်သည် မုယုံကျို ပျောက်ဆုံးနေသည့်သတင်းကို ကြားသိပြီးသူဖြစ်ရာ မိန်းကလေးသည် မုယုံကျိုဖြစ်လိမ့်မည်ဟု တွက်ဆပြီး စိတ်လက် မမှန်မကန်ဖြစ်နေသည့်သူမကို လူသူကင်းဝေးသည့်နေရာ၌ ထိန်းသိမ်းထားခြင်းဖြစ်သည်။

ကံဆိုးချင်တော့ ကျန်းယိလန်သည် ယင်စန်းကွမ်နှင့် သွားတိုးသည်။ ယင်စန်းကွမ်က ကျန်းယိလန်နောက် တိတ်တဆိတ် လိုက်ချောင်းရာမှ ကျန်းယိလန်ခမျာ သူ့ငွေသေတ္တာများကို ဖုက်ချိန်မရဘဲ ဖြစ်သွားတော့သည်။ ဤသို့ဖြင့် ကျန်းယိလန်အား သူ့နှင့်လောင်းကစားရန် အကျပ်ကိုင်လေတော့သည်။



ကျန်းယိလန်မှာ မငြင်းရဲသဖြင့် ယင်စန်းကွမ်နှင့် အန်စာတုံးပစ်ရတော့သည်။ ကြောက်ကြောက်လန့်လန့် ကစားနေရသဖြင့် တစ်ပွဲမှမနိုင်ဘဲ အရှုံးကြီးရှုံးနေရတော့သည်။

သို့သော် သူရှုံးရခြင်းမှာ ကံမကောင်း၍ ရှုံးရခြင်းသာဖြစ်၏။ ယင်စန်းကွမ်သည် ကစားသည့်အရာပေါ်တွင် လိမ်လည်ကောက်ကျစ်မှုတော့မရှိပေ။ ယင်စန်းကွမ် အနိုင်အထက်ပြုမှုသည့်ကိစ္စမှာ လောင်းကြေး၌ သူ့ဘက်က အသာစီးယူလော့ရှိသည့်ကိစ္စသာဖြစ်သည်။

ယင်စန်းကွမ်သည် မုယုံကျို၏လှပသော မျက်နှာလေးကို အတန်ကြာအောင် စိုက်ကြည့်နေသည်။ ထိုအကြည့်ကြောင့် ယင်စန်းကွမ်သည် မုယုံကျိုကို သဘောကျသွားပြီဟု ကျန်းယိလန်က ယူဆသည်။ ကျန်းယိလန်အဖို့ မိန်းမသည် အကြောင်းမဟုတ်ပေ။

ငွေသာ အကြောင်းဖြစ်သည်။ သို့သော် ယင်စန်းကွမ်၏စကားသံ ထွက်ပေါ်လာသောအခါတွင်မူ ကျန်းယိလန်မှာ အကြီးအကျယ်စိတ်ညစ်သွားရလေတော့သည်။

"အင်း...ဒီမိန်းကလေးက လှပါတယ်၊ ဒါပေမယ့် လှတဲ့မိန်းကလေးတွေ ဒီလောကမှာ အများကြီးရှိတာပဲကွ၊ မိန်းမလှတွေကို ငါ ရိုးအီနေပါပြီ၊ စိတ်မဝင်စားတော့ပါဘူးဗျာ၊ ဒီမိန်းကလေးနဲ့ထားမယ့် လောင်းကြေးကို ငါလက်မခံဘူးဟေ့"

ကျန်းယိလန် လွန်စွာ စိတ်ဓာတ်ကျသွားသည်။ သို့သော် ဤမိန်းကလေးကို ယင်စန်းကွမ် တန်ဖိုးထားအောင် ကြိုးစားရပေဦးမည်။

"ဒီမိန်းကလေးကို တန်ဖိုးထားရမှာက သူ့ရဲ့အလှတင်မကပါဘူးဗျာ၊ သူဟာ မုယုံဂေဟာက မုယုံကျိုဆိုတဲ့သခင်မလေးပါ"

ယင်စန်းကွမ် မျက်လုံးပြူးသွားသည်။

"ဟေ…သူဟာ မုယုံကျိုလား"

"ဟုတ်ပါတယ်၊ မုယုံကျိုဟာ စိတ်လက် မမှန်မကန်ဖြစ်ပြီး ထင်ရာမြင်ရာလျှောက်သွားနေလို့ ပျောက်ဆုံးနေပါတယ်။ သူ့အစ်မတွေဟာလဲ သူ့ကို သဲသဲမဲမဲလိုက်ရှာဖွေနေကြပါတယ်၊ ကျွန်တော်ကတော့ ကံကောင်းချင်တော့ သူ့ကိုလမ်းမှာတွေ့ပြီး ဒီကိုခေါ်လာခဲ့တာပါ၊ သူ့ကိုသာ ပြန်ပို့ပေးမယ်ဆိုရင် ချင်ကျောင်နဲ့ နန်းကုံ့လျှုတို့ဟာ လာပို့တဲ့လူကို ဘယ်လောက်များ ကျေးဇူးတင်လိုက်ကြလေမလဲ၊ သူတို့ပေးမယ့် ချီးမြှင့်ငွေဟာ ဘယ်လောက်အတိုင်းအတာထိ ရှိမလဲ၊ အဲဒါကို စဉ်းစားကြည့်ပါဦးခင်ဗျာ"

ယင်စန်းကွမ် သဘောပေါက်သွားသည်။ သူ့ပေါင်ကို လက်ဝါးဖြင့် တစ်ချက်ရိုက်လိုက်သည်။

"ကောင်းပြီ၊ ကျုပ်သူ့ကို လောင်းကြေးခုနစ်သိန်းထားပြီး ထပ်လောင်းတာကို လက်ခံမယ်"

ယင်စန်းကွမ်က လောင်းကြေးသစ်ကို အတည်ပြုလက်ခံလိုက်လေသည်။

"သူ့ကိုလောင်းကြေးပြုတာ မသင့်ပါဘူးခင်ဗျာ"

ထိုစကားကို ပြောလိုက်သူမှာ ကျန်းယိလန်မဟုတ်ပါ။

စကားသံကြောင့် ယင်စန်းကွမ်ရော၊ ကျန်းယိလန်ပါ အထိတ်တလန့်ဖြစ်သွားကြလေသည်။ သူတို့လှည့်ကြည့်လိုက်ကြလေသည်။

"ဟေ့…ဘယ်သူလဲ၊ အခု စကားလှမ်းပြောလိုက်တာ…"



ယင်စန်းကွမ်က အသံကြားရာဘက်သို့လှည့်ကာ အော်မေးလိုက်သည်။ ရှောင်ယီသည် ထိဖိန့်ကူ၏ လက်ကိုဆွဲကာ ကျောက်ချပ်ကြားမှထွက်လာခဲ့လေသည်။ သူထွက်ချိန်တန်ပြီဟု ရှောင်ယီယူဆသည်။

ကျန်းယိလန်မှာ ရှောင်ယီအား မြင်တွေ့လိုက်ရသောအခါ အကြီးအကျယ် ထိတ်လန့်အံ့ဩသွားလေသည်။ အန္တရာယ်၏အငွေ့ အသက်များကို သူခံစားလိုက်ရလေပြီ။ ကျန်းရှောင်ယီသည် သူတို့ သားအဖ၏ရန်သူတော် မဟုတ်ပါလော။

"မင်းအသံဖြစ်လိမ့်မယ်လို့တော့ ငါထင်သားပဲ၊ လာဟေ့-လာကွ၊ ဒီမှာလာထိုင်၊ စားစရာတွေရှိတယ် စားကြသောက်ကြကွာ"

ယင်စန်းကွမ်က ရှောင်ယီကို သိပေါင်း ကျွမ်းပေါင်းအား တွေ့သလို လှမ်းခေါ်လိုက်လေသည်။ အရက်နှင့် ရှိနေသော အစားအသောက်များကို မေးငေါ့ပြပြီး စားသောက်စေသည်။

"ခင်ဗျား…ဘယ့်နှယ်လုပ် ဒီရောက်နေတာလဲ"

မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်နေသူကတော့ ကျန်းယိလန်သာဖြစ်ပါသည်။ ယင်စန်းကွမ်က ခပ်အေးအေးပင်။

သူသည် ရှောင်ယီယူဆထားသည့်အတိုင်း ရှောင်ယီအား တူသားနှောင်မယ်သဖွယ် မှတ်ထင်ထားသူဖြစ်သည်။ ဒါကတော့ ထူးခြားသော သူ့စိတ်သဘောသာဖြစ်ပေသည်။

ရှောင်ယီနှင့်အတူ မိန်းကလေးတစ်ဦးလည်း ပါလာသည်ကို တွေ့မြင်လိုက်သဖြင့် ကျန်းယိလန် ပို၍အံ့ဩနေသည်။ ယင်စန်းကွမ်ကတော့ အံ့ဩဟန်မပြပါ။ သူက ယောကျ်ားလေးများ မြာစွဲလျှင် သဘောကျသူသာဖြစ်သည်။ ရှောင်ယီက ယင်စန်းကွမ်ဘေးတွင် ဝင်ထိုင်လိုက်သည်။ ထိဖိန့်ကူကလည်း ရှောင်ယီဘေးတွင်ဝင်ထိုင်လိုက်သည်။

"ရေငတ်နေ ဆာနေတာနဲ့ အတော်ပဲဆရာကြီး၊ ကျွန်တော်တို့ နှစ်ယောက် စားသောက်ပါရစေနော်"

ရှောင်ယီက ခွင့်တောင်းလိုက်သည်။ ကျန်းယီလန်ကို ရှောင်ယီက ဂရုစိုက်ဟန်မပြချေ။

"သြော်ကွာ…စားပါလို့ ငါကပြောနေပြီပဲ၊ ထပ်ခွင့်တောင်းစရာ မလိုပါဘူး၊ စားပါ၊ ကုန်သွားလဲ ကိစ္စမရှိဘူး၊ မင်းတို့သာ ဝအောင် စားကြသောက်ကြ"

"ကျေးဇူးတင်ပါတယ်ဆရာကြီး"

ရှောင်ယီက ယင်စန်းကွမ်အား အရိုအသေပေးပြီး ဂါရဝပြုလိုက်သည်။ ယင်းစန်းကွမ်က ရှောင်ယီအား ကျေနပ်စွာကြည့်နေ၏။

"စားကြ၊ စားကြ"

ဤသို့ဖြင့် ရှောင်ယီနှင့်ထိဖိန့်ကူတို့ နှစ်ယောက်သား စားသောက်ဖွယ်ရာများကို အားရပါးရစားသောက်ကြတော့သည်။

ကျန်းယီလန်မှာ အကြောင်သား ကြည့်နေမိတော့သည်။ သူဘာဆက်လုပ်ရမည်မှန်းမသိအောင် ဖြစ်နေရတော့သည်။

ရှောင်ယီသည် ကျန်းယီလန်ကို ရုတ်တရက် သတိရလေဟန်နှင့် သွင်းအုံ့ဆဲဆဲအစာကို တန့်ငံ့ပြီး လှမ်းကြည့်လိုက်သည်

"မင်းနဲ့ငါ တွေ့ကြရပြန်ပြီ၊ ဟင်း…ဟင်း၊ မင်းငါ့ကိုတွေ့တော့ မအံ့သြဘူးလား၊ မင်းမှတ်ထား၊ ငါဟာ သေရွာပြန်ရှောင်ယီကွ"

ကျန်းယီလန်သည် ရှောင်ယီကို သတ်ချင် ဖြတ်ချင်သောမျက်လုံးများဖြင့် ကြည့်နေသည်။ မည်သည့်စကားမှတော့ မပြောချေ။

ထိုစဉ် အသံကွဲကြီးဖြင့် အော်ဟစ်လိုက်သံ တစ်သံ ခပ်လှမ်းလှမ်းမှထွက်ပေါ်လာသည်။



"အား…အီး…ဟီး ဟီး"

နောက်ထပ် အသံတစ်သံထွက်ပေါ်လာသည်ကို ကြားရပြန်သည်။ ထိုအော်လိုက်သံများကို ကြားရသဖြင့် ယင်စန်းကွမ်မှာ အသံကြားရာဆီသို့ ခေါင်းထောင်ကြည့်မိသည်။ ကျန်းယီလန်၏မျက်နှာ ဖြူရော်သွားသည်ကို ရှောင်ယီသတိပြုမိသည်။

အော်သူနှစ်ဦးသည် အလွန်အမင်း ကြောက်စရာ လန့်စရာကောင်းသည့်အရာကို တွေ့လိုက်ရသောကြောင့် အော်သည့်ပုံစံမျိုးဖြစ်ပေသည်။ အလွန်နာကျည်းသော ဝမ်းခေါင်းသံကြီးနှင့် အော်ဟစ်လိုက်ခြင်းဖြစ်ကြောင်း အားလုံးပင် ရိပ်မိသိရှိကြပေသည်။

"အခု အော်လိုက်တဲ့ လူနှစ်ယောက်ဟာ ခင်ဗျားခေါ်လာတဲ့လူတွေမဟုတ်လား"

ကျန်းယီလန်မျက်နှာကိုစူးစိုက်ကြည့်ပြီး ရှောင်ယီက ခပ်တည်တည်မေးလိုက်သည်။ ရှောင်ယီကား အပွေးမြင် အပင်သိသူဖြစ်၏။ ကျန်းယီလန်ကို လုံးဝ ယုံကြည်သူမဟုတ်ပေ။ ကျန်းယီလန်က ပြန်မဖြေပါ။ ရှောင်ယီကသာ ထပ်၍ပြောသည်။

"ခင်ဗျားလူတွေ အခြေအနေမကောင်းတော့ဘူး၊ ဆိုးရွားတဲ့အခြေအနေတစ်ရပ်ရပ်နဲ့ ရင်ဆိုင်နေရပြီ"

ကျန်းယီလန်သည် ရှောင်ယီကို ဘာမှပြန်မပြောဘဲ ထိုင်ရာမှ ထရပ်လိုက်သည်။ ထိုစဉ် ထူးဆန်းသော တကွဲကွဲအသံများ ခပ်လှမ်းလှမ်းမှထွက်ပေါ်လာသည်။ ထိုအသံကို လူတိုင်းပင် ကြားကြသည်။ ထိုမြည်သံများမှာ သူတို့ရှိရာ လျှင်မြန်စွာ ရွေ့လျားလာနေလေသည်။

ာ ာ ာ

အခန်း(၁၂၇)

## ပြေးသူလိုက်သူ

ရှောင်ယီ၊ ထိဖိန့်ကူ၊ ယင်စန်းကွမ်၊ ကျန်းယီလန်တို့သည် မျက်လုံးအပြူးသားနှင့် တကျိုကျိုမြည်သံများကို စောင့်စားနေမိကြ၏။ သူတို့အားလုံး အကြောအချင်များတောင့်တင်းပြီး စောင့်ဆိုင်းနေမိကြသည်။

ထိတ်လန့်တုန်လှုပ်သောစိတ်များ ဖြစ်ပေါ်နေကြသော်လည်း အမူအရာ၌ဖြစ်ပေါ်မလာစေရန် အားလုံးပင်ထိန်းသိမ်းထားကြသည်။

မုယုံကျိုတစ်ယောက်သာ ကြောက်ရလန့်ရမှန်း မသိဘဲရှိနေသည်။ ကျန်းယီလန်က မုယုံကျို၏လက်မောင်းကလေးကို ဆွဲထားသည်။ အရေးကြုံလျှင် မုယုံကျိုကိုဆွဲပြေးမည့်ပုံပင်။

ထိုစဉ် တကျိုကျိုအော်သံများ ပို၍နီးကပ်လာပြီဖြစ်လေသည်။

မကြာမီ လူရိပ်ငါးရိပ် ထွက်ပေါ်လာသည်။ သူတို့အားလုံး အနက်ရောင်သိုင်းဝတ်စုံများကို ဝတ်ဆင်ထားကြလေသည်။ ထိုသူများ မည်သူများနည်း။

ေ-ေ-ေ



သူတို့ငါးယောက်စလုံး ညာလက်များတွင်ကျားပွတ်တစ်ချောင်းစီကိုင်ထားကြပြီး ဘယ်လက်တွင် သံလှောင်ချိုင့်တစ်လုံးစီ ကိုင်ဆွဲလာကြသည်။

ထိုဝတ်စုံနက်ငါးယောက် ကိုင်ဆွဲလာသော သံလှောင်ချိုင့်များထဲတွင် မျက်လုံးလေးများ စိမ်းဖန့်ဖန့်ဝင်းတောက်လျက်ရှိကြသော သတ္တဝါကောင်လေးများ ပါရှိလာလေသည်။

တကျိုကျို ဆူညံစွာအော်မြည်နေသည်မှာ ထိုသတ္တဝါကောင်လေးများပင်ဖြစ်တော့သည်။

ဝတ်စုံနက်ငါးယောက်တို့သည် ရှောင်ယီ၊ ယင်စန်းကွမ်၊ ကျန်းယီလန်တို့နှင့် လာရောက် ရင်ဆိုင်တွေ့ဆုံကြသည်။ ကျန်းယီလန်က မုယုံကျိုအား အကာအကွယ်ပေးရန် ပြင်ဆင်ထားသည်။

ထိဖိန့်ကူက ရှောင်ယီနောက်သို့ဝင်ကွယ်ပြီး ရပ်နေသည်။

"မိတ်ဆွေတို့က ဘယ်သူတွေများပါလဲ၊ ဘာကိစ္စရှိလို့ ကျုပ်တို့ရှိတဲ့နေရာကို လာခဲ့ကြတာလဲ"

ယင်စန်းကွမ်က အေးစက်စက်အသံဖြင့် လှမ်းမေးလိုက်သည်။

ဝတ်စုံနက်တစ်ယောက်က အေးစက်စက်ပြန်ပြောသည်။

"ကျုပ်တို့လား၊ ကျုပ်တို့က ဒီနေရာကိုလာပြီးတော့ ဟောဒီသတ္တဝါကောင်လေးတွေကို ဖမ်းနေကြတာပါ၊ခင်ဗျားတို့ကို ကျုပ်တို့က ဘာမှမလုပ်ပါဘူး၊ ကျုပ်တို့လိုချင်တာက ဟောဒီသတ္တဝါကောင်လေးတွေပဲ၊ ဒီတော့ ခင်ဗျားတို့ဘာသာ ခင်ဗျားတို့ နေကြပါ၊ ကျုပ်တို့အလုပ်ကျုပ်တို့လုပ်ကြပါ့မယ်၊ ရှင်းကြပါရဲ့လား"

ထိုဝတ်စုံနက်များ၏ လက်ထဲ၌ကိုင်ထားကြသည့် သံလှောင်ချိုင့်များထဲမှ တကျိုကျိုအော်မြည်နေကြသော သတ္တဝါကောင်များမှာ ကြီးမားသောကြွက်ကြီးများဖြစ်ကြောင်း အားလုံး တွေ့လိုက်ရတော့

သည်။ ကြွက်ဖမ်းသူများဖြစ်နေချေတကား။ ယင်စန်းကွမ်က ထိုဝတ်စုံနက်များကို သက်သေမကင်းဖြစ်ဟန်ရှိ၏။

"ခင်ဗျားတို့ ကြွက်တွေဖမ်းဖို့ကိစ္စနဲ့ လာကြတာသက်သက်ပဲလား၊ ကြွက်တွေလိုက်ဖမ်းပြီး ဘာလုပ်ကြမလို့လဲ"

ထိုဝတ်စုံနက်ကပင် ဖြန့်ဖြေသည်။

"ကြွက်တွေလိုက်ဖမ်းပြီးတော့ ပြန်ကြတယ်လေ၊ မီးဖိုဆောင်ရောက်ရင် စားဖို့မှူးလက်ထဲအပ်လိုက်တာပေါ့"

"ဩော်…ခင်ဗျားတို့က ကြွက်သားချက်စားချင်လို့ ကြွက်တွေလိုက်ဖမ်းနေကြတာကိုး၊ ဟား…ဟား ကြွက်သားစားတဲ့လူမျိုးတွေကို ကျုပ် ခုမှပဲတွေ့ဖူးတော့တယ်၊ ရွံစရာကြီးပါလား"

ရှောင်ယီက တမင်ပြောလိုက်ခြင်းသာဖြစ်သည်။ ထိုသူများ၏ ဇစ်မြစ်ကိုသိအောင် ရန်စလိုက်ခြင်းဖြစ်သည်။ ဝတ်စုံနက်ခေါင်းဆောင်က ရှောင်ယီကို စူးစူးရဲရဲကြည့်လိုက်သည်။ ရှောင်ယီအပြောကို သူတို့က သဘောတွေ့ကြဟန်မတူပါ။

"မင်းနာမည် ဘယ်သူလဲ"

ထိုဝတ်စုံနက်ခေါင်းဆောင်က အေးစက်စက်မေးလိုက်၏။

"ကျုပ်နာမည်က ကျန်းရှောင်ယီလို့ခေါ်တယ်၊ ရှောင်ယီ… ကျန်းရှောင်ယီ"

ယင်စန်းကွမ်က တစ်စုံတစ်ရာကို စဉ်းစားနေဟန်တူသည်။ ယင်စန်းကွမ်လိုလူမျိုးသည် တော်ရုံလူမျိုးကို ကြောက်ရွံ့ သည်းခံတတ်သူတစ်ယောက် မဟုတ်ချေ။ သူသည် သိုင်းလောက၏လူဆိုးစာရင်းဝင် ဆယ်ဦးအနက် တစ်ဦးအပါအဝင် မဟုတ်ပါလော။

"ဒါနဲ့ မိတ်ဆွေတို့က ဘယ်အဖွဲ့ကပါလဲ"



ယင်စန်းကွမ်က ရတ်တရက်ဝင်၍ မေးမြန်းစုံစမ်းလိုက်၏။

သို့သော် ထိုဝတ်စုံနက်ကအရေးအဖက်လုပ်ပြီး သူတို့ကိုစကားမပြောတော့ပါ။ ရှောင်ယီကိုလည်း လျစ်လျူရှုလိုက်သည်။

"ကဲဟေ့…အချိန်ကုန်လှပြီ၊ တို့အလုပ် တို့ ဆက်လုပ်ကြရအောင်၊ ဟိုဘက်နားကိုဆက်သွားပြီး ကြွက်တွေကို လိုက်ရှာကြမယ်၊ ဒီနေ့ည ကြွက်အကောင် များများရမှဖြစ်မယ်၊ နည်းနေရင် သခင်ကြီးက တို့ကိုအပြစ်ဆိုပြီး ကျာပွတ်စာ ကျွေးနေဦးမယ်"

ဝတ်စုံနက်များ တစ်ဘက်သို့ထွက်ခွါသွားရန် ဟန်ပြင်ကြ၏။

"နေကြပါဦးခင်ဗျာ"

ပြောဆိုတားမြစ်လိုက်သူကား ကျန်းယီလန်…

ရှောင်ယီက ကျန်းယီလန်ကို မျက်မှောင်ကုတ်ကြည့်လိုက်လေ၏။ ဝတ်စုံနက်ငါးယောက်တို့ လှမ်းရန်ဟန်ပြင်ထားသော ခြေထောက်များ ရပ်တန့်ကုန်သည်။ ကျန်းယီလန်က…

"မိတ်ဆွေတို့ကို ကြွက်တွေများများရနိုင်တဲ့နေရာ ကျုပ်တော်ညွှန်လိုက်ပါရစေ"

"ပြောပါ"

"ဟောဟိုကျောက်တောင်နံရံမှာ ပတ်ကြားအက်ကြီးတစ်ခုရှိပါတယ်၊ အဲဒီ ပတ်ကြားအက်အပေါက်ကနေ ကြွက်တွေအတော်များများဝင်လိုက်ထွက်လိုက်လုပ်နေတာ ကျုပ်တော်တွေ့ရပါတယ်၊ ကြွက်တွေကလဲ ကြီးမှကြီးပါပေ့ဗျာ၊ ဝဖြိုးနေကြတာပါပဲ"

ကျန်းယီလန်သည် ယင်စန်းကွမ်နှင့်ဝတ်စုံနက်များ ထိပ်တိုက်တွေ့အောင် လုပ်လိုက်ခြင်းဖြစ်၏။ လိုဏ်ဂူထဲတွင် သူသိုဝှက်ထားသော ငွေသေတ္တာများမှာ သူ့အတွက် ခုနစ်သိန်းကျော်ကျော်ခန့်သာ ကျန်ရှိ

တော့၏။ ကျန်ငွေတွေအားလုံးမှာ ယင်စန်းကွမ်ပိုင်သွားခဲ့လေပြီ။ မစား ရသောအမဲ သဲနှင့်ပက်သည့်သဘောဖြင့် ဝတ်စုံနက်များ ငွေသေတ္တာများ တွေ့သွားစေရန် တမင်လွှတ်လိုက်ခြင်းဖြစ်သည်။

ဝတ်စုံနက်များ လိုဏ်ဂူထဲဝင်ကြမည်ဆိုလျှင် ယင်စန်းကွမ်က အဝင်ခံမည်မဟုတ်ဟု ကျန်းယိလန်ယူဆသည်။ ထိုအခါ တိုက်ခိုက်ကြ တော့မည်။ အားလုံးသေလျှင် သူ့ပစ္စည်း သူ့ဘာသာ ပြန်ရမည်ဟုတွက် ချက်သည်။

ကျန်းယိလန်သည် ကျန်ငွေခုနစ်သိန်းလောက်ကို မနမျောတော့ ပါ။ သူသည် ခဲတစ်လုံးတည်းဖြင့် ငှက်နှစ်ကောင်ကို မှန်းဆချပစ်လိုက် ခြင်းဖြစ်သည်။

သို့သော် ကျန်းယိလန် အကြီးအကျယ် အံ့ဩရတော့သည်။ အဘယ့်ကြောင့်ဆိုသော် ယင်စန်းကွမ်သည် ဝတ်စုံနက်များကိုကြည့်ပြီး မည်သို့မျှ တားမြစ်ခြင်းမပြုသောကြောင့်တည်း။

ယင်စန်းကွမ် ငြိမ်နေသဖြင့် ကျန်းယိလန်ဦးနှောက်ခြောက်သွား သည်။ သူဆင်သည့်အကွက်ထဲသို့ မဝင်ဘဲဖြစ်နေသည်မဟုတ်ပါလား။

ဝတ်စုံနက်ခေါင်းဆောင်က ကျန်းယိလန်ကို ဂါရဝပြုလိုက် သည်။

"ခုလိုညွှန်ပြတာ ကျေးဇူးတင်ပါတယ်"

သူတို့သည် ကျန်းယိလန်ကို ကျေးဇူးတင်စကားပြောပြီး ထွက် ခွါရန်ခြေလှမ်းပြင်ကြသည်။ မကြာမီ သူတို့ လျှို့ဝှက်လိုဏ်ဂူကိုတွေ့ ကြတော့မည်။

ရောင်ယီမနေသာတော့ပြီ။ တွမ်ပောဖေ၏ ငွေသေတ္တာတွေ ဤဝတ်စုံနက်များသာ တွေ့ရှိသွားကြပါက သူ့အနေဖြင့် တွမ့်ပောဖေ



တို့သားအဖကျေးဇူးကို ပြန်ဆပ်နိုင်တော့မည်မဟုတ်ပေ။

ဝတ်စုံနက်များမှာ ဘယ်ဂိုဏ်း ဘယ်အဖွဲ့ကလူများမှန်း မသိ နိုင်ခဲ့ချေ။ သိလျှင်ကား အကြောင်းမဟုတ်ပေ။ ထို့ပြင် ဤငွေသေတ္တာ များသည် ကျန်းယိလန်တို့သားအဖနှစ်ယောက်၏ပြစ်မှုကြီးကို ဖေါ်ထုတ် ရန် အရေးကြီးသော သက်သေခံပစ္စည်းများပင်မဟုတ်ပါလော။

ယင်စန်းကွမ်က ကျန်းယိလန်ထံမှနိုင်ထားသော ငွေတစ်သန်း ကျော်ကို ယူဆောင်သွားသည်ပဲထား၊ သက်သေပြစရာ ငွေခုနစ်သိန်း နှင့် သေတ္တာတွေ ကျန်ရစ်နိုင်သေးသည်။ ဝတ်စုံနက်များ ပြောင်သလင်း ခါအောင်ယူသွားလျှင်တော့ မည်သည့်သက်သေခံမျှ ကျန်တော့မည် မဟုတ်ချေ။

"အဲဒီလိုဏ်ဂူထဲမှာ ကြွက်တွေမရှိပါဘူး၊ ဒီလူ ခင်ဗျားတို့ကို အချိန်ကုန် လူပင်ပန်းဖြစ်အောင် ပြောလိုက်တာပဲ၊ ကြွက်တွေများများ လိုချင်ရင် ဟောဟိုမှာ လှမ်းမြင်နေရတဲ့ကွင်းပြင်ဘက်ဆီကိုသာ သွားပါ၊ အဲဒီကွင်းပြင်မှာ ကြွက်တွေအကောင်အများကြီးပဲရှိတယ်"

ဝတ်စုံနက်များက ရောင်ယီပြောသည်ကိုမယုံပေ။ ကျန်းယိ လန်ဘက်သို့ ဝတ်စုံနက်တစ်ယောက်က လှည့်ကြည့်လိုက်ပြီး...

"ကဲ...ဘယ်လိုလဲ၊ တစ်ယောက်က လိုဏ်ဂူထဲမှာကြွက်တွေ ရှိတယ်တဲ့၊ တစ်ယောက်က မရှိဘူးတဲ့၊ ဘယ်လိုဖြစ်ကြတာလဲ"

"အဲဒီလူရဲ့စကားကို ခင်ဗျားတို့အဟုတ်မှတ်ပြီးယုံမိရင် မဟာ အမှားပဲ၊ ဉာဏ်များတဲ့ကျန်းရောင်ယီဆိုတာ သူပဲ၊ သူဟာ သိုင်းလောက မှာ ကျော်ကြားစပြုနေတဲ့လူပဲ"

ကျန်းယိလန်က ရောင်ယီနာမည်ကို ဝတ်စုံနက်များစွဲမှတ်သွား အောင် အသေအချာပြောပြလေသည်။ ရောင်ယီကိုလည်း မယုံကြည်ရန်

ပါထည့်ပြောလိုက်သည်။ ဝတ်စုံနက်များကလည်း ရှောင်ယီ့စကားကို မယုံကြည်ကြပါ။ အရေးတကြီးတားမြစ်မှု နောက်ကွယ်၌ တစ်စုံတစ်ခုသော လျှို့ဝှက်မှုရှိလိမ့်မည်ဟု သူတို့ယူဆကြလေသည်။

ဝတ်စုံနက်ခေါင်းဆောင်က…

"လာကြ ညီအစ်ကိုတို့… ဟိုလူပြောတဲ့ လိုဏ်ဂူထဲပဲ ဝင်ရှာကြမယ်"

ဝတ်စုံနက်အားလုံး ကျောက်တောင်ဘက်ဆီသို့ ခြေဦးတည်သွားကြလေသည်။

"နေကြဦး"

ရှောင်ယီ ဝတ်စုံနက်များ သွားမည့်လမ်းရှေ့သို့ ခုန်လွှားသွားပြီး ကာဆီးရပ်လိုက်လေသည်။

"လိုဏ်ဂူထဲမှာကြွက်တွေမရှိဘူး၊ မိတ်ဆွေတို့ မဝင်ကြပါနဲ့"

ထူးဆန်းသည်မှာ ယင်စန်းကွမ်တစ်ယောက် တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်သက်စွာရပ်ကြည့်နေခြင်းပင်တည်း။

"မင်း ရှေ့က လမ်းဖယ်လိုက်စမ်း"

ဝတ်စုံနက်ခေါင်းဆောင်က ရှောင်ယီအား အမိန့်ပေးလိုက်၏။

"ကျုပ် လမ်းဖယ်စရာ မလိုပါဘူး၊ ခင်ဗျားတို့ လိုဏ်ဂူထဲဝင်စရာ အကြောင်းမရှိဘူး၊ ကြွက်တွေဖမ်းချင်ရင် ဟောဟိုကွင်းပြင်မှာသွားဖမ်း၊ ကျုပ်ဒါပဲပြောမယ်"

"ဩော်…မင်းက တို့ကိုတားမြစ်တယ်ပေါ့ဟုတ်လား၊ အဲဒါတို့အကြောင်းမသိလို့ မင်းလုပ်နေတာပါ၊ အေး…တို့အကြောင်း သိသွားပြီးရင် မင်းလူ့လောကမှာ ဆက်မနေရတော့ဘူးကွ၊ မင်းကို သေမင်းနိုင်ငံပို့မယ့် သေမင်းကျာပွတ်ပဲ၊ မင်းရှောင်နိုင်ရင် ရှောင်ပေတော့"



ထိုဝတ်စုံနက်က ရှောင်ယီကို ညာလက်မှကျာပွတ်ဖြင့် ပြောပြောဆိုဆို လှမ်း၍ရိုက်လိုက်လေသည်။

"ရွှမ်း…"

ကျာပွတ်ရိုက်ချက်ကို ရှောင်ယီ ကောင်းစွာရှောင်တိမ်းနိုင်သည်။ ဝတ်စုံနက်များသည် ရှောင်ယီကို အထင်မသေးဝံ့ကြတော့ချေ။

"ဝိုင်းထား၊ လှည်းဘီးလိုမှိန်နည်းသိုင်းကွက်သုံးပြီး တိုက်"

ဝတ်စုံနက်ခေါင်းဆောင်က အမိန့်ပေးလိုက်သည်။ ဝတ်စုံနက်များသည် ရှောင်ယီကို ဝိုင်းကြီးပတ်ပတ်လည်၍တိုက်ခိုက်ကြတော့၏။

"ရွှမ်း…ရွှမ်း…ရွှမ်း…ရွှမ်း"

"အီး…"

"အား…"

သို့သော် မကြာမီပင် နာနာကြည်းကြည်း အော်ဟစ်ညည်းညူသံများထွက်ပေါ်လာလေသည်။ တဝုန်းဝုန်းလွင့်စဉ်ကုန်၏။

"ဖျောင်း…ဖျောင်း…ဖျောင်း"

လက်ခုပ်တီးသံထွက်ပေါ်လာသည်။ ရှောင်ယီ၏တိုက်ကွက်များကို ဩဘာပေးလိုက်ခြင်းသာဖြစ်ပါသည်။ ရှောင်ယီက သူ့အား လက်ခုပ်တီး ဩဘာပေးသူကိုလှမ်းကြည့်ပြီး အံ့ဩသွား၏။

"ဟွာဟုချွန်"

ရှောင်ယီက ဝမ်းသာအားရလှမ်းခေါ်လိုက်လေသည်။ ဟွာဟုချွန်က ပြုံးပြုံးရွှင်ရွှင်ပင် ရှောင်ယီအနီးသို့ချဉ်းကပ်လာ၏။

ယင်စန်းကွမ်သည် ဝတ်စုံနက်ငါးဦး လဲကျသောနေရာသို့ ခပ်သွက်သွက်လှမ်းလျှောက်သွားပြီး လူတစ်ယောက်စီကို စမ်းသပ်စစ်ဆေးကြည့်လေတော့သည်။

ယင်စန်းကွမ်မျက်လုံးပြူးသွား၏။

"ဟင်… ဒီလူတွေ အသက်မရှိကြတော့ပါလား၊ ကျန်းယီမင်း ဘယ်လိုလုပ်လိုက်တာလဲ"

ယင်စန်းကွမ်လိုလူမျိုးက ဤကိစ္စကို အလန့်တကြားလုပ်နေသဖြင့် ရှောင်ယီရယ်မိလေသည်။

"ကျုပ် ဝတ်စုံနက်တွေကို စတွေ့တော့ အားလုံး ခုနစ်ယောက်ရှိတယ်၊ အခု ငါးယောက်ပဲမြင်တယ်၊ နှစ်ယောက်ကျန်သေးတယ်"

ဟွာဟူချွန်က လှမ်းပြောလိုက်ခြင်းဖြစ်ပါသည်။

"အဲဒီ နှစ်ယောက်ဘယ်မှာလဲ"

ယင်စန်းကွမ်က အမှောင်ထဲကိုလှမ်းကြည့်ပြီးမေးသည်။ သူ့အမူအရာက အတန်ငယ်တုန်လှုပ်နေပုံရသဖြင့် ရှောင်ယီပင်လျှင် အံ့ဩသွားသည်။ ရှောင်ယီသည် ကျန်းယီလန်ကိုသတိရပြီး လှမ်းကြည့်၏။

"ဟာ အဲဒီ ကျန်တဲ့ဝတ်စုံနက်နှစ်ယောက် အရေးမကြီးဘူး၊ ကျန်းယီလန်မရှိတော့ဘူး၊ မုယုံကျိုကိုခေါ်ပြီး ထွက်ပြေးသွားတယ်"

"မုယုံကျို…မုယုံကျိုကို ကျန်းယီလန်ခေါ်ပြီး ထွက်ပြေးသွားတယ်ဟုတ်လား"

ဟွာဟူချွန် အံ့အားသင့်စွာမေးလိုက်လေသည်။

"ဟုတ်ပါတယ်၊ ငါဝတ်စုံနက်တွေနဲ့တိုက်ခိုက်နေတုန်း သူ မုယုံကျိုကိုခေါ်ပြီး အလစ်မှာထွက်ပြေးသွားတာပဲ၊ သူစောစောက ဒီမှာရှိနေတာကွ"

"မုယုံကျို…ဘယ့်နှယ်ဖြစ်ပြီး ကျန်းယီလန်နဲ့ လိုက်ပြေးသွားရတာလဲ"

ဟွာဟူချွန်မှာ အံ့အားသင့်ပြီးရင်း အံ့ဩနေသည်။



ယင်စန်းကွမ်က ရှောင်ယီ၏မခုံးကို လာပုတ်ပြီးပြော၏။

"ဟိုတစ်ယောက်က ဝတ်စုံနက်နှစ်ယောက် ပျောက်တယ်လို့ပြောတယ်၊ မင်းက ကျန်းယီလန်ပျောက်တယ်လို့ပြောတယ်၊ ငါအံ့ဩနေတာက မင်းခေါ်လာတဲ့မိန်းကလေး ပျောက်သွားတဲ့ကိစ္စပဲ"

ထိုအခါမှ ထိဖိန့်ကူလည်းပျောက်နေကြောင်း ရှောင်ယီသိရတော့သည်။

"ဘယ်က မိန်းကလေးလဲရှောင်ယီ"

ဟွာဟူချွန်က ရှောင်ယီကိုမေးသည်။ ရှောင်ယီက…

"သူ့နာမည်က ထိဖိန့်ကူလို့ခေါ်တယ်၊ မင်း အဲဒီမိန်းကလေးကိုသိလား"

ဟွာဟူချွန်က ဦးခေါင်းအား အသာခါယမ်းလိုက်လေသည်။

"ဒီနာမည်မျိုးကို ကျုပ်တစ်ခါမှမကြားဖူးဘူး"

ကျန်းယီလန်ရော ထိဖိန့်ကူပါ ဟွာဟူချွန်ရောက်လာသည်ကို မြင်သဖြင့် ရင်မဆိုင်ဝံ့ဘဲ ထွက်ပြေးသွားကြခြင်းဖြစ်မည်ဟု ရှောင်ယီထင်ခဲ့သည်။

ကျန်းယီလန်သည် မကောင်းမှုကျူးလွန်ထားသဖြင့် စိတ်မလုံဘဲပြေးခြင်းဖြစ်မည်။ ထိဖိန့်ကူမှာ မဟူရာနန်းတော်ထဲမှ ရံရွေတော်ဖြစ်၍ ပြေးခြင်းဖြစ်မည်ဟု ရှောင်ယီယူဆပေသည်။

အကယ်စင်စစ်တွင် ကျန်းယီလန် ထွက်ပြေးသွားခြင်းမှာ အကြောင်းနှစ်ရပ်ကြောင့် ဖြစ်သည်။ တစ်ကြောင်းက ယင်စန်းကွမ်နှင့် ရှောင်ယီတို့လက်မှ ရှန်းထွက်လိုခြင်းဖြစ်သည်။

နောက်ထပ်တစ်ကြောင်းမှာ မမျှော်လင့်ဘဲတွေ့ရသည့် ဟွာဟူချွန်နှင့် ရင်မဆိုင်ဝံ့၍ဖြစ်သည်။ ဟွာဟူချွန်သည် သူမကို ကောင်းစွာ

သိသည်။ သို့သော် ရှောင်ယီပြောသည့် ထိဖိန့်ကူကိုတော့ မသိပေ။

မဟူရာနန်းတော်၌ရှံရွှေတော်များစွာရှိရာ ထိဖိန့်ကူတစ်ယောက်တည်းကိုကွက်၍မှတ်မိရန်မှာ မလွယ်လှပေ။ ထို့ပြင် ဟွာဟူချွန် သူမကိုသိထားသည့်အသိက ဤနာမည်မျိုး မဟုတ်သောကြောင့် ဖြစ်သည်။ တကယ်တော့ သူလိုက်လာသည်ကို သူမ မသိခဲ့ပါ။

သူမသည် ဤနေ့ ဤအချိန်မှစပြီး သူမ အဖို့ လွတ်လပ်မှုရှိခဲ့လေပြီဟုတွေးကာ အပျော်ကြီးပျော်နေသည်။ သေဆုံးခဲ့သော သူမ၏ ညီမလေးကိုပင် မေ့လျော့နေခဲ့လေသည်။

သူမသည် အဘယ်သို့သွားချင်သနည်း။ သွားနိုင်ပြီး ဘာလုပ်ချင်သနည်း။ လုပ်ချင်တာ လုပ်နိုင်ပြီမဟုတ်ပါလား။

သို့ရာတွင် တကယ်စဉ်းစားကြည့်ပြန်တော့ သူမ ဘယ်ကိုသွား၍ ဘာလုပ်ရမည်မှန်းမသိအောင် ဖြစ်နေရပြန်သည်။

သူမ သိသည်မှာ ဤအရပ်တွင် ကြာကြာမနေဖို့က အကောင်းဆုံးပဲဖြစ်သည်။ သူမအား ဟွာဟူချွန် တွေ့မြင်သွား၍မဖြစ်ပါ။

မဟူရာနန်းတော်မှ မည်သူတစ်ဦးတစ်ယောက်မျှနှင့် တွေ့၍မဖြစ်ပါ။ သို့ဖြင့် သူမသည် ကိုယ်ဖော့ပညာကိုသုံး၍ လျှင်မြန်ပေါ့ပါးစွာ ပြေးထွက်သွားတော့သည်။ ကျန်းယီလန်သည်လည်း ထိဖိန့်ကူထွက်ပြေးသောအချိန်တွင် သူပါ လစ်ထွက်ခဲ့ခြင်းဖြစ်သည်။

ထိဖိန့်ကူထွက်ပြေးခြင်းကို ကျန်းယီလန်လည်း အံ့ဩမှုဖြစ်ခဲ့မိသည်။ အဘယ့်ကြောင့်ဆိုသော်…

ထိဖိန့်ကူကို ရှောင်ယီနှင့်ပါလာကြောင်း တွေ့ခဲ့ရ၍ဖြစ်သည်။ ထိုမိန်းမပျိုသည် သူ့လိုပင် ဟွာဟူချွန်ရောက်ရှိလာသည်ကို လှမ်းမြင်သဖြင့် ထွက်ပြေးခြင်းဖြစ်လိမ့်မည်ဟု တွက်ဆနိုင်ခဲ့သည်။



ရှောင်ယီ၊ ဟွာဟူချွန်နှင့် ထိဖိန့်ကူတို့သုံးယောက် မည်သို့ဆက်နွယ်ပတ်သက်နေကြသည်ကို ကျန်းယီလန် မသိချေ။ ထိဖိန့်ကူ၏ ကိုယ်ဖော့ပညာကိုတွေ့မြင်ရသော ကျန်းယီလန်မှာ အထင်မသေးဝံ့တော့ချေ။

ကြောက်စရာရန်သူတစ်ဦးအဖြစ် သတ်မှတ်လိုက်သည်။

ကျန်းယီလန်သည် မုယုံကျိုအားလက်ဆွဲ၍ ထိဖိန့်ကူ နောက်မှ နောက်ယောင်ခံ၍လိုက်သည်။

ထိဖိန့်ကူကတော့ သူ့နောက်မှလူလိုက်လာကြောင်း မသိချေ။

မထင်လည်း မထင်မှတ်သဖြင့် ရှေ့သို့သာအာရုံစိုက်ပြီး ပြေးသည်။ သို့သော်…ကျန်းယီလန်မသိပြန်သည်မှာ သူ့နောက်မှာ လူနှစ်ယောက်လိုက်ပါလာခြင်းပင် ဖြစ်သည်။

ထိုလူနှစ်ယောက်သည် ကျန်းယီလန်နောက်မှ နောက်ယောင်ခံလိုက်ပါလာကြသည်။

ထိဖိန့်ကူက ရှေ့သို့ အာရုံစိုက်၍ပြေးနှင့်နေသလို ကျန်းယီလန်ကလည်း မုယုံကျို၏လက်ကိုဆွဲ ထိဖိန့်ကူအား မျက်ခြည်မပြတ်စေရန် အာရုံစိုက်၍ ပြေးလိုက်နေပါသည်။

ထိုနည်းတူ လူနှစ်ဦးကလည်း ကျန်းယီလန်တို့ကို မျက်ခြည်ပြတ်မခံကြပေ။ ရှေ့မှပြေးသူက ပြေးနေသည်။

နောက်မှလိုက်သူတွေကလည်း လိုက်နေကြလေသည်တကား။

ထ ထ ထ

အခန်း(၁၂၈)

## အဆိုးတကာ့ ထိပ်ခေါင်တင်

"ဒီအလောင်းငါးလောင်းကို တွင်းတူးပြီး မြှုပ်နှံပေးလိုက်မှ ကောင်းမယ်ထင်တယ်၊ အမှန်တော့ ငါက သူတို့ကို သေအောင်လုပ်တာ မဟုတ်ပါဘူး၊ ဒါပေမယ့် ဘယ်လိုက ဘယ်လိုဖြစ်ပြီး လက်ချက်ပြင်း သွားတယ်မသိဘူး၊ အားလုံး ချက်ချင်းပဲသေကုန်တယ်"

ရောင်ယီက ညည်းညည်းညူညူဖြင့် ပြောလိုက်လေသည်။

သူသည် လူသတ်သမားမဟုတ်ပါ။

ယင်စန်းကွမ်က ရောင်ယီကိုကြည့်ပြီး…

"ရောင်ယီ ငါမင်းကို အကြံပေးချင်တယ်ကွ"

ရောင်ယီက ယင်စန်းကွမ်ကို အံ့သြစွာကြည့်ပြီး…

"ဘာလဲ…ဘာများလဲဆရာကြီး"

"မင်း အလျှို့ဝှက်ဆုံးနေရာ တစ်ခုခုမှာ သွားပုန်းပေတော့"

ရောင်ယီမှာ ယင်စန်းကွမ်ကို မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ကြည့်မိသည်။

"ဘာဖြစ်လို့ပြေးရမှာလဲဆရာကြီး၊ မလိုပါဘူးဗျာ"

ယင်စန်းကွမ်က ခေါင်းကို ခပ်ဖြည်းဖြည်းခါယမ်းသည်။

"ငါက မင်းအတွက် ပြောနေတာပါကွ"



ရောင်ယီက ယင်စန်းကွမ်ကို မျက်လုံးပြူးကြည့်သည်။

"ကျွန်တော်တော့ ဆရာကြီးပြောတာ ဘာမှနားမလည်ဘူး"

ယင်စန်းကွမ်က သက်ပြင်းချလိုက်ပြီး…

"မင်းနေရာမှာ ငါသာဆိုရင် အမြန်ဆုံး လုံခြုံမှုရှိတဲ့ နေရာ တစ်ခုရှာပြီး တွင်းကြီးနက်နက်တူးပြီး ဝင်ပုန်းနေမှာကွ၊ နှစ်ကြာကြာ ပုန်းနေနိုင်လေ၊ အကောင်းဆုံးဖြစ်လေ၊ စိတ်ချရလေပဲ"

"ဆရာကြီးက ကျွန်တော့ကို ပဟေဠိဝှက်နေတာကိုး"

ရောင်ယီက ယင်စန်းကွမ်ကိုကြည့်ပြီး ရယ်ချင်သွားသည်။

ယင်စန်းကွမ် ဘယ်လိုဖြစ်သွားသနည်း။

ရုတ်တရက် ကယောင်ချောက်ချားဖြစ်သွားခြင်းမှာ ထူးခြား သည် မဟုတ်ပါလား။ ယင်စန်းကွမ်က…

"မင်း…အဲဒီလိုမပုန်းနိုင်ရင်တော့ အရက်စက်ဆုံး၊ ကြောက် စရာအကောင်းဆုံးဖြစ်တဲ့ လူတစ်ယောက်နဲ့ မကြာမီရက်အတွင်း ရင်ဆိုင် ရလိမ့်မယ်၊ မင်းပုံစံက ငါ့ကိုတောင် လှောင်သလိုဖြစ်နေတယ်"

"ဘယ်သူလဲ ဆရာကြီး"

"ဝေဟူယာ"

"ဝေဟူယာဆိုတာ ဘယ်သူလဲ"

"ဝေဟူယာဆိုတဲ့လူဟာ ငွေကြယ်ဆယ့်နှစ်စင်းဂိုဏ်းရဲ့ ဂိုဏ်း ချုပ်ကြီးပဲ၊ ငွေကြယ်ဆယ့်နှစ်စင်းဂိုဏ်းဆိုတာ ဂိုဏ်းခွဲဆယ့်ခုနစ်ခုကို ခေါ်တာ၊ ဂိုဏ်းခွဲခေါင်းဆောင်တစ်ယောက်စီတောင် သိုင်းပညာဘယ် လောက်တော်ကြသလဲ၊ ဝေဟူယာဆိုတာတော့ မပြောနဲ့တော့"

"ဟုတ်ကဲ့၊ ကြားဖူးပါတယ်"

ဟွာဟူချွန်က ဝင်ပြောသည်။ ယင်စန်းကွမ် ခေါင်းညိတ်ပြီး…

"အေး…ဝေဟူယာဟာ ငွေကြယ်ဆယ့်နှစ်စင်းဂိုဏ်း က

ဂိုဏ်းချုပ်ကြီးပဲ၊ ဝေဟူယာလိုလူမျိုးကို ငါတို့ သိုင်းလောက လူဆိုးကြီး ဆယ်ဦးစာရင်းဝင်တွေတောင် တတ်နိုင်သမျှရှောင်ကြတယ်''

''ဟုတ်တယ်၊ ကျွန်တော့်ကိုလဲ မဟူရာနန်းဆောင်သခင်မ နှစ်ပါးက မှာကြားထားတာရှိပါတယ်၊ သိုင်းလောကမှ လူတစ်ယောက်ကိုတော့ အတတ်နိုင်ဆုံးသတိထားပြီးရှောင်ရမယ်တဲ့၊ အဲဒီလူနှစ်ယောက်ကတော့ ဝေဟူယာနဲ့ ရဲနန်းထင်ပဲတဲ့''

''ကဲ… ရှောင်ယီ ကြားရဲ့လား၊ မဟူရာနန်းတော်သခင်မ နှစ်ပါးကတောင် ရှောင်ဖို့ သတိပေးထားရတဲ့ဝေဟူယာကွ၊ သိုင်းလောကမှာ လူတိုင်းဖိန့်ဖိန့်တုန်အောင်ကြောက်ရွံ့ကြရတဲ့ ဓားဝိဇ္ဇာ ရဲနန်းထင်နဲ့ ယှဉ်နိုင်းခံရတဲ့ ဝေဟူယာကွ၊ မင်း မကြောက်ဘူးလား''

''နေပါဦး၊ ကျွန်တော်နဲ့ အဲဒီဝေဟူယာက တစ်ခါမှလဲ မတွေ့ခဲ့ဖူးဘူး၊ ခိုက်ရန်လဲ မဖြစ်ခဲ့ပါဘူး''

''အား…အခု မင်းသတ်လိုက်တဲ့ လူငါးယောက်ဟာ ဝေဟူယာရဲ့တပည့်တွေကွ၊ သူ့တပည့်တွေ သတ်ခဲ့တဲ့မင်းကို ဝေဟူယာက ဘယ်နည်းနဲ့မှ ခွင့်လွှတ်ချမ်းသာပေးမှာမဟုတ်ဘူး''

''မင်းတပည့်တွေ အသတ်ခံရရင် မင်းက ထိုင်ပြီးခွင့်လွှတ်နေမှာပဲလား''

''ဝေဟူယာ အခု ဘယ်မှာနေလဲ၊ ဆရာကြီးသိသလား''

ရှောင်ယီက မေးမြန်းလိုက်သည်။ ယင်စန်းကွမ်က…

''ငွေကြယ်ဆယ့်နှစ်စင်းဂိုဏ်းကြီး ဒီနှစ်တွေ အတောအတွင်းမှာ လှုပ်ရှားမှုသိပ်မရှိလှဘဲ ငြိမ်နေတာဟာ ဝေဟူယာပျောက်ကွယ်နေတဲ့အကြောင်းကြောင့်ပဲကွ၊ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်အချိန်က ဝေဟူယာ သိုင်းလောက ကနေ ပျောက်ကွယ်သွားတယ်၊ သတင်းအချို့ ထွက်လာတာကတော့ ဝေဟူယာကို မဟူရာနန်းဆောင်က သခင်မ



ပါးတိုက်ခိုက်လို့ ဒဏ်ရာပြင်းထန်စွာရသွားပြီး စာတ်မြုပ်ပုန်းကွယ်ယ်တဲ့၊ အချို့သတင်းကတော့ ဝေဟူယာဟာ အစွမ်းထက်မြက်လှတဲ့ ဂုဏ်သိုင်းပညာတစ်ရပ်ကို လေ့ကျင့်ချင်လို့ စာတ်မြုပ်နေတာတဲ့၊ ယ်သတင်းယုံရမလဲတော့ မသိဘူး''

ထိုစဉ် ရှောင်ယီသည် အလန့်တကြားထခုန်သည်။

''ဟာ…အဲဒီလူဟာ ကူစန်းတောင်ပေါ်မှာများသွားနေသလား၊ န်တော့်ကို အမြှာညီအစ်ကိုနှစ်ယောက် ပြောပြဖူးတယ်''

ရှောင်ယီပြောလိုက်မိသော အမြှာညီအစ်ကိုမှာ သိုင်းလောက ဆိုးကြီးဆယ်ဦး စာရင်းဝင်ထဲကပင် ဖြစ်သည်။ ထိုနှစ်ယောက်မှာ ာင်ယီကယ်တင်သော်လည်း မရခဲ့တော့ပေ။ သွေးလွန်ပြီးသေဆုံးခဲ့ ကြလေပြီ။ ယင်စန်းကွမ်က ရှောင်ယီစကားကို သေချာမြန်မမေးပါ။

ရှောင်ယီက ကမန်းကတန်းဆက်ပြောသည်။

''ကျွန်တော် ကူစန်းတောင်ကို အမြန်လိုက်သွားမှဖြစ်မယ်''

ယင်စန်းကွမ် မျက်လုံးပြူးသွားသည်။

''ဘာ..မင်းက ဝေဟူယာရှိတယ်ထင်လို့ ကူစန်းတောင်ကို ာင်လိုက်သွားပြီး တွေ့တော့မလို့လား''

''ဖြစ်မှဖြစ်ရလေကွာ၊ မင်းကို တွေ့ကတည်းက ထူးထူးဆန်း ်းကောင်မှန်းတော့ ရိပ်မိပါတယ်''

ရှောင်ယီက ရယ်မောလိုက်ပြီး ယင်စန်းကွမ်လက်ကို ရင်းနှီး မင်စွာ ဆွဲကိုင်လှုပ်ယမ်း၏။

''ဆရာကြီး…ဒီကနေ ဘယ်ဒေသကို ခရီးဆက်သွားမှာလဲ၊ ဘျာ''

''ငါလား၊ အင်း…ဘယ်ဒေသပဲဖြစ်ဖြစ် သွားရမှာပဲ၊ လူတစ် ယာက်ယောက်ရှာပြီး လောင်းကစားရမယ်၊ ဒါပေမယ့် အဲဒီလူဟာ

ငွေရှိချင်ရှိ၊ ဒါမှမဟုတ် သတ္တိရှိရင် ရှိမှ ဖြစ်မယ်၊ ဒါမှ ငါနဲ့အလုပ်ဖြစ်မှာကွ"

"ဒါဆိုရင်အတော်ပဲ၊ အခန့်သင့်ပဲဆရာကြီး၊ ဟောဒီလိုက်ရွ ထဲက ငွေသေတ္တာတွေအားလုံးကိုပါ တစ်နည်းနည်းနဲ့သယ်ယူပြီး သူဌေးကြီးတွမ်ဟောဖေကို ပေးအပ်ပေးပါ၊ တွမ်ဟောဖေကိုလဲ ဆရာကြီးက ပြောပြပေးပါခင်ဗျာ"

"ငါက ဘာဖြစ်လို့ပေးရမှာလဲကွ"

"ဒီငွေတွေကို အကြံဉာဏ်ဆင်ပြီး လုယက်သွားတဲ့လူဟာ ဘယ်သူတွေ ဖြစ်နေတယ်ဆိုတာကို သူဌေးကြီးသိအောင် ပြောပြပါခင်ဗျာ"

"ဒါတွေကို ဆရာကြီးသိပါတယ်"

ယင်စန်းကွမ်က စဉ်းစဉ်းစားစားလုပ်နေသည်။

"အဲဒီသေတ္တာထဲမှာ ငါနိုင်ထားတဲ့ ငွေတစ်သန်းသုံးသိန်းရှိနေတယ်ကွ၊ အဲဒါကို မင်းမသိဘူးနဲ့တူတယ်"

ရှောင်ယီက ပြုံးရယ်ပြီး…

"သိပါတယ်ခင်ဗျာ၊ ဒါပေမယ့် အားလုံးပဲ ခြေရာမပျက် သူဌေးကြီးကိုပြန်အပ်ပါလို့ ကျွန်တော် ဆရာကြီးကိုပန်ကြားချင်ပါတယ်၊ ဆရာကြီးအနေနဲ့က ပြီးမှပဲ ဒီငွေတွေကို လိုချင်သလောက် တွမ်ဟောဖေဆီက ပြန်ယူနိုင်ပါတယ်၊ တွမ်ဟောဖေဟာလဲ အလောင်းအစား အင်မတန်ဝါသနာကြီးပါတယ်၊ သူဟာ ကစားမယ့်လူ မရှိတာတောင် တစ်ယောက်တည်းကစားတဲ့လူပါ"

ယင်စန်းကွမ်က စဉ်းစားနေသည်။

ရှောင်ယီ၏အကြံဉာဏ်ကို လက်ခံလိုက်သည်။

ရှောင်ယီအား တစ်စုံတစ်ရာပြန်လည်မေးမြန်းမည်ဟု ကြံလိုက်



စဉ်မှာပင် ရှောင်ယီနှင့်ဟွာဟူချွန်တို့သည် သူ့ရှေ့မှ ပြေးထွက်သွားကြလေတော့သည်။ သူ မမေးဖြစ်တော့ပေ။

ဓ ဓ ဓ

ရှောင်ယီသည် ဟွာဟူချွန်နှင့်အတူ ထွက်လာခဲ့သည်။

လမ်းတွင် သူတွေ့ကြုံဖြစ်ပျက်ခဲ့သည့်အကြောင်းများကို ပြောပြခဲ့သည်။ ဟွာဟူချွန်သည် ရှောင်ယီ့စကားများကြောင့် လွန်စွာ ထိတ်လန့်အံ့သြခြင်းဖြစ်ရ၏။

သူသည် ကြေးမျက်နှာသိုင်းသမားဆိုသည့်လူကို မည်သူ မည်ဝါမှန်း သေချာစွာမသိသေးသလို ကြေးမျက်နှာသိုင်းသမား၏ ပြုမူလုပ်ဆောင်ချက်များကိုလည်း နားမလည်နိုင်အောင် ဖြစ်နေရသည်။

ရှောင်ယီက ကြေးမျက်နှာသိုင်းသမား၏ သက်ာမကင်းစရာကောင်းသည့်အချက်များကို ပြောပြ၏။ ထို့ကြောင့် ဟွာဟူချွန်ပင် ကြေးမျက်နှာသိုင်းသမား၏ ဇာစ်မြစ်ကို သက်ာမကင်းဖြစ်လာသည်။ ဟွာဟူချွန်ကလည်း သူ့အဖြစ်အပျက်များကို ပြန်လည်ပြောပြသည်။

"ဒီနှစ်ရက်အတွင်း ကျွန်တော့်အပေါ် ကြီးမားတဲ့အန္တရာယ်ဆိုးကြီးတစ်ခု ကျရောက်တော့မယ်လို့ ကျွန်တော့်စိတ်ထဲမှာ ထင်မှတ်နေမိတယ်၊ ဒါနဲ့ ရဲနန်းထင်ကိုခွင့်ပန်မိတယ်၊ စိတ်ပြေလက်ပျောက်ဖြစ်သွားအောင် အပြင်ထွက်လည်ပါရစေလို့၊ ဆရာကြီးရဲ့နန်းထင်က ခွင့်ပြုပါတယ်၊ ဒါနဲ့ ကျွန်တော်ထွက်လာခဲ့တာ မမျှော်လင့်ဘဲ ခင်ဗျားနဲ့တွေ့တော့ အတိုင်းအထက်အလွန် ကောင်းသွားတာပေါ့ဗျာ"

"အင်း…မင်းတင်မဟုတ်ပါဘူး၊ ငါ့စိတ်ထဲမှာလဲ တစ်မျိုးကြီးဖြစ်နေတာ ကြာပါပြီ"

ရှောင်ယီက ပြောရင်း သက်ပြင်းချလိုက်သည်။

"ဆရာကြီးရဲ့နန်းထင်က ကျွန်တော်တို့ကို မျှော်နေရှာမယ်၊ ကျွန်တော်တို့ အမြန်ပြန်ကြစို့"

"ဘဘရဲ့နန်းထင်နဲ့တွေ့ရင် ငါနဲ့တွေ့ခဲ့တဲ့အကြောင်း လုံးဝ မပြောနဲ့နော်"

"ဘာဖြစ်လို့လဲဗျာ၊ ကျွန်တော်နဲ့အတူ ပြန်မလိုက်ဘူးလား"

"မလိုက်နိုင်သေးဘူး၊ ငါ ကူစန်းတောင်ကိုသွားရမယ်၊ ဒါကို ဘဘရဲ့နန်းထင် သိသွားလို့မဖြစ်ဘူး၊ သူသိရင် ငါ့ကိုတားမြစ်မှာ သေချာတယ်"

"ခင်ဗျား ကူစန်းတောင်ကို ဘာသွားလုပ်မလို့လဲ"

ရှောင်ယီက…

"လူတွေ သွားကယ်မလို့ပါ"

"ဘယ်သူတွေကိုများ သွားကယ်မှာလဲဗျာ"

"လူဆိုး လူသွမ်းတွေကိုလေ"

ပြောပြီး ရှောင်ယီရယ်လိုက်လေသည်။

"အဲဒီ လူဆိုးလူသွမ်းတွေဟာ ကျုပ်ရဲ့ကျေးသမိခင်၊ ကျေးသဖခင် ကျေးဇူးရှင်တွေဖြစ်နေကြတယ်ဗျ၊ မထူးဆန်းဘူးလား"

"သိုင်းလောက လူဆိုးကြီးစာရင်းဝင် ဆယ်ဦးထဲက လူတွေ လား"

"ဟုတ်ပါတယ်၊ သူတို့တွေဟာ လူနှစ်ယောက်ရဲ့လှည့်ဖြား ပြောဆိုသမျှ စကားတွေကို တကယ်ထင်ပြီး ကူစန်းတောင်ပေါ် ခရီး ထွက်သွားကြပါတယ်၊ ယင်စန်းကွမ်ပြောတဲ့ ဝေဟူယာဆိုတဲ့လူကြီး သာ ကူစန်းတောင်ပေါ်မှာရှိနေမယ်ဆိုရင် သူတို့အဖို့ အန္တရာယ်က မ သေးဘူးလေ"

-ဓ-ဓ-ဓ-



အခန်း(၁၂၉)

## ဒုက္ခသည်မလေး

ထိဖိန့်ကူသည် မြို့ကလေးတစ်မြို့သို့ရောက်ရှိလာသည်။

ခရီးနှင်ခဲ့သည်မှာ လူလည်းပန်း၊ ဝမ်းလည်းဆာ၊ ရေလည်း တ်လှပေပြီ။ ဤနေ့ဆိုလျှင် သူမ ခရီးထွက်ခဲ့သည်မှာ သုံးရက်မြောက် ခဲ့ပေပြီ။ ထိဖိန့်ကူသည် စားသောက်ဆိုင်လေး တစ်ဆိုင်အတွင်းသို့ ဝင်ရောက်ခဲ့ကာ စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ ဆာလောင် နေသောဝမ်းက တကြုတ်ကြုတ်မြည်ကာ ဆန္ဒပြလာသည်။

စားပွဲထိုးတစ်ယောက်က သူမအပါး ချဉ်းကပ်လာသည်။

"အစ်မလေး ဘာများသုံးဆောင်မလဲခင်ဗျာ"

ထိဖိန့်ကူက…

"ရှင်တို့ဆိုင်ကရနိုင်တဲ့ အကောင်းဆုံးဟင်း ငါးပွဲ ခြောက်ပွဲ လောက် စီစဉ်ပေးပါ"

"အခု လက်ဖက်ရည်ကြမ်းတစ်အိုး အေးအောင်လုပ်ပြီး အရင် ယူလာပေးပါ၊ ကျွန်မ ရေဆာလှလို့ပါ"

"ဟုတ်ကဲ့"

စားပွဲထိုးက 'ဟုတ်ကဲ့'ဟုသာ ပါးစပ်မှပြောသော်လည်း မျက်

လုံးအစုံက ထိဖိန့်ကူကို ခြေဆုံးခေါင်းဆုံးအကဲခတ်နေသည်။

ထိဖိန့်ကူ၏အသွင်မှာ တစ်ကိုယ်လုံး ညစ်ပတ်ပေရေနေ၏။ ဆံပင်တွေလည်း မဖြီးမသင်သဖြင့် ရှုပ်ပွနေသည်။

ဤအမျိုးသမီးသည် အိမ်ဂေဟာကြီးတစ်အိမ်မှ ထွက်ပြေးလာသော သူဌေးတစ်ဦးဦး၏မယားငယ်ဖြစ်မည်လော။ အိမ်စေမ ဖြစ်မည်လောဟု ခန့်မှန်းကြည့်နေမိသည်။

ဘယ်အိမ်ကပဲ ထွက်ပြေးလာလာ၊ သူနှင့်တော့ မဆိုင်ပါ။ သူနှင့်ဆိုင်သည်က လူစိမ်းသည့်သည် စားသောက်လာလျှင်ထိုလူတွင် ငွေကြေး ပြည့်ပြည့်စုံစုံပါမပါကို အရေးတကြီးသိထားရန်လိုသည်။

ငွေမပါ၊ ကြေးမပါ၊ ပါသလိုလိုဖြင့်ဝင်စားပြီးမှ ငွေမရှင်းနိုင်သူများ အနမတဂ္ဂပင်။ ထိုသင်ခန်းစာမျိုးကား အကြိမ်များစွာရခဲ့ပြီးလေပြီ။ ဆိုင်ရှင်က သူတို့စားပွဲထိုးတွေကိုမှာကြားထားသည်။ လူစိမ်းသည့်သည် စားသောက်သူတွေဝင်လာပြီး အစားအသောက်မှာကြားပါက ငွေကို ဦးစွာတောင်းပြီးမှ အစားအသောက်ချပေးရန်ဖြစ်သည်။

စားပွဲထိုးသည် ခါးကိုင်း၍ ထိဖိန့်ကူအားပြောသည်။

"ဟဲ…ဟဲ…ဟဲ အစ်မလေးမှာတဲ့ ဟင်းလျာခြောက်ပွဲ ထမင်းပါနဲ့ဆိုရင် ဆယ့်လျှံနီးပါးကျပါတယ်ခင်ဗျာ"

ထိဖိန့်ကူက သူမ၏ရင်ဖုံးအိတ်အတွင်းသို့ လက်ကလေးထိုးနှိုက်ပြီးစမ်းသပ်သည်။ ငွေဆို၍ တစ်ပြားတစ်ချပ်မှပင် ရှိမနေတော့ပါ။

သူမအဖို့ ငွေကြေးများများ ဆောင်ခွင့်ရသည်မဟုတ်ပါ။ ပါခဲ့သမျှ ငွေလေးအနည်းငယ်မှာလည်း လမ်းတွင်ချွေတာစား၍ ကုန်ခမ်းခဲ့ပါပြီ။ စားချင်သောက်ချင်လွန်းသဖြင့် ငွေပါမပါ၊ သတိမရဘဲ စားသောက်ဆိုင်ထဲဝင်ထိုင်ပြီး စားလိုရာမှာကြားမိခြင်းသာ ဖြစ်တော့သည်။

ဖြစ်ချင်ရာဖြစ်၊ စားပြီးမှ ကြည့်ရှင်းမည်၊ ဝမ်းဗိုက်ထဲ အစာ



ဝင်သွားမှ အင်အားရှိမည်၊ အင်အားရှိလျှင် သူတစ်နည်းနည်းဖြင့် ထွက်သွားနိုင်အောင်ပြုလုပ်မည်ဟု တွေးလိုက်ပြီး…

"ကျချင်သလောက် ကျပါစေ၊ သွားယူလာခဲ့ချေပါ"

ထိဖိန့်ကူမှာ ယခုမှ ထထွက်သွားလို့ကလည်း မဖြစ်၊ မှာထားပြီးမှ ထွက်ပြေးလည်း ရှက်စရာ၊ ငွေမပါမှန်းသိခံရလျှင်လည်း ရှက်စရာဖြစ်နေမည့်အတူတူ မထူးဟုသဘောပိုက်လိုက်သည်။

စားပွဲထိုးမှာ လူမျိုးစုံနှင့်ဆက်ဆံခဲ့ရသူဖြစ်၍ ထိဖိန့်ကူ၏ အမူအရာ၊ လှုပ်ရှားမှုကိုအကဲခတ်မိပြီးလေပြီ။

"ဟဲ…ဟဲ အစ်မလေး သုံးဆောင်လိုတဲ့ ဟင်းလျာတွေ အတွက် ဈေးဘက်ကို ချက်ချင်းပြေးဝယ်ပြီးမှ ချက်ပြုတ်လို့ရပါတယ်၊ ဒါကြောင့် ဟဲ…ဟဲ ငွေကိုအရင်ရှင်းပါလို့ ပန်ကြားပါတယ်"

ဤတွင် ထိဖိန့်ကူ အခက်တွေ့သွားလေသည်။

စားသောက်ဆိုင်ထဲတွင် စားသောက်သူ သုံးလေးယောက်ခန့်ရှိနေသည်။ ထိုလူများက ထိဖိန့်ကူအား တစေ့တစောင်း လှမ်းကြည့်နေကြသည်။ ထိဖိန့်ကူမှာ မျက်နှာလေး ရဲခနဲဖြစ်သွားသည်။ စားပွဲထိုးကို ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားရသည်။

အကယ်၍ သူမသာ သိုင်းလောက၌ ကျင်လည်ကျက်စားနေသော သိုင်းလောကသားတစ်ယောက်ဖြစ်ပါက စားပွဲထိုးကို ရိုက်မောင်း ပုတ်မောင်းလုပ်လိုက်မည်မှာ သေချာပါသည်။

ယခုသော် သူမမှာ မဟူရာနန်းတော်ပေါ်၌ အကျဉ်းကျသလိုနေခဲ့ရသဖြင့် ထိုသို့လုပ်ရန်လည်း စိတ်ကူးပေါ်မလာပေ။

ထို့ပြင် သူမသည် မိန်းမကြမ်း မိန်းမဆိုးတစ်ယောက် မဟုတ်ပြန်သဖြင့် ကြမ်းကြမ်းရမ်းရမ်းတုံ့ပြန်ရန် စိတ်မကူးမိပါချေ။

"ဘယ်လိုလဲ၊ ကျုပ်အစ်မလေးကို မင်းက ဘယ်လိုထင်ပြီး မှာတဲ့ဟင်းတွေ စီစဉ်မပေးတာလဲ၊ ငွေကို ဘာ့ကြောင့် အရင်တောင်းနေတာလဲ၊ ဟောဒီမှာ ကြည့်ထားလိုက်၊ ငွေကိုမမြင်ဘူးရင်၊ ဒါပေမယ့် ကြိုမပေးထားနိုင်ဘူး၊ စားပြီးမှ ရှင်းမယ်၊ သွား ကျုပ်အစ်မ မှာထားတဲ့ ဟင်းတွေ အမြန်စီစဉ်ပြီး လာချလှည့်"

လူရွယ်တစ်ယောက် ထိဖိန့်ကူရှိရာ ရောက်ရှိလာပြီး စားပွဲထိုးကို ငွေတုံးတစ်တုံးပြသ၍ အော်ငေါက်လိုက်လေသည်။ ထိုအခါ စားပွဲထိုးမှာ အမြီးကုပ်သွားသော ခွေးတစ်ကောင် ကဲ့သို့ခေါင်းညိတ်ပြီး ကုပ်ကုပ် ကုပ်ကုပ်ဖြင့် လှည့်ထွက်သွားတော့၏။ ငွေတုံးပြပြီး ဝင်ပြောသူကား ကျန်းယီလန်ပင်ဖြစ်ပေသည်။ ထိဖိန့်ကူမှာ ကျန်းယီလန်၏မျက်နှာကို ကြည့်ပြီး အံ့အားသင့် သွားလေသည်။ မည်သို့ပင်ဖြစ်စေ ကျေးဇူးတင်ရမည်မှာ အမှန်ပင် မဟုတ်ပါလား။

ကျန်းယီလန်က ပြုံးရယ်လျက် ခုံတစ်လုံးဝယ် ခပ်ဖြည်းဖြည်း ဝင်ထိုင်လိုက်သည်။ ရောင်ယီအယုံအကြည်မရှိသော ထိုကျန်းယီလန်ဆိုသည့်လူရွယ်သည် ယဉ်ကျေးသောဟန်မူရာရှိသည်။ သူတစ်ပါးအခက်အခဲကိုလည်း ဝင်ကူညီဖြေရှင်းပေးနေသည်။ ထိဖိန့်ကူက ကျန်းယီလန်ကို ပြန်လည်၍ ရယ်ပြလိုက်မိလေသည်။

❀❀❀



အခန်း(၁၃၀)

## အယုံသွင်းသူ

သူတို့နှစ်ယောက်စားပွဲပေါ်သို့ ဟင်းခွက်တွေ ပြည့်နေအောင်ချပြီးလေပြီ။ ကျန်းယီလန်၏ငွေတုံးကြီးက အရက်ကရားအိုး အဖုံးပေါ်တွင် ရှိနေဆဲပင်...။

စားပွဲထိုးမျက်နှာမှာ အစွမ်းကုန်ပြုံးနေသည်။

စောစောက မျက်နှာထားမျိုး မဟုတ်တော့ချေ။

"အစ်မလေး၊ သုံးဆောင်ပါ၊ အားမနာပါနဲ့"

ကျန်းယီလန်သည် အခြေအနေကိုသုံးသပ်တတ်သူဖြစ်၍ သူတစ်ပါး အားနာလောက်အောင် မတိုက်တွန်းချေ။ သဘောလောက်သာ ပြောပြပြီး သူကိုယ်တိုင် တူကိုကောက်ကိုင်ပြီး ဟင်းတွေကို နှိုက်စားတော့သည်။

သူ ဤသို့စားမပြလျှင် ထိဖိန့်ကူ ရှက်၍ပြီး မစားဘဲနေနိုင်သည်မဟုတ်ပါလား။ ထိဖိန့်ကူလည်း ကျန်းယီလန်ကို တစ်ချက်မျှ ထပ်မံ၍ ပြုံးပြပြီး ခေါင်းညိတ်လိုက်သည်။

ထို့နောက် တူကို ကောက်ကိုင်ကာ စားသောက်တော့သည်။

သူမ တကယ်ပင် ဆာလောင်နေပေပြီ။

မကြာပါ။ ထိဖိန့်ကူ စားသောက်၍ပြီးစီးသွားချေပြီ။

ဆာလောင်နေသဖြင့် ထိဖိန့်ကူ၏စားသောက်ပုံမှာ မိန်းမပျိုကလေး စားသောက်သည်နှင့်ပင် မတူပါ။ ယခုအထိ ထိဖိန့်ကူသည် ကျန်းယီလန်ကို စကားတစ်ခွန်းမှမပြောချေ။

ကျန်းယီလန်ကလည်း သူမကို နောက်ထပ်စကားမပြောပါ။

ကျန်းယီလန် ငွေရှင်းနေစဉ် ထိဖိန့်ကူ ဆတ်ခနဲထိုင်ရာမှထလိုက်ပြီး ထွက်သွားသည်။ ကျန်းယီလန်လည်း ငွေရှင်းပြီး လိုက်ထွက်လာသည်။

ထိဖိန့်ကူသည် ကျန်းယီလန်ကို မစောင့်ပါ။ ခပ်သွက်သွက်လျှောက်သွားသည်။ ကျန်းယီလန်က ခပ်သွက်သွက် သူမနောက်ကို လိုက်သွားသည်။ ယောကျ်ားခြေလှမ်းဖြစ်သဖြင့် ချက်ချင်း လိုက်မီသွားသည်။

"ရှင် ကျွန်မနောက် ဘာလို့လိုက်လာတာလဲ"

"အစ်မလေး ဘယ်သွားမလို့လဲခင်ဗျာ၊ ကျွန်တော် လိုက်ပို့ပေးပါရစေ"

ကျန်းယီလန်မေးမှပင် ထိဖိန့်ကူမှာ သူမ ဘယ်ကိုသွားရမည်မှန်းမသိဘဲ ဖြစ်နေသည်ကို သတိရတော့၏။ ဤမြို့တွင် တွေ့သမျှသော အားလုံးသောလူတို့သည် လူစိမ်းများဖြစ်နေသည်မဟုတ်ပါလား။

မည်သည့်နေရာတွင်အိပ်မည်နည်း။ သူမတွင် အသိအကျွမ်းမရှိပါ။ တည်းခိုရိပ်သာများတွင် တည်းခိုဖူးခြင်းလည်း မရှိပါ။ အကယ်၍ တည်းခိုချင်သည့်တိုင်အောင် သူမတွင် ငွေတစ်ပြားမှမရှိပါ။ မိန်းမပျိုလေးအဖို့ လမ်းဘေးတွင် ဖြစ်သလိုအိပ်ရန်လည်း မဖြစ်နိုင်ပါ။

ယခု သူမ တွေ့ဖူးသူဆို၍ ကျန်းယီလန်တစ်ယောက်သာ ရှိသည်မဟုတ်ပါလား။ ကျန်းယီလန်သည် သူမ အရှက်မကွဲအောင်



ကူညီခဲ့သူလည်းဖြစ်သည်။ ထမင်းတစ်နပ်ကျွေးခဲ့သော ကျေးဇူးရှင်လည်း ဖြစ်နေသည်။ ထိဖိန့်ကူ ကျန်းယီလန်အပေါ် ဆက်ဆံမှု အနည်းငယ်မျှ ပြောင်းလဲလိုက်ရန် စိတ်ကူးလိုက်သည်။

"ကျွန်မ ပင်ပန်းနေလို့ အနားယူချင်နေတာအမှန်ပဲ၊ ကူညီလက်စနဲ့ ကျွန်မအတွက် တည်းခိုခန်းတစ်ခန်းလောက် ငှားပေးပါလား"

"ရပါတယ်၊ ရပါတယ်၊ ကျွန်တော်နဲ့လိုက်ခဲ့ပါ"

ကျန်းယီလန်သည် အစ်မ အလိုလိုက်သည့် မောင်ငယ်တစ်ယောက်ပမာ သူမကို ဦးဆောင်ခေါ်သွား၏။

သူတို့ဝင်သည့် တည်းခိုခန်းမှာ သားသားနားနားရှိပါသည်။ ထိဖိန့်ကူကို ကျန်းယီလန်က အခန်းပေါက်ဝအထိ လိုက်ပို့ပေးသည်။ ထိဖိန့်ကူက အခန်းဝတွင်ရပ်၍ ကျေးဇူးတင်စကားပြောလိုက်သည်။

"ကဲ…ရှင်သွားနိုင်ပါပြီ၊ ထမင်းကျွေးတာရော၊ အခန်းငှါးပေးတာရော ကျေးဇူးတင်ပါတယ်ရှင်"

ထိဖိန့်ကူသည် အခန်းတံခါးကို ပိတ်ပစ်လိုက်၏။ ကျန်းယီလန်သည် အခန်းဝတွင် အတန်ကြာရပ်နေပြီးမှ ထွက်ခွါသွားသည်။ ထိဖိန့်ကူသည် ပန်းလျှော့ ခုတင်ပေါ်သို့သွားရောက်၍ လှဲအိပ်လိုက်မိသည်။

ဤလေးငါးရက်အတွင်း သူမတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များမှာ သူမ တစ်သက်တာတွင် များပြားရုံမက ကြီးကျယ်ခြင်းလည်း ရှိနေပါသည်။ သည်းထိတ်ရင်ဖိုစရာအဖြစ်မျိုးတွေကို တွေ့ခဲ့ရ၏။

ကြေကွဲဝမ်းနည်းစရာအဖြစ်မျိုးတွေကို တွေ့ခဲ့ရ၏။ သူမသည် ညီမလေးကို သတိရမိသည်။ သည့်နောက် ရှောင်ယီအကြောင်းကို တွေးစားသည်။ သူမသည် အံကိုတင်းတင်းကြိတ်မိ၏။

ညီမလေးအတွက် မျက်ရည်ကျရ၏။ သည့်နောက် သူမသည် ဘုပ္ပချွန်အကြောင်းကို တွေး၏။

မမျှော်လင့်ဘဲ ဟွာဟူချွန် ရုတ်တရက်ကြီးရောက်လာသဖြင့် သူမသည် ရှောင်ယီကိုစွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်ခဲ့ရခြင်းသာဖြစ်ပါသည်။ ဟွာဟူချွန်သာ ရောက်မလာလျှင် သူမသည် ရှောင်ယီနှင့်ခွဲခွာမည် မဟုတ်သေးပါ။ ရှောင်ယီသည် စိတ်ကောင်းစေတနာကောင်းရှိသူဖြစ်ကြောင်း သူမ ရိပ်မိသိရှိပါသည်။ ရှောင်ယီသည် ကျန်းယီလန်နှင့် အဘယ်ကြောင့် မတည့်လေသနည်း။ အဘယ်ကိစ္စမျိုးဖြစ်ပွါးကြပြီး ရန်သူတွေဖြစ်နေကြလေသနည်း။ ကျန်းယီလန်သည် ရမ်းကားဆိုးသွမ်းသော လူတစ်ယောက်ဖြစ်ပုံမရပါ။ ယခု သူမကိုကူညီခြင်းကပင် သက်သေခံနေပါသည်။ သူမသည် တွေးရင်း မေးခနဲအိပ်ပျော်သွားလေတော့သည်။

ထိဖိန့်ကူ အိပ်ရာမှနိုးလာသည်။ သူမ အိပ်ပျော်သွားသည်မှာ အချိန်အတော်ကြာခဲ့ပြီဖြစ်ကြောင်း ထိဖိန့်ကူသိလိုက်သည်။ သူမ လွန်စွာ ပင်ပန်းခဲ့သည်ကိုး။ သူမသည် မှန်တင်ခုံရှေ့သို့ သွားထိုင်လိုက်သည်။ ထိုအခါမှ သူမ၏ရုပ်သွင်ကို မှန်ထဲတွင် တွေ့မြင်လိုက်ရသည်။ ခေါင်းဖြီးရန် ဘီးရှာသည်။ သူမကိုယ်သူမပင် ထိတ်လန့်သွားမိလေတော့၏။

သူမ မျက်နှာနှင့် အင်္ကျီအဝတ်အစားများမှာ ပေရေညစ်ပတ်နေသည်။ ဆံပင်များဖရိုဖရဲနှင့် ရှုပ်ပွနေသည်။ မည်သို့ကြည့်ကြည့် သူမကို မည်သူကမှ လေးစားမည်မဟုတ်ပါ။

မိန်းကလေးတစ်ယောက်သည် ဤသို့သောအဆင်မပြေမှုမျိုးဖြင့်မနေသင့်ပါ။ ရေမိုးချိုး ဖြီးလိမ်းမှဖြစ်မည်။ ယခုဝတ်ဆင်ထားသော အဝတ်အစားကိုတော့ လျှော်ဖွတ်လိုက်မှ ဖြစ်မည်။ သို့သော် လဲစရာ အဝတ်အစား အပိုမရှိသဖြင့် သူမမှာ အခက်တွေ့နေတော့သည်။



အဝတ်အစားအသစ်တစ်စုံ ဝယ်ဖို့လိုသည်။ သူမတွင် အဝတ်အစားဝယ်ရန် ငွေအသပြာ အဘယ်မှာလျှင်ရှိပါအံ့နည်း။ ထိုအခါ နောက်ထပ်ဝမ်းပြည့်ရန်အတွက်ပင် ထိဖိန့်ကူ ပူပန်လာမိသည်။ လူတို့၏ သဘာဝအတိုင်း သူမအားအကူအညီပေးခဲ့သည့်ကျန်းယီလန်ကို တွေးမိ တောင့်တမိတော့သည်။

“ခေါက်…ခေါက်…ခေါက်”

တံခါးခေါက်သံ ထွက်ပေါ်လာသည်။ ကျန်းယီလန်ဖြစ်မည်။ သူမအဖို့ ကျန်းယီလန်၏အကူအညီသည် အထူးလိုအပ်နေပြီဖြစ်၍ ဟန်မဆောင်နိုင်တော့ပါ။ သူ့ထံမှ လိုအပ်သောအကူအညီများကို တောင်းခံရပါတော့မည်။

ထို့ကြောင့် တံခါးဆီသို့သွားပြီး ဖွင့်ပေးလိုက်သည်။ စားပွဲထိုး၏မျက်နှာမှာ အစွမ်းကုန်ပြုံးလျက်ရှိ၏။ သူ့လက်ထဲတွင် ဝတ်စုံအသစ်တစ်စုံကို ခေါက်လျက်ပိုက်ထားသည်။

“အစ်မလေးခင်ဗျာ၊ အစ်မလေးကို ရေမိုးချိုးပြီးရင် လဲဖို့အင်္ကျီဝတ်စုံအသစ် တစ်စုံကို ဆရာလေးကပို့ခိုင်းလိုက်ပါတယ်”

ဘယ်သူပို့ခိုင်းသလဲဟု မမေးပါ။ ကျန်းယီလန် ပို့ခိုင်းလိုက်သည်ဖြစ်ကြောင်း သူမ သိလိုက်ပြီးဖြစ်ပါ၏။

စိတ်ထဲ၌လည်း လွန်စွာကျေးဇူးတင်မိသည်။ ထိဖိန့်ကူ အင်္ကျီအဝတ်အစားများ လဲချင်သည်။ လဲဖို့လည်း သင့်ပေသည်။ ကျန်းယီလန်သည် အလိုက်သိစွာ ဝတ်စုံအသစ်တစ်စုံ ပေးပို့ခဲ့လေပြီ၊ ကျေးဇူးကြီးပေစွ။ သူမသည် စားပွဲထိုး၏လက်ထဲမှဝတ်စုံသစ်ကို လှမ်းယူလိုက်သည်။ စားပွဲထိုးသည် ဦးညွှတ်ဂါရဝပြုပြီး ပြန်လည်ထွက်ခွာသွား၏။

ထိဖိန့်ကူ အခန်းတံခါးကိုပိတ်လိုက်သည်။ ရေမိုးချိုးပြီးမှ အဝတ်အစားလဲလျှင် အကောင်းဆုံးဖြစ်မည်ဟုတွေးပြီး ဝတ်စုံအသစ်ကို

ပိုက်ကာ ရေချိုးခန်းဆီသို့ထွက်ခဲ့တော့သည်။

သူမသည် ရေချိုးပြီး အခန်းထဲသို့ ပြန်ခဲ့သည်။ ကျန်းယိလန် ဝယ်ပေးသောဝတ်စုံသစ်ကို ဝတ်ဆင်လိုက်သည်။ ဝတ်စုံဟောင်းကို လုံးထွေးပြီး ခုတင်ပေါ်သို့ပစ်တင်ထားလိုက်သည်။ မှန်တင်ခုံရှေ့တွင် ထိုင်ကာ လျှော်လာသော ခေါင်းမှဆံပင်များကို ခြောက်သွေ့အောင် မျက်နှာသုတ်ပဝါဖြင့် သုတ်နေလိုက်သည်။

"ဒေါက်…ဒေါက်…ဒေါက်"

တံခါးခေါက်သံ ထွက်ပေါ်လာပြန်သည်။ ဆံပင်ကို မဖြီးနိုင်သေးဘဲ ဖားလျားချလျက် တံခါးသွားဖွင့်ပေးလိုက်သည်။ ပြုံးရယ်နေသည့်စားပွဲထိုးကိုပင် တွေ့မြင်ရသည်။

"ကျွန်တော် ထမင်းလာပို့တာပါ"

ကျန်းယိလန်က ပို့ပေးခြင်းသာဖြစ်ရမည်။ ကျန်းယိလန်မှတစ်ပါး အခြားမည်သူမှ မဖြစ်နိုင်ပါ။ ထိဖိန့်ကူလမ်းဖယ်ပေးလိုက်သည်။ ဟင်းခြောက်ပွဲပါသည်။ အရက်တစ်အိုးလည်း ပါသည်။ ထမင်းထည့်စားရန် ပန်းကန်လုံးနှစ်လုံး တူနှစ်စုံကိုတွေ့ရလျှင် ထိဖိန့်ကူ မျက်မှောင်ကလေးကြုတ်သွားမိသည်။

စားပွဲထိုး အခန်းထဲမှထွက်သွားသောအခါ ထိဖိန့်ကူက တံခါးပိတ်ရန်ဟန်ပြင်လိုက်သည်။ သို့သော် သူမ မပိတ်ဖြစ်တော့ပါ။ ကျန်းယိလန်၏ချိုပြုံးသောမျက်နှာကို မြင်လိုက်ရသောကြောင့်ဖြစ်ပါသည်။

"ကျွန်တော် အစ်မလေးနဲ့ ထမင်းလက်ဆုံစားမလို့ လာခဲ့တာပါ၊ ခွင့်ပြုမယ်မဟုတ်လား"

ထိဖိန့်ကူက ကျန်းယိလန်ကို မဝင်ပါနဲ့၊ မစားပါနဲ့ဟု ပြော၍ကောင်းပါမည်လော။ မဖြစ်နိုင်ပါ။ ဤထမင်းပွဲ၊ ဟင်းပွဲကိုမှာကြားသူမှာ ကျန်းယိလန်ဖြစ်သည်။ ကိုယ့်ကိုထမင်းကျွေးသောသူကို လာမစား



ပါနဲ့ဟု နှင်ထုတ်လို့ကောင်းပါမည်လော။

မဟူရာနန်းတော်၌ နေလာခဲ့သူဖြစ်၍ လူမှုဝတ္တရားများကို ကောင်းစွာသိပါသည်။ ထိဖိန့်ကူက ကျန်းယိလန်ကို စကားတော့မပြောပါ။ ဦးခေါင်းကိုမူ ညိတ်ပြလိုက်သည်။ ကျန်းယိလန်သည်လည်း ဝမ်းမြောက်ဝမ်းသာအမူအရာဖြင့် အခန်းထဲသို့ဝင်လာသည်။ ထိဖိန့်ကူက အခန်းတံခါးကိုပိတ်လိုက်ပြီး စားပွဲဆီသို့ လျှောက်ခဲ့လေတော့သည်။

ကျန်းယိလန်မူ စားပွဲတွင်ထိုင်နေလေပြီ။ ထိဖိန့်ကူလည်း ကျန်းယိလန်နှင့်မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။

"အစ်မလေး မုယုံကျို့ နေထိုင်မကောင်းဖြစ်နေပါတယ်၊ ဒါကြောင့် ထမင်းစားဖို့ခေါ်မလာတာ၊ သူ သူ့အခန်းထဲမှာအိပ်နေတယ်"

ကျန်းယိလန်က ထိဖိန့်ကူ အနေချောင်စေရန် ပဋိသန္ဓာရစကားပြောလိုက်သည်။ ပြီးမှ အရက်အိုးထဲမှအရက်ကို သူ့အရက်ခွက်ထဲငှဲ့ထည့်သည်။

"အရက်နည်းနည်းသောက်မှ စားကောင်း သောက်ကောင်းဖြစ်ပါမယ်၊ ဒီအရက်က အရက်ချိုပါ၊ အရက်ပြင်းမဟုတ်ပါဘူး၊ ဒါပေမယ့် အစ်မလေး အရက်မသောက်နဲ့၊ ရေနွေးကြမ်းပဲသောက်ပါ"

ထိဖိန့်ကူက ဘာစကားမှျမပြောဘဲ အရက်ကရားအိုးကို လှမ်းယူလိုက်လေသည်။ ကျန်းယိလန်မျက်နှာက အံ့အားသင့်သွားပုံရ၏။

ထိဖိန့်ကူက အရက်ခွက်တွင်းသို့ အရက်အပြည့်ငှဲ့ထည့်ပြီး ကောက်ယူကာ တစ်ချိုတည်းမော့သောက်ချလိုက်သည်။ ပူရှိန်းစူးရှသော အရက်များက သူမ၏လည်ချောင်းမှတစ်ဆင့် ဝမ်းဗိုက်ထဲသို့ ဝင်သွားသည်။ မျက်နှာကလေးရှုံ့မဲ့သွားကာ ဟင်းနှစ်ဖတ် သုံးဖတ်ကို ခွန်းဖြင့်အမြန်ခပ်စားလိုက်၏။

ထိုအခါမှ လည်ချောင်းတွင်းမှ ပူစပ်မှုများ ပျောက်သွားတော့သည်။ ကျန်းယိလန်မှာ စိတ်ထဲတွင် ကျိတ်ပြီးဝမ်းသာနေသည်။ မျက်နှာကမူ စိုးရိမ်ဟန်အပြည့်ရှိသော အကြည့်မျိုးဖြင့်ကြည့်ကာ…

"အစ်မလေးကိုကြည့်ရတာ အရက်ကိုသောက်လေ့သောက်ထမရှိဘူးနဲ့တူတယ်၊ သောက်လေ့မရှိရင် ထပ်မသောက်နဲ့၊ တော်ကြာမူးနေရင် အင်း…နေရထိုင်ရမကောင်းဘဲ ဖြစ်နေပါဦးမယ်"

ထိဖိန့်ကူသည် ကျန်းယိလန်၏စကားကို နားမထောင်ပါ။ ကျန်းယိလန်ပြောသည်ကို မကြားဟန်ဖြင့် နောက်ထပ်အရက်တစ်ခွက် ငှဲ့ထည့်ပြန်၏။ ကျန်းယိလန်က စိတ်ထဲမှကျိတ်ပြုံးနေသည်။

"အစ်မလေး ထပ်သောက်ဦးမလား၊ ဖြစ်…ဖြစ်ပါ့မလား"

"အရက်ဆိုတာ သောက်လေ့သောက်ထမရှိရင် မူးမှာနော်၊ အဲ…မူးလာရင်တော့ စိတ်ညစ်တာတွေပျောက်ပြီး စိတ်ပျော်လာမှာပါ၊ အကြံကောင်း၊ ဉာဏ်ကောင်းတွေလဲ စဉ်းစားလိုက်တိုင်း ဒိုးခနဲ ဒက်ခနဲထွက်လာနိုင်ပါတယ်"

ထိဖိန့်ကူက ကျန်းယိလန်ကို စကားပြန်မပြော၊ ဒုတိယအရက်တစ်ခွက်ကိုမော့သောက်လိုက်ပြန်သည်။ ကျန်းယိလန်လည်း စကားထပ်မပြောတော့ဘဲ သက်ပြင်းချဟန်ပြုပြီး သူ့အရက်ခွက်ကို ယူသောက်လေတော့သည်။ ထို့နောက် တူကိုကောက်ကိုင်ကာ ဟင်းကိုနှိုက်စားသည်။ ထိဖိန့်ကူကား ဖွန်းဖြင့်ဟင်းဖတ်တွေခပ်စားသည်။ ကျန်းယိလန်က သူဆင်ကွက်ထဲ ထိဖိန့်ကူနင်းဝင်ခဲ့ပြီကိုသိလျှင် အရက်အိုးကိုယူပြီး သူမအရက်ခွက်ထဲ ငှဲ့ထည့်ပေးလိုက်သည်။

"အစ်မလေးက အရက်သောက်လေ့သောက်ထ ရှိနေတာကိုး၊ ကျွန်တော်က သောက်လေ့သောက်ထ မရှိဘူးထင်ပြီးပြောမိတာပါ၊



ထမင်းစားပါဦး၊ အရက်သောက်ပြီးရင် ဝမ်းထဲအစာရှိမှ၊ အစာမရှိရင် ပိုမူးတတ်တယ်"

"အစာရှိတော့ကော အမူးသက်သာမှာမို့လား၊ ဟင်း…ဟင်း ကျွန်မက မူးလဲမူးချင်တယ်၊ ဆာနေတဲ့ဗိုက်ကို ပြည့်သွားအောင်လည်း အဝစားချင်တယ်"

ထိဖိန့်ကူ စကားပြောလေပြီ။ အရက်နှစ်ခွက်သောက်ပြီးသည့်နောက် ထိဖိန့်ကူ၏စိတ်များပြောင်းလဲလာသည်။ ရဲတင်းလာသည်။ နှုတ်သွက်အသွက်ဖြစ်လာသည်။ ကျန်းယိလန်၏မျက်နှာကိုပင် ရဲရဲတင်းတင်း ပြန်ကြည့်-ာည်။

"စားပါအစ်မလေး၊ မြိန်မြိန်ယှက်ယှက်စားနိုင်ဖို့ ကျွန်တော် အကောင်းဆုံးဟင်းလျာ၊ ဈေးအကြီးဆုံးဟင်းလျာတွေကို မှာခဲ့တာပါ"

ထိဖိန့်ကူက ကျန်းယိလန် ငှဲ့ပေးထားသော အရက်ခွက်ကို ကောက်ယူပြီး မော့သောက်ချလိုက်ပြန်လေသည်။

"ရှင်ဟာ…လူကောင်းလား၊ လူဆိုးလားဟင်"

ထိဖိန့်ကူ မူးလာလေပြီ။ ကျန်းယိလန့်မျက်နှာကိုစိုက်ကြည့်ပြီး မေးခွန်းထုတ်လိုက်သည်။ ဤသည်မှာ သူမ အလွန်သိချင်နေသည့် အချက်ပင်။

ကျန်းယိလန်ကရယ်မောလိုက်ပြီး…

"ကျွန်တော်ဟာ လူဆိုးလူသွမ်းလို့ အစ်မလေးကို ဘယ်သူကများ ပြောခဲ့တာလဲ"

"ဘယ်သူကပြောရမှာလဲ၊ ကျန်းရှောင်ယီပြောတာပေါ့၊ ကျန်းရှောင်ယီက ရှင်ဟာ သိပ်ကောက်ကျစ်တဲ့ လူလိမ်လူညာတစ်ယောက်တဲ့ လူဆိုးလူသွမ်းတဲ့၊ ဒါပေမယ့် အခု ရှင့်ကြည့်ရတာ လူဆိုးလူသွမ်းဟော့ ဟော့ရမ်းရမ်း လူငယ်တစ်ယောက်မျိုးနဲ့လဲ မတူပါဘူး"

ကျန်းယိလန်စိတ်တွင်းမှ ကျိတ်၍ပြုံးမိသည်။

"အစ်မလေးဟာ ကျန်းရှောင်ယီရဲ့မိတ်ဆွေပဲ၊ အစ်မလေး သူ့နဲ့ သိကျွမ်းရင်းနှီးခဲ့တာကြာပြီလား"

"ကြာတော့ မကြာလှသေးပါဘူး"

"ကျန်းရှောင်ယီက အမှန်တော့ ကျွန်တော့်ကို သက်သက် နာမည်ဖျက်နေတာပါ၊ တကယ်ဆိုးနေတာက သူပဲ၊ ဥာဏ်များတာ ကောက်ကျစ်တာက သူပဲ၊ အစ်မလေးအနေနဲ့ ကျွန်တော်ပြောတာ ယုံချင်ယုံ မယုံချင်လဲနေပါ၊ ကျန်းရှောင်ယီက သူ့အကြောင်းကို ကောင်းကောင်းသိတဲ့ ကျွန်တော့်ကို အမြဲရန်လုပ်တယ်၊ ကျွန်တော် ဒုက္ခရောက်အောင် အမြဲကြံစည်တယ်၊ ဒါပေမယ့် ကျွန်တော်ကတော့ သူ့ကို ရန်ကိုရန်ချင်း မတုံ့နှင်းပါဘူး၊ ကျွန်တော်အမြဲရှောင်ခဲ့ပါတယ်"

စကားစကိုရပ်၍ ထိဖိန့်ကူမျက်နှာကို အကဲခတ်ကြည့်လိုက်သည်။ နောက် သက်ပြင်းချပြီး ဆက်ပြောပြန်သည်။

"ကျွန်တော် အမှန်အတိုင်းပြောပြပါ့မယ်၊ ဒါကလဲ အစ်မလေး သူ့ကိုသတိထားဆက်ဆံဖို့ စေတနာနဲ့သတိပေးပြောပြတာပါ၊ အစ်မလေး ယုံချင်ယုံ၊ မယုံချင်လဲနေပါ"

"ဆိုပါဦး၊ ကျန်းရှောင်ယီဟာ ဘာတွေဆိုးသလဲ၊ ဆိုးပုံ မရပါဘူး၊ ရှင့်ကိုမြင်သလို သူ့ကိုလဲမြင်မိတာပဲ"

ထိဖိန့်ကူမှာမူးယစ်နေပြီဖြစ်၍ ရဲတင်းစွာပင် ကျန်းယိလန်နှင့် ပြောဆိုနေတော့သည်။

"ကျွန်တော်ခေါ်ထားပြီး ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ မုယုံကျိုဆိုတဲ့မိန်းကလေးကို အစ်မလေး သိတယ်မဟုတ်လား၊ သူ့ကို ကျွန်တော်က သူ့အုပ်ထိန်းသူတွေလက်ထဲ ပြန်အပ်ဖို့စီစဉ်ထားပါတယ်"

"မုယုံကျို… အဲဒီမိန်းကလေးနဲ့ကျန်းရှောင်ယီ ဘယ်လိုဖြစ်ခဲ့လဲ"



ကျန်းယိလန်က…

"ကျန်းရှောင်ယီနောက်ကွယ်မှာပြောတော့ သူ့အတင်း၊ သူ့ကို မဟုတ်မဟပ် လုပ်ကြံပြောတယ် ထင်ချင်ထင်မှာ၊ ကျွန်တော်ကတော့ အဟုတ်အမှန်အတိုင်း ပြောပြတာပါ၊ အစ်မလေးမယုံရင်လဲ ကျွန်တော် ဘာမှမတတ်နိုင်ဘူး၊ မုယုံကျိုကို ကျန်းရှောင်ယီက ချစ်ဟန်ကြိုက်ဟန်ဆောင်ပြီး အယုံသွင်းခဲ့တယ်၊ နောက်ဆုံးတော့ မြင်တဲ့အတိုင်း ပစ်သွားခဲ့တာပဲ၊ အခု မုယုံကျိုခမျာ စိတ္တဇဝေဒနာဖြစ်ပြီး မြင်ခဲ့တဲ့အတိုင်းပဲလေ၊ သူ့ခမျာ ဘဝပျက်ခဲ့ရရှာပါတယ်၊ ဟင်း…"

ထိဖိန့်ကူမျက်နှာက ကြောင်အမ်းအမ်းလေးဖြစ်သွားသည်။ အမူးပြေချင်သလိုလိုပင် ဖြစ်သွားသည်။ သူမသည် မူးယစ်ရီဝေနေသည့်ကြားထဲက ကျန်းယိလန်၏စကားကိုနားစိုက်နေမိသည်။ ကျန်းယိလန်က ထိဖိန့်ကူ အရက်ခွက်ထဲသို့ အရက်ဖြည့်တင်းပေးလိုက်၏။

"ကျွန်တော် သူ့အကြောင်း ဆက်မပြောချင်တော့ပါဘူးလေ၊ ကွယ်ရာပြောတော့ အတင်းအဖျင်းစကား ဆိုတာမျိုးပဲ ဖြစ်နိုင်ပါတယ်၊ ကဲ…ကျွန်တော်တို့နှစ်ယောက် စားရင်းသောက်ရင်း သည့်ပြင်စကား ပြောကြမယ်"

ကျန်းယိလန်သည် လွန်စွာပါးနပ်၏။ ပြောသင့်သလောက် ပြောပြီးဖြစ်၍ ဣန္ဒြေရရစကားပြောင်းသည်။ ထိဖိန့်ကူမှာ တွေ့စကလို ဣန္ဒြေလေးနှင့် တင်းတင်းမာမာ မဟုတ်တော့ပါ။ ပြုံးပြုံးရယ်ရယ်ဖြစ်လာလေပြီ။ သူမက ရယ်မောပြီးခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်မတို့ သည့်ပြင်စကားတွေပဲ ပြောကြတာပေါ့"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ သိုင်းလောကမှာတွေကြုံခဲ့တဲ့ အဖြစ်အပျက် ထူးထူးဆန်းဆန်းတစ်ခုအကြောင်း အစ်မလေးကိုပြောပြမယ်"

သူပြောပြသောအဖြစ်အပျက်မှာ ရယ်စရာလည်းပါသည်။ ထူးဆန်းအံ့ဩဖွယ်ရာ၊ ထိတ်လန့်ရမလိုနှင့် နောက်ဆုံး ရယ်စရာဖြစ်သွားတော့သည်။

နားထောင်နေသောထိဖိန့်ကူမှာ မျက်လုံးလေးပြူးလိုက်၊ မျက်နှာလေးအံ့ဩပြာနှမ်းလိုက်၊ နောက်ဆုံး တခစ်ခစ်ရယ်လိုက်ဖြင့်ရှိနေသည်။

ကျန်းယီလန်သည် စကာပြောကောင်းသူ ဖြစ်သည်။

စကားပြောရင်း၊ ရယ်မောရင်း၊ အရက်ကရားအိုးကို ကိုင်ကာ ထိဖိန့်ကူအရက်ခွက်ထဲသို့ အရက်များဖြည့်တင်းပေးလျက်ရှိသည်။

ထိဖိန့်ကူမှာ သောက်လိုက်၊ နားထောင်လိုက်၊ အံ့ဩလိုက်၊ မျက်လုံးပြူးလိုက်၊ ရယ်မောလိုက်ဖြင့် ကျန်းယီလန်၏ လေလှိုင်းထဲတွင် မျောပါနေရှာတော့သည်။

စာစဉ်(၆)ပြီး၏။

စာစဉ်(၇)ဆက်လက်ဖတ်ရှုပါရန်

တက္ကသိုလ်နေလင်းအောင်

VCD.DVD.